စာမူကြိုတင်ပုံနှိပ်ခွင့်အမှတ်　　၄၄/၉၀ (၁)
မျက်နှာဖုံးကြိုတင်ပုံနှိပ်ခွင့်အမှတ်　　၈၈/၉၁ (၁)

ပထမအကြိမ်
၁၉၉၁-ခုနှစ်၊ ဧပြီလ၊

တန်ဖိုး　၃၇ ကျပ်။
အုပ်ရေ　(၅၀၀၀)၊

မျက်နှာဖုံးရိုက်　ဦးကျော်မိုးဝိန် (မြ-၀၃၁၃၇)
အောင်သာသဓာအော့ဖ်ဆက်
အမှတ် ၁၇၂၊ ၃၁-လမ်း၊ ရန်ကုန်မြို့

ထုတ်ဝေသူ　ဦးသန်းအောင် (မြ-၀၂၁၉၂)
နေဝန်းသစ်စာပေ၊
အမှတ် ၆၊ ဂ-လမ်း၊
မ-ဆ-ပ-လ၊ ရန်ကုန်မြို့

ပုံနှိပ်သူ　ဒေါ်ကျင်ငွေ (မြ-၀၃၁၄၆)
ဇမ္ဗူအောင်ပုံနှိပ်တိုက်၊
အမှတ် ၁၊ ရေကူးကန်လမ်း၊ ဗဟန်း၊
ရန်ကုန်မြို့

PANNUYAUNG SARPAY, THABAI

# ဝဏ္ဏဆော်



## မိဿာလှ

[ ဒုတိယပိုင်း ဇာတ်သိမ်း ]

PANNUYAUNG SARPAY, THABAI

(၂-အုပ်တွဲ သိုင်းစာစဉ်)

## မင်္ဂလာပွဲနှင့် အနှောင့်အယှက်

တောင်ကုန်းကလေး....

တောင်ကုန်းကလေး အောက်ဘက်တွင် ရွာကလေးတစ်ရွာ ရှိလေသည်။

ရွာထဲ၌မင်္ဂလာပွဲများတွင် ဘိသိက် သွန်းလောင်းပေးသည့် ဆရာတစ်ယောက် ရှိလေသည်။

ယခု ထိုဆရာကြီးဦးဆောင်သည့် ရွာသူရွာသား တစ်စုမှာ တောင်ကုန်းပေါ်ရှိ အိမ်ဖြူလေးသို့ ရောက်ရှိလာကြပြီဖြစ်လေသည်။

အိမ်ဖြူကလေးပိုင်ရှင် မုဆိုးကြီး မားပင်၏သမီးမားယဉ်နှင့် စာပေပညာရှင်ကလေး အိုရန်မုတို့ လက်ထပ်မင်္ဂလာပွဲ ဆင်နွှဲကျင်းပလိမ့်မည် မဟုတ်ပါလား။

အိမ်ဖြူကလေး၌ သေသပ်လှပစွာပြင်ဆင်ထား၏။ အိမ်ရှေ့တွင် ယာယီမဏ္ဍပ်ထိုးထား၏။

အိုရန်မုနှင့် မားယဉ်တို့၏ မင်္ဂလာပွဲသည် တိတ်ဆိတ်ညင်သာစွာပင် ကျင်းပဆင်နွှဲခဲ့လေသည်။

သို့တိုင် မင်္ဂလာပွဲသို့တက်ရောက်လာသူများအတွက် ထူးခြားမှု တစ်ခုနှင့် ကြုံတွေ့ခဲ့ရသေး၏။

ထိုအဖြစ်အပျက်ကား...

အိုရန်မုနှင့် မားပင်တို့ အတူယှဉ်တွဲ ရပ်နေကြ၏။

ဘိသိက်ဆရာက မင်္ဂလာရတုကို တိုတိုနှင့်လိုရင်း ဖတ်ကြားကာ သည်လင်သည်မယား အိုအောင်မင်းအောင် ပေါင်းသင်းကြရပါစေဟု ဆုတောင်းပေးလိုက်၏။

မင်္ဂလာပွဲသို့ တက်ရောက်လာသူများသည် ဘိသိက်ဆရာကိုလည်းကောင်း၊ သတို့သမီးထံသို့လည်းကောင်း အာရုံမစိုက်နိုင်ကြဘဲ သတို့သားနှင့် သတို့သမီး၏ဖခင်ကိုသာ ကွက်ကြည့် ကွက်ကြည့်ဖြင့် ခိုးကြည့်နေမိကြလေသည်။

အကြောင်းမှာ....

အိုရန်မု၏မျက်ကွင်းတစ်ဘက် ညိုမည်းနေ၏။

ဝဲဘက်မေးရိုးမှာ ရောင်ကိုင်း နေ၏။ လက်တစ်ဘက်တွင် ပတ်တီးများ စည်းထားရလေသည်။

မင်္ဂလာပွဲသို့မလာမီ ရန်ပွဲတစ်ခု ဆင်နွှဲရပုံရှိကြောင်း အထင်းသား ပေါ်လွင်နေသည်။

အိုရန်မုတစ်ယောက်တည်းကား မဟုတ်သေးပါ။

မားပင်သည်လည်း ထိုနည်းနှင်နှင်ပင်။



မားပင်၏မျက်နှာတွင် အညိုအမည်း စွဲနေသည်။

လက်တစ်ဘက်တွင် ပတ်တီးစည်းထား၏။

နှုတ်ခမ်းများ ပေါက်ပြဲရောင်ကိုင်းနေသည်။

အိုရန်မုကော မားပင်ပါ အညိုအမည်းစွဲနေကြခြင်းဖြစ်ပေတော့သည်။

မင်္ဂလာပွဲသို့ တက်ရောက်လာသူတိုင်းသည် သူတို့နှစ်ယောက်ကို ကြည့်ကာ ပြုံးစေ့စေ့ ဖြစ်ကုန်ကြ၏။

သို့သော် မည်သူမျှ ပေါ်ပေါ်ထင်ထင် ပြုံးခြင်း ရယ်မောခြင်း မပြုဝံ့ကြပါ။

မုဆိုးကြီး မားပင်သည် ဒေါသကြီးသူ တစ်ယောက်ဖြစ်ကြောင်း သိထားကြသည် မဟုတ်ပါလား။

ရွာထဲသို့ ပြန်ရောက်မှသာလျှင် မင်္ဂလာပွဲမှ သတို့သားနှင့်ယောက္ခမအဖြစ်ကိုပြောကာ တဝါးဝါး တဟားဟား ရယ်မောကြပေ လိမ့်မည်။

ဘိသိက်ဆရာသည် တိုတိုနှင့် လိုရင်းကိုပြောကာ အိုရန်မုနှင့် မားယဉ်တို့အား လက်ထပ်ပေးလိုက်ပြီးနောက် နှုတ်ဆက်ကာ ပြန်သွားလေသည်။

အိုရန်မုနှင့် မားယဉ်တို့ကား အကြင်လင်မယား ဇာဝသို့ ရောက်ခဲ့ကြပြီ ဖြစ်လေသည်။

အိုရန်မုနှင့်မားယဉ်တို့ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြ၏။ သူတို့အတွက် အရာရာ ပြည့်စုံသွားပြီတည်း။

သူတို့နှစ်ယောက် တစ်ဘက်သို့လှည့်လိုက်သောအခါ မားပင်က ရှုတည်တည်ကြည့်နေသည်ကို တွေ့မြင်ရလေသည်။

မားယဉ်က....

'အစ်ကို ဖေဖေ့ကို ခွင့်လွှတ်လိုက်ပါနော်'

ဟု တီးတိုး ပြောလိုက်လေသည်။

အိုရန်မူ သက်ပြင်းချလိုက်သည်။

မားပင်သည် အတွင်းစိတ် ကြီးမားသူ တစ်ယောက် ဖြစ်ကြောင်း သိရပြီဖြစ်၏။

သို့သော် မားယဉ်နှင့် ပတ်သက်လာသောအခါ မပတ်သက်ချင်၍ မရနိုင်တော့ပါ။

အရှည်သဖြင့် ဆက်ဆံသွားရမည်ဖြစ်ရကား အတတ်နိုင်ဆုံး အဆင်ပြေစွာနေရန် ဆုံးဖြတ်လိုက်ရသည်။

မားပင်ထံ လျှောက်သွားပြီး ဦးညွှတ်အရိုအသေပြုကာ

'ဖေဖေ'

ဟု ခေါ်လိုက်လေသည်။

မားပင်၏ မျက်နှာ ရှုံ့မဲ့သွား၏။

ဖေဖေဟူသော အိုရန်မူ၏ ခေါ်သံသည် သူ၏ နားထဲသို့ သံရည်ပူဖြင့် လောင်းချခြင်း ခံရသကဲ့သို့ ရှိနေ၏။

မည်သို့ဆိုစေ လူကြီးပီပီ မျက်နှာပျက်သွားသည်ကို ဖုံးခြံဆည်နိုင်အောင် ကြိုးစားရင်း

'အား ကျွတ်ကျွတ် ငါက စကားပြောချင်ပေမယ့် သိပ်ပြီး ပြောလို့ မရသေးဘူးကွ'

ရောင်ကိုင်းနေသော ပါးပြင်ကို လက်ဝါးဖြင့် အုပ်ကာ ပြောလိုက်လေသည်။



ဒဏ်ရာများမှ နာကျင်မှုကြောင့် မျက်နှာရှုံ့မဲ့သွားရသည့် သဘောမျိုး မဖြစ်ရလေအောင် ကြိုးစားလိုက်ခြင်းဖြစ်၏။

သို့ပါသော်လည်း ထိုဒဏ်ရာများမှာ အိုရန်မူ၏ လက်ချက်ကြောင့် ရရှိထားသည့် ဒဏ်ရာများဖြစ်ပေသည်။

အိုရန်မူ စိတ်မကောင်းဖြစ်သွားရလေတော့သည်။

'ကျွန်တော့်ကို ခင်လွှတ်ပါ ခင်ဗျာ'

ဟု လေးလေးစားစား တောင်းပန်လိုက်လေသည်။

မားပင် မကျေမနပ်ဖြစ်သွား၏။

'ငါက ဒီလောက်တော့ မမှုသေးပါဘူးကွ'

ပြောပြီးတစ်ဘက်လှည့်ကာ ကျောခိုင်းထားလိုက်လေသည်။

အိုရန်မူ စိတ်မကောင်း ဖြစ်သွား၏။

ထိုစဉ် မားယဉ်က သူ၏ဘေးသို့ ရောက်ရှိလာပြီး

'အစ်ကို သွားကြစို့'

ဟု ပြောလိုက်လေသည်။

ဧည့်သည်များကား အားယုံ စီစဉ် ပေးသည့် အစားအသောက်များကို စားသောက်နေကြပြီ ဖြစ်လေသည်။

အိုရန်မူက မားပင်ကို နှုတ်ဆက်လိုက်သည်။

ထို့နောက် မားယဉ်နှင့်အတူ အပြင်ဘက်ထွက်လာခဲ့၏။

အိမ်ဖြူကလေးသည် သူတို့အတွက် ဗိမာန်သာဖြစ်လေသည်။

သူတို့နှစ်ယောက် အပြုံးကိုယ်စီဖြင့် လက်တွဲလျှောက်လာရင်း အိမ်ဖြူလေးအနီးသို့ ရောက်ရှိလာချိန်ဝယ်

'ခွပ်ခွပ်...ခွပ်ခွပ်'

PANNUYAUNG SARPAY, THAZI

မြင်းခွာသံများ ထွက်ပေါ် လာသည်ကို ကြားလိုက်ရလေသည်။

အိုရန်မှနှင့် မားယဥ်တို့ လှည့်ကြည့်လိုက်ကြ၏။

ထိုအခါ တောင်ကုန်းပေါ်သို့ မြင်းတစ်ကောင် ဒုန်းစိုင်းနှင်လာနေသည်ကို တွေ့ရလေသည်။

မားယဥ်က

'ဘယ်သူပါလိမ့်'

ပြောရင်း အိုရန်မှအား ကြည့်လိုက်လေသည်။

အိုရန်မှ ခေါင်းယမ်းလိုက်သည်။

'အစ်ကိုလဲ မသိဘူး၊ မြင်းဒုန်းစိုင်းလာပုံကို ထောက်ရင် အရေးကြီးတဲ့ ကိစ္စရှိပုံရတယ်'

ဟု ပြောပြလိုက်၏။

မားယဥ်က

'ဒါဆိုရင်တော့ ဖေဖေနဲ့ ပတ်သက် နေတာပဲ ဖြစ်မယ်၊ ဖေဖေက ဘာတွေ လုပ်ထားပြန်ပြီလဲ မသိဘူး'

သူမ၏ စကားကြားလျှင် အိုရန်မှက ကုန်သည်ကြီး ယန်ဝှာအား သတိရလာလေသည်။

ကုန်သည်ကြီး ယန်ဝှာထံ၌ ငွေများ ကြိုတင် ယူထားပြီး မိကျောင်း သားရေနှင့် သမင်ချိုများ မပေးနိုင်သည့် အတွက် ကုန်သည်ကြီး ယန်ဝှာက မကျေမနပ်ဖြစ်နေကြောင်း အားလုံးမှ တစ်ဆင့် ကြားသိထားသည်ကို ပြန်လည်သတိရလာလေသည်။

ကုန်သည်ကြီး ယန်ဝှာသည် ကြေးစား သိုင်းသမားများ



ငှားရမ်းထားပြီး သူ့အား အတိုက်အခံ ပြုလုပ်သူများအား ဒုက္ခပေးလေ့ရှိကြောင်းလည်း သိထားရပြီး ဖြစ်၏။

ထိုသို့ တွေးမိလျှင် မားပင်အတွက် စိတ်ပူသွားလေသည်။

ထို့ကြောင့်

'ညီမ ခဏ နေဦးနော်'

မားယဥ်၏ လက်ကိုဖြုတ်ကာ အိမ်ရှေ့ဘက်သို့ ခပ်သွက်သွက်ကလေး ထွက်လာခဲ့လေသည်။

မားပင်က သူ့ထက်အရင် အိမ်ရှေ့သို့ ရောက်နှင့်နေပြီး ဖြစ်လေသည်။

မြင်းစီးသမားသည် မားပင်နှင့်မျက်နှာချင်းဆိုင်ကာ စကားပြောနေသည်ကို တွေ့ရလေသည်။

အိုရန်မှက မားပင်၏ သဘောထားကို မသိရသေးသဖြင့် အနီးသို့ ချဉ်းကပ် မသွားဘဲ မလှမ်းမကမ်း၌ ရပ်နေလိုက်လေသည်။

သူ လာသည်ကို မားပင် ကြိုက် နှစ် သက် ချင်မှ ကြိုက်နှစ်သက်မည် ဖြစ်လေသည်။

သူတို့ ရှေ့ဆက်မတိုးပဲ ရပ်နေလိုက်သော်လည်း မားပင်နှင့် မြင်းစီးသမားတို့ အချီအချပြောနေကြသည့် စကားများကိုမူ အတိုင်းသား ကြားနေရပေတော့သည်။

မြင်းစီးသမားကား မားပင်ထံ တစ်ကြိမ်လာခဲ့ဖူးသည့် ကုန်သည်ကြီးယန်ဝှာ၏ လူယုံတော် ချန်းဖြစ်လေ၏။

လူယုံတော် ချန်း၏မျက်နှာ ခက်ထန်နေသလို မားပင်၏ မျက်နှာလည်း နီမြန်းနေ၏။

လူယုံတော်ချန်းက

'ခင်ဗျား ကတိ ပျက်နေပြီဆိုတာ ထပ်ပြီးသတိပေးဖို့ဆရာကြီးယန်ဝှာက ကျုပ်ကို လွှတ်လိုက်တာပဲ'

ဟု ပြောလိုက်သည်။

မားပင်က

'သုံးလပြည့်မှ မင်းလာဖို့ကောင်းတယ်ကွ'

သုံးလပြည့်ဖို့ ရက်ပိုင်းလောက်ပဲ လိုတော့တာပဲ'

'ဒါပေမယ့် သုံးလမပြည့်သေးဘူးလေ'

'သုံးလပြည့်ဖို့ ဘာမှ မလိုတော့ဘူး၊ ခင်ဗျားအခုထိ အမဲပစ်မထွက်သေးဘူးဆိုရင် သုံးလပြည့်တဲ့အချိန်မှာ ဘယ်လိုလုပ်ပေးနိုင်တော့မှာလဲဗျ'

'ငါက ပေးမယ်ဆိုရင်ပေးမှာပေါ့၊ သုံးလပြည့်လို့ မပေးမှ ငါ့ကို အခုလို ပြောလို့ရမယ်၊ အခုတော့ သုံးလမပြည့်သေးဘူး၊ ငါ့ကိုဘာမှ သတိပေးစရာမလိုဘူး'

လူယုံတော်ချန်း ဒေါပွသွားလေ၏။

မားပင်ကို စေ့စေ့ကြည့်ကာ

'ခင်ဗျားအခုလို လုပ်နေရင် နောက်ဆက်တွဲ အကျိုးဆက်အဖြစ် ဘာတွေဖြစ်လာနိုင်တယ်ဆိုတာ ခင်ဗျား စဉ်းစားထားဖို့ကောင်းတယ်'

ဟု ခြိမ်းခြောက်လိုက်သည်။

မားပင် မဲ့ပြုံးပြုံးလိုက်သည်။

'ငါက ဘာမှ စဉ်းစားစရာမလိုဘူး၊ သုံးလပြည့်ရင်ပေးမယ် ဒါပဲ ငါသိတယ်'



'ကောင်းပြီ၊ ခင်ဗျား ကတိတည်ပါစေ'

'ငါ့ကို ပြောစရာမလိုဘူးကွ'

မားပင်က ခပ်တည်တည် ဖေါက်လိုက်သည်။

လူယုံတော်ချန်း အံကြိတ်လိုက်သည်။

'ခင်ဗျားစကား ခင်ဗျားမှတ်ထားပေါ့၊ သုံးလပြည့်ရင်ကျုပ်တို့လာခဲ့မယ် ခင်ဗျားဘက်က တာဝန်ကျေအောင်သာ ကြိုးစားပေတော့'

စကားဆုံးလျှင် ချာခနဲလှည့်ကာ မြင်းပေါ်သို့ ခုန်တက်လိုက်၏။

ထို့နောက် မားပင်ကို ခပ်စိန်းစိန်း ကစ်ချက်ကြည့်လိုက်ပြီး မြင်းကို ဒုန်းစိုင်းမောင်းနှင်သွားသည်။

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

လူယုံတော်ချန်းမှာ တစ်ခဏအတွင်း အဝေးသို့ ရောက်ရှိသွားလေတော့၏။

မားပင် အံကြိတ်လိုက်သည်။

အနောက်ဘက် ချာခနဲလှည့်လိုက်မှ ရပ်ကြည့်နေသည့် အိုရန်မူအား တွေ့မြင်သွား၏။

မားပင်၏မျက်နှာ နီရဲသွားပြန်၏။

'မင်းက ဘာကြောင့် သူများစကားပြောတာကိုရပ်ပြီး နားထောင်နေရတာလဲ'

ဟု ဖေါက်လိုက်လေ၏။

သူ၏စကားသည် စိတ်ဆိုးစရာဖြစ်သော်လည်း အိုရန်မှုစိတ် မဆိုးတော့ပါ။

မားပင်တွင် စိတ်ရှုပ်စရာ ပြဿနာတစ်ခုနှင့် ရင်ဆိုင်နေရကြောင်း တွေးမိထားခြင်းကြောင့် ဖြစ်လေ၏။

အိုရန်မှုက ဘာမှမပြောဘဲ ရပ်နေလျှင် မားပင်က

'ဟေ့ ငါမေးတာ ဖြေစမ်းပါဦးကွ၊ မင်းက သူများစကားပြောတာကို ဘာကြောင့်ချောင်းပြီး နားထောင်နေရတာလဲ'

ဟု ထပ်မေးလိုက်သည်။

အိုရန်မှု ခေါင်းယမ်းလိုက်၏။

'ကျွန်တော်က ချောင်းပြီး နားထောင်တာ မဟုတ်ပါဘူး၊ ဖြောင့်ရပ်ပြီး နားထောင်နေတာပါ'

'ဘာကွ'

မားပင်၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အိုရန်မှုအနီးသို့လည်း လျင်မြန်စွာ ချဉ်းကပ်လာသည်။

အိုရန်မှုက ခပ်တည်တည်ပင် ရပ်နေလိုက်၏။

အိုရန်မှု၏ တည်ကြည်သောမျက်နှာထားကိုမြင်မှ မားပင် ကိုယ်ရှိန်သပ်ကာ ရပ်လိုက်၏။

အိုရန်မှုသည် စာပေသမားတစ်ယောက် ဖြစ်သော်လည်း အထိုးအကြိတ် အသတ်အပုတ်ပညာ မခေကြောင်းတွေးမိလိုက်သည်မဟုတ်ပါလား။

အိုရန်မှုသည် သူ့အားမထိမချင်း ရန်မပြုတတ်သည့် မြွေမွေးလိုလူစားမျိုးဖြစ်ကြောင်း နားလည်ထား၏။



အိုရန်မှုက မားပင်အား စေ့စေ့ကြည့်ရင်း

'ညီမလေးမားယဉ်က ဦးဒုက္ခရောက်မှာကို မတွေ့မမြင်ချင်ဘူး၊ ဒါကြောင့် ဦးမှာ အခက်အခဲရှိရင် ကျွန်တော့်ကို ကူညီစေချင်တဲ့ဆန္ဒ ရှိနေတယ်'

ဟု ပြောလိုက်လေသည်။

မားပင် နှာခေါင်းရှုံ့လိုက်သည်။

'သူကများ ငါ့ကို စိတ်ပူရသေးတယ် ဟုတ်လား၊ သူက ငါ့ကို ဒုက္ခရောက်မယ် ထင်နေတယ်ပေါ့၊ ဒီမှာ မင်းသေသေချာချာမှတ်ထား၊ ငါကသာ သူများကို ဒုက္ခပေးရင် ပေးမယ်၊ ငါ့ကို ဒုက္ခပေးဖို့များ စိတ်တောင်မကူးနဲ့၊ မရဘူးမှတ်'

အိုရန်မှု ခေါင်းညိတ်လိုက်သည်။

'ကျွန်တော် ယုံပါတယ်'

မှန်ပေသည်၊ မားပင်ကြောင့် သူလည်းဒုက္ခရောက်ခဲ့ရသည် မဟုတ်ပါလား။

သူ၏ စကားအဓိပ္ပာယ်ကို မားပင်သည် နားလည်သွားဟန်ရှိလေသည်။

'ဘာကွ၊ မင်း...မင်း ဘာပြောတယ်'

အိုရန်မှု ပါးစပ် ပိတ်ထားလိုက်လေသည်။

မားပင်က

'ငါက ဒုက္ခရောက်နေတယ်ဆိုရင် မင်းက ကူညီမယ်ပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်'

သမက်နှင့် ယောက္ခမ ဖြစ်လာပြီးနောက် မားယဉ်က အေးအတူပူအမျှ နေစေလိုသည့်သဘော ရှိသည်ကို အိုရန်မှ နားလည်ထားသည်။

ထို့ကြောင့်လည်း ခေါင်းညိတ်လိုက်ခြင်း ဖြစ်၏။

မားပင်ပြုံးလိုက်သည်။

'ကောင်းပြီ ငါ ဒုက္ခရောက်နေတယ်၊ မင်း ကူညီပေတော့'

'ဗျာ'

'ငါ့ကို ကူညီမယ်ဆို၊ အခု ငါဒုက္ခရောက်နေပြီ၊ မင်းကူညီမှ ဖြစ်မယ်'

အိုရန်မှ ကြောင်အမ်းအမ်း ဖြစ်သွား၏။

မားပင်အား နားမလည်နိုင်စွာ ကြည့်လိုက်မိလေသည်။

မားပင်၏စကားသည် ယခုတစ်မျိုး တော်ကြာ တစ်မျိုး အပြောင်းအလဲ မြန်ဆန်လွန်းလှသည် မဟုတ်ပါလား။

မားပင်အား နားမလည်နိုင်စွာ ကြည့်မိလေတော့သည်။

မားပင်က

'ဘယ်လိုလဲ မင်း ကူညီမလား'

ဟု မေးလာ၏။

အိုရန်မှ သက်ပြင်းချလိုက်သည်။

မားပင်အား မည်သို့ ဆက်ဆံရမည်ကို မစဉ်းစားတတ်တော့ချေ။

မားပင်သည် လူ့ခွစာတစ်ယောက် ဖြစ်သည်ကို ယုံကြည်သည်ထက်ပို၍ ယုံကြည်လက်ခံလာလေတော့သည်။



မားပင်က

'ငါမေးတာ ဖြေဦးလေကွာ၊ ဘာလဲ မင်းက ကူညီရမှာကို ကြောက်နေပြီလားကွ'

ဟု ခနဲ့လိုက်လေသည်။

အိုရန်မှ ခေါင်းယမ်းလိုက်သည်။

'ကူညီရမှာကို ကြောက်ရင် ကျွန်တော် မေးမိမှာ မဟုတ်ပါဘူး'

'မားယဉ်ကမေးခိုင်းလို့ ပြောစမ်းပါကွ'

အိုရန်မှ ပါးစပ်ပိတ်ထားလိုက်လေသည်။

မားပင်အား စကားချင်း ယှဉ်ပြော၍ မနိုင် နိုင်ကြောင်း ကောင်းစွာနားလည် သဘောပေါက်ထားလေတော့သည်။

မားပင်က

'မင်းက ငါ့ကို ကူညီမယ် ဆိုရင်တော့ မြေရှိုင်းကျွန်းကို လိုက်ခဲ့မှ ဖြစ်မယ်ကွ'

ဟု ပြောလိုက်၏။

ထိုစကားကြားလျှင် အိုရန်မှ မျက်လုံး ပြူးသွားလေတော့သည်။

မားပင်ကို နားမလည်နိုင်စွာကြည့်ကာ

'မြေရှိုင်းကျွန်းကို သွားမယ် ဟုတ်လား'

'ဟုတ်တယ်'

'ဦးက ဘာသွားလုပ်'

'ဘာသွားလုပ်ရမလဲ အမဲသွားပစ်မှာပေါ့'

အိုရန်မှ စိတ်ပျက်သွား၏။

မြေရိုင်းကျွန်းဆိုလျှင် သူက လန့်နေပြီဖြစ်သည်။

ပထမတစ်ကြိမ်သွားစဉ်က အခက်အခဲ ဘေးဒုက္ခများတွေ့သည့်အပြင် တောကြီးအဖျားရောဂါ စွဲကပ်ခဲ့သည် မဟုတ်ပါလား။

နောက်တစ်ကြိမ်သွားမည်ဆိုလျှင် သေဖွယ်ရာသာ ရှိသည်ဟု တွေးနေမိလေသည်။

မားပင်က

'မြေရိုင်းကျွန်းကိုသွားမယ်၊ ဒါမှလိုအပ်တဲ့သားကောင်တွေကို ရလိမ့်မယ်'

'တခြားနေရာကို သွားလို့ကော မရဘူးလား'

မားပင် ခေါင်းခါယမ်းလိုက်သည်။

'မရဘူး၊ မြေရိုင်းကျွန်းလောက် ဘယ်နေရာမှ သားကောင်မပေါဘူး၊ တခြား နေရာ သွားမယ် ဆိုရင် တစ်လ လောက်ပစ်လို့တောင် သမင်တစ်ကောင်ရဖို့ မလွယ်ဘူး'

'မြေရိုင်းကျွန်းကို သွားမယ်ဆိုရင်တော့ ကျွန်တော်မလိုက်နိုင်ဘူး'

'ဟေ ဘာဖြစ်လို့လဲကွ'

မားပင်၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

အိုရိန်မုက

'အသက်ဘေးအန္တရာယ်ရှိမယ်ဆိုတာသိလျက်နဲ့ သွားမယ်ဆိုရင်တော့ ကျွန်တော်မလိုက်နိုင်ပါဘူး၊ ဦးရဲ့သမီးဟာ ငယ် ငယ် ရွယ်ရွယ်နဲ့ မုဆိုးမလေးဖြစ်သွားလိမ့်မယ်'



'ဒီကောင် ... တော်တော်၊ မင်းပါးစပ်ပိတ်ထားလိုက်စမ်း'

မားပင်က ငေါက်ပြန်သည်။

အိုရိန်မုက ဘာမှမပြောတော့ဘဲ ချာခနဲ လှည့်ထွက်သွားခဲ့လေသည်။

သူ၏ အမူအရာကြောင့် မားပင် ပို၍ စိတ်ဆိုးသွားလေတော့သည်။

'သွား သွား၊ မင်းတို့ ပျော်ပျော်ကြီးသွားနေကြ၊ ဒုက္ခရောက်စရာရှိရင် ငါပဲဒုက္ခခံမယ်'

'ဘာဖြစ်လို့လဲ ဖေဖေ'

ရုတ်တရက် ချိုလွင်သာယာသော စကားသံ ထွက်ပေါ်လာလေသည်။

အိုရိန်မုနှင့် မားပင်တို့ ကြည့်လိုက်သောအခါ မားယဉ်က သူတို့ထံ လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

အိုရိန်မုက ခြေလှမ်းရပ်လိုက်သည်။

မားပင်က...

'ဘာဖြစ်ရမလဲ ငါဒုက္ခရောက်မယ်ဆိုတာသိလျက်နဲ့ လက်ပိုက်ကြည့်နေချင်ရင် နေကြပေါ့'

ဒေါသတကြီး အော်ပြောကာ ချာခနဲ လှည့်ထွက်သွားလေသည်။

သူက ခပ်သွက်သွက် သွားခြင်းတော့ မဟုတ်ပါ။

မသွားချင် သွားချင်ပုံမျိုးဖြင့် ဖြည်းဖြည်းချင်း လှမ်းထွက်သွားခြင်းဖြစ်လေသည်။

မားယဉ်က အိုရန်မုအား ကြည့်လိုက်၏။ အိုရန်မုက အကျဉ်းချုံး ရှင်းပြလိုက်လေသည်။

မားယဉ်က

'ဖေဖေ'

ဟု လှမ်းခေါ်လိုက်သည်။

မားပင် တုန့်ခနဲ ရပ်သွား၏။

မားယဉ်ကို လှည့်ကြည့်ကာ...

'ဘာလဲ၊ ငါ့ကို မကူညီတဲ့အပြင် အပြစ်တင်ဦးမလို့မဟုတ်လား'

ဟု အငေါ် တူးလိုက်လေသည်။

မားယဉ်က

'ဖေဖေ အန္တရာယ်များမှန်းသိလျက်နဲ့ ဘာကြောင့် သွားချင်ရတာလဲဟင်'

ဟု မေးလိုက်လေသည်။

မားပင်က

'မသွားလို့ဖြစ်မလား၊ သူများဆီက ပိုက်ဆံ ယူထားပြီး တန်ရာတန်ကြေးတော့ ပေးရမှာပေါ့'

မားယဉ် ခေါင်းယမ်းလိုက်၏။

'ဖေဖေသွားရင် ဒုက္ခရောက်မှာပေါ့၊ သူ့ဆီကယူထားတဲ့ ငွေကို ပြန်ပေးလိုက်ပါလား'

'ဘာ...'

မားပင်၏ အသံဟိန်းထွက်လာသည်။



မားယဉ်က

'ဒုက္ခခံပြီးသွားနေမယ့်အစား ယူထားတဲ့ငွေကို ပြန်ပေးလိုက်ရင် ပြီးတာပဲ'

မားပင်က မဲ့ပြုံးပြုံးရင်း

'သမီးပြောတော့ လွယ်တာပေါ့၊ ပြန်ပေးဖို့ ပိုက်ဆံက ဘယ်မှာလဲ'

မားယဉ် သက်ပြင်းချလိုက်သည်။

နောက်ဆုံး ယခုလို အခြေအနေမျိုးဖြစ်လာမည်ကို ရိပ်မိထားလေသည်။

ထို့ကြောင့်

'ဖေဖေ ဘယ်လောက်ယူထားသလဲ'

ဟု မေးလိုက်၏။

မားပင်၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာသည်။

အနည်းငယ် စဉ်းစားပြီးမှ

'ငွေဆယ်သိန်းလောက်ပြန်ပေးရမှာ'

'ရှင်....'

မားပင်၏ စကားကြားလျှင် မားယဉ် ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

မားပင်ကို မယုံကြည်နိုင်စွာကြည့်ရင်း

'ငွေဆယ်သိန်းလောက် ပြန်ပေးရမယ်ဟုတ်လား'

'ဟုတ်တယ်လေ၊ သူ့ဆီကယူထားတာ သုံးသိန်းကျော်တယ်၊ အဆင်မပြေဖြစ်ခဲ့ရင် အမြန်ဆုံးလျော်ပါမယ်လို့ ကတိ

ပေးထားတာပြန်လျော်မယ်ဆိုရင် ဆယ်သိန်းလောက်ပေးရလိမ့်မယ်'

'ဒီလောက်များတဲ့ ငွေတွေကို ဖေဖေက ဘာကြောင့်ယူရတာလဲ'

မားယဉ်က ကရုဏာဒေါသောဖြင့် မေးလိုက်သည်။

မားပင်က...

'ငါက ဘာလုပ်ဖို့ ယူတာလဲဟုတ်လား၊ ငါ့ကို ဘာမှ စစ်ဆေးနေစရာမလိုဘူး သူက ငွေသုံးသိန်းပဲ ပြန်ယူမယ်ဆိုရင်တောင် ငါက မပေးဘူး၊ ငါ့ရှိနေသမျှ ငါ့ရဲ့ဂုဏ်သိက္ခာအကျ မခံဘူး၊ မုဆိုးကြီး မားပင်ဟာ ဘယ်လောက် ကတိတည်တယ်ဆိုတာ သူတို့သိသွားစေရမယ်'

ဒေါနှင့်မာန်နှင့် ပြောကာ ထွက်သွားသည်။

ယခုတစ်ကြိမ် မားယဉ်က တားဆီးခြင်း မပြုတော့ပါချေ။

မားပင်မှာ သူ၏အိမ်ကလေးရှိရာသို့ ဦးတည်သွားကာ အိမ်ထဲဝင်ရောက်ကွယ်ပျောက်သွား၏။

ထိုအခါမှ မားယဉ် သက်ပြင်းချလိုက်သည်။

ဖခင်ဖြစ်သူနှင့်ပတ်သက်လာလျှင် အမြဲလိုလိုပင် စိတ်သောက ရောက်ရသည်မဟုတ်ပါလား။

'ညီမ'

အိုရန်မုက တီးတိုးခေါ်လိုက်သည်။

မားယဉ်အနီးသို့ ရောက်ရှိလာလျှင် ရင်ခွင်ထဲသို့ ဆွဲသွင်းကာ နှစ်သိမ့်လိုက်သည်။



'ညီမ ဘာမှ မပူပါနဲ့၊ ပြဿနာအားလုံးမကြာခင်ပြေလည်သွားမှာပါကွယ်'

မားယဉ်က အိုရန်မုအား မော့ကြည့်လိုက်ပြီး...

'ပြေလည်သွားမယ် ဟုတ်လားဟင်'

'ဟုတ်တယ်လေ'

'အစ် အစ်ကိုက'

'ညီမ ဘာမှမပူပါနဲ့'

'အစ်ကို အစ်ကိုက ဖေဖေ့နောက်ကို လိုက်သွားမလို့လားဟင်'

အိုရန်မု သက်ပြင်းချလိုက်သည်။

'ဟုတ်တယ်၊ အစ်ကိုလိုက်သွားမှဖြစ်မယ်၊ သူတစ်ယောက်တည်းသွားရင် အန္တရာယ်များမှာပေါ့'

'အို သူက အစ်ကိုထက်ပိုပြီး ဒီအရပ်ဒေသအကြောင်း သိတာပေါ့၊ အစ်ကိုစိတ်ပူစရာ မလိုပါဘူး'

'မဟုတ်သေးဘူးကွယ့်၊ မြေရိုင်းကျွန်းမှာ ကျင်းတွေရဲ့သက်ကိုင်တုတ် ကျောက်ကျင်းဆိုတဲ့ လူရှိနေတယ်၊ သူနဲ့ဦးလေး မားပင်ဟာ ရန်သူကြီးတွေ ဖြစ်ခဲ့ကြဖူးတယ်၊ ဒါကြောင့် ဦးလေးမားပင် မြေရိုင်းကျွန်းကိုသွားရင် ကျောက်ကျင်းက ဒုက္ခလှလှကြီးပေးတော့မှာပဲ'

'ရှင်'

မားယဉ် ထိတ်လန့်သွားလေသည်။

အိုရန်မုအား မယုံကြည်နိုင်စွာ ကြည့်လိုက်၏။

'အစ်ကို ဒီအကြောင်းတွေ ဘယ်လိုလုပ်သိတာလဲဟင်'

'အားယုံ ပြောပြတာပေါ့'

'ဒါဖြင့် ဘယ်လိုလုပ်ကြမလဲဟင်'

မားယဉ်က စိုးရိမ်တကြီး မေးလေ၏။

အိုရန်မှုက ဆုံးဖြတ်ချက်ချပြီးသော လေသံမျိုးဖြင့်

'ဘာတတ်နိုင်မှာလဲ၊ သူ့ကိုကူညီဖို့ အစ်ကိုလိုက်သွားမှ ဖြစ်တော့မှာပေါ့'

မားယဉ် ခေါင်းငိုက်စိုက်ကျသွားသည်။

အိုရန်မှုက သူမအား ဖေးမရင်း

'စိတ်ဓာတ်မကျပါနဲ့ညီမရယ်၊ အစ်ကို့မှာ အကြံရှိပါသေးတယ်'

'ဘယ်လိုအကြံမျိုးလဲဟင်'

'ကုန်သည်ကြီး ယန်ဝှာနဲ့ အရင်ဆုံးသွားတွေ့ကြည့်ဦးမယ်၊ သူနဲ့ ညှိနှိုင်းလို့ရရင်တော့ မြေရိုင်းကျွန်းကို သွားစရာမလိုတော့ဘူးပေါ့'

'အစ်ကိုသဘောက'

'ကုန်သည်ကြီးယန်ဝှာဆီက သူဘယ်လောက် ယူထားသလဲ၊ ဘယ်လောက် ပြန်ပေးရမယ်ဆိုတာ တိတိကျကျ သိရဖို့လိုတယ်'

'ဖေဖေက ငွေသုံးသိန်းကျော်ယူထားတယ်၊ သုံးဆပြန်လျော်ရမယ်ဆိုတော့ ငွေဆယ်သိန်းလောက်ပေးရမယ်လို့ ပြောတယ် မဟုတ်လား'

အိုရန်မှု ပြုံးလိုက်သည်။

မားယဉ်ကို တစ်ချက်ကြည့်ကာ

'စိတ်မဆိုးနဲ့နော်ညီမ၊ သူပြောတာကို ညီမယုံသလား'

ဟု မေးလိုက်သည်။



ရုတ်တရက် မားယဉ် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

အိုရန်မှုကို နားမလည်နိုင်စွာ ကြည့်မိသည်။

သို့သော် တဖြည်းဖြည်းချင်း သူမသဘောပေါက် နားလည်သွားသည်။

မားပင်သည် ဘယ်သောအခါမဆို သူ့အတွက်ချန်ပြီး လုပ်တတ်ပြောတတ်သည် မဟုတ်ပါလား။

မားပင်သည် ငွေသုံးသိန်းကျော် ယူထားသည်ဟု ပြောသော်လည်း တကယ်တမ်း ဟုတ်ချင်မှ ဟုတ်လိမ့်မည်ဟု တွက်ဆမိလာတော့သည်။

မားယဉ် ပြုံးလိုက်သည်။

'အစ်ကိုတောင် ဖေဖေအကြောင်း နားလည် နေပြီကိုး၊ ကုန်သည်ကြီး ယန်ဝှာနဲ့ အစ်ကို သွားတွေ့ဖို့ ကျွန်မ သဘောတူတယ်၊ ငွေဘယ်လောက် ယူထားတယ်ဆိုတာ တိတိကျကျ သိရဖို့လိုတယ်၊ သိပ်မများဘူးဆိုရင် ညီမပဲ စိုက်ပေးလိုက်မယ်၊ အစ်ကို သဘောတူတယ် မဟုတ်လား'

အိုရန်မှုက

'အစ်ကို နားလည် သဘောတူလို့လဲ ကုန်သည်ကြီးယန်ဝှာနဲ့ သွားတွေ့မယ်လို့ ပြောတာပေါ့ ညီမရယ်'

စာနာ နားလည်တတ်သော ခင်ပွန်းသည်ဖြစ်သူကို မားယဉ် ပို၍ မြတ်နိုးတွယ်တာလာမိ၏။

အိုရန်မှု၏ ရင်ခွင်ထဲ တိုးဝင်လိုက်၏။ အိုရန်မှုကလည်း အလိုက်သင့် ပွေ့ဖက်ထားလိုက်လေတော့သည်။

## တစ်ပုဒ်ပေါ် နှစ်ပုဒ်ဆင့်

ဆိပ်ကမ်းမြို့။

ဆိပ်ကမ်းမြို့ကလေးမှာ စည်ကားသိုက်မြိုက်နေ၏။

မြစ်ဝါမြစ်အောက်ပိုင်းတွင် ကျူးကျော်သူ ကျင်းများနှင့် နေပြည်တော်မှ စစ်သည်တော်များ မကြာခဏဆိုသလို ရင်ဆိုင်တိုက်ခိုက်နေကြ၏။

တိုက်ပွဲများ, ဖြစ်ပွားတိုင်း နေပြည်တော်မှ စစ်သည်များ အရေးနိမ့်သွားကြရသည်ချည်းပင်။

တိုင်းပြည်အတွက် အခြေအနေကား အားရစရာမရှိလှ။

နေရာအနှံ့အပြားတွင် တောမီးလောင် တောကြောင် လက်ခမောင်းခတ်ဆိုသလို လုယက်မှု၊ သူပုန်မှုများ ဖြစ်ပွားနေ၏။



ဘုရင်မင်းမြတ်သည် ပြည်တွင်းမှ မငြိမ်သက်မှု များကို နှိမ်နင်းရသလို တစ်ဘက်မှလည်း ကျူးကျော်လာသူများအား ရင်ဆိုင်နေရ၏။

မြစ်ဝါမြစ် တစ်ဘက်ကမ်းသို့ ကူးကာ ကျူးကျော်သူများအား မောင်းထုတ်ရန် ကြံစည်သေတိုင်း ကျင်းတို့၏ မရဏစစ်လှေကြီးနှင့်တွေ့ကာ ထပ်ပျက်ရသည်ချည်းပင်။

မရဏစစ်လှေကြီး၏ သတင်းများသည် စစ်သည်တော်များ ကြား၍သာမက အရပ်ရပ်မှ အရပ်သားများ ကြား၍ပါ ပျံ့နှံ့ကာ သတင်းကြီးနေပေတော့၏။

ဘုရင်မင်းမြတ်သည် ရေကြောင်းမှ ချီတက် တိုက်ခိုက်ရာ၌ အောင်မြင်မှု ရရှိနိုင်စေရန် မကြာသေးမီကပင် တပ်မင်း ရှုသီမင်းအား တာဝန် ပေးလိုက်ပြီး စစ်သည်တော်၊ စစ်လှေ အမြောက်အမြား စုဆောင်း ပေးအပ်ခဲ့သည့် သတင်းများ ထွက်ပေါ်လာ၏။

ထို့ကြောင့် မကြာမြင့်မီ ကာလအတွင်း မြစ်ဝါမြစ်ရိုး တစ်လျှောက်၌ တိုက်ပွဲကြီးများ ဖြစ်ပေါ်လာဦးမည်ဟု လူတိုင်းက ထင်ကြေးပေးနေကြ၏။

မြစ်ဝါမြစ်ရိုးတစ်လျှောက်မှ မြို့ရွာများတွင် နေထိုင်သူများသည်လည်း စစ်မီး ကူးစက်လာမည့် အရေးကို တွေးတောပူပန်ကာ စိုးရိမ်ထိတ်လန့်နေကြ၏။

သို့တိုင် ကုန်စည် ကူးသန်း ရောင်းဝယ်ရေး ဖွံ့ဖြိုးသည့် ဆိပ်ကမ်းမြို့သည်ကား အခြားမြို့ရွာများထက်ပို၍ စည်ကားနေ၏။

နေရာအနှံ့ ကူးစက် လောင်ကျွမ်း နေသည့် ကျူးကျော် စစ်မီးသည် ဆိပ်ကမ်းမြို့၌ နေထိုင်သူများနှင့် လားလားမျှ မသက်ဆိုင်သည့်အလား။

အိုရန်မှသည် ဆိပ်ကမ်းမြို့ကလေးသို့ ရောက်ရှိလာပြီဖြစ်၏။ လူစည်ကားသော လမ်းမကြီးအတိုင်း လျှောက်လာရင်း ဤမြို့ကလေးသို့ ပထမဆုံးအကြိမ် ရောက်လာခဲ့သည့် အဖြစ်ကို ပြန်ပြောင်းသတိရနေမိလေ၏။

လှေဆိပ်မှ ဆင်းသည်နှင့် မားပင်၏ လှည့်ကွက် ထဲသို့ ဝင်မိကာ ဒုက္ခရောက်ခဲ့ရသည် မဟုတ်ပါလား။

မည်သို့ဆိုစေ မားပင် ကြောင့်ပင်လျှင် မားယဉ်နှင့် တွေ့ခဲ့ရခြင်း ဖြစ်၏။ အိုရန်မှ တွေးရင်း ပြုံးလိုက်မိလေသည်။

ထိုစဉ်

'မင်းက ဘာတွေ ပြုံးနေတာလဲ'

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အိုရန်မှ ရင်တိတ်သွား၏။

နောက်သို့ ချာခနဲလှည့်ကြည့်လိုက်သည်။

ထိုအခါ လူတစ်ယောက်က သူ့အား မျက်နှာ ထား တင်းတင်းဖြင့် ကြည့်နေသည်ကို တွေ့ရလေသည်။

ထိုလူအား အိုရန်မှ ချက်ချင်း မှတ်မိလိုက်လေသည်။

ထိုလူမှာ ဘူတိုထံ လာခဲ့သည့် လူယုံတော်ကြီး ချန်း ဖြစ်နေသည် မဟုတ်လား။



လူယုံတော် ချန်းက

'မင်း ဒီမြို့ထဲကို ဝင်လာတာနဲ့ ငါ ချက်ချင်းသိလိုက်တာပဲ၊ မင်း ဘာလာလုပ်တာလဲ'

ဟု ခပ်ထန်ထန် မေးလေသည်။

အိုရန်မှ ပြုံးလိုက်လေသည်။

သူက ကုန်သည်ကြီး ယန်ဝှာနှင့်တွေ့ရန် လာခဲ့သည်ဖြစ်ရာ လူယုံတော်ချန်းကို တွေ့ရသည်နှင့် ကုန်သည်ကြီး ယန်ဝှာအား တွေ့ရတော့မည်ဖြစ်ကြောင်း နားလည် သဘောပေါက်လိုက်၏။

အပင်ပန်းခံကာ လိုက်ရှာနေစရာ မလိုတော့ပြီ။

'အတော်ပဲ၊ ကျုပ်က ခင်ဗျားတို့နဲ့ တွေ့ချင်နေတာ'

'ဘာကွ'

'ခင်ဗျားတို့ကို တွေ့ချင်လို့ လိုက်ရှာနေတာဗျ'

'မင်းက ငါတို့ကို တွေ့ချင်တယ်ဟုတ်လား၊ ဘာကိစ္စ တွေ့ချင်ရတာလဲ၊ ပြောစမ်းပါဦး'

'ဘာကိစ္စလဲဆိုတော့ ကျုပ်ရဲ့ ယောက္ခမနဲ့ ပတ်သက်ပြီး တွေ့ချင်တာပါဗျာ'

'ဟား ဟား ဟား'

လူယုံတော်ချန်းက သဘောကျစွာ ရယ်မောလိုက်လေသည်။

အိုရန်မှ မျက်မှောင်ကြုတ်သွားသည်။

လူယုံတော်ချန်းအား စေ့စေ့ကြည့်ကာ

'ခင်ဗျားက ဘာကြောင့် ရယ်တာလဲ'

ဟု မေးလိုက်လေသည်။

လူယုံတော်ချန်းက

'ဘာကြောင့် ရယ်တာလဲ ဟုတ်လား၊ မင်းရဲ့ ယောက္ခမ လုပ်ပုံတွေကြောင့် ရယ်တာပေါ့ကွ'

'သူက ခင်ဗျားကို ရယ်စရာစကား ပြောလိုက်တာ ကျုပ်လဲ မကြားမိပါလား'

'ဘာ'

အိုရန်မှက ခပ်တည်တည် ရပ်နေလိုက်လေသည်။

လူယုံတော်ချန်းက

'မင်း မှတ်ထား၊ သူက ဆရာကြီး ယန်ဝှာကို မခန့်လေးစား လုပ်ခဲ့တယ်၊ ဒါကြောင့် တန်ရာတန်ကြေး ပေးရလိမ့်မယ်၊ ဘယ်လိုပေးရမယ်ဆိုတာတော့ မင်းသိသလား'

အိုရန်မှ ခေါင်းယမ်းလိုက်သည်။

'ဒါတော့ ကျုပ်နားမလည်ဘူး၊ အခု ကျုပ် လာခဲ့တာဟာ ကုန်သည်ကြီးယန်ဝှာနဲ့ တွေ့ဖို့ပဲ၊ ခင်ဗျားက သူ့ဆီ ပို့မပေးဘူး ဆိုတာ သိသွားရင် သူက စိတ်ဆိုးလိမ့်မယ်ထင်တယ်'

လူယုံတော်ချန်း မကျေမနပ် ဖြစ်သွားလေသည်။

သို့သော် ကုန်သည်ကြီးယန်ဝှာ စိတ်ဆိုးမည်ကို ကြောက်ရွံ့မိသည်ကား အမှန်ပင် ဖြစ်လေသည်။

ထို့ကြောင့်….

'ကောင်းပြီ ငါ့နောက်ကိုလိုက်ခဲ့'

ပြောပြီး ရှေ့မှလမ်းပြ ခေါ်ဆောင်သွားလေသည်။

အိုရန်မှုလည်း ခပ်တည်တည်ပင် လိုက်ပါသွားလေတော့၏။



မြို့လည်တွင် ကြီးမားခန့်ညားသော အဆောက်အအုံ တစ်ခု ရှိလေသည်။

ထိုအဆောက်အအုံမှာ ကုန်သည်ကြီးယန်ဝှာ ပိုင်ဆိုင်သော အဆောက်အအုံ ဖြစ်ပေသည်။

ထိုအဆောက်အအုံအား ကုန်သည်ကြီး ယန်ဝှာက ဈေးပေါပေါဖြင့် ဝယ်ယူပြီး ပြန်လည်ပြုပြင် မွမ်းမံခဲ့ခြင်း ဖြစ်လေသည်။

ယန်ဝှာသည် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်သွားလာနေသူဖြစ်ရကား တစ်ရွာသစ်ကျိုးဆောက် ဆိုသည့်အတိုင်း ရောက်လေရာအရပ်တွင် နေထိုင်ရန် နေရာများ စီစဉ်ထားခြင်းဖြစ်လေသည်။

ကုန်သည်ကြီးယန်ဝှာသည် မားပင်ထံမှ တိရစ္ဆာန် သားရေများ၊ သမင်ချိုများရရှိဖို့ ဆိုင်ကမ်းမြို့ကလေးမှမခွာဘဲ စောင့်ဆိုင်းနေခြင်း ဖြစ်ပေသည်။

မားပင်ထံမှ ပစ္စည်းများရလျှင် သယ်ဆောင်ကာ ခရီးထွက်ရန် အသင့်ပြင်ထားပြီး ဖြစ်လေသည်။

မားပင်သည် သုံးလပြည့်တော့မည်ဖြစ်သော်လည်း ရောက်မလာသေးပါ။

မားပင် ကတိဖျက်မည်ဟု ယန်ဝှာ ယုံကြည်ထားလေတော့သည်။

ယန်ဝှာသည် မားပင်အကြောင်း တွေးမိလေတိုင်း ဒေါသအကြီးအကျယ် ထွက်နေမိလေသည်။

ယခုလည်း မားပင်၏သမက် ရောက်လာသည်ဟု သတင်း ကြားသည်နှင့် ချက်ချင်းထွက်လာခဲ့၏။

ဧည့်ခန်းအတွင်းသို့ရောက်လျှင် ထိုင်စောင့်နေသည့် အိုရန်မူနှင့် မျက်နှာချင်းဆိုင် ထိုင်မိလေသည်။

အိုရန်မူ၏ တည်ကြည်သောရုပ်သွင်ကိုမြင်လျှင် ဒေါသတကြီး အော်ငေါက်ရန် ကြံရွယ်ထားသည့် ယန်ဝှာနှုတ်ဆွံ့သွားသည်။

အိုရန်မူကိုကြည့်ကာ—

'မင်းက မားပင်ရဲ့သမက် ဟုတ်လား'

ဟု မေးလိုက်လေသည်။

အိုရန်မူ ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ခင်ဗျာ'

'ကျုပ်ကိုလာတွေ့တာ ဘာကိစ္စလဲ'

'ကျွန်တော့်ရဲ့ ယောက္ခမနဲ့ ပတ်သက်ပြီးပြောစရာ ရှိလို့ပါ'

ယန်ဝှာ၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက် တောက်ပလာသည်။

အိုရန်မူကို စိုက်ကြည့်ကာ

'မားပင်နဲ့ ပတ်သက်တယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'ကဲ ပြောစမ်းပါဦး'

'သူက ဦးဆီမှာ ငွေကြိုတင် ယူထားတယ်လို့ သိရပါတယ်'

ယန်ဝှာ ခေါင်းညိတ် လိုက်သည်။

'ဟုတ်တယ်လေ၊ ငါ့ဆီက ကြိုယူထားတာပဲ၊ ငွေတော့ ကြိုယူတယ် ပစ္စည်းတော့ မပေးဘဲ အကြောင်းအမျိုးမျိုးပြပြီး



ရှောင်နေတယ်၊ သူ ကတိမတည်ဘူး ဆိုရင်တော့ ငါကလဲ ဖြတ်ဖြတ် သားသား လုပ်ရမှာပဲ၊ သူ့ကို ပြောလိုက်စမ်းပါ ငါက စိတ်ဆိုး...'

အိုရန်မူက ကိုယ်နှင့်မဆိုင်သော ကိစ္စများကို အချိန်ကုန်ခံကာ နားထောင်လိုစိတ် မရှိပါချေ။

ထို့ကြောင့် ယန်ဝှာ၏စကားမဆုံးမီ ကြားဖြတ် မေးလိုက်လေသည်။

'သူယူထားတာ ငွေ ဘယ်လောက်ရှိသလဲ ပြောပါဗျာ'

ယန်ဝှာက

'ဘယ်လောက်ရှိသလဲ ဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်တော် သိရမှ ဖြစ်မှာပါ'

ယန်ဝှာက မကျေမနပ်ဖြင့်

'စာရင်းကြည့်စရာ မလိုဘူး၊ ငါ အလွတ်မှတ်မိတယ်၊ သူ ငါ့ဆီက ယူထားတာ ငွေပေါင်း ရှစ်ထောင်ကျော် ရှိတယ်'

'ရှစ်ထောင် ဟုတ်လား'

အိုရန်မူ တအံ့တဩ မေးလိုက်သည်။

ယန်ဝှာက

'ဟုတ်တယ်၊ ဘာလဲ ငါက လိမ်ပြောတယ်များ ထင်နေလို့လား'

အိုရန်မူ ခေါင်းယမ်းလိုက်သည်။

'မယုံလို့ မဟုတ်ပါဘူးဗျာ၊ ငွေက အတော်ကို ကွာနေလို့ပါ'

'ဘာကွ ငွေကွာနေတယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'ကောင်းပြီ ငါလိမ်ပြောတယ်ထင်ရင် ဝရင်းပြရသေးတာပေါ့'

အမှန်တော့ မားပင်က ငွေသုံးသိန်းကျော် ပေးရမည်ဟု ပြောခဲ့လေသည်။

ယခုမူ ရှစ်သောင်းကျော်သာ ပေးစရာရှိသည်ဟု သိရသဖြင့် ကအံ့အားသြ ဖြစ်ရခြင်းသည်။

ယန်ဝှာက ခေါင်းသာကြီးဖြင့် ဝရင်းများ ထုတ်ပြမည်ဟု ဆိုလေမှ ကပျာကယာ တားဆီးလိုက်ရသည်။

'နေ...နေပါစေဗျာ၊ ကျွန်တော် ယုံပါတယ်'

'ဒါဖြင့် ကွာနေတယ် ဘာကြောင့် ပြောတာလဲ'

'ဩော်...ကျွန်တော်က ဒီထက်ပိုပြီး ပေးရမယ် ထင်လို့ပါဗျာ'

'ဟော'

ယခုတစ်ကြိမ် အံ့ဩသွားရသူမှာ ယန်ဝှာ ဖြစ်လေသည်။

အိုရန်မုက

'အတိုးကော အရင်းကော ပေါင်းရင် ဘယ်လောက်ရှိမလဲဟင်'

'ဘယ်လောက် ရှိရမလဲ ရှစ်သောင်းကျော်ပဲ ရှိတယ်ဆိုတာ ဘယ်နှစ်ခါ ပြောရမလဲ'

'ကျေးဇူး တင်လိုက်တာဗျာ'

'ဟော'

ယန်ဝှာ မျက်လုံးပြူးသွားလေသည်။



အိုရန်မုအား နားမလည်နိုင်စွာ ကြည့်လိုက်လေသည်။

အိုရန်မုက

'ကျွန်တော်က ငွေရှစ်သောင်း ပြန်ဆပ်မယ်ဆိုရင်ကော'

'ဟော'

ယန်ဝှာအတွက်အထူးအဆန်းများချည်း ဖြစ်နေပေတော့၏။

အိုရန်မုအား ငေးကြည့်ကာ စကားမပြောနိုင်ဘဲ ဖြစ်နေလေသည်။

အိုရန်မုက

'ကျွန်တော့် ယောက္ခမဟာ ဦးကိုပစ္စည်းတွေ အချိန်မီပေးနိုင်ဖို့ မလွယ်ပါဘူးခင်ဗျာ၊ ဒါကြောင့် ယူထားတဲ့ငွေကိုပြန်ပြီး ပေးလျှော်လိုက်တာ နှစ်ဦးနှစ်ဘက်အတွက် အကောင်းဆုံးဖြစ်မယ်လို့ သဘောပေါက်မိပါတယ်'

ယန်ဝှာ သက်ပြင်းချလိုက်သည်။

'လက်စသတ်တော့ မင်းက မားပင်အတွက်ကြားဝင်ဖြေရှင်းပေးချင်တဲ့ သဘောကိုး'

'ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့စိုက်ပြီး လျှော်ပေးလိုက်မယ်ဆိုရင် ဦးကျေနပ်နိုင်မယ် ထင်ပါတယ်'

ယန်ဝှာ ခေါင်းယမ်းလိုက်လေသည်။

'မင်းမှားပြီ၊ ငါက ကျေနပ်မှာမဟုတ်ဘူး'

'ဗျာ...'

ယခုတစ်ကြိမ် အံ့ဩသွားရသူမှာ အိုရန်မု ဖြစ်လေသည်။

ယန်ဝှာ၏စကားကြောင့် နားမလည်နိုင်တဲ့ ဖြစ်သွားရ၏။

ယန်ဝှာက—

'သူ့ဆီက ငွေကို ငါကပြန်ယူမယ်ဆိုရင် ငါ့မှာ စောင့်ဆိုင်းခဲ့ရတဲ့အချိန်တွေ အလဟဿ ဆုံးရှုံးသွားရတော့မှာပေါ့၊ တစ်ဘက်ကလဲ ပစ္စည်းမှာထားတဲ့လူတွေကို ရမယ်လို့ ငါကတိပေးထားတယ်၊ အချိန်တန်လို့ မပေးနိုင်ရင် သူတို့ကို ငါဘယ်လိုလုပ် မျက်နှာပြရမလဲ'

အိုရန်မို စိတ်ပျက်သွားသည်။

ကျူးကျော်သူများကြောင့် တိုင်းရေးပြည်ရေး ရှုပ်ထွေးနေချိန်ဝယ် တီရှူးဝှာန် သားရေ၊ သမင်ချို၊ မိကျောင်းအရေခွံစသည်တို့မှာ လွန်စွာမှပင် ရှားပါးသော ပစ္စည်းများ ဖြစ်နေ၏။

ထိုပစ္စည်းများ ရှိဖို့ဆိုသည်ကား မလွယ်ပေ။ ရအောင်ပန်တီးနိုင်သူသည် ဆိပ်ကမ်းမြို့တည်ရှိရာ နယ်မြေတစ်ဝိုက်တွင် မုဆိုးကြီး မားပင် တစ်ယောက်သာလျှင် ရှိပေသည်။

မားပင်မှလွဲပြီး မည်သူမျှ ဝမ်းဆောင်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် မားပင်ကို မဖြစ်မနေ ရှာဖွေစေဖို့အတွက် ဗိုအား ပေးရမည်ဖြစ်ကြောင်း ယန်ဝှာ ကောင်းစွာ နားလည်ထားလေသည်။

မားပင်အတွက် ငွေမြန်ပေးမည်ဆိုသည်ကိုလည်း လက်မခံနိုင်ပေ။

သူလိုလားသည်မှာ မားပင် ရှာဖွေလာသော တောထွက်ပစ္စည်းများသာလျှင် ဖြစ်ပေသည်။

PANNUTAUNG SARPAY, THABIN



အိုရန်မိုက—

'ကျွန်တော့် ယောက္ခမဟာ မြေရိုင်းကျွန်းကို သွားမိလို့ တစ်ကြိမ်ဒုက္ခရောက်ခဲ့ပြီးပါပြီ၊ ကံကောင်းလို့ အသက်မသေတာပါ၊ ဒါကြောင့် နောက်ထပ်တစ်ကြိမ် သွားနိုင်တော့မှာ မဟုတ်ဘူး၊ ဦးလိုချင်တဲ့ပစ္စည်းတွေဟာလဲ မြေရိုင်းကျွန်းမှာပဲ ရနိုင်ပါလိမ့်မယ်၊ အဲဒီမှာ ကျားတွေရှိနေလေတော့ သူဟာ ...'

'တော် တော်'

ယန်ဝှာက လက်ကာပြပြီး တားမြစ်လိုက်သည်။

သူ၏မျက်နှာ တင်းမာနေပြီး အပျော့ပေးမည့်အသွင် မရှိချေ။

အိုရန်မိုကိုကြည့်ကာ

'ငွေပြန်လျော်ပေးမယ်ဆိုလဲ ငါ လက်မခံနိုင်ဘူး၊ ကတိအတိုင်း ပစ္စည်းတွေကို ချိန်းတဲ့ရက်မှာပေးဖို့ မင်းရဲ့ယောက္ခမကို ပြောလိုက်ပါ'

အိုရန်မို ဒေါပွသွားလေသည်။

မားပင်က ငွေကို လွယ်လွယ်နှင့်လက်ခံသလို ယန်ဝှာက မားပင်အား စကားဖြင့် ချည်နှောင်ထား၏။

ငွေယူပြီးနောက် ပေးမည်ဆိုသည့်ပစ္စည်းကို မလွဲမသွေ ပေးရတော့မည် ဖြစ်လေသည်။

မားပင်သည် အရက်ကလေး ခပ်တွေတွေဖြင့် ယန်ဝှာ၏ အလိုကျ ဆောင်ရွက်ပေးမည်ဟု ကတိပေးခဲ့ပုံရပေသည်။

မားပင်ထံမှ ပစ္စည်းများရလျှင် ရရှိမည့်အမြတ်အစွန်းမှာ

ကုန်ကျသည့်ငွေနှင့် စာလျှင် အဆပေါင်းများစွာ ပိုနေမည် ဖြစ်သည်။

မားပင်ထက်ပင် ယန်ဒွာက လောဘကြီးနေပေတော့သည်။

အိုရန်မှ ထိုင်ရာမှ ထုန်းခနဲ ထရပ်လိုက်ပြီး

'ခင်ဗျားက အတင်းအကျပ်ရယူမယ်ဆိုရင် ဘာပစ္စည်းမှ မရဘဲ သေသွားတာကိုပဲ မြင်ရမယ်ဗျ'

ဟု ပြောလိုက်လေသည်။

ယန်ဒွာ ပခုံးတွန့်လိုက်၏။

'ဒါတော့ ငါလဲ ဘယ်တတ်နိုင်မလဲ၊ သူက မြေရိုင်းကျွန်းကို သွားလို့ သေမယ့်လူတော့မဟုတ်ပါဘူး၊ သွားလို့ သေရမယ်ဆိုရင် သူ သေသွားတာ ကြာပြီပေါ့'

'ခင် . ခင်ဗျား လူယုတ်မာ'

နံဘေးမှ အခြေအနေစောင့်ကြည့်နေသည့် လူယုံတော်ချန်းက ကြားဝင်လာလေသည်။

'ဟေ့ ဆရာကြီးကို စကားကောင်းကောင်း ပြောပါ'

အိုရန်မှ ဒေါသ ထောင်းခနဲ ထွက်သွား၏။

သို့ပါသော်လည်း ချက်ချင်းပင် စိတ်ကို ချုပ်တည်းထား လိုက်လေသည်။

'ကောင်းပြီ၊ ခင်ဗျား တကယ် မလျှော့ဘူးဆိုရင် ဒီကိစ္စထဲ ကျုပ်ဝင်ပါစရာမလိုတော့ဘူး၊ ခင်ဗျားတို့ဘာသာ ရှင်းကြ ပေတော့'

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွား၏။

အိုရန်မှအပြင်ဘက်ရောက်သွားလျှင် ယန်ဒွာက



'ဟေ့ မားပင်ကို သတိပေးတဲ့အနေနဲ့ ဒီကောင်လေးကို ဆုံးမလိုက်စမ်း'

ဟု အမိန့်ပေးလိုက်လေသည်။

လူယုံတော်ချန်း သဘောကျသွား၏။

'စိတ်ချပါ ဆရာကြီး'

ဦးညွှတ်ကာ ပြောလိုက်၏။

ထို့နောက် အိုရန်မှ နောက်သို့ ခပ်သွက်သွက် ကလေး လိုက်သွားလေတော့သည်။

အိုရန်မူ စိတ်ပျက်သွား၏။

မားပင်တစ်ယောက် မြေရိုင်းကျွန်းသို့ သွားမည့် အရေးကို တားဆီးနိုင်မည့်နည်းလမ်း မရှိတော့ပြီ မဟုတ်လား။

မားပင်က မြေရိုင်းကျွန်းသို့ သွားမည် ဆိုလျှင် သူလည်း မလွဲမသွေ လိုက်သွားရမည်လာတည်း။

မြေရိုင်းကျွန်းသည် အန္တရာယ်နယ်မြေဖြစ်သည်။

မြေရိုင်းကျွန်းကို မြေချလိုက်သည်နှင့် အချိန်မရွေး အသက်ဘေးအန္တရာယ် ကြုံတွေ့နိုင်ပေတော့သည်။

အိုရန်မူ သက်ပြင်းချလိုက်သည်။

'ဘယ်တတ်နိုင်မှာမှလဲ၊ ဖြစ်လာမှတော့ ရင်ဆိုင် ရတော့မှာပေါ့'

တီးတိုးညည်းညူကာ ခပ်သွက်သွက်လေး လျှောက်သွားလေသည်။

တဖြည်းဖြည်း လူစည်ကားသော လမ်းမကြီးနှင့် ဝေးလာသည်။

မြို့ပြင်သို့ ထွက်ပြီး တောတန်းကလေးကို ဖြတ်ကျော်လိုက်သည်နှင့်...

'ဟား... ဟား ဟား'

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက် ရလေသည်။ အိုရန်မူ ရင်ထိတ်သွား၏။

ရယ်မောသံ ထွက်ပေါ် လာရာဆီသို့ လှမ်းကြည့်လိုက်၏။

ထိုအခါ သစ်ပင်များကြားမှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။



'လူယုံတော် ချန်း ပါလား'

အိုရန်မူ လွတ်ခနဲ ရေရွတ်မိ၏။

မှန်ပေသည်။ သစ်ပင်များ ကြားမှ ထွက်လာသူမှာ လူယုံတော်ချန်း ဖြစ်လေသည်။

လူယုံတော်ချန်းသည် ကုန်သည်ကြီး ယန်ဝှာ၏ စေခိုင်းချက်ကြောင့် အိုရန်မူ၏ အပြန်လမ်းတွင် ကြိုတင် စောင့်ဆိုင်းနေခြင်း ဖြစ်ပေတော့သည်။

အိုရန်မူ မျက်မှောင်ကြုတ်သွား၏။

လူယုံတော်ချန်းကိုကြည့်ကာ...

'ဘယ်လိုလဲ ကုန်သည်ကြီးယန်ဝှာက စိတ်ထား ပြောင်းလဲသွားပြီလား၊ သူက ငွေကို ပြန်ယူတော့မလို့လားဗျ'

ဟု မေးလိုက်လေသည်။

လူယုံတော်ချန်း မဲ့ပြုံး ပြုံးလိုက်၏။

'သူကမင်းကို ဘာပြောလိုက်သလဲ'

အိုရန်မူ ကြောင်အမ်းအမ်းဖြစ်သွားပြီး...

'ဘာလဲဗျ'

'ဆရာကြီးက ပစ္စည်းပဲ လိုချင်တယ်၊ ငွေ မလိုချင် ဘူးလို့ ပြောလိုက်ပြီးပြီ မဟုတ်လား'

'ဪဖြင့် ခင်ဗျားက...

'ငါက မားပင်ကို သတိပေးဖို့ လာခဲ့တာကွ'

အိုရန်မူက လူယုံတော်ချန်းကို နားမလည်နိုင်စွာ ကြည့်လိုက်လေသည်။

လူယုံတော် ချန်းက

'မားပင်က ခေါင်းမာတယ် လေကွာ၊ ဒါပေမယ့် အချိန်တန်လို့ ပစ္စည်းမပေးရင် ဘယ်လိုဖြစ်ရမယ်ဆိုတာ သူ လက်တွေ့သိသွားစေရမယ်'

'ခင်ဗျား ဆိုလိုတာက'

'ဟဲ…ဟဲ ငါက မင်းကို သုံးမ လိုက်မယ်လေ၊ ဒါဆိုရင် မားပင်က လိမ်ရဲတော့မှာ မဟုတ်ဘူး'

'ခင်ဗျား'

အိုရန်မှု ရင်ထိတ်သွားပြီး သတိထား နေလိုက်စဉ်မှာပင် လူယုံတော်ချန်းက ရှေ့သို့ လျှပ်တစ်ပြက် တိုးကာ လက်သီးဖြင့် ထိုးချလိုက် လေသည်။

ဝီခနဲ မြည်သံနှင့်အတူ လူယုံတော်ချန်း၏ ကြီးမားသော လက်သီးဆုပ်ကြီးမှာ သူ၏မျက်နှာဆီသို့ တိုးဝင်လာ၏။

အိုရန်မှုက ဒူးတစ်ဘက်ကွေးညွတ်ကာ ခေါင်းကိုနဲ့လျက် ပခုံးကိုနှိပ်ချရင်း ပွတ်ကာသီကာ ရှောင်လိုက်သည်။

တစ်ဆက်တည်းမှာပင် ညာထောက်လက်သီးဖြင့် လူယုံတော်ချန်း၏ ဝမ်းဗိုက်ဆီသို့ ပစ်သွင်းလိုက်လေသည်။

ထိုသို့ ပြန်လည် တိုက်ခိုက်လာနိုင်လိမ့်မည်ဟု လူယုံတော်ချန်း မထင်မိပါချေ။

ထို့ကြောင့် အိုရန်မှု၏ လက်သီးသည် သူ၏ ဝမ်းဗိုက်သို့ တန်းတန်းမတ်မတ် ဝင်ရောက် သွားလေတော့သည်။

'အွတ်'

လူယုံတော်ချန်း မသဲမကွဲ ညည်းညူလိုက်၏။



အရှိုက်ကိုထိသွား၍ အသက်ရှူကျပ်သွားသလို မျက်လုံးများ ပြာဝေသွားတော့သည်။

ခန္ဓာကိုယ် ယိမ်းယိုင်သွားစဉ် အိုရန်မှု၏ဘယ်ဝိုက်လက်သီးက သူ၏ နားထင်ဆီသို့ တန်းတန်းမတ်မတ် ဝင်ရောက်လာသော အခါ

'ခွပ်'

'အား'

နောက်ပြန် လဲကျသွား၏။

မြေပေါ်တွင် စန့်စန့်ကြီး လဲကျသွားပြီး သတိလစ်သွားတော့သည်။

အိုရန်မှု သက်ပြင်း ချလိုက်သည်။

လူယုံတော် ချန်းကို ကြည့်ကာ…

'ခင်ဗျားတို့ရဲ့ ကောက်ကျစ်တဲ့ သဘောထားကို ကျုပ်သိပါတယ်၊ ကျုပ်ရဲ့ ယောက္ခမကသာ ခင်ဗျားတို့နဲ့ ကင်းကင်းရှင်းရှင်း နေချင်တယ်ဆိုရင် ခင်ဗျားတို့ ဘာမှ တတ်နိုင်မှာမဟုတ်ပါဘူး၊ သူကိုယ်တိုင်က မလည်ရှုပ် လုပ်ချင် နေလို့ ခင်ဗျားတို့ သက်သာနေတယ်ဆိုတာ မှတ်ထားပါ'

ဟု ပြောလိုက်၏။

ထို့နောက် ချာခနဲလှည့်ကာ ထွက်သွားလေသည်။

လူယုံတော် ချန်းကား မြေပေါ်တွင် သတိလစ် လဲကျကာ ကျန်ရစ်ခဲ့လေတော့သည်။

အမျက်သိုစရာ အကြံတော်မဟာ

လေပြည်လေညင်း ဝေ့ယမ်းတိုက်ခတ်လာ၏။

သစ်ရွက်ခြောက်များ ကြွေကျလာသည်။

အိုရန်မုက သစ်ရွက်ခြောက် ကလေးများကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေမိ၏။

မားယဥ်နှင့်သာ မတွေ့လျှင် သူ၏ ဘဝသည်လည်း လေ အဝေ့တွင် ကြွေလွင့်သော သစ်ရွက်ခြောက် တစ်ခုပမာ အဓိပ္ပာယ် ကင်းမဲ့နေမည်ဟု တွေးနေမိ၏။

ထိုစဥ် အနောက်ဘက်မှ ပေါ့ပါးညင်သာသော ခြေသံများ ထွက်ပေါ်လာ၏။ အိုရန်မုက နောက်လှည့်ကြည့်လိုက်လေသည်။

ထိုအခါ မားယဥ်က သူ့ထံ ခပ်သွက်သွက်ကလေး လှမ်း လာနေသည်ကို တွေ့မြင်ရလေသည်။



မားယဥ်အား တွေ့မြင်လိုက်ရသည်နှင့် ရင်ထဲမှ ပူပင်သောက ဟူသမျှ လွင့်ပါးကွယ်ပျောက်သွားရလေတော့သည်။

'ညီမ'

ခေါ်ရင်း လက်နှစ်ဘက် သန့်တန်းကာ ဆီးကြိုလိုက်၏။

မားယဥ်က သူ၏ရင်ခွင်ထဲ တိုးဝင်လာလေသည်။

သူ၏ရင်ခွင်ထဲ မှီနွဲ့ရင်း ခေါင်းကလေး မော့ကြည့်ကာ ..

'အစ်ကို'

'ပြော ညီမ'

'အစ်ကို ဖေဖေနောက်ကို လိုက်သွားမယ်ဆို'

သူမ၏ အမေးစကားကြားလျှင် အိုရန်မု သက်ပြင်းချလိုက် မိလေတော့သည်။

မားပင်သည် မြေရိုင်းကျွန်းသို့ သွားရန် ဆုံးဖြတ် ပြီးပြီ ဖြစ်လေသည်။

အိုရန်မု လိုက်သည်ဖြစ်စေ မလိုက်ဘဲ နေခဲ့သည် ဖြစ်စေ သူက သွားမည်သာဖြစ်၏။ သူ့အား မည်သူမျှ တားဆီး၍ ရနိုင်မည် မဟုတ်ပါချေ။

ထို့ကြောင့်လည်း အိုရန်မုက မနေနိုင်တော့ဘဲ လိုက်သွားရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်လေ၏။

အိုရန်မုက မားယဥ်ကို နှစ်သိမ့်သည့်အပြုံး ဖြုံးဖြုံးရင်း ..

'ဟုတ်တယ်လေ၊ အစ်ကို လိုက်သွားမှ ဖြစ်မယ်မဟုတ်လား'

ဟု ပြောလိုက်လေသည်။

မားယဥ် စိတ်မကောင်း ဖြစ်သွား၏။

မားပင်ကြောင့် အိုရန်မှု ဒုက္ခရောက်ရမည်ကို သူမ မလိုလားပါ။

မားပင်သည် အချိန်ရှိသရွေ့ ဒုက္ခရှာနေသူ ဖြစ်သည်ဟု သူမ လက်ခံယုံကြည်ထားလေသည်။

မည်သို့ဆိုစေ အိုရန်မှုမှာ သူမ၏ ခင်ပွန်းသည် ဖြစ်သလို မားပင်မှာ သူမ၏ဖခင် ဖြစ်လေသည်။

သူမအနေနှင့် မည်သူကိုမျှ အပြစ်ဆို၍ ရကောင်းစေသည် မဟုတ်ပါ။

'အစ်ကို'

'ပြောပါ ညီမ'

'မြေရိုင်းကျွန်းမှာ အန္တရာယ် ဘယ်လောက် များတယ်ဆိုတာ အစ်ကို သိပါတယ်နော်'

'သိပြီလား ညီမရယ်'

'အစ်ကို၊ အစ်ကို မလိုက်ဘဲ နေခဲ့ရင်လဲ ရတာဘဲမဟုတ်လား'

အိုရန်မှု ခေါင်းယမ်းလိုက်သည်။

'အစ်ကို မလိုက်ရင် သူ့ရဲ့ဘော ကြောင်ရာ ကျတော့မပေါ့ ညီမရယ်'

'အင်း…ဖေဖေကလဲ အစ်ကို့မှာ ဒီလိုစိတ်ထားရှိတယ်ဆိုတာ သိလို့ စာမင်အကူကတွင်နေတာရှင့်'

'ဘာပဲဖြစ်ဖြစ်လေ ဒီတစ်ခေါက်တော့ လိုက်သွားရမှာပဲ နောက်တစ်ခါ သူသွားမယ်ဆိုရင်တော့ သူ့သဘောနဲ့သူပေါ့ အစ်ကိုလိုက်စရာမလိုတော့ဘူးလေ'



'အစ်ကိုက ညီမဆီကို ပြန်လာခဲ့မယ်လို့ ကတိပေးနိုင်မလား ဟင်'

မားယဉ်၏ အမေးစကားကြားလျှင် အိုရန်မှု သဘောကျစွာ ပြုံးလိုက်သည်။

သူမ၏စကားသည် ရိုးရိုးရှင်းရှင်းကလေး ဖြစ်သော်လည်း အဓိပ္ပာယ်ပြည့်ဝလှပေ၏။

မည်သို့သော အခက်အခဲအန္တရာယ် တွေ့ရသည်ဖြစ်စေ ရင်ဆိုင်ကျော်လွှားကာ အရောက်ပြန်လာရန် ခွန်အား ပေးလိုက်သလိုရှိနေသည်။

အိုရန်မှု ခေါင်းညိတ်လိုက်သည်။

'စိတ်ချ၊ အစ်ကိုအရောက်ပြန်ခဲ့မယ်'

ဟု ပြောလိုက်သည်။

မားယဉ် ပြုံးလိုက်သည်။

'ညီမ ယုံပါတယ်ရှင်၊ ကဲ ဖေဖေစောင့်နေတယ်၊ အစ်ကို သွားတွေ့လိုက်ပါဦး'

'ကောင်းပြီလေ'

အိုရန်မှုသည် မားယဉ်ကို အိမ်တံခါးဝသို့ ရောက်သည်အထိ လိုက်ပို့ပေးပြီးနောက် မားပင်ရှိနေသည့် အဆောင်ကလေးဆီသို့ ထွက်လာခဲ့သည်။

အဆောင်ရှေ့ရောက်လျှင် တံခါးဟလာဟင်းလင်း ဖွင့်ထားသည်ကို တွေ့ရ၏။ ထို့ကြောင့်…

'အဟမ်း'

ချောင်းတစ်ချက်ဟန့်ကာ လူလာနေကြောင်း အချက်ပေး
လိုက်၏။

မရှေးမနှောင်းမှာပင်....

'ဆရာလေး အိုရန်မုပါလား၊ ကြွပါ ကြွပါ'

အားယုံက ထွက်လာပြီး ကြိုဆိုလေ၏။

အိုရန်မု အတွင်းဘက်ရောက်သွားလျှင် မားပင်သည် ကြမ်းပြင်ပေါ် ဒူးထောက်ထားပြီး လက်ထဲ၌ မီးသွေးခဲ တစ်ခဲကို ကိုင်ကာ တစ်ထောက်တည်း အလုပ်ရှုပ်နေသည်ကို တွေ့ရလေ၏။

အိုရန်မု အံ့ဩသွားသည်။

မားပင်ကို နားမလည်နိုင်စွာ ကြည့်လိုက်၏။

မားပင်သည် သူရောက်လာသည်ကိုပင် အရေးမစိုက်ပါချေ။

မီးသွေးခဲဖြင့် ကြမ်းပြင်ပေါ်၌ ဟိုဟိုသည်သည် ရေးခြစ်ကာ အလုပ်ရှုပ်နေသည်။

မျက်မှောင်ကြုတ်ပြီး တစ်စုံတစ်ခုသော အကြောင်းချင်ရာ၌ လွန်စွာမှပင် စိတ်ဝင်စားရှိနေသည့် ပုံသဏ္ဌာန်မျိုးဖြစ်လေ၏။

အိုရန်မုက အားယုံကို စိုက်ကြည့်လိုက်၏။

အားယုံက နှုတ်ခမ်း၌ လက်တစ်ချောင်းတေ့ကာ အသံမထွက်ဘဲ တိတ်တိတ်နေရန် အချက်ပြလိုက်သည်။

အိုရန်မုလည်း အသာငြိမ်နေလိုက်သည်။

အတော်ကလေးကြာသည်အထိ မားပင်က သူ့ဘက်သို့ လှည့်လာခြင်း မရှိချေ။



ထို့ကြောင့် အိုရန်မု ပျင်းရိလာသည်။

မားပင် ရေးခြစ်နေသည့် ကြမ်းပြင်ပေါ်သို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ ကြမ်းပြင်ပေါ်၌ မားပင် ရေးခြစ်ထားသည်မှာ မြေပုံတစ်ခု ဖြစ်နေကြောင်း သင်ခြင်မိသည်။

ယင်းမြေပုံပေါ်ဝယ် လူနေအိမ်များ၊ တောင်ကုန်းများ၊ ကွင်းပြင်များ၊ မြစ်ချောင်းများအပြင် တောတိရစ္ဆာန်များ၏ပုံများ ရေးခြစ်ထား၏။

မြေပုံ၏ နေရာအတော်များများတွင် မြားဦးဖြင့် တစ်စုံတစ်ခုအတွက် ဦးတည်ရာ လမ်းကြောင်း ပုံသဏ္ဌာန်မျိုး ညွှန်ပြထားသည်ကို တွေ့ရသည်။

အိုရန်မု စိတ်ဝင်စားသွားသည်။

မားပင်ကို သတိမပြုမိနိုင်တော့ဘဲ မြေပုံကို စိတ်ဝင်စားစွာ ကြည့်နေမိတော့သည်။

'အဟမ်း'

ချောင်းဟန့်သံတစ်ချက် ထွက်ပေါ်လာ၏။

အိုရန်မု သတိဝင်လာသည်။

လှမ်းကြည့်လိုက်လျှင် မားပင်က သူ့အား ကြည့်နေသည်ကို တွေ့ရသည်။

အိုရန်မု မျက်နှာတည်တည်ဖြင့်
'ကျွန်တော့်ကို တွေ့ချင်တယ်ဆို'
ဟု မေးလိုက်သည်။

မားပင်က....

'ဟုတ်တယ်၊ သမီးကပြောတယ်၊ မင်းက ငါ့နောက်လိုက်မယ်ဆို'

အိုရန်မှ သက်ပြင်းချလိုက်ပြီး....

'ကျွန်တော် လိုက်မယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ဦးနဲ့ ဖြေရှင်းစရာရှိတာတွေကို ဖြေရှင်းပြီးမှ လိုက်မှာပါ'

'ဘာကွ ငါနဲ့ ဖြေရှင်းစရာရှိသေးတယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'ပြောစမ်းပါဦးကွ'

'ဦးက ကုန်သည်ကြီး ယန်ဝှာကို ငွေသုံးသိန်းကျော် ပေးရာရှိတယ်ဆိုတာ တကယ်ပဲလား'

အိုရန်မှ စကားကြားလျှင် မားပင် ဆတ်ခနဲ ခေါင်းထောင်လာလေသည်။ အိုရန်မှုကိုကြည့်ကာ မဲ့ပြုံးပြုံးလိုက်ပြီး

'မဟုတ်ဘူးကွ'

'ဒါဖြင့် ဦးက ဘာကြောင့် လိမ်ပြောရတာလဲ'

'ငါလိမ်ပြောမှ မားယဉ်က ဝင်မရှုပ်မှာပေါ့၊ မင်းက ယန်ဝှာကိုသွားတွေ့တာလဲ ငါသိပြီးပြီ'

'ဗျာ....'

ယခုတစ်ကြိမ် အံ့ဩသွားရသူမှာ အိုရန်မှု ဖြစ်လေသည်။ မားပင်ကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိ၏။

မားပင်က....

'ငါ့သမီးက ငါ့ကိစ္စထဲဝင်ဝင်ရှုပ်တတ်လွန်းလို့ ငါက အမြဲ



တမ်း သတိထားနေရတယ်လေကွာ၊ မင်းတွက်သွားတော့ အားယုံကို ငါက အခြေအနေ လိုက်ကြည့်ခိုင်းခဲ့တာပဲ'

အိုရန်မှ သက်ပြင်းချလိုက်မိပြန်လေသည်။

မားပင်က ဆက်ပြောလိုက်၏။

'ယန်ဝှာက ငါ့ဆီကပစ္စည်းတွေကိုရရင် တခြားမှာဈေးတင်ပြီး ပြန်ရောင်းမှာ၊ သူ့အတွက် အမြတ်အစွန်းအများကြီးရမှာ သေချာတယ်၊ ဒါကြောင့် ငါ့ဆီက ငွေပြန်မလိုချင်ဘူး၊ ပစ္စည်းပဲလိုချင်နေတာပေါ့'

'ဒါကိုလဲ ဦးသိနေတာပဲလား'

'သိတာပေါ့ကွာ'

'မြေမှိုင်းကျွန်းကိုသွားရင် အန္တရာယ်ကြုံရနိုင်တယ်ဆိုတာကို ကော'

'ဟ ငါကလေးမှမဟုတ်ပဲ၊ မသိဘဲနေပါ့မလားကွ၊ သိတာပေါ့'

'သိလျက်နဲ့ ဘာကြောင့် သွားချင်ရတာလဲဗျာ'

'ဘာကြောင့် သွားချင်ရတာလဲ ဟုတ်လား၊ - ဟား ဟား ဟား'

မားပင်က သဘောကျစွာ ရယ်မောလိုက်လေသည်။

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

အိုရန်မှုက သူ့အား နားမလည်နိုင်စွာ ကြည့်နေမိလေသည်။

မားပင်က သဘောကျစွာ ရယ်မောပြီးမှ အိုရန်မူကို ကြည့်လိုက်သည်။

သူ၏မျက်နှာ ထူးထူးခြားခြားတည်ကြည်လေးနက်သွားပြီး ဖြစ်လေသည်။ ထူးခြားသောအဓိပ္ပာယ်တစ်မျိုး ကိန်းအောင်းနေသည်ဟုလည်း အိုရန်မူ ရိပ်မိလိုက်သည်။

မားပင်က

'ငါဟာ အရက်အလွန်အကျွံ သောက်တယ်၊ ကောက်ကျစ်တယ်၊ လောဘကြီးတယ်လို့ သူတိုင်းကပြောကြတယ်၊ တစ်မီးမပြောနဲ့ ငါ့သမီးတောင် ဒီလိုပဲသဘောထားတယ်၊ ကောင်းပြီ ငါ့ရဲ့စိတ်ဓာတ်အမှန်ကို ဘယ်သူသိသလဲ၊ မင်းကော သိသလား'

ရုတ်တရက် မေးလာသဖြင့် အိုရန်မူ ကပျာကယာ ခေါင်းယမ်းပြလိုက်လေသည်။

'ကျွန်တော် မသိပါဘူး'

'ဟွန်း... ဘယ်သိမလဲ၊ ငါကိုယ်တိုင်ကလွဲပြီး ဘယ်သူသိနိုင်မှာလဲ၊ ကောင်းပြီ၊ မင်းမသိရင် သိအောင် ငါပြောပြမယ်၊ ငါဟာ မုဆိုးတစ်ယောက်ပဲ၊ အမဲလိုက်နေရရင် အရာရာအားလုံးကို ငါမေ့ထားနိုင်တယ်၊ ကုန်ကုန် ပြောရရင် အရက်မသောက်ဘဲတောင် နေနိုင်တယ်၊ ငါဟာ လူမှန်းသိတတ်တဲ့အချိန်ကစပြီး အမဲလိုက်တာနဲ့ ရင်းနှီးခဲ့ရတာ၊ အခု ငါ အမဲမလိုက်ရတာ ဘယ်လောက်ကြာပြီလဲ'

အိုရန်မူ ပါးစပ်ပိတ်ထားလိုက်သည်။

မားပင်အား ဘယ်သောအခါမှ နားလည်နိုင်တော့မည်မဟုတ်ပါချေ။



မားပင်က

'အမဲလိုက်ရတာဟာ ငါ့အတွက် ဝဋ်ခံနေရသလိုပဲ၊ ဒါကြောင့် အမဲလိုက်နိုင်အောင် ငါအမျိုးမျိုး ကြံစည်တယ်၊ ငါ ဘာသာငါလဲမသွားသင့်ဘူးဆိုတာ သိတယ်၊ ဒီတော့ ယန်ဝှာရဲ့ငွေကို လက်ခံလိုက်မှ ငါမသွားဘဲ နေလို့ မရတော့ဘူး၊ သူကလဲ ငွေပြန်ယူမှာမဟုတ်ဘူး၊ ငါကလဲ မသွားဘဲ မနေနိုင်ဘူး'

အိုရန်မူ ပင့်သက်ရှိုက်လိုက်သည်။

မားပင်အား နားလည်အောင် မကြိုးစားတော့ပါ။

သူသိလိုသောအကြောင်းကိစ္စကိုသာ ကြားဖြတ်မေးလိုက်လေသည်။

'ဦးဘယ်တော့ သွားမလဲ'

'ဒီည'

မားပင်ကလည်း တုံးတိတိ ပြန်ဖြေလိုက်လေသည်။

အိုရန်မူ၏ ခန္ဓာကိုယ် ဆတ်ခနဲတုန်သွား၏။

'ဟုတ်လား'

'ဟုတ်တယ်လေ'

'မစောလွန်းဘူးလား'

'မစောဘူး၊ ယန်ဝှာပေးထားတဲ့ သုံးလဆိုတဲ့အချိန် ကုန်တော့မယ်၊ ငါက မြေရိုင်းကျွန်းကို အမြန်ဆုံးသွားမှဖြစ်မယ်'

'အဲဒီမှာ ကျင်းလက်အောက်ခံကြေးစားစစ်သည်တွေ ရှိနေတယ်ဆိုတာ မမေ့ပါနဲ့၊ အလောတကြီးလုပ်မယ်ဆိုရင် ဒုက္ခတွေ့ရဖို့များပါတယ်၊ ဦး စဉ်းစားပါဦး'

မားပင် ခေါင်းယမ်းလိုက်သည်။

'စဉ်းစားစရာမလိုတော့ပါဘူးကွာ၊ ငါက ကျောက်ကျင်းကို လှည့်စားဖို့ နည်းလမ်း ရှာတွေ့ထားပြီးပါပြီ'

'ဗျာ....ကျောက်ကျင်း ဟုတ်လား'

'ဟုတ်တယ်လေ၊ ကျင်းတွေဆီမှာ သစ္စာခံပြီး မြေရိုင်းကျွန်းကို ကြီးစိုးနေတာ ကျောက်ကျင်းပေါ့၊ ဟဲ့...ဟဲ ငါ့ရဲ့ ပြိုင်ဘက်ဟောင်း တစ်ယောက် ဆိုပါတော့ကွာ'

အိုရန်မှ ရင်လေးသွား၏။

မြေရိုင်းကျွန်းပေါ်၌ ဩဇာ ရှိသူသည် မားပင်၏ ရန်သူ ဖြစ်နေခြင်းကြောင့် အခြေအနေမှာ ပို၍ဆိုးဖို့သာ ရှိပေတော့သည်။

မားပင်က ဆက်ပြောလိုက်သည်။

'မင်းက လုပ်ရည်ကိုင်ရည် ရှိတယ်ဆိုတော့ မင်း လိုက်လာရင် ငါ့အတွက် ပိုပြီး အဆင်ပြေမှာပဲ'

'ကျွန်...ကျွန်တော်'

'မင်း လိုက်မယ် မဟုတ်လား'

'ကျွန်တော် လိုက်မှာပါ'

အိုရန်မှ တံတွေးမျိုချကာ ပြောလိုက်လေသည်။

မားပင်က—

'ဒါဖြင့် ဒီမှာ လာကြည့်'

ပြောရင်း အိုရန်မှ၏ လက်ကိုဆွဲကာ ကြမ်းပြင်ပေါ်၌ ရေးဆွဲထားသည့် မြေပုံနားသို့ ထိုင်စေသည်။



အိုရန်မှ ထိုင်ချလိုက်လျှင်....

'ဒါဟာ မြေရိုင်းကျွန်းရဲ့ မြေပုံပဲ၊ မြေရိုင်းကျွန်းပေါ်မှာ ကျောက်ကျင်းတို့ဟာ...'

သူက မြေရိုင်းကျွန်းပေါ်သို့ တက်ရမည့် ခရီးစဉ်ကို ရှင်းလင်း ပြောပြလိုက်လေတော့သည်။

ည—

ကောင်းကင်ပေါ်၌ လခြမ်းပဲ့ကလေးသာ ရှိလေသည်။

ဝန်းကျင်တစ်ခုလုံးတွင် အမှောင်ရိပ်များ ဖုံးလွှမ်းနေ၏။

လှေသုံးစင်းသည် မြေရိုင်းကျွန်းဆီသို့ တဖြည်းဖြည်းချဉ်းကပ်လာနေကြ၏။

မသဲမကွဲ လရောင်ဖြင့် လှေပေါ်တွင် လူသုံးဆယ်ခန့် လိုက်ပါလာကြသည်ကို တွေ့မြင်ရမည် ဖြစ်ပေသည်။

သို့သော် လှေပေါ်မှ လူများသည် အတတ်နိုင်ဆုံးမှောင်ရိပ်ခိုကာ ချဉ်းကပ်လာကြခြင်းကြောင့် သတိထား ကြည့်မှသာ တွေ့မြင်ရမည် ဖြစ်လေသည်။

ရှေ့ဆုံးမှ လှေတွင် အိုရန်မုက ခေါင်းဆောင် လိုက်ပါလာ၏။ ဒုတိယ လှေဦးကို ဦးဆောင်လာသူမှာ မားပင်ဖြစ်ပြီး၊ တတိယလှေကို ဦးဆောင်လာသူမှာမူ အားယုံ ဖြစ်လေသည်။

သူတို့သည် မြေရိုင်းကျွန်းသို့ ရောက်လျှင် ကိုယ်ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရန် အဆင်သင့်ဖြစ်နေကြ၏။

သူတို့သည် မားပင်၏ အစီအစဉ်အတိုင်း ဆောင်ရွက်ကြမည် ဖြစ်သည်။ မားပင်၏ အကြံအစည်မှာ ကောင်းလွန်းသဖြင့် အိုရန်မုလည်း လက်ခံခဲ့ရလေသည်။

တငြိမ့်ငြိမ့် စီးဆင်းနေသည့် မြစ်ရေပြင်ဝယ် လှော်တက်ခတ်သံ တီးတိုးညင်သာ ထွက်ပေါ်လာသည်။

လှေသုံးစင်းမှာ မြေရိုင်းကျွန်းအား ချဉ်းကပ်မိပြီ ဖြစ်လေသည်။



သုံးစင်းစလုံး ဆိုက်ကပ် မိသည်နှင့် မားပင်က မြစ်ကမ်းပေါ် လျင်မြန်စွာ တက်လိုက်ပြီး....

'ကဲ မြန်မြန်တက်ပြီး လှေတွေဝှက်ကြ၊ ရောင်နီမလာခင် တို့ လုပ်စရာရှိတာ အပြီးလုပ်ရမယ်'

အော်ပြောလိုက်လေသည်။

လှေသုံးစီးဖြင့် လိုက်ပါလာသူများလည်း တက်တက်ကြွကြွ လှုပ်ရှားလိုက်ကြလေသည်။

မကြာပါချေ။ လှေသုံးစီးမှာ မြစ်ကမ်းစပ်ရှိ သစ်ပင်ချုံနွယ်များအောက်တွင် ဝှက်ထားပြီးသား ဖြစ်သွားလေသည်။

မားပင်၊ အိုရန်မုနှင့် အားယုံတို့ ဦးဆောင်ကာ လူစုသုံးစုခွဲပြီး မြေရိုင်းကျွန်းအတွင်းသို့ ဝင်သွားကြလေသည်။

သူတို့၏ ဦးတည်ရာ အရပ်သည်ကား....

မြေရိုင်းကျွန်း အတွင်းဘက်၌ တောင်ကုန်းမြင့် တစ်ခု ရှိသည်။

ယင်းတောင်ကုန်း၏ တစ်ဘက်တွင် မြေနိမ့်ချိုင့်ဝှမ်း တစ်ခု ရှိနေပြီး ကျောက်ကျင်း၏စခန်း တည်ရှိနေလေသည်။

ကျောက်ကျင်း၏ စခန်းမှာ အိမ်ခြေ တစ်ရာခန့်ရှိလေသည်။

အိုရန်မု ခေါင်းဆောင်သော လူစုမှာ ကျောက်ကျင်း၏ စခန်းအနီးသို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

အိုရန်မုက သူနှင့်အတူ လိုက်လာသူ ဆယ်ယောက်အား ကျောက်ကျင်း၏ စခန်းအရှေ့ဘက်တွင် နေရာ ယူခိုင်းလိုက်သည်။

ထိုလူ ဆယ်ယောက်သည် မကြာသေးမီကမှ မားပင်ထံတွင် မြားပစ်ပညာ သင်ကြားခဲ့ကြသူများ ဖြစ်၏။

ထိုလူများသည် ကိုယ်စီကိုယ်ငှ မြားတစ်လက်စီကိုင်ဆောင်ထားကြလေသည်။

အိုရန်မှ ရင်လေးနေ၏။

'မားပင် စီစဉ်ထားတာတော့ ကွက်တိပဲ၊ ဒါပေမယ့် သူ စီစဉ်ထားသလိုဖြစ်လာပါ့မလား'

ဟု တွေးနေမိလေသည်။

ရန်သူစခန်း၏ အနောက်ဘက်ဆီသို့လည်း လှမ်းမျှော်ကြည့်မိသည်။

'အခုလောက်ဆိုရင် အားယုံတို့လူစုလဲ စခန်းအနောက်ဘက်ကို ရောက်နေလောက်ရောပေါ့၊ မားပင်သာ နေမထွက်ခင် အလုပ်ပြီးအောင် လုပ်နိုင်ရင် အန္တရာယ်တွေရမှာ မဟုတ်ဘူး၊ ဒီလိုမှ မဟုတ်ရင်တော့'

အိုရန်မှက မဆုံးနိုင်သောအတွေးများ တွေးနေမိသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

'အောက် အီး အီး အွတ်'

ကြက်တွန်သံများ ဟိုမှသည်မှ ထွက်ပေါ်လာသည်။

အရှေ့ဘက်ဆီတွင် ရောင်နီများ ပျို့အန်လာပြီဖြစ်သည်။

အမှောင်ထု နောက်ဆုတ်သွားပြီး အလင်းရောင်ဝင်ရောက်လာသောအခါ အိုရန်မှု၏စိတ်ထဲ မလုံမလဲ ဖြစ်လာတော့၏။

'မားပင်ဆီက အဆက်အသွယ်လဲ ရောက်မလာသေးဘူး၊ ခက်ပြီပဲ'



သူတွေးတောနေစဉ် ရန်သူစခန်းအတွင်း၌ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်ကို တွေ့မြင်ရလေသည်။

ခရာသံများ ထွက်ပေါ်လာသည်ကို ကြားရသည်။

ရန်သူစစ်သည်များသည် အဆောက်အအုံ တစ်ခုရှေ့ဝယ် လက်နက်ကိုယ်စီကိုင်ဆောင်ကာ စုရုံးရောက်ရှိလာကြသည်။

အမှန်တော့ ကျောက်ကျင်းက နံနက်တိုင်း သူ၏လူများကို စစ်ဆေးလေ့ရှိကြောင်း အိုရန်မှ မသိခဲ့ခြင်းတည်း။

ကျောက်ကျင်းနေထိုင်သည့် အဆောက်အအုံရှေ့ဝယ် လာရောက်စုရုံးကြရပြီး ကျောက်ကျင်းအား ဦးညွှတ်ဂါရဝ ပြုကြရသည်။

နံနက်တိုင်း ယင်းသို့ဦးညွှတ်ဂါရဝပြုလိုက်ခြင်း ခံရသည်မှာ မင်္ဂလာတစ်ပါးဟု ကျောက်ကျင်းခံယူထားသည်ကို မသိခဲ့ကြပါချေ။

ကျောက်ကျင်း၏လူများ စုရုံးနေသည်ကို တွေ့ရလျှင်

'တို့တစ်တွေ ရောက်လာတာကို ကျောက်ကျင်း သိသွားပြီထင်တယ်၊ တို့ကိုတိုက်ခိုက်ဖို့ သူ့လူတွေကို စုစည်းနေတာပဲ ဖြစ်မယ်'

အိုရန်မှက ထိုသို့တွေးတောလိုက်သည်။

ထိုစဉ်မှာပင်

'မီးဖျို့ မီး မီး'

ကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စခန်း၏အနောက်ဘက်ရှိ အဆောက်အအုံတစ်လုံး မီးစွဲ

လောင်ကာ မီးတောက် မီးလျှံများ ထွက်ပေါ်လာသည်ကိုတွေ့လိုက်ရသည်။

ဘိုရှန်မှ စိတ်လှုပ်ရှားသွားလေ၏။

'အားယုံက ရန်သူတွေကို အာရုံပြောင်းအောင် လုပ်လိုက်ပြီပဲ'

ဟု ကျိတ်ပြီး မှတ်ချက်ချမိလေ၏။

အားယုံသည် ရန်သူစခန်းအနောက်ဘက်တွင် တာဝန်ကျပြီး အကယ်၍ရန်သူများက သူတို့ကျွန်းပေါ်သို့ ရောက်ရှိလာသည်ကိုရိပ်မိသွားပါက အဆောက်အအုံများကို မီးရှို့ဖျက်ဆီးပြီး အနှောင့်အယှက်ပေးရန် တာဝန်ယူထားရသူ ဖြစ်ပေ၏။

ယခု အားယုံသည် ရန်သူများစုစည်းနေသည်ကို တွေ့ရလျှင် ကြိုတင်ကာကွယ်သည့်သဘောဖြင့် အဆောက်အအုံများကို မီးစတင်ရှို့လိုက်ပြီ ဖြစ်လေသည်။

အဆောက်အအုံ တစ်လုံးပြီးတစ်လုံး မီးလောင်သွားသည်။

မီးတောက်မီးလျှံများသည် တစ်ခဏအတွင်း အားကောင်းသွားပြီး အနောက်ဘက်အခြမ်းရှိ အဆောက်အအုံအားလုံးမီးစွဲလောင်သွားလေတော့သည်။

'မီးလျှို့ ပီး မီး'

အော်ဟစ်သံများ ဟိုမှသည်မှ ထွက်ပေါ်လာသည်။

အဆောက်အအုံ ရှေ့၌ စုရုံးနေသူများသည်လည်း မနေနိုင်ကြတော့ဘဲ မီးသင့်လောင်နေသော နေရာဆီသို့ ဝရုန်းသုန်းကား ပြေးလွှားသွားကြသည်။



အရှိန်ပြင်းစွာ တောက်လောင်နေသည့် မီးကို တားဆီးငြိမ်းသတ်ရန် ကြိုးစားကြလေတော့သည်။

ဘိုရှန်မှ ပြုံးလိုက်သည်။

'အားယုံ မွှေးလိုက်တဲ့မီးက တော်တော်နဲ့ငြိမ်းမှာ မဟုတ်တော့ဘူး၊ သူတို့အားလုံး အနောက်ဘက်က အဆောက်အအုံတွေကို အာရုံရောက်နေတုန်း အရှေ့ဘက်က အဆောက်အအုံတွေကို ငါတို့ မီးရှို့ပစ်ရမယ်၊ ဒါဆိုရင် ရန်သူတွေဟာ မီးငြိမ်းဖို့ကြိုးစားနေတာနဲ့ပဲ ငါတို့ကို ဒုက္ခပေးနိုင်ကြမှာ မဟုတ်တော့ဘူး'

သူက အခြေအနေကြည့်လိုက်သည်။

ထို့နောက် အသင့်နေရာယူထားသော သူ၏လူများကိုအမိန့်ပေးလိုက်တော့သည်။

'အရှေ့ဘက်က အဆောက်အအုံတွေရဲ့ ခေါင်မိုးပေါ်ကို မီးမြားတွေနဲ့ပစ်ကြ'

သူ၏ အမိန့်ပေးသံကြားလျှင် မြားပစ်ခတ်ရန် ဟန်ပြင်ပြင်ဖြစ်နေကြသူများ သဘောကျသွားလေတော့သည်။

ချက်ချင်းပင် မီးမြားများဖြင့် အရှေ့ဘက်ရှိအဆောက်အအုံများထံ ချိန်ရွယ်ပစ်ခတ်လိုက်ကြလေသည်။

မီးစွဲလောင်နေသည့် မြားတံများ တဝီဝီ ပစ်လွှင့်သွားလေသည်။

အချို့မြားတံများသည် အဆောက်အအုံများ၏ ဦးခေါင်းပေါ် ကျရောက်သွားပြီး မီးစွဲလောင်သွားလေတော့သည်။

'ဟာ အရှေ့ဘက်မှာလဲ မီးလောင်နေပြီဟေ့'

အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ကျောက်ကျင်း၏လူများသည် အရှေ့ဘက်သို့ ပြန်ပြေးလာကြပြီး မီးငြိမ်းသတ်ရန် ကြိုးစားကြပြန်သည်။

သို့ပါသော်လည်း မီးတောက်မီးလျှံများမှာ အရှိန်ကောင်းလာပြီး အဆောက်အအုံ တစ်ခုမှ တစ်ခုသို့ ကူးစက် လောင်ကျွမ်း သွားလေသည်။

ကျောက်ကျင်း၏ စခန်းတစ်ခုလုံး မီးတဟုန်းဟုန်း တောက်လောင်ကာ မီးပင်လယ်ကြီးပမာ ဖြစ်နေလေတော့သည်။

အိုရန်မှု ဝမ်းသာနေ၏။

ကျင်းလက်အောက်ခံဝင်နေသည့် လူယုတ်မာများ၏စခန်းကို ဖျက်ဆီးလိုက်ရခြင်းသည် ကျင်းများအား ထိုးနှက် တိုက်ခိုက်ခြင်း မည်ပေသည်။

ကျင်းများအား ဒေသမိမြေမှ မောင်းထုတ်ပစ်နိုင်လျှင် မည်မျှကောင်းမည်နည်းဟု တွေးနေမိသည်။

ထိုစဉ် သူတို့ထံသို့ ဦးတည်ကာ လူတစ်ဦး ပြေးလွှားလာနေသည်ကို တွေ့မြင်ရလေသည်။

အိုရန်မှု လှမ်းကြည့်လိုက်သောအခါ အားယုံ ပြေးလွှား ရောက်ရှိလာသည်ကို တွေ့ရ၏။

အားယုံက ရောက်လျှင်ရောက်ချင်း

'ဆရာလေး ရန်သူတွေတော့ အရှူးမီးဝိုင်း ဖြစ်နေကြပြီ'

ဟု ဝမ်းသာအားရ ပြောသည်။

အိုရန်မှု ပြုံးလိုက်သည်။



'ဟုတ်တယ်၊ မီးက တော်တော်နဲ့ ငြိမ်းမှာမဟုတ်ဘူး၊ သူတို့ အလုပ်ရှုပ်နေတုန်း ကျုပ်တို့လဲ ပြန်ကြရအောင်'

'ကောင်းတယ်၊ အခု အချိန်လောက်ဆိုရင် ဆရာကြီးလဲ သားကောင်တွေ အတော်များများ ရနေလောက်ရောပေါ့'

'ကဲ ပြန်ကြမယ်ဟေ့'

အိုရန်မှုက အမိန့်ပေးလိုက်သည်။

ထို့နောက် သူတို့အားလုံး မီးတဟုန်းဟုန်း တောက်လောင်နေသော ရန်သူ၏စခန်းအနီးမှခွာကာ ထွက်လာခဲ့ကြလေတော့သည်။

'တောက်'

တက်ခေါက်သံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ခွေးလေး ခေါင်းငုံ့ထားလိုက်၏။

သူ့ကိုယ်တစ်ကိုယ်လုံး ညစ်ပတ်ပေကျံနေ၏။

မောဟိုက်မှုကြောင့် အသက်ကို လုရှူနေရသည်။

သို့တိုင် ကျောက်ကျင်းက အပြစ်တင်ဦးမည် ဆိုသည်ကို နားလည်ထားလေသည်။

စခန်းအတွင်းရှိ အဆောက်အအုံ အားလုံးလိုလို မီးလောင်ပြာကျသွားပြီ ဖြစ်လေသည်။

အချို့နေရာများတွင် မီးခိုးငွေ့များ တလူလူထွက်နေသေးသည်။

စခန်းတွင်းရှိ လူအားလုံး ခါးဝတ်ပါးစားသာလျှင် ကျန်ခဲ့ပြီး စိတ်ပျက်စွာဖြင့် မြေကွက်လပ်တွင် စုရုံးထိုင်ကာ မှိုင်တွေနေကြသည်။

ကျောက်ကျင်းက ကံကောင်းသွားသည် ဆိုရပေမည်။

ကျောက်ကျင်းနေထိုင်သည့် အဆောက်အအုံ တစ်ခုတည်းသာလျှင် မီးဘေးမှ ကင်းလွတ်သွား၏။

စခန်းအတွင်းရှိ လူ တစ်ဝက်ခန့်သည် ကျောက်ကျင်း၏ အဆောက်အအုံ မီးမလောင်ရလေအောင် ရေဖြင့်တစ်ချိန်လုံး ပက်ဖျန်းနေခဲ့ရသည် မဟုတ်ပါလား။

ခွေးလေး တွေးတောစဉ်းစားနေစဉ်မှာပင် ကျောက်ကျင်း၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ခွေးလေး'



'ခင်ဗျာ အမိန့်ရှိပါ ဆရာ'

'မီး ဘယ်ကစလောင်ရတယ်ဆိုတာ ငါ့ကို ပြောစမ်း'

ခွေးလေး ချောင်းတစ်ချက် ဟန့်လိုက်ပြီး

'အနောက်ဘက် အဆောက်အအုံတွေက စလောင်တာပါ'

'ဘာကွ'

'ဟို…ဟို အနောက်ဘက်'

'အနောက်ဘက်က စပြီး လောင်တယ်ဆိုတာ ငါသိတာပေါ့ ဘယ်ကဘယ်လို စလောင်တယ်ဆိုတာကို မေးတာကွ'

'ရှို့…ရှို့မီးပါ'

'ဘာ'

ခွေးလေး ခေါင်းငုံ့ထားလိုက်လေသည်။

ကျောက်ကျင်းအား မျက်နှာချင်း မဆိုင်ဝံ့တော့ပဲ…

'အနောက်ဘက် အဆောက်အအုံတစ်လုံးကို မသမာသူတွေက မီးရှို့လိုက်ကြပါတယ်၊ အဲဒီ အဆောက်အအုံက တစ်ဆင့် အခြား အဆောက်အအုံတွေကိုပါ ကူးစက် လောင်ကျွမ်းသွားတာပါ'

'ဒါဖြင့် အရှေ့ဘက်က အဆောက်အအုံတွေကကော'

'အ… အရှေ့ဘက်က အဆောက်အအုံတွေဟာလဲ မသမာသူရဲ့ လက်ချက်ကြောင့်…'

'တိတ်စမ်း'

ကျောက်ကျင်း၏ စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ခွေးလေး ပါးစပ် ပိတ်ထားလိုက်၏။

ကျောက်ကျင်းက…

'မသူမာသူဆိုတာ ဘယ်သူလဲ၊ မင်းလား'

'ဟာခ…ကျွန်တော် မဟုတ်ပါဘူး'

ခွေးလေး ကပျာကယာ ငြင်းဆန်လိုက်၏။

ကျောက်ကျင်းက…

'ဒါဖြင့် ဘယ်သူလဲ'

'ကျွန် ကျွန်တော်'

'မင်း မသိဘူးပေါ့'

မသိဟု ပြောလျှင် အပြစ်တင်ခံရမည်ကို စိုးရိမ်ကာ…

'ကျွန်…ကျွန်တော် သိပါတယ်'

'ဒါဖြင့် ဘယ်သူလဲ'

'ဟို…ဟို'

'ဘာကွ'

'ကျွန်တော် မသိဘူး'

'ဟော'

ကျောက်ကျင်း မျက်လုံးပြူးသွားလေသည်။

ခွေးလေးက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ပြောမိ ပြောရာ ပြောနေခြင်းဖြစ်ကြောင်းလည်း ရိပ်မိသွား၏။

ထို့ကြောင့် ဒေါသထွက်ကာ မျက်နှာကြီး နီမြန်းသွားလေတော့သည်။

'တောက်…တော်တော် အသုံးမကျတဲ့ကောင်ပဲ၊ စခန်းကို ကြီးကြပ်ကွပ်ကဲဖို့ မင်းကို တာဝန် ပေးထားတာ၊ မင်းက



တာဝန်မယူနိုင်ဘူးဆိုရင် မင်းနေရာကို တခြားလူ လွှဲပေးရတော့မယ် ထင်တယ်'

ခွေးလေး မျက်နှာကလေး ငယ်သွား၏။

ကျောက်ကျင်း၏ မျက်နှာသာပေးခြင်း ခံရသဖြင့် သူ့အတွက် အနေအစား ချောင်ခဲ့သည် မဟုတ်ပါလား။

ကျောက်ကျင်းက ခွေးလေးအား ဖိ၍ မာန်မဲလိုက်ရသဖြင့် ကျေနပ်သွား၏။ သူ၏ ဒေါသသည် စခန်းအား မီးရှို့ဖျက်ဆီးခဲ့သူများထက်သို့ ကူးပြောင်းသွားလေတော့သည်။

'ပတ်ဝန်းကျင်မှာ ရန်သူလိုက်ရှာတဲ့အဖွဲ့တွေ ပြန်လာတော့ မြစ်ကမ်းပါးမှာ လူခြေရာတွေ အများကြီး တွေ့ခဲ့ရတယ်လို့ သတင်းပို့တယ်၊ ပြီးတော့ မြားမှန်ထားတဲ့ သမင်ပေါက်လေး တစ်ကောင်ကိုလဲ တွေ့ရတယ်တဲ့၊ ဒါဆိုရင် တို့ဆီကို လာပြီး ဒုက္ခပေးသွားတာဟာ တို့အလုပ် ရှုပ်နေချိန်မှာ သားကောင် ခိုးပစ်လို့ရအောင် လုပ်သွားတာပဲ ဖြစ်မယ်'

'မှန်ပါတယ် ဆရာကြီး'

ခွေးလေးက ချက်ချင်း ထောက်ခံလိုက်သည်။

သို့မှသာ သူ့အတွက် အပြစ်လျော့သွားတော့မည် မဟုတ်ပါလား။

ကျောက်ကျင်းက…

'တို့ ပိုင်နက်ထဲလာပြီး သားကောင် ခိုးပစ်ရဲတဲ့လူ ဘယ်သူရှိသလဲ'

'ရှိပါတယ်'

'ဘာကွ'

‘မားပင်က သားကောင်တွေကို မျက်စောင်း ထိုးနေတာကြာပါပြီ’

ကျောက်ကျင်း၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။

‘ဟေ’

ခွေးလေး ပြောလိုက်မှပင် မားပင်အား ကျောက်ကျင်း သတိရသွားလေတော့သည်။

‘ဟုတ်သားပဲ၊ မားပင်ကို ငါက မေ့နေတာကိုး၊ မားပင်က ငါ့ကို ဒုက္ခပေးဖို့ ချောင်းနေတာပဲ၊ ခွေးလေး...မင်း တော်တယ်’

ဟု ပြောလိုက်လေသည်။

ခွေးလေး ကျေနပ်သွား၏။

သဘောကျစွာ ပြုံးလိုက်သည်။

ကျောက်ကျင်းက

‘မားပင်ကို မဆုံးမလို့ မဖြစ်တော့ဘူး’

သူက ပြောရင်း တစ်စုံတစ်ခုအား သတိရလာလေတော့သည်။

‘ဒုက္ခပဲ’

ဟုလည်း လွှတ်ခနဲ ညည်းညူလိုက်၏။

ခွေးလေးက

‘ဘာဖြစ်လို့လဲ ဆရာကြီး’

‘မားပင်က မုဆိုးကွ၊ ဒါကြောင့် မားပင်က ဒုက္ခလာပေးတယ်ဆိုရင် ငါတို့သာ ဖြေရှင်းရလိမ့်မယ်၊ ကျင်းစစ်သူကြီးက



အကူအညီပေးမှာ မဟုတ်ဘူး၊ မားပင်လို မုဆိုးတစ်ယောက်ကိုတော့ မရှင်းနိုင်ဘူးလားဆိုပြီး ငါ့ကို အပြစ်တင်ဦးမယ်’

ဟု ပြောလေသည်။

ခွေးလေးက

‘ဒါလဲ ဟုတ်တာပဲ၊ ကျင်းတွေက နယ်မြေတွေ သိမ်းပိုက်ဖို့လောက်ပဲ အာရုံစိုက်နေကြတာ၊ နေပြည်တော်က စစ်သည်တွေ ရောက်လာတယ်ဆိုရင် သူတို့ လှုပ်လှုပ်ရှားရှားဖြစ်သွားကြမှာပဲ၊ မားပင်လို လူမျိုးကိုတော့ သူတို့အရေးစိုက်မှာ မဟုတ်ဘူး၊ ဆရာကြီးကိုပဲ ရင်ဆိုင်ဖြေရှင်းဖို့ တာဝန်ပေးမှာ’

ကျောက်ကျင်း ခေါင်းညိတ်လိုက်သည်။

‘ဒါကြောင့် ပြောနေတာပေါ့ကွ’

‘ဆရာကြီး ဘယ်လိုလုပ်မလဲ’

‘ငါက မားပင်ကို ရှင်းပစ်ဖို့ ကြိုးစားရမှာပေါ့’

‘သူက ဆရာ့ထက်ပိုပြီး ဉာဏ်ကောင်းတယ်နော်’

‘ဘာ’

ကျောက်ကျင်း၏စကားသံ ဟိန်းထွက်လာ၏။

ခွေးလေးကိုလည်း ဒေါသတကြီး ကြည့်လိုက် လေသည်။

ခွေးလေး ဇက်ကလေးပုသွား၏။

ကျောက်ကျင်းက

‘ငါက သူ့ထက်ပိုပြီး ဉာဏ်ကောင်းတယ်ကွ’

‘ဟုတ်...ဟုတ်ပါတယ် ဆရာ’

‘ဘာကွ’

ခွေးလေးပါးစပ် ပိတ်ထားလိုက်ရပြန်လေသည်။

ကျောက်ကျင်း ရင်ကော့လိုက်ပြီး

"မင်း စောင့်ကြည့်နေ၊ မားပင်ကို ဒုက္ခပေးပြမယ်၊ ကဲ စာတစ်စောင်ရေးစမ်း၊ မြေရှင်းကျွန်းကို နေပြည်တော်ရဲ့ လက်အောက်ခံ မျိုးချစ်တွေလာပြီး တိုက်ခိုက်နေတယ်လို့ရေး၊ အဲဒီစာကို ကျင်းစစ်သူကြီးဆီကို အရောက်ပေးပို့ရမယ်၊ ဒါဆိုရင် ကျင်းစစ်သူကြီး လက်ပိုက်ကြည့်နေနိုင်မှာ မဟုတ်တော့ဘူး"

ထိုစကားကြားကျင် ခွေးလေး ရင်ထိတ်သွား၏။

ကျောက်ကျင်းသည် မားပင်ထက်ပို၍ ဉာဏ်ကောင်းသည် မမည်ပဲ ပို၍ ကောက်ကျစ် စဉ်းလဲသည်ဟု တွေးမိ၏။

မည်သို့ဆိုစေ ကျောက်ကျင်းခိုင်းသမျှ ဆောင်ရွက်ရမည်ဖြစ်လေသည်။ ချက်ချင်း ကျောက်ကျင်းစေခိုင်းသမျှ စီစဉ် ဆောင်ရွက် ပေးလိုက်၏။

ကျောက်ကျင်းကား အကျေနပ်ကြီး ကျေနပ်နေ၏။ မားပင်အား အလဲထိုးနိုင်တော့မည်ဟုလည်း ယုံကြည်မိလေသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုအချိန်၌ နေပြည်တော်မှ စစ်သူကြီး ဝူလီမင်းသည် စစ်သည်တော်များကို စနစ်တကျ စုစည်းကာ ကန်းကြောင်းရေကြောင်းချီ၍ အသိမ်းပိုက်ခံ နယ်မြေများဆီသို့ ချီတက်တိုက်ခိုက်နေ၏။

ကျူးကျော်သူကျင်းများနှင့် နေပြည်တော်မှစစ်သည်တော်များ နေရာအနှံ့အပြားတွင် တိုက်ပွဲ အပြင်းအထန် ဖြစ်ပွားနေလေတော့၏။

ကျောက်ကျင်း ပို့လိုက်သောစာသည် ကျင်းစစ်သူကြီးထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားပါ၏။



ကျင်းစစ်သူကြီးမှာ နေရာအနှံ့အပြား ဖြစ်ပေါ် နေသော တိုက်ပွဲများကို ကွပ်ကဲနေရသဖြင့် ကျောက်ကျင်း ပေးပို့လိုက်သောစာကို လျစ်လျူရှုထားလိုက်လေသည်။

ထိုအခါ ကျောက်ကျင်းနှင့် မားပင်တို့နှစ်ယောက်၏ ပဋိပက္ခမှာ လိပ်ခဲတည်းလည်းဖြစ်ကာ အချိန်များ ကြာသွားရလေတော့သည်။

## ဝမ်းသာ၍ မဆုံးမိ

အိုရန်မူ ပျာယာခတ်နေ၏။

မားယဉ်က

'အစ်ကို ညီမဗိုက်နာလိုက်တာ၊ ကလေးများ မွေးချင်ပြီလား မဆိုနိုင်ဘူး'

ဟု ပြောလိုက်ကတည်းက ဂနာမငြိမ်ပါတော့ချေ။

မားယဉ်နှင့် လက်ထပ်ခဲ့ပြီးနောက် တောင်ကုန်းကလေးပေါ်၌ နေထိုင်ရင်း လက်ဖက်ခင်းများတွင် ဦးစီး ကွပ်ကဲလာခဲ့သည်။

သူတို့ဇနီးမောင်နှံ၏ဘဝမှာ သာယာပျော်ရွှင်မှု အပေါင်းနှင့် ပြည့်စုံနေသည်ဟု ဆိုရမည်ဖြစ်လေသည်။



မားပင်သည် မြေရိုင်းကျွန်းမှ ဖစ်ခတ်ဖမ်းဆီး၍ ရလာခဲ့သော သားကောင်များမှ အချို့အဝက်ကို ကုန်သည်ကြီး ယန်ဝှာအား ပေးခဲ့သည်။

အချို့ကို သိမ်းဆည်းထားလိုက်လေသည်။

ပစ္စည်းများပေးရာ၌ မားပင်နှင့် ကုန်သည်ကြီး ယန်ဝှာတို့ အကြီးအကျယ် စကားများခဲ့ကြ၏။

မားပင်က လုံးဝမပေးဘဲနေတော့မည်ဟု အကျပ်ကိုင်လိုက်မှ ယန်ဝှာက မားပင်ပေးသမျှနှင့် ကျေနပ်လိုက်ခြင်း ဖြစ်သည်။

သို့တိုင် မားပင်အတွက် ထုတ်ပေးလိုက်သည့် ငွေထုတ်ဆယ်ဆခန့်ပို၍ အမြတ်ရသွားခဲ့လေသည်။

ယန်ဝှာသည် ကျေနပ်ခြင်း မရှိသော်လည်း နောက်ထပ်ဒုက္ခပေးခြင်းမရှိတော့ပါ။

ယန်ဝှာက ဒုက္ခပေးဖို့ ကြိတ်ကြံစည်နေသည်ဟု မားပင်ကဆိုခဲ့သော်လည်း ယန်ဝှာဘက်မှ လှုပ်ရှား လာခြင်း မရှိသဖြင့် အချိန်များ ကြာလာသောအခါ မေ့မေ့ ပျောက်ပျောက်ဖြစ်သွားကြလေသည်။

ထိုအချိန်တွင် မားယဉ်၌ ကိုယ်ဝန်ရှိလာခဲ့သည်။ မားယဉ်နှင့် အိုရန်မူတို့ နှစ်ယောက်စလုံး ပျော်ရွှင်နေကြ၏။

ဘာသိဘာသာ နေတတ်သော မားပင် ပင်လျှင် မြေးကလေးရတော့မည်မို့ ပျော်ရွှင်သည့် အရိပ်လက္ခဏာများပြသလာလေသည်။

အမှန်တကယ်ဆိုလျှင် အိုရန်မုနှင့် လက်ထပ် လိုက်သည်ကို မားပင်က သဘောကျသည်မဟုတ်ပါ။

သမီးကလေး မားယဉ်အား သူ့ထံမှ လုယူသွားသည်ဟု ယူဆထားခဲ့လေသည်။ အိုရန်မုကို ဒုက္ခပေးရန် အမြဲလိုလို စဉ်းစားနေသူဖြစ်၏။

မားယဉ်၏ကိုယ်ဝန် လ ရင့်လာသောအခါ တိုင်းပြည်အခြေအနေများလည်း ပို၍ဆိုးဝါးလာတော့သည်။

ကျူးကျော်သူ ကျင်းများသည် လက်နက် လူသူ စုဆောင်းကာ မြစ်ဝါမြစ် တစ်ဘက်ကမ်းကို ကူးဖြတ်ပြီး တိုက်ခိုက်ကြလေသည်။

တရုတ်တစ်ပြည်လုံးအား သိမ်းပိုက်နိုင်သည်အထိ အပြင်းအထန် ကြိုးစားကြ၏။

နေပြည်တော်မှ စစ်သည်တော်များနှင့် တိုင်းပြည် ချစ်မြတ်နိုးသူများသည်လည်း ရရာလက်နက်စွဲကိုင်ကာ ကျူးကျော်သူများကို ခုခံတိုက်ခိုက်ခဲ့ကြလေသည်။

တိုင်းချစ်ပြည်ချစ်စိတ်ရှိသူတိုင်း နေပြည်တော်မှ စစ်သည်တော်များနှင့် ပူးပေါင်းလက်တွဲ ခုခံလာခြင်းကြောင့် ကျင်းတို့၏ ထိုးစစ်သည် ထင်တိုင်းမပေါက်ဖြစ်ခဲ့ရ၏။

မြစ်ဝါမြစ် တစ်လျှောက်တွင် ပြင်းထန်သော စစ်ပွဲများ အတောမသတ် ဖြစ်ပေါ်နေ၏။

စစ်ဘေးဒုက္ခသည်များကိုလည်း နေရာအနှံ့အပြား၌ တွေ့မြင်နိုင်ပေတော့သည်။



ကျူးကျော်စစ်မီးသည် နေရာအနှံ့အပြား၌ တောက်လောင်နေသော်လည်း အိုရန်မုတို့ နေထိုင်ရာအရပ်ဒေသသို့ကား ကူးစက်လာခြင်း မရှိသေးပါ။

ထို့ကြောင့်သာလျှင် သူတို့ အေးအေးချမ်းချမ်း နေနိုင်ခဲ့ခြင်းဖြစ်၏။ တိုင်းပြည်နှင့်အဝှမ်း ဖြစ်ပေါ်နေသော ကျူးကျော်စစ် ခုခံတားဆီးရေးတွင် အိုရန်မု ပါဝင်ဆင်နွှဲလိုစိတ် ပြင်းပြခဲ့လေသည်။

သို့ပါသော်လည်း မားယဉ်က ကိုယ်ဝန် အရင့်အမာရှိနေသဖြင့် စိတ်သွားတိုင်း ကိုယ်မပါနိုင်ခဲ့ချေ။

မားယဉ်က သူမ၏ရင်သွေး မွေးဖွားပြီးချိန်အထိ စောင့်ဆိုင်းပြီးမှ သွားလိုကသွားပါရန် တောင်းပန်ခဲ့လေသည်။

အိုရန်မုလည်း ရင်သွေးမွေးဖွားပြီးမှ ခရီးထွက်ရန် ဆုံးဖြတ်ရလေတော့သည်။

ယခု…

သူနှင့် မားယဉ်တို့၏ ရင်သွေးလေး မွေးဖွားတော့မည် ဖြစ်လေသည်။ ဤအရပ်ဒေသ၌ ကလေးမွေးဖွားရာတွင် အကျွမ်းကျင်ဆုံးဆိုသည့် အရပ်လက်သည် အတွားအိုသည် မားယဉ်အနီး၌ ရှိနေပြီဖြစ်သည်။

ထိုအတွားအိုပင်လျှင် စိုးရိမ်ကြီးဖြင့် မားယဉ်အနီးမှ မခွာနိုင်ဘဲရှိနေခဲ့ကြသည်။

အိုရန်မုနှင့် မားပင်အား အခန်းအပြင် ထွက် သွား ရန် မောင်းထုတ်ခဲ့သည်။

အိုရန်မှုနှင့် မားပင်သည် အိမ်ဖြူကလေး အပြင်ဘက်၌ ခုံတစ်လုံးဆွဲကာ ထိုင်နေကြ၏။

နှစ်ယောက်စလုံး စိတ်လှုပ်ရှားမှုဖြင့် စကားမပြောနိုင်ဘဲ ဖြစ်နေကြလေ၏။ အိုရန်မှုက မားပင်နှင့် မျက်နှာချင်းဆိုင် ထိုင်နေ၏။

သို့သော် သူသည် မားပင်ကိုမတွေ့မမြင်သလိုရှိနေ၏။ မား ယဉ်ရှိနေသော အခန်းဆီသို့ မကြာခဏ လှမ်းကြည့်နေမိ၏။

မားပင်မှာလည်း ကြာသော် နေမထိ ထိုင်မသာဖြစ်လာ၏။

မအောင့်အည်းနိုင်တော့သည့် နောက်ဆုံး

'အားယုံ'

ဟု ခေါ်လိုက်၏။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသဖြင့် အိုရန်မှု မကျေမနပ် ဖြစ်သွား၏။

'တိုးတိုးလုပ်ပါဗျ၊ တော်ကြာ မီးနေသည် လန့်သွားပါ ဦးမယ်'

ဟု သတိပေးလိုက်သည်။

မားပင်က စိတ်မဆိုးပါ။

အိုရန်မှုအား သွားဖြီးပြရင်း

'ဟဲ ဟဲ ငါမေ့သွားတယ်ကွ'

ဟု အရှက်ပြေ ပြောလိုက်လေ၏။

အားယုံကား မားပင်၏ ခေါ်သံကြားသည်နှင့် ချက်ချင်း ရောက်ရှိလာသည်။

သူ၏လက်ထဲ၌ အရက်ပုလင်းတစ်လုံး ပါလာ၏။



မားပင် သဘောကျစွာ ပြုံးလိုက်၏။

'မင်းမဆိုးဘူး၊ မင်းလိုလူမျိုး နောက်ထပ်တစ်ယောက် ငါ ဘယ်တော့မှ ရနိုင်တော့မှာ မဟုတ်ဘူး'

ဟု ချီးကျူးပြောဆိုလိုက်၏။

ထို့နောက် အရက်ပုလင်းအဖုံးဖွင့်ကာ တစ်ဝက်ခန့် ကျိုးသည်အထိ မော့ချလိုက်သည်။

အိုရန်မှုက အရက်သောက်သည်ကို နှစ်သက် သဘောကျခြင်း မရှိပါချေ။ ထိုအချက်ကို မားပင် နားလည်ထား၏။

အရက်ပုလင်းကို အေးချကာ အိုရန်မှုဘက်သို့ လှည့်၍ ပြုံးပြလိုက်သည်။

'ဒီနေ့မနက် ငါမြို့ထဲသွားတုန်းက ဝယ်လာခဲ့တဲ့ အရက်လေကွာ၊ အတော်ပြင်းတယ်ကွ၊ အခြားအရက်တွေထက် နှစ်ဆလောက် ပိုဈေးကြီးတယ်'

ဟု ပြောလိုက်သည်။

အိုရန်မှုက စိတ်မဝင်စားသဖြင့် အင်းမလှုပ် အဲမလှုပ် နေလိုက်သည်။ မားပင်သည် စိတ်လှုပ်ရှားမှုကို ချုပ်တည်းရန် အရက်သောက်လိုက် စကားပြောလိုက် လုပ်နေသော်လည်း အိုရန်မှုက စိတ်မဝင်စားတော့သဖြင့် ဘဝင်မကျဖြစ်နေမိ၏။

ကြာရှာမရသည့်နောက်ဆုံး

'ငါတို့တစ်တွေ မြေရိုင်းကျွန်းက အပြန် တို့လှေကို ဝင်ပြီး တိုက်ခိုက်နှစ်မြှုပ်လိုက်တဲ့ မရဏလှေကြီးကို မင်းသတိရသေး သလား'

ဟု မေးလိုက်သည်။

အိုရန်မှ ဆတ်ခနဲ ခေါင်းထောင်လာသည်။

သူတို့၏ လှေကလေးအား အညာအတာကင်းမဲ့စွာ ဝင်ရောက်တိုက်ခိုက်နှစ်မြှုပ်ပစ်လိုက်သည့် မိစ္ဆာလှေကြီးကိုပြန်လည်မြင်ယောင်လာသည်။

ထိုလှေကြီးကို မိစ္ဆာလှေကြီး သို့မဟုတ် မရဏ လှေကြီးဟု အမျိုးမျိုး ခေါ်ဆိုကြသည်။

မည်သို့ပင် ခေါ်ကြသည်ဖြစ်စေ ထိုလှေကြီးသည် အန္တရာယ်လှေကြီးတစ်စင်းသာ ဖြစ်ပေသည်။

ထိုလှေကြီးကြောင့် မြစ်ဝါမြစ် တစ်ဖက်ကမ်း အသိမ်းပိုက်ခံ နယ်မြေများသို့ ကူးဖြတ် ထိုးစစ်ဆင်မည့် နေပြည်တော်မှ တပ်ဖွဲ့များအထိနာခဲ့ကြရသည်။

ထိုလှေကြီးရှိနေသမျှ ကာလပတ်လုံး မြစ်ဝါမြစ်အားဖြတ်ကူးရန် မစဉ်းစားဝံ့လောက်အောင်ပင်။

အိုရန်မှက

'မှတ်မိတာပေါ့၊ တကယ့်မကောင်းဆိုးဝါးလှေကြီး တစ်စင်းပဲ'

ဟု ပြောလိုက်သည်။

မားပင် ကျေနပ်သွားသည်။

'အေး ကျင်းတွေက မရဏလှေကြီး အားကိုးနဲ့ မြစ်ဝါမြစ် တစ်ဖက်ကမ်းကို ကူးပြီး ကျူးကျော်စစ် ဆင်နွှဲကြတယ်၊ တပ်မင်းဝူလီမင်း ဦးဆောင်တဲ့ တပ်ဖွဲ့တွေကလဲ အပြင်းအထန်ခုခံခဲ့ကြတယ်၊ ဒါကြောင့် ကျင်းတွေရဲ့ စစ်ဦးတန့်သွားပြီး တချို့နေရာတွေမှာဆိုရင် နေပြည်တော်က တပ်ဖွဲ့တွေ အရေးသာနေကြတယ်၊ ဒီကနေ့မနက်မြို့ထဲကိုရောက်တော့ ငါဘာသတင်းကြားရတယ် ထင်သလဲ'



အိုရန်မှ စိတ်ဝင်စားသွားသည်။

တိုင်းပြည်၏ အရေးကိစ္စသည် သူတို့နှင့်လည်း သက်ဆိုင်သည် မဟုတ်ပါလား။

တိုက်ပွဲများနှင့် အလှမ်းကွာနေသဖြင့် ကိုယ်နှင့် မဆိုင်ဟု သဘောထား၍ မရချေ။

တိုင်းသူပြည်သား တစ်ယောက်အနေနှင့် တိုင်းတစ်ပါး၏ ကျူးကျော်မှုကို လက်ပိုက်ကြည့်နေသင့်သည် မဟုတ်ပါ။

မိမိတတ်စွမ်းသည့်ဘက်မှ ပါဝင်ကာ ကျူးကျော်သသူများအား ရင်ဆိုင်ချေမှုန်းရမည် ဖြစ်လေသည်။

အိုရန်မှကိုယ်တိုင် ကျူးကျော်သူများအား ခုခံတွန်းလှန်ရာတွင် တစ်တပ်တအား ပါဝင်ရန် ဆုံးဖြတ်ထားပြီးပြီ ဖြစ်ရာ မရဏလှေကြီးနှင့်ပတ်သက်ပြီး စိတ်ဝင်စားသွားလေသည်။

ထို့ကြောင့်....

'ဘာသတင်းများ ကြားခဲ့သလဲဟင်'

ဟု မေးလိုက်မိလေသည်။

မားပင်က

'သတင်းကောင်းပဲကွ၊ ကျင်းတွေ တပ်လှန့်ပြီး တစ်ဖက်ကမ်းကို ပြန်ဆုတ်သွားကြရတယ်'

'မရဏလှေကြီးကော'

'တပ်မင်း ဝူလီမင်းရဲ့ စစ်သည်တွေ စွန့်စွန့်စားစား တိုက်ခိုက်ခဲ့လို့ မရဏလှေကြီး အတော်ပျက်စီးသွားတယ်၊ တိုက်ပွဲ

တောင် ဆက်မဝင်နိုင်တော့ဘူး၊ အခုဆိုရင် မြစ်ဝါမြစ်ရိုး တစ်လျှောက်မှာ နေပြည်တော်က စစ်လှေကြီးတွေ ကြီးစိုးနေပြီ၊ မကြာခင် တစ်ဘက်ကမ်းကို ကူးပြီး ကျူးကျော်သူတွေကို မောင်းထုတ်ကြတော့မယ်'

အိုရန်မူ မျှားစွာမှုပင် နှစ်ထောင်းအားရ ဖြစ်မိလေတော့သည်။

'ဝမ်းသာလိုက်တာဗျာ၊ ကျင်းတွေ အမိမြေပေါ်က အမြန်ဆုံး မောင်းထုတ်ရမယ်ဗျ'

ဟုလည်း ပြောလိုက်သည်။

အိုရန်မူ စိတ်ဝင်စားအောင် ပြောနိုင်ခဲ့သဖြင့် မားပင်လည်း ကျေနပ်သွားလေသည်။

သူက ကြားခဲ့ရသည့်အတိုင်း ပြောပြလိုက်ခြင်းဖြစ်လေသည်။

အိုရန်မူက သူဆက်ပြောလာမည့် စကားကို နားစွင့်နေ၏။

မားပင်က မရဏလှေကြီးနှင့်ပတ်သက်ပြီး ထပ်မပြောတော့ပါ။ အိုရန်မူအား မချင့်မရဲဖြစ်အောင် ပြုလုပ်ထားနိုင်သဖြင့် စိတ်ထဲမှကျိတ်ပြီး ကျေနပ်နေလေတော့သည်။

အိုရန်မူ မအောင့်အည်းနိုင်တော့ပဲ -

'နောက်ထပ် ဘာတွေ ကြားသေးသလဲဟင်'

ဟု မေးလိုက်လေသည်။

မားပင် ခေါင်းယမ်းလိုက်လေသည်။

'ဒီကိစ္စတွေက အရေးမကြီးပါဘူးကွာ၊ အရေးကြီးတာက ငါ့သမီး ချောချောမောမော မွေးဖို့ပဲကွ'

ဟု ပြောလိုက်သည်။



အိုရန်မူ သက်ပြင်းချလိုက်လေသည်။

မားပင်သည် လူ့ခွစာတစ်ယောက် ဖြစ်ကြောင်း နားလည်ထားပြီး ဖြစ်၏။

ထို့ကြောင့် ထပ်မမေးဘဲ နေလိုက်လေသည်။

မားပင်က ဆက်ပြောလိုက်၏။

'သူ့အမေတုန်းကလဲ သူ့ကို ချောချောမောမော မွေးနိုင်ခဲ့တာပဲ၊ သူလဲ ချောချောမောမော မွေးမှာပါကွာ၊ ဘာလိုလို့နဲ့ ငါလဲ မြေးကလေးတစ်ယောက်ရတော့မယ်'

အိုရန်မူ စိတ်လည်သွားလေသည်။

ဇနီးသည်နှင့် ရင်သွေးဖြစ်သူတက် စိတ်ရောက်သွား၏။

မားယဉ်သည် မားပင်အတွက် တစ်ဦးတည်းသော သမီးကလေး ဖြစ်သည်။

ထို့ကြောင့် မြေးဦးကလေးကို မားပင်က ချစ်မြတ်နိုးမည်မှာ သေချာလှပေသည်။

သူသည်လည်း မိမိ၏ရင်သွေးကို မချစ်မနှစ်သက်ဘဲ နေမည်လော။

မိမိ၏ ရင်သွေးဟူသော အသိသည် အိုရန်မူ၏ ရင်ထဲ ပီတိဖုံးသွားသည်။

'ကျွန်တော့်သားလေးကို ချောချောမောမော မွေးမှာပါဗျာ'

ဟု ပြောလိုက်လေသည်။

မားပင်က—

'ငါ့မြေးလေးပါကွ'

'ဟုတ်တယ်လေ ကျွန်တော့်သားပေါ့'

'ငါ့မြေးက ငါနဲ့တူမှာ သေချာတယ်'

'ဦးမှားပြီ၊ ကျွန်တော်နဲ့ တူမှာဗျ'

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

မှားယွင်း၏ ရင်သွေးနှင့်ပတ်သက်ပြီး အငြင်းအခုံ စချေပြီ၊ မားပင်က ခပ်တည်တည်ဖြင့်

'ငါ့မြေးကြီးလာရင် လူခန့်လူချောကြီး ဖြစ်မှာကွ'

'ဟုတ်ပါတယ်ဗျာ'

အိုရန်မှ ထောက်ခံလိုက်လေသည်။

မားပင်က

'ငါတို့တစ်တွေဟာ မျိုးနဲ့ရိုးနဲ့ချို့ပြီး ဝွမ်းအားသတ္တိနဲ့ပြည့်စုံသူတွေ၊ လူရိုသေ ရှင်ရိုသေခံရသူတွေပဲ၊ ငါ့မြေးကြီးလာရင် ငါတို့ခြေရာနင်းနိုင်မှာပဲ'

'ဒါလဲ ဟုတ်ပါတယ်ဗျာ'

အိုရန်မှက ထောက်ခံလိုက်ပြန်သည်။

မားပင် သဘောကျစွာ ပြုံးလိုက်ပြီး -

'ငါ့မြေးကြီးလာရင် ငါ့ရဲ့အမွေ ဆက်ခံမှာကွ၊ သူဟာ မုဆိုးကျော်ကြီးတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ငါမြော်လင့်တယ်'

'ဟာ... ဒါတော့ မဖြစ်နိုင်ပါဘူးဗျာ'

အိုရန်မှက ချက်ချင်း ကန့်ကွက်လိုက်လေတော့သည်။

မားပင် မျက်လုံးပြူးသွား၏။



အိုရန်မှကို မကျေမနပ် ကြည့်ကာ...

'မင်း ဘယ်လိုပြောလိုက်တာလဲကွ'

'ကျွန်တော့်သား ကြီးလာရင် မုဆိုး ဖြစ်မလာနိုင်ဘူးလို့ ပြောတာပါ ခင်ဗျာ'

'ဘာကွ၊ ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ ငါတစ်ယောက်လုံး ရှိတာပဲ၊ ငါက သူ့ကို အကောင်းဆုံး ပညာတွေ သင်ပေးမှာပေါ့၊ ဘယ်သူမှ မတတ်တဲ့ မုဆိုးပညာ အစွမ်းတွေကို ငါကိုယ်တိုင် သင်ပေးမယ်'

အိုရန်မှ ခေါင်းယမ်းလိုက်လေသည်။

'မဖြစ်နိုင်ပါဘူးဗျာ'

'မင်း - မင်း'

'ကျွန်တော့်သားဟာ ယောကျ်ားပီသရမယ် ဆိုတာတော့ မှန်ပါတယ်၊ ဒါပေမယ့် မုဆိုး တစ်ယောက်လို ကြမ်းကြမ်းတမ်းတမ်း ဘယ်တော့မှ ဖြစ်မှာ မဟုတ်ပါဘူး၊ သူဟာ တိုင်းပြည်နဲ့အဝှမ်း ကျော်ကြားတဲ့ စာပေပညာရှင်တစ်ယောက် ဖြစ်လာမှာပါ'

'ဘာကွ'

မားပင်၏ စကားသံ ဟိန်းထွက်လာလေတော့သည်။

ထိုင်ရာမှ ဆတ်ခနဲထလိုက်ပြီး....

'ငါ့မြေးက မုဆိုးကြီး ဖြစ်လာမှာကွ'

ဟု အော်ပြောလိုက်၏။

အိုရန်မှကလည်း မလျှော့ဘဲ...

'ကျွန်တော့်သားက စာပေ ပညာရှင် ဖြစ်လာမှာပါ'

ဟု ပြောလေသည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်လိုက်ကြသည်။

အားယုံ ရင်ထိတ်သွား၏။

အိုရန်မုနှင့် မားယာဦ လက်ထပ်မည်ဟု ပြောစဉ်က မားပင် အကြီးအကျယ် စိတ်ဆိုးသွားသည်ကို ပြန်လည် မြင်ယောင်လာသည်။

မားပင် ဒေါသ ထွက်နေပြီဖြစ်ရာ အိုရန်မုက အလျှော့ မပေးလျှင် အချေအတင်ဖြစ်ပြီး ထိုးကြိတ်သည်အထိ ဖြစ်လာနိုင်သည်ဟု တွေးမိနေ၏။

အိုရန်မုကလည်း အလျှော့ပေးမည့်ပုံ မပေါ်ပါချေ။

မားပင်က

'သူက မုဆိုးကြီးဖြစ်လာမယ်ဆိုတာ မင်း မြဲမြဲမှတ်ထား'

ဟု ပြောလိုက်၏။

အိုရန်မုလည်း ထရပ်လိုက်ပြီး....

'သူက စာပေပညာရှင်တစ်ယောက် ဖြစ်လာမှာပါ'

ဟု ပြန်ပြောလိုက်လေသည်။

သူတို့နှစ်ယောက် တစ်ယောက်နှင့် တစ်ယောက် ရင်ဆိုင်လိုက်ကြ၏။

မည်သူမျှ အလျှော့မပေးသည့် နောက်ဆုံး စိတ်ဆတ်သည့် မားပင် ပေါက်ကွဲသွားလေတော့သည်။

အိုရန်မုကို စေ့စေ့ကြည့်ကာ...



'ကောင်းပြီ၊ ငါ့မြေး ကြီးလာရင် ဘာဖြစ်မယ်ဆိုတာ တို့တစ်တွေ ပြတ်ပြတ်သားသား ဆုံးဖြတ်ကြရအောင်'

'ကောင်းပါတယ်၊ ဦးက ဘယ်လိုလုပ်ချင်သလဲ ပြောပါ'

အိုရန်မုကလည်း ပြန်မေးလိုက်သည်။

မားပင်က

'ဘယ်လိုလုပ်ရမလဲ မင်းနဲ့ ငါ'

သူ့စကားဆုံးအောင် မပြောလိုက်ရပါချေ။

'အူဝဲ...အူဝဲ'

ရုတ်တရက် ကလေးငိုသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အိုရန်မုနှင့် မားပင်တို့ ဆတ်ခနဲ တုန်သွား၏။

ဒေါသစိတ်များ ဘယ်ဝယ်ဘယ်ဆီ လွင့်ပါးကွယ်ပျောက်သွားပြီဆိုသည်ကို မသိနိုင်တော့ပါ။

'မွေးပြီကွ'

မားပင် ဝမ်းသာအားရ အော်ဟစ်လိုက်၏။

အိုရန်မု၏ မျက်နှာလည်း ပြုံးရွှင်သွား၏။

'ကလေး...ကလေး ကျွန်တော့် ကလေး'

အာလုတ်သံကြီးဖြင့် ပြောလိုက်၏။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

ပြီးလျှင် နှစ်ယောက်သား အပြေးပြိုင်သည့်အလား အိမ်ထဲသို့ သူ့ထက်ငါ အလုအယက် ပြေးဝင် သွားကြလေတော့သည်။

အိမ်ထဲ ရောက်သည်နှင့်

'ဟဲ့ ... ဟဲ့ ဘယ်လိုဖြစ်တာလဲ၊ အို ... နေဦးလေ'

လက်သည်အဘွားအို ဘားမြစ်နေသည်ကိုပင် မစောင့်နိုင်ကြတော့ပဲ မီးနေသည် အခန်းထဲသို့ ပြေးဝင်သွားကြ၏။

မားယဉ်ကား ရင်သွေးငယ်တစ်ယောက် မွေးဖွားသန့်စင်ပြီး ဖြစ်လေသည်။

မားယဉ်သည် အင်အားကုန်ခမ်း မောပန်းစွာဖြင့် ခုတင်ပေါ်ဝယ် မှိန်းနေ၏။

အိုရန်မှုသည် သူမ၏အနီးသို့ ချက်ချင်း ရောက်သွားပြီး

'ညီမ နေကောင်းတယ် နော်'

မားယဉ်၏ လက်ကလေးကို ခပ်ဖွဖွ ဆုပ်ကိုင်ကာမေးလိုက်လေသည်။

မားယဉ် မျက်လုံးဖွင့်လာသည်။

အိုရန်မှုကိုကြည့်ကာ ပြုံးပြရင်း

'နေကောင်းပါတယ် အစ်ကိုရယ်'

ဟု တိုးတိုးညင်သာ ပြောလေသည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြင်နာယုယစွာ ကြည့်နေမိကြလေသည်။

ထိုအချိန်တွင် မားပင်ကား ကလေးတစ်ယောက်နှင့် အလုပ်ရှုပ်နေတော့သည်။

လက်သည်အဘွားအိုသည် ကလေးကို သန့်ရှင်းစင်ကြယ်ပြီး အနှီးဖြင့် ထုပ်ကာ အသင့်ထားရှိသည့် ပုခက်အတွင်းသို့ ထည့်ထားခဲ့လေသည်။



မားပင်သည် ပုခက်အနီး၌ ဒူးထောက်ချလိုက်သည်။

'တစ်ချောင်း၊ နှစ်ချောင်း သုံးချောင်း'

ကလေး၏ခြေလက်များကို ရေတွက် ကြည့်နေမိ၏။

လက်ဆယ်ချောင်း ခြေဆယ်ချောင်း အပြည့်အစုံပါမှ စိတ်သက်သာရာ ရသွားလေသည်။

'ဟူး ... တော်ပါသေးရဲ့ ခြေလက်အင်္ဂါစုံလို့'

နားရွက်၊ မျက်စိ၊ နှာခေါင်း၊ ခြေလက်စသည်တို့ကို တစ်ခုမကျန် စစ်ဆေးကြည့်ကာ ပြည့်စုံမှ ကျေနပ်သွားပြီး အနှီးကို ဖယ်ရှားကာ ကြည့်လိုက်သည်။

ရုတ်တရက် မားပင်၏မျက်နှာ ရှုံ့မဲ့သွား၏။

အိုရန်မှုဘက်သို့သို့လှည့်ကာ

'မင်းရဲ့ကလေးက မုဆိုးကျော်ကြီး ဘယ်တော့မှ ဖြစ်လာနိုင်မှာ မဟုတ်ဘူးကွ'

ဟု လှမ်းပြောလိုက်လေသည်။

အိုရန်မှုကော မားယဉ်ကော လှည့်ကြည့်လိုက်ကြ၏။

အိုရန်မှု ကြောင်အမ်းအမ်း ဖြစ်သွားပြီး

'ဘာဖြစ်လို့လဲဗျ'

ဟု မေးလိုက်လေသည်။

မားပင်က

'မင်းရဲ့ကလေးက ယောကျ်ားလေးမှ မဟုတ်တာ'

'ဗျာ ...'

'မိန်းကလေးကွ၊ မိန်းကလေး၊ မင်းရဲ့သမီးကွ'

မားပင်သည် ဒေါပွပွဖြင့် ပြောလိုက်လေသည်။

အိုရန်မှ အံ့ဩသွားသည်။ မားယဉ်က ယောကျ်ားကလေး မွေးမည်တဲ့ သူတို့တွက်ထားၾ။

သို့သော် တကယ်တမ်း မွေးဖွားလာသည်မှာ မိန်းကလေး ဖြစ်နေသည်။

သားဖြစ်စေ သမီးဖြစ်စေ မိမိ၏ရင်သွေး ဖြစ်ရကား မည်သည့် မိဘမဆို ချစ်မြတ်နိုးမည်သာတည်း။

အိုရန်မှ သဘောကျစွာ ပြုံးလိုက်သည်။

ဇနီးမောင်နှံနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပြုံးတူ ရယ်မောလိုက်ကြလေသည်။

မားပင်က ခြေဆောင့်နင်းကာ အပြင်ဘက် ထွက်သွား၏။

ရယ်မောသံများသည် မားပင် အပြင်ဘက်ရောက်သွားသည့်တိုင် လွင့်ပျံ့လိုက်ပါ သွားလေတော့သည်။

❀

PANNUYAUNG SARPAY, THARM



တစ်လ

နှစ်လ...

သုံးလ...

သုံးလဟူသော အချိန်သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်း ကုန်ဆုံးသွားသည်ဟု ထင်မှတ်ရလေသည်။

သုံးလအတွင်း အိုရန်မှနှင့် မားယဉ်တို့၏သမီးကလေးသည် လျင်မြန်စွာ ကြီးပြင်းလာခဲ့သည်။

အိုရန်မှနှင့် မားယဉ်တို့ သမီးကလေးကို အရိပ်တကြည့်ကြည့် ကြည့်ကာ ဝမ်းသာပီတိ ဖြစ်နေခဲ့ကြ၏။

မားပင်သည်ပင် မြေးယောကျ်ားမဟုတ်ခြင်းကြောင့် စိတ်ပျက်သွားသော်လည်း ကြာသော် မြေးမကလေးကိုပင် လက်မှ မချနိုင်အောင် ချစ်မြတ်နိုးလာခဲ့လေတော့သည်။

တစ်နေ့...

နေရောင်ခြည် ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး ကြည်လင်သာယာနေလေသည်။

မားယဉ်သည် သမီးကလေးနှင့်အိမ်ထဲ၌ရှိနေစဉ် အိုရန်မှက အပြင်ဘက်ထွက်လာခဲ့သည်။

အပြင်ဘက်ရောက်လျှင် မားပင် လျှောက်လာနေသည်ကို တွေ့ရလေသည်။

မားပင်ကိုကြည့်လိုက်သည်နှင့် တစ်စုံတစ်ခု ထူးခြားနေပြီ ဖြစ်ကြောင်း ရိပ်မိလိုက်သည်။

ထို့ကြောင့် ရှောင်မသွားတော့ဘဲ မျက်နှာချင်းဆိုင်လိုက် လေသည်။

မားပင်က…

'အတော်ဝဲ၊ ငါလဲ မင်းနဲ့ အေးအေးဆေးဆေးတွေ့ချင်နေတာ၊ ဟိုသွားအမိကော'

ဟု မေးလိုက်လေသည်။

အိုရန်မုက…

'ရှိပါတယ်၊ အိမ်ထဲမှာပါ'

'လာ… လာ ငါ့နောက်လိုက်ခဲ့'

မားပင်က တစ်ဖက်သို့ လှည့်ထွက်သွား၏။

အိုရန်မုလည်း လိုက်သွားလေသည်။

အိမ်ဖြူကလေးနှင့် ခပ်လှမ်းလှမ်းသို့ ရောက် သွား ကျင် မားပင်က ခြေလှမ်း ရပ်လိုက်လေသည်။

အိုရန်မုလည်း ရပ်တန့်လိုက်၏။

သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်မိလျှင် မားပင်က

'မင်းကို ငါမေးစရာတွေ ရှိနေတယ်'

ဟု ပြောလိုက်၏။

အိုရန်မု ခေါင်းညိတ်လိုက်သည်။

'မေးပါဗျာ'

'မင်း ဒီကထွက်သွားတော့မယ်ဆို'

အိုရန်မု သက်ပြင်းချလိုက်လေသည်။

သူသည် ကျူးကျော်သူ ကျင်းများအား မောင်းထုတ်ရ တွင် တစ်တပ်တစ်အား ပါဝင်နိုင်ရန် ခရီးထွက်မည် ဖြစ်သေ သည်။

မားယဉ် မီးဖွားပြီးကတည်းက ထွက်သွားရန် စိတ်ကူ



ထားသော်လည်း သမီးကလေး သီယောဇဉ်ဖြင့် မသွားဖြစ်ခဲ့သေးချေ။

ယခုဆိုလျှင် ကျင်းများအား တွန်းလှန် မောင်းထုတ်သည့် တိုက်ပွဲများမှာ တစ်စထက်တစ်စ ပြင်းထန်လာပြီဖြစ်လေသည်။

နေရာအနှံ့အပြား၌ တိုက်ပွဲများ ဖြစ်ပေါ်နေ၏။

ဆိပ်ကမ်း မြို့ကလေးသည်ပင် စစ်တလင်းပြင် ဖြစ်လာခဲ့ချေပြီ။

ကျင်းတို့သည် ပြင်းထန်သော ခုခံတွန်းလှန်မှုနှင့် ကြုံရသောအခါ တောင်ပိုင်းသို့ ပြိုဆင်းလာ၏။

တောင်ပိုင်းတွင် အခိုင်အမာ တပ်စွဲကာ နေပြည်တော်မှ စစ်ကြောင်းများကို ရင်ဆိုင်နေ၏။

ကျင်းတို့၏ အဓိကအားထားရာမှာ မြစ်ဝါဖြစ်ကြောင်းကို လှမ်းမိုးထားနိုင်သည့် မရဏလှေကြီး ဖြစ်လေသည်။

မရဏလှေကြီးသာမရှိလျှင် ကျင်းများ မရှုမလှ ရှုံးနိမ့်သွားတော့မည် ဖြစ်ပေသည်။

အိုရန်မု တေးတောနေစဉ် မားပင်၏စကားသံ ထွက်ပေါ်လာလေသည်။

'ငါမေးတာ ဖြေပါဦးကွ'

'ကျွန်တော်'

'ဘာလဲ မင်းက ငါ့သမီးကိုထားပြီး သွားတော့မလို့လား'

အိုရန်မု ခေါင်းယမ်းလိုက်လေသည်။

'ကျွန်တော်က ထားပစ်ခဲ့တာမဟုတ်ပါဘူး၊ ကျူးကျော်သူ ကျင်းတွေကို မောင်းထုတ်တဲ့နေရာမှာ တစ်တပ်တစ်အား

ဝါဝင်သင့်တယ်လို့ ယူဆထားလို့ပါ၊ ညီမလေး မားယဉ်ကလဲ နားလည် ခွင့်ပြုပါတယ်၊ ကျင်းတွေကို အမိမြေပေါ်က မောင်းထုတ်ပြီးတာနဲ့ ကျွန်တော် ပြန်လာခဲ့မှာပါ'

'ဟား ဟား ဟား'

မားပင်က ရယ်မောလိုက်လေသည်။

အိုရန်မှ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'ဦး ကျွန်တော်ပြောတဲ့ စကားထဲမှာ ရယ်စရာပါသွားလို့လားဗျာ'

ဟု မေးလိုက်လေသည်။

မားပင်က...

'ရယ်စရာပါတာလား၊ သိပ်ပါတာပေါ့ကွာ၊ မင်းက ကျင်းတွေနဲ့ ရင်ဆိုင်ရင်း သေသွားတယ်ဆိုရင်ကော'

'ဒါတော့....'

'ငါမေးမယ်၊ မင်းကငါ့သမီးကိုယူပြီး သူ့အတွက် ဘာများလုပ်ပေးပြီးခဲ့ပြီလဲ'

အိုရန်မှ ပါးစပ်ပိတ်ထားလိုက်လေသည်။

မားပင်ပြောသည့်စကား မှန်ပေသည်။

သူသည် အိမ်ထောင်ရှင်တစ်ယောက် ဖြစ်တော်လည်း အိမ်ထောင့် တာဝန်ကို ထမ်းရွက်ရခြင်း မရှိသေးချေ။

မားယဉ်၏ လက်ဖက်စိုက်ခင်းများမှ ရရှိသော ဝင်ငွေဖြင့် မတောင့်မတ မကြောင့်မကျ နေနိုင်ခဲ့၏။

သူ၏ခွန်အားဖြင့် ရှာဖွေကျွေးမွေးရသည် မရှိသေးချေ။

ဆိပ်ကမ်းမြို့သို့သွားပြီး အလုပ်အကိုင်ရှာဖွေကာ လုပ်ကိုင်



ကျွေးမွေးမည်ဟုပြောတိုင်း မားယဉ်က ကန့်ကွက်ခဲ့သည်မဟုတ်ပါလား။

လက်ဖက်စိုက်ခင်းမှ ဝင်ငွေသည် သူတို့အတွက် တစ်သက်စား ကုန်နိုင်မည် မဟုတ်ပါချေ။

အလုပ်လုပ်မည်ပြောတိုင်း မားယဉ် စိတ်ဆိုးသွားတတ်ခြင်းကြောင့် နောက်ပိုင်းတွင် အိုရန်မှလည်း ဘာမှမပြောဘဲ နေခဲ့သည်။

မြေရှင်းကျွန်း၏ တစ်ပိုင်တစ်ဒေသဖြစ်သော ကျင်းပိုင်နယ်အတွင်းရှိ ကျေးရွာများတွင် နေထိုင်ရသူများ၏ လူ့တာဝန်မှ ကျူပုံ၊ တော်မှတ်ခေါင်းပေါ်မှုဒဏ် ခံရပုံ၊ တိုင်းတစ်ပါးသားတို့၏ နှိပ်စက်မှုခံရပုံ စသည်တို့ကို အခြေပြုကာ မျိုးချစ်စိတ်၊ အမိမြေကို မြတ်နိုးစိတ်များ ပေါ်ပေါက်လာအောင် တေးကဗျာများ ရေးဖွဲ့ရင်း အချိန်ကုန်ခဲ့သည်။

သူ၏တေးကဗျာများသည် လက်ဖက်စိုက်ပျိုးသူ တောင်သူများမှ တစ်ဆင့် ဆိပ်ကမ်းမြို့ ပတ်ဝန်းကျင် ဒေသများသို့တိုင် ပျံ့နှံ့စပြုနေပြီ ဖြစ်လေသည်။

ယခု မားပင်က တိုက်ရိုက်မေးလာသောအခါ အိုရန်မှ ရှက်သွားတော့သည်။

'ကျွန်တော် ဘာမှ တာဝန်မယူခဲ့ရပါဘူး၊ ဒီအတွက်'

'မင်းမှာ တာဝန်ရှိတယ်လို့ကော မထင်ဘူးလား'

'ကျွန်တော် မှာ တာဝန်ရှိပါတယ်'

'တာဝန်ရှိမှန်းသိလျက်နဲ့ ထွက်သွားမှာလား'

'ကျွန်တော်'

'မင်း ထွက်သွားရင်တော့ ငါ့သမီးအပေါ် စော်ကားတာပဲလို့ ငါယူဆရတော့မှာဘဲ'

မားပင်က မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်လေသည်။

အိုရန်မှု အခက်ကြုံသွား၏။

မားပင်က ယခုလို အကျပ်ကိုင်လာမည်ဟု မထင်မိပါချေ။

ထို့ကြောင့် မည်သို့ပြန်လည် ဖြေရှင်းရမှန်းမသိ ဖြစ်နေလေတော့သည်။

မားပင်က—

'ငါ့သမီးက မင်းအပေါ် ဘယ်လောက် မြတ်နိုးသလဲ၊ မင်းကလဲသူ့ကိုမြတ်နိုးတယ်ဆိုတာ သက်သေပြဖို့မကောင်းဘူးလား'

'ကျွန်တော်က ဘယ်လိုသက်သေပြရမှာလဲ'

အိုရန်မှုက မေးလိုက်လေသည်။

မားပင် ဆင်ထားသော ထောင်ချောက်အတွင်းသို့ ကျဆင်းမိပြီဖြစ်ကြောင်းကား မတွေးမိလိုက်ချေ။

မားပင်က...

'မင်းသွားမယ်ဆိုရင်သွားပါ၊ ဒါပေမယ့် ငါ့သမီးအတွက် ငွေကြေးရှာဖွေ စုဆောင်းပေးပြီးမှ သွားတာ ကောင်းမယ်'

'ဗျာ'

အိုရန်မှု ပါးစပ်အဟောင်းသား ဖြစ်နေ၏။

မားပင်က...

'ဘာလဲ မင်းက ငွေရှာပေးရမှာကို ဝန်လေးနေလို့လား'

ထိုစကားသည် သူ၏ သိက္ခာနှင့် မာနကို ထိပါးသည်ဟု အိုရန်မှု ထင်မိ၏။



သူ၏မျက်နှာ နီမြန်းသွားသည်။

'ကျွန်တော်ဟာ ကိုယ့်ဇနီးနဲ့ သားသမီးကို ရှာဖွေကျွေးမွေးဖို့ ဘယ်တော့မှ ဝန်မလေးဘူးဆိုတာ မှတ်ထားပါ'

'ဟူး တော်သေးတာပေါ့၊ မင်းမှာ ဒီလိုစိတ်မျိုး မရှိဘူးလို့တောင် ငါထင်မိတာ'

'ဦး.... ဦးပြောတာလွန်'

သူ၏စကားမဆုံးပဲ မားပင်က လက်ကာပြလိုက်ပြီး

'မင်းက ရှာကျွေးချင်တဲ့စိတ် ရှိတယ်ဆိုရင် ငါ့နောက်လိုက်ခဲ့ပေတော့'

'ဗျာ'

'ငါ့နောက်လိုက်ခဲ့မှ မင်းက ငါ့သမီးကို ကျွေးမွေးချင်စိတ်တကယ်ရှိတယ်ဆိုတာ ငါလက်ခံမယ်'

'ဦးက ဘာလုပ်မလို့လဲ'

'တောပစ်ထွက်မယ်လေကွာ'

'ဟာ တောပစ်ထွက်တာ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့ မင်းက ဒီစာစ်ခေါက်လိုက်ရင်ပြီးတာပဲ၊ ငါက သားကောင်တွေဖမ်းပြီး ရောင်းမယ်၊ တိရစ္ဆာန် သားရေတွေ ဈေးကောင်းနေတော့ မင်း ပစ်ခတ်လို့ရသမျှ ငါ့သမီးအတွက်ပေါ့'

အိုရန်မှု မကျေမနပ် ဖြစ်သွား၏။

မားပင်သည် တောပစ်ထွက်လိုသဖြင့် သူ့အားအဖော်ခေါ်သွားလိုသည်မှာ ထင်ရှားလှပေသည်။

သို့ပါသော်လည်း သူ့အား တာဝန်မကျေဟု စွပ်စွဲပြောပြီး မလိုက်ဘဲ မနေနိုင်အောင် ဘာကြောင့် ညာဏ်ဆင်နေခြင်း ဖြစ်လေသည်။

အိုရန်မှုမကျေမနပ်ဖြစ်သွားသော်လည်း ငြင်းဆန်ရန်ခွန်အား မရှိဘဲ ဖြစ်သွား၏။

သူကိုယ်တိုင်လည်း ထွက်မသွားမီ ဇနီးနှင့်သမီးလေးအတွက် တစ်ခုခုလုပ်ပေးသင့်သည်ဟု ယူဆထားသည် မဟုတ်ပါလား။

ထို့ကြောင့်

'ကောင်းပြီ ကျွန်တော်လိုက်မယ်'

ဟု ပြောလိုက်၏။

သူ၏စကားကြားလျှင် မားပင် ဝမ်းသာသွားလေသည်။

'ဒီလိုမှပေါ့ကွာ၊ မင်းဟာ ယောကျ်ားကောင်းတစ်ယောက်ဆိုတာ ငါ သိပါတယ်'

ဟု ရယ်သွမ်းသွေးကာ ပြောလိုက်လေတော့သည်။



မြေရှိင်းကျွန်း...

ဤအရပ်ဒေသတစ်ဝိုက်တွင် သားကောင်အပေါဆုံးနေရာကို ပြပါဆိုလျှင် မြေရှိင်းကျွန်း ကိုသာ ညွှန်ပြရမည် ဖြစ်လေသည်။

မြေရှိင်းကျွန်းထက် သားကောင်ပေါများသည့်နေရာ မရှိနိုင်တော့ပြီ။

ထို့ကြောင့်လည်း အိုရန်မှုတို့သည် သားကောင်ရှာဖွေရန် မြေရှိင်းကျွန်းသို့ပင် ဦးတည် လာခဲ့ကြလေတော့သည်။

မြေရှိင်းကျွန်းသို့ မားပင်၊ အိုရန်မှုနှင့် အားယုံဦးခေါင်ဆောင်လူများပါ ရောက်ရှိလာကြပြီ ဖြစ်လေသည်။

မြေရှိင်းကျွန်းသို့ ခြေချမိသည်နှင့် မားပင်က...

'ကျောက်ကျင်းတော့ ဘယ်လိုနေမလဲမသိဘူး၊ တို့ဟိုတစ်ခါလာတုန်းက သူ့ရဲ့စခန်းကို မီးရှို့လိုက်တာ အတော့်ကို မကျေမနပ် ဖြစ်နေမှာပဲ'

ဟု ပြောလိုက်သည်။

အိုရန်မှု ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျွန်တော်တို့ ရောက်လာတယ်ဆိုတာသိရင် ကျိန်းသေလာပြီး တိုက်ခိုက်မှာပဲ'

အားယုံက

'သူတို့အခြေအနေ သွားကြည့်တာ ကောင်းမယ်၊ ဒါမှ သူတို့နဲ့လွတ်အောင် ဘယ်လို ရှောင်ရမယ်ဆိုတာ သိနိုင်လိမ့်မယ်'

ဟု ဝင်ပြော၏။

သူတို့သုံးယောက် တိုင် ပင် ပြော ဆို လိုက် ကြ ပြီး နောက် ကျောက်ကျင်း၏စခန်းဆီသို့ အခြေအနေ သွားပြီး အကဲခတ် ကြည့်ရန် ဆုံးဖြတ်လိုက်ကြသည်။

သူတို့သည် အန္တရာယ်ကြုံလာပါက ခုခံတိုက်ခိုက်ရန် လူစု မခွဲဘဲ တစ်စု တစ်ဝေးတည်း သွားကြရန်လည်း ဆုံးဖြတ် လိုက်ကြ၏။

ထို့နောက် ကျောက်ကျင်း၏စခန်းဘက်သို့ ဦးတည်ထွက်ခွာ သွားကြလေသည်။ သူတို့လူစု တောတန်းကလေးကိုဖြတ်ကျော် နေစဉ်

'တုံ့တုံ့…တုံ့တုံ့'

အဝေးမှ ဗုံတီးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ လေသည်။

'သတိထား'

မားပင်က သတိပေးလိုက်၏။

အိုရန်မုက

'အားလုံး ဝပ်နေကြ'

ဟု အော်ပြောလိုက်သည်။

သူတို့အားလုံးသစ်ပင်ချုံနွယ်များကြားသို့ပြေးဝင်ပုန်းကွယ် လိုက်ကြ၏။

အလျှိုလျှို ပုန်းကွယ်ပြီးမှ ဗုံတီးသံ ထွက်ပေါ်လာရာဆီသို့ လှမ်းမျှော်ကြည့်လိုက်ကြသည်။

ဗုံတီးသံများ တစ်စတစ်စ ကျယ်လောင် လာလေသည်။



တောင်ကုန်းတစ်ခုပေါ်မှ လူတစ်စု ဆင်းလာကြသည်ကို တွေ့ရသည်။

ထိုလူစုသည်ကား ကျောက်ကျင်းတို့ လူစု ဖြစ်ကြပေတော့ သည်။

ကျောက်ကျင်းသည် ရှေ့ဆုံးမှ မြင်းပုလေးကို စီးနင်းလာ သည်။

သူ၏နောက်မှ စစ်ချီစစ်တက် ဗုံတီးသူများ လိုက်ပါလာ သည်။ ထို့နောက် လှံရှည်နှင့် လေးမြား လွယ်ထားသည့် နောက်လိုက်များ စီတန်းလိုက်ပါလာကြလေသည်။

ကျောက်ကျင်းတို့ လူစုသည် ခပ်လှမ်းလှမ်းမှ ချီတက်သွား ကြခြင်းဖြစ်ပေသည်။ ထို့ကြောင့် အိုရန်မု မားပင်နှင့် အားယုံ တို့ ပုန်းကွယ်ရာမှ အလျှိုလျှို ခေါင်းပြူကြည့်မိကြ၏။

အားယုံက

'ဗုံသံတွေကတော့ စစ်ချီစစ်တက်တဲ့အခါ တီးခတ်နေကျ ဗုံသံတွေပဲ၊ သူတို့တစ်နေရာရာကိုသွားပြီး တိုက်ခိုက်ကြမလို့ ထင်တယ်'

ဟု မှတ်ချက်ပေးလေသည်။

မားပင်က

'ဘယ်နေရာကိုသွားပြီး တိုက်ခိုက်မှာလဲ'

ဟု မေးလိုက်သည်။

သူ၏ အမေးကို မည်သူမျှမဖြေနိုင်ကြပါချေ။

မားပင်က

'ကျောက်ကျင်းကတော့ သူများကို ဒုက္ခပေးဖို့ပဲကြည့်နေတာပဲ၊ ငါတို့ကလဲ သူ့ကိုဒုက္ခပေးကြရအောင်'

ဟု ပြောလိုက်၏။

ထိုစကားကြားလျှင် အိုရန်မုနှင့် အားယုံတို့ လှည့်ကြည့်လာကြလေသည်။

အိုရန်မုက

'ဘယ်လိုဒုက္ခပေးရမှာလဲ'

စိုးရိမ်မကင်း လေသံဖြင့် မေးလိုက်၏။

မားပင်၏ အကြံအစည်သည် အမြဲလိုပင်အန္တရာယ်များဖြည့်လျှံနေတတ်သည် မဟုတ်ပါလား။

အားယုံလည်း စိတ်ပျက်နေဟန်ရှိလေသည်။

မားပင်က ခပ်တည်တည် ပြောလိုက်သည်။

'သူတို့က အင်အားအသုံးအရင်းနဲ့ စစ်ချီသွားတယ်ဆိုတော့ သူတို့စခန်းမှာ ဘယ်သူမှမရှိနိုင်တော့ဘူး၊ ဒါကြောင့် တို့က သူတို့စခန်းကို ဝင်စီးကြတာပေါ့'

'ဟာ ဖြစ်ပါ့မလား'

အိုရန်မုက ချက်ချင်းကန့်ကွက်လိုက်လေသည်။

မားပင်က

'ဘာကြောင့် မဖြစ်ရမှာလဲ၊ သူတို့စခန်းကို ဝင်စီးနိုင်ရင် တို့တစ်တွေ တောပစ်စရာတောင် မလိုတော့ဘူး'

'ဘာဖြစ်လို့လဲ'

'ကျောက်ကျင်းက မုဆိုးတစ်ယောက်ပဲ၊ သူက မြေရှိုင်းကျွန်းကို အပိုင်စီးပြီး သားကောင်တွေကို စိတ်ကြိုက်ပစ်ခတ်နေတာပေါ့၊ သူစုဆောင်းထားတဲ့ တိရစ္ဆာန် သား ရေ တွေ အများကြီးရှိတယ်လို့ သတင်းကြားတယ်၊ တို့က သူ့ရဲ့စခန်းကို သိမ်းနိုင်ရင် သူ စုဆောင်းထားတဲ့ တိရစ္ဆာန်သားရေတွေကို အသာကလေးယူသွားရုံပဲ၊ ဟား ဟား ဟား'

ပြောပြီး သဘောကျစွာ ရယ်မောလိုက်လေသည်။

မားပင်သည် နေရာတကာ အချောင်ရယူလိုစိတ် ရှိနေသူ မဟုတ်ပါလား။

'ဟာ သိပ်ကောင်းတာပေါ့၊ ကျွန်တော်တို့ မပင်ပန်းတဲ့ ရမှာ'

'ဒါဖြင့် သွားစို့'

စကားဆုံးလျှင် မားပင်က ပုန်းကွယ်ရာမှ ထွက်လိုက်သည်။ အိုရန်မုနှင့် အားယုံတို့လည်း ထွက်လိုက်ကြ၏။

ထိုအချိန်တွင် ကျောက်ကျင်းတို့လူစုမှာ တ ဖြည်း ဖြည်း ဝေး၍သွားကာ မြင်ကွင်းမှပင် ကွယ်ပျောက်စပြုနေချေပြီ။

မားပင်က ရင်ကော့လိုက်ပြီး

'ကဲ ရန်သူစခန်းကို ချီတက်ဘိုက်ခိုက်ကြမယ်၊ သွားစို့'

ဟန်ပါပါ အမိန့်ပေးကာ ရှေ့ဆုံးမှ ထွက်သွား၏။

သူတို့လူစုသည် ကျောက်ကျင်း၏ စခန်းရှိရာသို့ ဦးတည် ချီတက်သွားကြလေတော့သည်။

ဆောင်ကုန်းနှစ်ခုကြားတွင် အဆောက်အအုံများ ဆောက်လုပ်ထားလေသည်။

အဆောက်အအုံ ကြီးငယ်နှစ်ဆယ်ခန့်ရှိ၏။

ထိုအဆောက်အအုံများသည် ကျောက်ကျင်း၏စခန်း ဖြစ်လေသည်။ စခန်းအတွင်းရှိ ကြီးမားသော အဆောက်အအုံတစ်ခုရှေ့ဝယ် ကျင်းတို့၏ အမှတ်အသားအလံကို စိုက်ထူထားသည်။

အလံမှာ လေထဲတလူလူ လွင့်ပျံနေလေသည်။

အိုရန်မှုရင်ထဲ နာကျင်သွား၏။ အမိမြေပေါ်တွင် ကျူးကျော်သူတို့၏အလံသည် ဝင့်ထည်စွာရှိနေသည်မဟုတ်ပါလား။

'ငါတို့ မြေပေါ်က ကျူးကျော်သူတွေကို အပြီးတိုင်မောင်းထုတ်ပစ်ရမယ်'

ဟုလည်း စိတ်ထဲကျိတ်ပြီး ရေရွတ်မိသည်။

မားပင်က အခြေအနေကို အကဲခတ်ကြည့်ပြီးသည်နှင့်

'အစောင့် သုံးလေးယောက်လောက်ပဲ ကျန်တော့တယ်၊ သူတို့က ရှိသမျှအင်အားအကုန်သွားကြတာ၊ တိုက်ပွဲကြီးတစ်ခုဆင်နွှဲကြမှာ သေချာတယ်၊ ဘယ်နေရာကို သွားကြမလဲဆိုတာ မသိရဘူး၊ ဘာပဲဖြစ်ဖြစ် အခွင့်အရေးကို လက်လွှတ်မခံဘူး၊ တို့ဝင်စီးကြမယ်'

ဟု ပြောလိုက်လေသည်။

အားယုံ ထောက်ခံလိုက်၏။

'ဟုတ်တယ်၊ ကျွန်တော်တို့အင်အားနဲ့ ကောင်းကောင်းကြီး



စီးနိုင်မှာ၊ ကျောက်ကျင်းတော့ သူ့စခန်းကို ပြန် ရောက် ရင် ရင်တတ်စည်တီးပုံနေရမှာသေချာတယ်၊ ဟား....ဟား...ဟား'

ပြောပြီး သဘောကျစွာ ရယ်မောလိုက်လေသည်။

မားပင်က

'ကဲ.. သွားကြစို့'

သူက လေးနှင့်မြားကို အသင့်ပြင်လိုက်သည်။

ထို့နောက်

'နေပြည်တော်က စစ်သည်တွေကွ၊ ကျူးကျော်သူတွေကို ချေမှုန်းကြ'

ဟု ကျယ်လောင်စွာ အော်ပြောပြီး ပြေး ထွက် သွားလေသည်။

မားပင်၏ပုံသဏ္ဌာန်ကိုကြည့်ကာ လိုက်ပါလာကြ သူများလည်း အားတက်သွားကြ၏။

'ဟေး ဟေး'

'လိုက်ကြဟေ့'

'ရန်သူတွေကို တစ်ယောက်မှ မလွတ်စေနဲ့'

တစ်ယောက်တစ်ပေါက် အော်ဟစ်ရင်းမှ လှံရှည်များ၊ လေးမြားများကိုင်ဆောင်ကာ ပြေးလိုက်သွားကြ၏။

သူတို့၏အော်ဟစ်သံများသည် တစ်ခဲနက် ထွက်ပေါ်လာသည်။

ကျောက်ကျင်း၏စခန်း၌ ကျန်ရစ်ခဲ့သူများသည် ရုတ်တရက် ထွက်ပေါ်လာသည့် မားပင်တို့လူစုကို ကြည့်ကာ ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

‘ရန်သူဟေ့ ရန်သူ’

ဟုလည်း အထိတ်တလန့် အော်ဟစ်လိုက်ကြလေသည်။

တစ်ဟုန်ထိုး စီးနင်းတိုက်ခိုက်လာခြင်းကြောင့် ခုခံရန်မဝံ့ရဲတော့ဘဲ

‘ပြေးဟေ့ ပြေးကြ’

အော်ဟစ်ကာ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးသွားကြလေသည်။

သို့ပါသော်လည်း မားပင်တို့လူစုက အလွတ်မပေးဘဲ တရကြမ်း လိုက်လံတိုက်ခိုက်ကြသည်။

ထိုအခါ စခန်း၌ အစောင့်အဖြစ် ကျန်ရစ်ခဲ့သော လူငါးယောက်မှာ ပြေး၍မလွတ်တော့ဘဲ အဖမ်းခံ လိုက်ရလေတော့သည်။

မားပင်သည် ဖမ်းဆီးမိသူများကို ကြိုးဖြင့် တုပ်နှောင်ပြီး စခန်းအလယ်မြေကွက်လပ်ရှိ တိုင်တစ်လုံးတွင်စု၍ ချည်နှောင်ထားလိုက်လေသည်။

ပြီးလျှင် —

‘ဟေ့ — စခန်းထဲက အဆောက်အအုံတွေမှာ လိုက်ရှာကြ၊ တန်ဖိုးရှိတာ အားလုံး ယူကြ၊ ပြီးရင် အဆောက်အအုံတွေကို မီးရှို့ဖျက်ဆီးလိုက်ကြ’

ဟု အမိန့်ပေးလိုက်လေသည်။

သူ၏လူများသည် ဝမ်းသာအားရဖြစ်သွားကြပြီး ဆူညံစွာ အော်ဟစ်လိုက်ကြ၏။

ထို့နောက် အနီးရှိအဆောက်အအုံများသို့ ပြေးဝင်သွား



ပြီး တန်ဖိုးရှိသည့် ပစ္စည်းများကို ရှာဖွေယူငင် လိုက်ကြလေတော့၏။

ယူဆောင်ခြင်းမပြုနိုင်သည့်ပစ္စည်းများကို ရိုက်ချိုးဖျက်ဆီးပစ်ကြ၏။ မားပင်နှင့် အိုရန်မှုကား ကျင်းတို့၏ အလံစိုက်ထူထားသည့် အဆောက်အအုံ အတွင်းသို့ ဝင်လာခဲ့ကြ၏။

ထိုအဆောက်အအုံသည် ကျောက်ကျင်း နေထိုင်သည့် အဆောက်အအုံဖြစ်ကြောင်း သူတို့ နားလည်ထားကြသည်။

အားယုံက အလံတိုင်ကို ဓားဖြင့် ခုတ်ဖြတ်ဖျက်ဆီးနေ၏။

အဆောက်အအုံအတွင်းသို့ရောက်လျှင် မားပင်နှင့် အိုရန်မှုတို့တစ်ယောက်ကို တစ်ယောက်ကြည့်ကာ သဘောကျစွာ ပြုံးလိုက်ကြလေသည်။

အဆောက်အအုံ အတွင်းရှိ ပရိဘောဂ ပစ္စည်းများသည် အဖိုးတန်အကောင်းစား ပစ္စည်းများချည်းသာ ဖြစ်ပေသည်။

အသုံးအဆောင် ပစ္စည်းများမှာလည်း ရွှေထည် ငွေထည် ပစ္စည်းများဖြင့် ပြုလုပ်ထား၏။

မားပင်က

‘ကျောက်ကျင်းက အတော်ကို ဇိမ်ကျနေတာပဲ’

ဟု ပြောလိုက်လေသည်။

မှန်ပေသည်။ ကျောက်ကျင်းသည် ကျင်းတို့ထံ သစ္စာခံပြီး ကျင်းတို့သိမ်းပိုက်ထားသည့် နယ်မြေမှ ထွက်ရှိသော အဖိုးတန်သယံဇာတများ၊ တောရိုင်း တိရစ္ဆာန်များသာမက ကျေးရွာများ၌ နေထိုင်သူများထံမှ အခွန်အတုတ် ကောက်ယူခြင်းဖြင့် ကြီးပွားနေလေတော့သည်။

မားပင်က

'ကဲ...မင်းကြိုက်တဲ့ပစ္စည်းယူ၊ ငါလဲ ကြိုက်တာ ယူမယ်၊ တို့တစ်တွေတော့ ပင်ပန်းစရာ မလိုတော့ဘူးပေါ့'

ပြောပြီး အဖိုးတန်ပစ္စည်းများကို လိုက်လံရှာဖွေကာ သိမ်းကြုံးယူငင်လေသည်။

အိုရန်မှုသည် မားပင်၏ လုပ်ရပ်ကို ကြည့်ကာ သက်ပြင်းအခါခါ ချနေမိ၏။ မားပင်အား တားဆီးခြင်းတော့ မပြုပါချေ။

ထိုစဉ်....

'ငါ့ပစ္စည်းတွေ မယူနဲ့၊ ငါ့ပစ္စည်းတွေ မယူနဲ့'

စူးစူးရှရှ စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

အိုရန်မှု ရင်ထိတ်သွား၏။

မားပင်လည်း ယူထားသည့် ပစ္စည်းများကို ကြမ်းပြင်ပေါ် ကမျာကယာ လွှတ်ချလိုက်လေသည်။

သူတို့နှစ်ယောက် စကားသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်သောအခါမှ...

'ဟာ...ဒီသာလိကာ တော်တော်ရှုပ်တာပဲ'

မားပင် ဒေါသတကြီး အော်ငေါက်လိုက်၏။

အိုရန်မှုကား သဘောကျစွာ ပြုံးမိလေသည်။

အခန်းထောင့်ဝယ် ငှက်လှောင်အိမ်တစ်လုံး ချိတ်ဆွဲထားပြီး လှောင်အိမ်ထဲ၌ သာလိကာတစ်ကောင် ရှိနေပါ၏။

သာလိကာက အော်ပြောနေခြင်း ဖြစ်ပေသည်။



မားပင်သည် သာလိကာကြောင့် သူတစ်ပါး၏ ပစ္စည်းယူရမည်ကို မဝံ့မရဲ ဖြစ်သွား၏။

ကုလားထိုင် တစ်လုံးဆွဲကာ ထိုင်ချလိုက်သည်။

ဤတွင် သူ၏ ရှေ့တည့်တည့်၌ မှန်ဗီရိုတစ်လုံး ရှိနေပြီး ဗီရိုထဲ၌ အရက်ပုလင်းများ အစီအရီ ရှိနေသည်ကိုတွေ့ရ၏။

ထိုအရက်ပုလင်းများ၏ တံဆိပ်များက တန်ဖိုးကြီးသော အကောင်းစား အရက်များဖြစ်ကြောင်း ဖော်ပြနေပေတော့သည်။

မားပင်၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်သွားလေသည်။

'အားယံ'

ဟု ခေါ်လိုက်သည်။

သူ၏ ခေါ်သံနှင့် မရွေးမနှောင်းတွင် အားယံ အပြေးအလွှား ရောက်ရှိလာလေသည်။

'အမိန့်ရှိပါ ဆရာ'

မားပင်အား အရိုအသေပေးရင်း ပြောလိုက်လေသည်။

မားပင်က....

'ဟိုမှာတွေ့လား အကုန်လုံးယူခဲ့'

ဟု ပြောလိုက်၏။

အားယံလည်း သဘောကျသွားလေသည်။

'ဟာ...ဆရာ့အတွက် အတော်ပဲ'

ပြောပြောဆိုဆို အရက်ပုလင်းများကို သိမ်းကျုံးယူမိလေတော့သည်။

မားပင်က အရက်တစ်ပုလင်းယူကာ မော့ချလိုက်၏။

'အား - တယ်ကောင်းတဲ့ အရက်ပဲ'

ဟု ကျေနပ်စွာ ပြောလိုက်၏။

အိုရန်မုကား သူတို့အား လျစ်လျူရှုထားလိုက်ပြီး သာလိကာလေး ရှိရာသို့ လျှောက်သွားလေသည်။

'သာလိကာလေးက ချစ်စရာလဲ ကောင်းတယ်၊ စကားလဲ တတ်တယ်၊ ငါ ယူသွားရင် မားယာ သဘောကျမှာပဲ'

ဟု တွေးနေမိ၏။

သာလိကာ လှောင်အိမ်အား ဖြုတ်ယူမည်အပြုတွင် ဘေး၌ စားပွဲတစ်လုံး ရှိနေပြီး စားပွဲပေါ်မှ စာရွက် စာတန်းများ ပြန့်ကျဲနေသည်ကို တွေ့ရ၏။

အချို့စာများတွင် တောင်ပိုင်းတွင် တာဝန်ယူထားသော ကျင်းစစ်သူကြီး၏ အမှတ်တံဆိပ်များ ပါရှိနေသည်ကို တွေ့ရ၏။

'ကျောက်ကျင်းက ကျင်းသစ္စာခံတစ်ယောက်ပဲ၊ ဒီစာတွေဟာ ကျင်းတွေနဲ့ ဆက်သွယ်တဲ့စာပဲ ဖြစ်ရမယ်'

ဟု တွေးမိလိုက်သည်။

မရည်ရွယ်ပါပဲ စာတစ်စောင်ကို ကောက်ယူကာ ဖတ်ကြည့်လိုက်၏။

စာထဲ၌ မြေရိုင်းကျွန်း၌ အစောင့်အရှောက်အဖြစ် ထားရှိသော ကျောက်ကျင်းတို့လူစုအတွက် စားနပ်ရိက္ခာနှင့် ငွေကြေးထောက်ပံ့ရန် တောင်းခံသည့် အကြောင်း ရေး သား ထားသည်ကို တွေ့ရ၏။



အိုရန်မုက

'ကျောက်ကျင်းက ကျေးရွာသူ ကျေးရွာသားတွေ ဆီက အခွန်အတုတ်တွေ ကောက်ခံတဲ့ အပြင် ကျင်းတွေ ဆီကလဲ လက်ဝါးဖြန့်တောင်းပြီး အိတ်ထဲ သိမ်းကျုံး ထည့်နေတဲ့ လူတစ်ယောက်ကိုး'

ဟု မှတ်ချက်ချမိ၏။

ဤသို့ဖြင့် စိတ်ဝင်စားသွားပြီး စာတစ်စောင်ပြီးတစ်စောင် ယူကာ ဖတ်ကြည့်မိလေသည်။

စာအများအပြားသည် ကျင်းများထံမှ အကူအညီတောင်းခံသော စာများသာလျှင် ဖြစ်လေသည်။

အချို့စာများ၌မူ မြေရိုင်းကျွန်း ဘက်သို့ နေပြည်တော်မှ တပ်ဖွဲ့များ ရောက်ရှိလာနိုင်ကြောင်း၊ ထို့ကြောင့် စစ်သည်များ စေလွှတ်ပေးရန် တောင်းခံထားကြောင်း တွေ့ရ၏။

ကျင်းစစ်သူကြီး ထံမှ ပြန်စာများကိုလည်း တွေ့ရလေသည်။

စာများဖတ်ပြီး အိုရန်မု စိတ်ပျက်လာသည်။

စားပွဲအနီးမှ လှည့်ထွက်မည် အပြုတွင် စာရွက်ပုံကြားမှ အနီရောင်စာလုံးများဖြင့် အမိန့်ဟု ခေါင်းစည်းတပ်ထားသော စာတစ်စောင်ကို အမှတ်မထင် သတိပြုမိလိုက်သည်။

'ဘာအမိန့်ပါလိမ့်'

တွေးရင်း ထိုစာကိုကောက်ကာ ဖတ်ကြည့်လိုက်၏။

စာကိုဖတ်လိုက်မိသည်နှင့် သူ၏ ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေတော့သည်။

'ဒုက္ခပဲ'

ဟုလည်း လှတ်ခနဲ အော်လိုက်မိ၏။

သူ၏ အော်သံကြောင့် မားပင်နှင့် အားယုံတို့ လှည့်ကြည့်လိုက်ကြသည်။

မားပင်က

'ဘာဖြစ်တာလဲ'

ဟု လှမ်းမေးလိုက်သည်။

အိုရန်မုက

'သူတို့ တောပျော်လွင်ပြင်ကို ချီတက် သွားကြတာဗျ'

'ဘာ'

မားပင်မှာ အိုရန်မုအနီးသို့ လျင်မြန်စွာ ရောက်ရှိလာလေသည်။

အိုရန်မု၏ လက်ထဲမှစာကို ဖျတ်ခနဲ ဆွဲယူကာ ဖတ်ကြည့်လိုက်၏။

စာထဲ၌

အမိန့်

နာခံတော် ကျောက်ကျင်းသည် ရှိသမျှ လူသူလက်နက် အင်အား စုစည်းကာ ဤအမိန့် ရသည်နှင့် တစ်ပြိုင်နက် တောပျော်လွင်ပြင်သို့ ချီတက် သိမ်းပိုက်ရမည်။ မကြာမီ ဆုတ်ခွာ လာတော့မည် ဖြစ်သည့် ကျင်းစစ်သည်များအား တောပျော် လွင်ပြင်မှနေ၍ လိုအပ်သမျှကူညီရန် အသင့်ပြင်ထားရမည်။

ပို့.....

ကျင်းစစ်သူကြီး



ဟု ရေးသားထားသည်ကို တွေ့ရလေသည်။

မားပင် မျက်လုံးပြူးသွား၏။

သူ၏အိမ်သည် တောပျော်လွင်ပြင်၌ တည်ရှိနေသည် မဟုတ်ပါလား။

တောပျော်လွင်ပြင်၌ နေပြည်တော်မှ စစ်သည်များ ရှိမနေပါချေ။

ချီတက်သိမ်းပိုက်မည့် ကျောက်ကျင်းတို့လူစုအား မည်သူမျှ ခုခံနိုင်ကြမည် မဟုတ်ပါချေ။

'သမီး'

မားပင် လှတ်ခနဲ အော်လိုက်၏။

တောပျော် လွင်ပြင်ဝယ် မားယဉ် ကျန်ရစ်ခဲ့ပေသည်။

အိုရန်မု မျက်နှာပျက်သွား၏။

သူတို့မရှိသဖြင့် မားယဉ်နှင့် သူ၏သမီးလေးမှာ မည်သို့ရှိမည်နည်း။

ကျောက်ကျင်းသည် မားပင်အား အသေအလဲ မုန်းတီးသူဖြစ်ပေသည်။

'ကျွန်တော်တို့ ပြန်မှဖြစ်မယ်'

အိုရန်မု အလောတကြီး ပြောလိုက်သည်။

မားပင်က

'ဟုတ်တယ်၊ တို့ပြန်မှ ဖြစ်မယ်'

စကားဆုံးလျှင် ခပ်သွက်သွက် ပြေးထွက်သွား၏။

အိုရန်မုလည်း နောက်မှ ပြေးလိုက်သွားသည်။

သူတို့သည် ကျောက်ကျင်း၏ပစ္စည်းများကိုယူဖို့ မစဉ်းစားနိုင်ကြတော့ချေ။

သူတို့လူများကိုစုစည်းကာ ချက်ချင်း အပြန်ခရီး နှင်လာခဲ့ကြလေတော့သည်။ သူတို့ တောပျော် လွင်ပြင်သို့ ပြန်လာချိန်ဝယ်....



'ဝုန်း ဝုန်း'

ကျယ်လောင်သော ပေါက်ကွဲသံများ အဆက်မပြတ် ထွက်ပေါ်လာသည်။

မားယဉ် ရင်ထိတ်သွား၏။

သူမ၏ တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်တစ်ခါမျှ မကြားဘူးခဲ့သော အသံများ ဖြစ်ပေ၏။

ထို့ကြောင့် ရင်သွေးငယ်ကို ပွေ့ချီကာ

'ဘာတွေများ ဖြစ်ကုန်ပါလိမ့်'

တွေးရင်း အိမ်ထဲ လှည့်ပတ်ရှာဖွေမိလေသည်။

ကလေးငယ်အား စောင့်ရှောက်ရန် အမျိုးသမီးကြီး တစ်ယောက်အား ခေါ်ထားလေသည်။

ယခု ထိုအမျိုးသမီးကြီးအား ရှာမတွေ့ပါချေ။

သူမအား စောင့်ရှောက်ခဲ့သည့် ဒေါ်ဒေါ်ချူး ကိုလည်း မတွေ့ပါ။

'ဒေါ်ဒေါ်ချူး... ဒေါ်ဒေါ်ချူး'

မားယဉ် အော်ခေါ်လိုက်သည်။

ခါတိုင်းဆိုလျှင် သူမ၏ခေါ်သံကြားသည်နှင့် ဒေါ်ဒေါ်ချူး မဆိုင်းမတွရောက်လာစမြဲ။

ယခုတော့ ဒေါ်ဒေါ်ချူး ရောက်မလာချေ။

'ဒုက္ခပဲ၊ ဒီလောက်ဆူဆူညံညံ အသံတွေ ထွက်ပေါ်နေတာ ငါဘယ်လိုနေမယ်ဆိုတာ မတွေးမိကြဘူးလား'

မားယဉ် စိတ်တိုတိုဖြင့် ညည်းညူလိုက်၏။

သူမ စိတ်ရှုပ်နေသည့်ကြားထဲ ကလေးငယ်က ငိုကြွေးလာသဖြင့် နို့တိုက်ချော့ရပြန်လေသည်။

'ဝုန်း...ဝုန်း'

ပေါက်ကွဲသံများမှာ ပို၍ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

တစ်ဆက်တည်းမှာပင်

'ပြေးကြဟေ့...ပြေးကြ'

'မိစ္ဆာကောင်တွေလာပြီ၊ ပြေး ပြေး'

'အား'

'အမလေး'

'ဝုန်း ဗုန်း ဝုန်း'

ဆူညံစွာ အော်ဟစ်လိုက်ကြသော အသံများလည်း ကမ္ဘာပျက်မတတ် ထွက်ပေါ်လာလေသည်။

မားယဉ် ထိတ်လန့်သွား၏။

'ဘာတွေ ဖြစ်ကုန်ပြီလဲ'

တွေးရင်း ထိုင်ရာမှ ထလိုက်သည်။

'ချွမ်း ချွမ်း'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာ၏။

ပြတင်းပေါက်မှန်များ ကွဲသွားပြီး မြားတံများ အိမ်ထဲသို့တိုင် ပစ်လွှင့်ဝင်ရောက်လာလေသည်။

'အမလေး ဘယ်သူပစ်တာလဲ၊ အိမ်ထဲမှာလူရှိတယ်'

မားယဉ်သည် ကလေးငယ်အားထိမှန်သွားမည်ကို စိုးရိမ်ကာ ရင်ခွင်ထဲ၌ တင်းကျပ်စွာ ပွေ့ဖိုက်ထားလိုက်၏။



အိမ်အပြင်ဘက် ပြေးထွက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် မြားတံများ တဖွဲဖွဲပစ်လွှင့်လာပြန်သဖြင့် အိမ်ထဲမှ မထွက်နိုင်ပါတော့ချေ။

ပျက်စီးသွားပြီဖြစ်သော ပြတင်းပေါက်မှတစ်ဆင့် ပြေးလွှားနေသော အလုပ်သမားများကို တွေ့ရ၏။

အလုပ်သမားများတွင် ကလေး, လူကြီး၊ ယောကျ်ား, မိန်းမ၊ အဘိုးအို, အဘွားအိုများပါ ပါဝင်လေသည်။

သူတို့သည် သေဘေးကို ကြောက်ရွံ့ကာ ကယ်ပါယူပါ တစာစာအော်ရင်း ပြေးလွှားနေကြသည်။

ထိုသို့ ပြေးလွှားနေသည့်ကြားမှ တရစပ် ပစ်လွှင့်လာသည့် မြားတံများ ထိမှန်ကာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြကုန်၏။

မြေပေါ်၌ အတုံးအရုံး လဲကျ သေဆုံးကုန်သည်ကိုမြင်လျှင် မားယဉ် မျက်လုံးပြူးသွားလေသည်။

'ရက်စက်လှချည်လား၊ ဘယ်သူတွေက ဒီလောက်တောင် ရက်ရက်စက်စက် လုပ်ကြရတာလဲ'

ဟု မချိတင်ကဲ ရေရွတ်မိလိုက်သည်။

မကြာပါချေ။ မည်သူမည်ဝါ၏ လက်ချက်ဖြစ်ကြောင်း ထင်ရှားစွာ သိမြင်လိုက်ရလေတော့သည်။

'ဟေး...ဟေး'

'တိုက်ကြ'

ညာသံများပေးကာ လက်နက်ကိုယ်စီ ကိုင်ထားသည့် အဝါ

ရောင် ဝတ်ဆင်ထားသူများသည် တရကြမ်း ပြေးလွှားလာကြပြီး မည်းမည်းမြင်သမျှ လိုက်လံထိုးခုတ်တိုက်ခိုက်ကြလေသည်။

'ဟင် - ကျင်း ကျင်းတွေပါလား'

မားယဉ်၏ တစ်ကိုယ်လုံး တောင့်တင်းသွား၏။

ကျင်း လက်အောက်ခံများသည် တောပျော် လွင်ပြင်အားကျူးကျော်တိုက်ခိုက်လာကြပြီဖြစ်၏။

ကျင်းတို့အား ခုခံနိုင်မည့်လူ တောပျော်လွင်ပြင်၌ မရှိပါ။

'ငါ့သမီးလေးတော့ ဒုက္ခပါပဲ'

မိမိအတွက်မပူပဲ ရင်သွေးငယ်အတွက် ပူပန်မိ၏။

ထိုအချိန်တွင် တိုက်ခိုက်လာကြသူများသည် အဆောက်အအုံများကို မီးတင်ရှို့ကြလေတော့သည်။

အဆောက်အအုံ တစ်လုံးပြီးတစ်လုံး မီးစွဲလောင်သွား၏။

မားပင် ရှိနေသည့် အဆောက်အအုံလည်း မီးတဟုန်းဟုန်းစွဲလောင်သွားလေတော့သည်။

မားယဉ် ကြောက်၍ ထိတ်လန့်မှုကြောင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။

ရင်သွေးငယ်ကို ရင်ခွင်ထဲ ပွေ့ဖက်ကာ ကြောင်၍ ရပ်နေမိသည်။

ထိုစဉ်မှာပင်....

'ခွမ်း - ခွမ်း'

မီးရှို့ထားသော မြားတံများသည် အဆောက်အအုံအတွင်းသို့ ပစ်လွှင့်ဝင်ရောက်လာသည်။



အဆောက်အအုံအတွင်း ဟိုမှသည်မှ မီးတောက်မီးလျှံများ ထွက်ပေါ်လာ၏။

မားယဉ်ကား ငူငူကြီး ရပ်နေမိဆဲ။

မီးတောက်မီးလျှံများ တစ်စထက်တစ်စ အားကောင်းလာသည်။

အဆောက်အအုံ တစ်ခုလုံး စွဲလောင်လာလေတော့သည်။

မီးအပူရှိန်ကြောင့် မားယဉ် သတိဝင်လာ၏။

'ဒုက္ခပဲ၊ အိမ်ထဲမှာ ဆက်နေလို့ မဖြစ်တော့ဘူး၊ ငါတို့သားအမိ မီးလောင်ခံရလိမ့်မယ်'

တွေးရင်း အိမ်ထဲမှထွက်ရန် ကြိုးစားလိုက်လေသည်။

ပြတင်းပေါက်များသည်လည်းကောင်း၊ တံခါးပေါက်များသည် လည်းကောင်း မီးတဟုန်းဟုန်း စွဲလောင်နေပြီ ဖြစ်လေသည်။ မားယဉ်အတွက် ထွက်ပေါက် မရှိနိုင်တော့ပါ။

အိမ်ခေါင်မိုးမှာ မီးအရှိန်ပြင်းစွာ စွဲလောင်နေပြီး တဝုန်းဝုန်း တဒိုင်းဒိုင်းမြည်ဟည်းကာ ပြိုကျလာသည်။

'အမယ်လေး'

မားယဉ် အထိတ်တလန့် အော်ဟစ်လိုက်သည်။

ထိုစဉ်မှာပင်....

'သခင်မလေး...သခင်မလေး'

ခေါ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

မားယဉ် လှည့်ကြည့်လိုက်သောအခါ အိမ်အနောက်ဘက်ရှိ တံခါးတစ်ချပ်ပွင့်သွားပြီး ဒေါ်ဒေါ်ချူး ပြေးဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဒေါ်ဒေါ်ချူး'

မားယဉ် ဝမ်းသာအားရ ခေါ်လိုက်လေသည်။

ဒေါ်ဒေါ်ချူးက

'သခင်မလေး မြန်မြန်လာပါ'

ဟု အော်ခေါ်လေသည်။

မားယဉ်လည်း သမီးကလေးကို ရင်ခွင်ပိုက်ကာ ပြေးသွားလေသည်။

ဒေါ်ဒေါ်ချူးက...

'လာ... လာ'

မားယဉ်၏လက်ကိုဆွဲကာ ခေါ်သွားလေသည်။

သူတို့သည် မီးစွဲလောင်နေသည့် တံခါးပေါက်ကို ဖြတ်ကျော်ကာ အပြင်ဘက် ပြေးထွက်သွားကြလေသည်။

'ဝုန်း'

မီးစွဲလောင်နေသည့် ခေါင်မိုးထုတ်တန်းများ၊ သစ်သားတိုင်များ လဲကျလာလေသည်။

ကံကောင်းထောက်မပြီး မားယဉ်တို့ အပြင်ဘက် ရောက်ရှိသွားကြလေသည်။

မားယဉ်က ကလေးကို ရင်ခွင်ထဲ တင်းတင်းကျပ်ကျပ် ပွေ့ဖက်လျက်။

အပြင်ဘက်တွင် အဝါရောင် ဝတ်ဆင်ထားသည့် ကျောက်ကျင်း၏လူများသည် အဆောက်အအုံများကို မီးရှို့ဖျက်ဆီးကာ ရယ်သွမ်းသောက် ယူငင်နေကြသည်။

'ဒီဘက်ကိုလာ'



ဒေါ်ဒေါ်ချူးက မားယဉ်၏လက်ကိုဆွဲကာ ပြေးသွား၏။ မားယဉ်လည်း နောက်မှလိုက်ပါသွားလေသည်။

မီးလောင်မည့် အန္တရာယ်မှ လွတ်မြောက်လာပါသော်လည်း ရက်စက်ကြမ်းကြုတ်လှသည့် ကျောက်ကျင်း၏လူများအန္တရာယ်က ရှိနေသေးသည် မဟုတ်ပါလား။

ကျောက်ကျင်း၏လူများလက်မှ လွတ်အောင် ပြေးရဦးမည် ဖြစ်လေသည်။

မီးစွဲလောင်နေသည့် အဆောက်အအုံ အတွင်းမှ ထွက်လာပြီး မြေကွက်လပ်ကို ဖြတ်ကျော်လာချိန်ဝယ်...

'ရှီး'

'အွန့်'

ရုတ်တရက် မြားတစ်စင်း ပစ်လွှင့်လာပြီး ဒေါ်ဒေါ်ချူး၏ ရင်ဝ၌ စိုက်ဝင်သွားလေတော့သည်။

ဒေါ်ဒေါ်ချူး မသဲမကွဲ ညည်းညူလိုက်၏။

မားယဉ်၏လက်ကို လွှတ်လိုက်ပြီး ဒူးများ ကွေးညွတ်ကာ မြေပေါ်ဝုန်းခနဲ လဲကျသွားလေတော့သည်။

'ဒေါ်ဒေါ်ချူး'

မားယဉ် အထိတ်တလန့် အော်ဟစ်လိုက်လေသည်။

ဒေါ်ဒေါ်ချူးကား သူမ၏ခေါ်သံကို ကြားနိုင်တော့မည် မဟုတ်ပါချေ။

'ဒေါ်ဒေါ်ချူး... ဒေါ်ဒေါ်ချူး'

မားယဉ် အသံကုန် ဟစ်ခေါ်ပိ၏။

ဒေါ်ဒေါ်ချူးကား သေဆုံးသွားချေပြီ။

မားယဉ်၏ မျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝိုင်းလာသည်။

ဖခင်ဖြစ်သူနှင့် ခင်ပွန်းသည်အား သတိရလာ၏။

ဖခင်နှင့် ခင်ပွန်းသည်သာ ရှိလျှင် ယခုလို အဖြစ်မျိုး ကြုံတွေ့ရမည်မဟုတ်ဟု တွေးနေမိသည်။

ဒေါ်ဒေါ်ချူး သေဆုံးသွားခြင်းကြောင့် သူမ ရပ်တန့်နေ၍ မဖြစ်ပါ။

သူတို့သားအမိ အသက်ဘေးမှ လွတ်ရန် ပြေးရဦးမည် ဖြစ်လေသည်။

ရှေ့ဆက်ပြေးရန် ဟန်ပြင်လိုက်စဉ်မှာပင်...

'ဟား....ဟား...ဟား'

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ် လာပြီး အဝါရောင် ဝတ်ဆင်ထားသူများ သူမအား ဝိုင်းရံထားကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

PANNUYAUNG SARPAY, T[illegible]



'ဟား...ဟား....ဟား'

'ဟား....ဟား.. ဟား'

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

အဝါရောင် ဝတ်ဆင်ထားသူများသည် လှံရှည်ကြီးများ ကိုယ်စီကိုင်ကာ ရယ်မောရင်း ရှေ့တိုးလာကြ၏။

မီးတောက်မီးလျှံများမှ မီးရောင်ထင်ဟပ်နေသော သူတို့၏ မျက်နှာများသည် ကြောက်မက်ဖွယ် ကောင်းလှပေသည်။

သူတို့ကိုင်ဆောင်ထားသည့် လှံတံများသည် သွေးခြင်းခြင်း နီရဲနေ၏။ မားယဉ် မျက်လုံးပြူးသွား၏။

ရင်ခွင်ထဲမှ သမီးလေးကိုပိုက်ရင်း ထွက်ပြေး လွတ်မြောက်နိုင်မည့် လမ်းကို ရှာဖွေလိုက်လေသည်။

သို့ပါသော်လည်း ဝိုင်းရံထားသူများ လက်မှ မည်သို့မျှ မလွတ်မြောက်နိုင်ပါတော့ချေ။

'ဟား...ဟား...ဟား'

'ဟား...ဟား.. ဟား'

ကျောက်ကျင်း၏ တပည့်များက ဟားတိုက် ရယ်မောလိုက်ကြ၏။

လှံရှည်ကြီးများဖြင့် မားယဉ်အား ချိန်ရွယ် လိုက်ကြလေသည်။

'အမလေး'

မားယဉ်မှာ ထိတ်လန့် ကြောက်ရွံ့မှုကြောင့် လှံနှင့်မထိုးမီ မြေပေါ် ပုံလျက်သား လဲကျသွားလေတော့သည်။

ကျောက်ကျင်း၏ တပည့်များက မားယဉ် ပို၍ ကြောက်

လန့်သွားအောင် လှံရှည်နှင့် ထိုးမည် တကဲကဲ ဟန်ပြင်ကာ ခြောက်လှန့်နေကြလေသည်။

မားယဉ်က မြေပေါ် ကျုံ့ကျုံ့ကလေးထိုင်ရင်း ရင်သွေးငယ်ကို ပွေ့ပိုက်ကာ

'ကျွန်မကို ချမ်းသာပေးကြပါရှင်၊ ကျွန်မ သမီးလေးကို မသတ်ကြပါနဲ့'

ဟု သနားစဖွယ် တစာစာ တောင်းပန်တိုးလျှိုးနေ၏။

ထိုအခါ ကျောက်ကျင်း၏ လူများသည် ကရုဏာသက်ခြင်း မရှိသည့်အပြင် တဟားဟား တဝါးဝါး ရယ်မော လှောင်ပြောင်ကာ လှံရှည်ကြီးများဖြင့် ခြိမ်းခြောက်ကြပြန်သည်။

မားယဉ်၏ မျက်ဝန်းအစုံမှ မျက်ရည်များ တတွေတွေ စီးဆင်းကျလာသည်။

သူမတို့ သားအမိနှစ်ယောက်အား ကူညီကယ်တင်နိုင်စွမ်းမည့်သူ မရှိတော့ပြီတကား။

ထိုစဉ်....

'ရပ်လိုက်စမ်း'

ကျယ်လောင်သော အော်ဟောက်သံ တစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

မားယဉ် ဝမ်းသာအားရဖြင့် ကြည့်လိုက်၏။

ထိုအခါ ကျင်းစစ်သူကြီး အဝတ်အစားများ ဝတ်ဆင်ထားသည့် ကျောက်ကျင်း လှမ်းလာနေသည်ကို တွေ့မြင်ရလေသည်။



ကျောက်ကျင်းကို မြင်လျှင် အဝါရောင် ဝတ်ဆင်ထားသူများ နောက်ဆုတ်သွားကြလေသည်။

မားယဉ်လည်း အသက်ဘေးမှ လွတ်လို့လွတ်ငြားဖြင့်...

'ဦးလေးရယ် ကျွန်မကို ကယ်ပါဦးရှင်'

ဟု တောင်းပန်လိုက်လေသည်။

ကျောက်ကျင်း မဲ့ပြုံးပြုံးလိုက်လေသည်။

'မင်းကို ကယ်ရမယ် ဟုတ်လား၊ ကောင်းပြီ မားပင် ဘယ်သွားသလဲ ပြောစမ်း'

ဟု မေးလိုက်လေသည်။

မားယဉ် ခေါင်းယမ်းလိုက်သည်။

'ကျွန်...ကျွန်မလဲ မသိပါဘူးရှင်၊ ဖေဖေ တောပစ်ထွက်မယ်လို့တော့ ပြောပါတယ်'

'ဘာ'

'ဖေဖေက _'

ကျောက်ကျင်း လက်ကာပြလိုက်သည်။

'နေဦး၊ မားပင်က မင်းရဲ့အဖေ ဟုတ်လား'

'ဟုတ်ပါတယ် ရှင်'

'ဟား...ဟား...ဟား'

ကျောက်ကျင်းက ခါးထောက် ရယ်မောလိုက်လေသည်။

ကျောက်ကျင်းနှင့် မားပင်တို့နှစ်ယောက် မဟာရန်သူကြီးများဖြစ်ကြသည်ကို မားယဉ် မေ့နေသည်။

ကျောက်ကျင်းသည် တောပျော်လွင့်ပြင်အား တိုက်ခိုက်သိမ်းပိုက်ရန် ကျင်းတို့ထံ မကြာခဏတင်ပြခဲ့၏။

ကျင်းများက တောပျော်လွင်ပြင်ကို အရေး မစိုက်ခဲ့ချေ။

ယခု နေပြည်တော်မှ တပ်ဖွဲ့များ၏ ပြင်းထန်သော ခုခံတွန်းလှန်မှုကြောင့် ကျင်းများအထိနာကာ နောက်ဆုတ်လာရသောအခါ မြစ်ဝ မြစ်ကြောင်းအတိုင်း စုန်ဆင်းလာသည့် နေပြည်တော်မှတပ်ဖွဲ့များအား ခုခံရန် အချက်အချာကျသည့်နေရာကိုရွေးချယ်ရင်း တောပျော်လွင်ပြင်နှင့်သိပ်ကမ်းမြို့ကို မျက်စိကျသွားကြခြင်းဖြစ်ပေသည်။

နေပြည်တော်မှ တပ်ဖွဲ့များရောက်မလာမီ တောပျော်လွင်ပြင်အားသိမ်းပိုက်ထားပြီး ဆုတ်ခွာလာမည့်ကျင်းစစ်သည်တော်များအတွက် ရိက္ခာနှင့်ဆေးဝါး စုဆောင်းပေးပို့ရမည် ဖြစ်သည်။

ကျင်းတို့ ဆုတ်ခွာရာ လမ်းခရီး လွယ်ကူ ချောမွေ့စေရန် ကျောက်ကျင်း၏တာဝန် လုံးလုံးလျားလျား ဖြစ်လာတော့သည်။

ကျောက်ကျင်းသည် တောပျော်လွင်ပြင်အား သိမ်းပိုက်ရန် အမိန့်ရသည်နှင့် မားပင်အား တစ်ပါတည်း သုတ်သင်ရှင်းလင်းရန် ဆုံးဖြတ်လိုက်သည်။

သူကိုယ်တိုင် မားပင်နေထိုင်ရာ တောင်ကုန်းကို တက်ရောက်သိမ်းပိုက်ခြင်းဖြစ်လေသည်။

မားပင်ကို မတွေ့ရပါ။ သို့သော် မားပင်၏သမီးကို တွေ့နေရပြီမဟုတ်ပါလား။

ကျောက်ကျင်း သဘောကျစွာ ရယ်မောနေလေတော့သည်။



မားယဉ်သည် ကျောက်ကျင်းကို နားမလည်နိုင်စွာ ကြည့်နေမိ၏။

ကျောက်ကျင်းက ရယ်မောပြီးမှ

'မားပင် မင်းငါ့လက်က ပြေးလို့လွတ်မလား'

ဟု ကြုံးဝါးလိုက်လေသည်။

မားယဉ် ထိတ်လန့်သွား၏။

ကျောက်ကျင်း၏အမူအရာကိုကြည့်ကာ သူမအား ချမ်းသာပေးမည်မဟုတ်မှန်း ရိပ်မိလိုက်လေသည်။

သို့သော်လည်း လွတ်လိုလွတ်ငြား တောင်းပန် လိုက် လေသည်။

'ဦးရယ် ကျွန်မတို့ သားအမိကို ချမ်းသာပေးပါရှင်၊ ဦးရဲ့ကျေးဇူးကို ကျွန်မ ဘယ်တော့မှ မမေ့ပါဘူး'

ကျောက်ကျင်း မဲ့ပြုံး ပြုံးလိုက်သည်။

မားယဉ်အား စိုက်ကြည့်ကာ...

'စိတ်ချ ငါ့ကို ဘယ်တော့မှမမေ့ရဘူး၊ မားပင် တစ်သက်လုံး ငါ့ကိုတဖွဖွသတိရနေစေရမယ်'

စကားဆုံးလျှင် လက်တစ်ဘက်ဆန့်ထုတ်ကာ မားယဉ်၏ရင်ခွင်ထဲမှ ကလေးငယ်ကို လုယူလိုက်လေသည်။

မားယဉ် ကြောင်အမ်းအမ်းဖြစ်သွား၏။

အမှတ်တမဲ့မို့ ကလေးငယ်သည် ကျောက်ကျင်း၏လက်ထဲပါသွားသည်။

မားယဉ် သတိဝင်လာပြီး...

'သမီးလေးကို ပေးပါ၊ ကျွန်မသမီးလေး ပြန်ပေးပါ'

အော်ဟစ်ငိုယိုရင်း ကလေးပြန်တောင်းလေသည်။

သူမ အတင်းပြန်လုသဖြင့် ကျောက်ကျင်းက နောက်ဆုတ်လိုက်သည်။

မားယဉ်က လိုက်သွားသောအခါ ကျောက်ကျင်း၏တပည့်များက လှံရှည်များဖြင့် ဝိုင်းရံထားလိုက်ကြလေသည်။

မားယဉ်မှာ ကျောက်ကျင်းနောက်သို့ လိုက်သွား နိုင်ခြင်း မရှိတော့ပါချေ။ ကျောက်ကျင်း သဘောကျစွာ ရယ်မောလိုက်ပြီး....

'မားပင်က ငါ့ကို ဒုက္ခပေးတာ များပြီ၊ ဒီတစ်ခါတော့ ငါ့အလှည့်ပဲ၊ မားပင် တစ်သက်လုံး စိတ်ဆင်းရဲနေစေရမယ်၊ ငါ့ကို ပြိုင်လာရင် ငါက ဘယ်လို တုံ့ပြန်တတ်တယ် ဆိုတာ သိသွားစေရမယ်'

စကားဆုံးလျှင် ကလေးငယ်အား ဝေ့ယမ်းကာ တအားပစ်လွှင့်လိုက်လေသည်။

'အုဝဲ အုဝဲ'

ကလေးငိုသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ကလေးငယ်မှာ ကျောက်ကျင်း ပစ်လွှတ်လိုက်သည့် အရှိန်ဖြင့် အဝေးသို့ လွင့်သွား၏။

လေထဲ မြောက်တက်သွားပြီး မီးတဟုန်းဟုန်း တောက်လောင်နေသော အဆောက် အအုံထဲသို့ ကျသွားလေတော့သည်။

'သမီး'

မားယဉ် ငယ်သံပါအောင် အော်ဟစ်လိုက်၏။



ကျောက်ကျင်းက ထိုသို့ ရက်ရက်စက်စက် ပြုလုပ်လိမ့်မည် မထင်မိပါချေ။

ယခုတော့ သူမ၏ ရင်သွေးသည်—

မားယဉ်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ဝမ်းနည်း ကြေကွဲစိတ်နှင့် ကြောက်ရွံ့ ထိတ်လန့်မှုဒဏ်ကို မခံနိုင်တော့ဘဲ သတိလစ်ကာ မြေပေါ်လဲကျသွား၏။

'ဟား ... ဟား .. ဟား'

'ဟား ... ဟား ... ဟား'

ကျောက်ကျင်း၏ ရယ်မောသံကြီးသည် ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွား လေတော့သည်။

## နာကြည်းခြင်း၏ နောက်ကွယ်၌

'ညီမ ... ညီမ'

ခေါ်သံသည် အဝေးမှ ထွက်ပေါ်လာသည် ထင်ရ၏။

ဝေးရာမှ တဖြည်းဖြည်း နီးကပ်လာသည်။

'သမီး'

ရူးရှူးစွာအော်ဟစ်ရင်း မားယဥ် သတိရလာလေသည်။

သူမ သတိရလာသည်နှင့် ချက်ချင်း ထထိုင်လိုက်၏။

ထိုအခါ သူမ၏ဘေး၌ အဝါရောင် ဝတ်ဆင်ထားသူများ မတွေ့ရတော့ပါ။

လှံတံရှည် များကို လည်းကောင်း၊ ကြောက်မက် ဖွယ်ရာ မျက်နှာများကိုလည်းကောင်း၊ တဟုန်းဟုန်း တောက်လောင်



နေသည့် မီးတောက် မီးလျှံများကို လည်းကောင်း၊ မတွေ့ရ တော့ပါ။

သူမ၏ရှေ့၌လည်း ဟားတိုက်ရယ်မောနေသည့် ကျောက်ကျင်း ရှိမနေတော့ပါ။

သူမအား စိုးရိမ်သောအကြည့်ဖြင့် ကြည့်နေသည့် အိုရန်မို ကိုသာ တွေ့မြင်လိုက်ရလေသည်။

မားယဥ်မှာ မျက်လုံးကိုပင် မယုံချင်အောင် ဖြစ်သွား၏။

'အစ်ကို'

ဟု လွတ်ခနဲ ခေါ်လိုက်လေသည်။

'ညီမ'

အိုရန်မိုမှာ ထွေးပိုက်ထားလိုက်၏။

မားယဥ်မှာ အိုရန်မို အပြင် သူမ၏ရှေ့၌ ရှိနေသည်ကို သိရလျှင် ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေတော့သည်။

'အစ်ကိုရယ် ... ညီမတို့ ... သမီးလေး'

သူမ ရှေ့ဆက် မပြောနိုင်ပါတော့ချေ။

သူမ၏ ရင်သွေးငယ်လေးသည် ကျောက်ကျင်း၏ လက်ချက် ဖြင့် သေဆုံးသွားပြီ မဟုတ်ပါလော။

အိုရန်မို၏မျက်လုံးအစုံဝယ် မျက်ရည်များ ရစ်ဝဲနေ၏။

အဖြစ်အပျက်များအား အစအဆုံး တွေ့ရှိခဲ့ရသော အလုပ်သမားများက ပြန်လည်ပြောပြသဖြင့် သိခဲ့ရပြီးဖြစ်၏။

ဆိပ်ကမ်းမြို့သည် လည်းကောင်း၊ မားယဥ်၏ တောင်ကုန်းနှင့် လက်ဖက် စိုက်ခင်းများသည် လည်းကောင်း၊ ကျောက်ကျင်း၏ လက်အောက်သို့ ရောက်ရှိသွားပြီဖြစ်၏။

ကျောက်ကျင်းက မားယဉ်အား မီးလောင်ကာ သေသွားမည်ဟု သဘောထားပြီး သည်အတိုင်း ပစ်ထား ခဲ့သဖြင့် အလုပ်သမားများက ကယ်တင်ခဲ့ကြ၏။

ထို့ကြောင့်လည်း မားယဉ် အသက်ရှင်နေခြင်းဖြစ်၏။

ယခုသူတို့သည် မားပင်၏မိတ်ဆွေ ရွာသူကြီးဟုန်၏ ရွာကလေးသို့ ရောက်နေခြင်းဖြစ်၏။

သူတို့၏ နေအိမ်သို့ ဘယ်သောအခါမှ ပြန်သွားနိုင်တော့မည် မဟုတ်ပါ။ ရွာသူကြီးဟုန်၏ ရွာကလေးသည် မြစ်ကမ်းစပ်၌ တည်ရှိပြီး အလွန်ချောင်ကျသော ရွာကလေးဖြစ်ရာ လူသူအရောက်အပေါက် နည်းပါးလှ၏။

အမှန်ဆိုလျှင် ရွာသူကြီးဟုန်၏ ရွာကလေးသည် ကျင်းတို့၏ ပိုင်နက်ထဲတွင် တည်ရှိနေသည်သာတည်း။

ရွာသူကြီးဟုန်သည် ခင်မင်ရင်းနှီးစွဲ ရှိသည့်အတိုင်း မားပင်တို့အား လက်ခံစောင့်ရှောက်ထားခဲ့လေသည်။

မားယဉ်က ရှိုက်ကြီးတငင် ငိုကြွေးနေ၏။

အိုရန်မှုက ကြိုးစား၍ နှစ်သိမ့်နေရ၏၊

အိုတိုင် အိုရန်မှုကိုယ်တိုင်လည်း ရင်သွေးငယ် ဆုံးရှုံးသွားလိုက်ရခြင်းကြောင့် ဝမ်းနည်း ကြေကွဲနေမိလေသည်။

တဖြည်းဖြည်း မားယဉ် အငိုတိတ်သွား၏။

အိုရန်မှုအား ငေးကြည့်ကာ....

'အစ်ကို'

ဟု ခေါ်လိုက်လေသည်။



သူမ တစ်စုံတစ်ခုအား ပြောလိုသည့်ဆန္ဒ ပြင်းပြနေမှန်း အိုရန်မှု နားလည်လိုက်လေသည်။

'ပြောပါညီမ... ပြောစရာရှိတာ ပြောသာပြော'

ရင်ထဲ၌ ကျိတ်မှိတ်မျိုသိပ်ထားခြင်းထက် ဖွင့်ပြောလိုက်ခြင်းက စိတ်သက်သာရာရရှိစေမည်ဟု ယူဆကာ ပြောခိုင်းလိုက်လေသည်။

မားယဉ်က အံကိုတင်းတင်းကြိတ်လိုက်ပြီး ....

'အစ်ကို၊ ကျောက်ကျင်းဆိုတဲ့ လူယုတ်မာကြီးက အပြစ်မရှိတဲ့ ညီမတို့ရဲ့ ကလေးကို သတ်ပစ်လိုက်တယ်'

ဟု ပြောလိုက်သည်။

အိုရန်မှု ခေါင်းညိတ်လိုက်သည်။

'အစ်ကိုသိပြီးပါပြီ ညီမရယ်၊ ကျောက်ကျင်းဟာ သစ္စာဖောက်တစ်ယောက်ပါ၊ သူ့ကို သုတ်သင်ရှင်းလင်းပစ်မယ်လို့ အစ်ကိုကတိပေးပါတယ်'

မားယဉ် ခေါင်းယမ်းလိုက်၏။

'သူ့ကို မသတ်ရဘူး'

'ဟင်....'

မားယဉ် စကားကြောင့် အိုရန်မှု အံ့သြသွားလေသည်။

မားယဉ်ကို နားမလည်နိုင်စွာ ကြည့်မိ၏။

မားယဉ်က

'အစ်ကို....သူဟာ ညီမအတွက်ပဲ ဖြစ်ရမယ်'

'ညီမ'

အိုရန်မှု လန့်ဖျပ်သွား၏။

မားယဉ်ကို အထိတ်တလန့်ကြည့်လိုက်သည်။

မားယဉ်၏မျက်နှာ ခက်ထန်နေသည်။

'အစ်ကို'

'ပြောပါ ညီမ'

'သာတာ ညီမအတွက်ပဲ ဖြစ်ရစေ့မယ်နော်'

'ညီမရယ် စိတ်လျှော့လိုက်ပါ၊ ကျောက်ကျင်းဟာ လူဆိုး လူယုတ်မာကြီးတစ်ယောက်ပါ၊ သူ့ကို ညီမဘာလို့မှ'

'အစ်ကို'

အိုရန်မှု စကားမဆုံးမီ မားယဉ်က ကြားဖြတ်ခေါ်လိုက်၏။

အိုရန်မှု သက်ပြင်းချလိုက် ရသေးတော့သည်။

မားယဉ်က

'အစ်ကို၊ ကျောက်ကျင်းဟာ ညီမအတွက်ပဲ ဖြစ်စေရမယ်နော်'

'ညီမ'

'အစ်ကို ကတိပေးစမ်းပါ'

အိုရန်မှုက မလှမ်းမကမ်း၌ရပ်နေသည့် မားပင်အား လှမ်းကြည့်လိုက်လေသည်။ မားပင် ခေါင်းညိတ်ပြလိုက်လေသည်၊

မားပင်သည် အိုရန်မှုအား မလိမ့်တစ်ပတ်ဖြင့် ခေါ်ကာ မြေရိုင်းကျွန်းသို့ သွားမိသည့်အဖြစ်ကို နောင်တရနေ၏။

မျက်နှာညှိုးရော်ကာ ငူငူကြီးဖြစ်နေ၏။

သူနှင့် အိုရန်မှုသာ အိမ်၌ရှိနေမည်ဆိုလျှင် မားယဉ် အခုလို ဒုက္ခရောက်မည် မဟုတ်ပါချေ။

ကျောက်ကျင်းတို့ လူစုအားရင်မဆိုင်နိုင်လျှင်ပင် မားယဉ်တို့



သားအမိအား ဘေးလွတ်ရာသို့ ခေါ်ဆောင်သွားနိုင်မည် ဖြစ်လေသည်။

ယခုမူ...

'အစ်ကို ကတိပေးစမ်းပါ'

မားယဉ်၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

အိုရန်မှု သက်ပြင်းချလိုက်သည်။

'အစ်ကို ကတိပေးပါတယ် ညီမရယ်'

ဟု ပြောလိုက်လေသည်။

မားယဉ် ကျေနပ်သွား၏။

အံကို တင်းတင်းကြိတ်လိုက်ပြီး

'ကျောက်ကျင်းကို ညီမကိုယ်တိုင် သုတ်သင်ပစ်မယ်'

ဟု ပြောလိုက်သည်။

သူမ၏စကားသံသည် အိုရန်မှုနှင့် မားပင်တို့၏ အသည်းနှလုံးထဲသို့တိုင် ပျံ့နှံ့စိမ့်ဝင်သွားသည်ဟု ထင်မှတ်ရလေတော့သည်။

မြစ်ဝါမြစ်ရိုးတစ်လျှောက်တွင် တိုက်ပွဲများ အပြင်းအထန် ဖြစ်ပွားနေလေသည်။

တပ်မင်း ဝူလီမင်း ဦးဆောင်သော စံနစ်တကျဖွဲ့စည်းထားသည့် နေပြည်တော်မှ တပ်ဖွဲ့များသည် ဒေသခံ တိုင်းရင်းသား မျိုးချစ်များနှင့် ပူးပေါင်းသက်တဲ့ကာ ကျူးကျော်သူ ကျင်းများကို မြတ်မြတ်သားသား တိုက်ခိုက်ချေမှုန်းလျက်ရှိ၏။

နေပြည်တော်မှ တပ်ဖွဲ့များသာမက ဒေသခံပြည်သူများ ပူးပေါင်းဆင်နွှဲလာသောအခါ ကျူးကျော်သူ ကျင်းများမှာ မြစ်ဝါမြစ်တစ်ဘက်ကမ်းသို့ တိုက်ခိုက် သိမ်းပိုက်နိုင်ခြင်း မရှိတော့ဘဲ တပ်လန့်သွားသည်။

တိုက်ပွဲတိုင်းလိုလို ရှုံးနိမ့်ကာ ဖရိုဖရဲဖြင့် နောက်ဆုတ်သွားကြရ၏။

မြစ်ဝါမြစ် တစ်ဘက်ကမ်းသို့ဆုတ်သည့် တပ်ဖွဲ့များက ဆုတ်သွားပြီး တချို့ တပ်ဖွဲ့များက တောင်ပိုင်းသို့စုန်ပြေးကြသည်။

တပ်မင်း ဝူလီမင်း၏ တပ်ဖွဲ့များကလည်း အခွင့်အရေး မပေးဘဲ အပြင်းချီတက်ကာ လိုက်လံတိုက်ခိုက်လျက်ရှိ၏။

မြစ်ဝါမြစ် တစ်ဘက်ကမ်းသို့ ဆုတ်သွားသည့် ကျင်းများနောက်သို့ လိုက်လံချေမှုန်းရင်း နေပြည်တော်မှတပ်ဖွဲ့များ မြစ်ဝါမြစ်ကို ဖြတ်ကူးချိန်ဝယ် ကျင်းတို့လွန်စွာမှ အားထားသည့် မရဏာလှေကြီးနှင့် ထိပ်တိုက် ရင်ဆိုင်တွေ့ပြန်သည်။

ယခုတစ်ကြိမ် တပ်မင်း ဝူလီမင်းသည် သူ၏ တပ်ဖွဲ့များကို အထိမနာစေဘဲ မရဏာလှေကြီးကိုပင် အထိနာအောင် ကွပ်ကဲ တိုက်ခိုက်နိုင်ခဲ့၏။



ရေကြောင်းတိုက်ပွဲ အပြင်းအထန်ဖြစ်ပွားပြီးမရဏာလှေကြီး အထိနာသွားတော့၏။

မရဏာလှေကြီးဆုတ်သွားလျှင် တပ်မင်း ဝူလီမင်း၏တပ်ဖွဲ့များသည် တစ်ဘက်ကမ်းသို့ကူးကာ အသိမ်းပိုက်ခံ နယ်မြေများ၌ တပ်စွဲထားသည့် ကျင်းများကို တိုက်ခိုက်ခဲ့ကြလေသည်။

မရဏာလှေကြီး တိုက်ပွဲဝင်လာနိုင်လျှင် တပ်မင်း ဝူလီမင်း၏ တပ်ဖွဲ့များ တစ်ဘက်ကမ်းသို့ ကူးဖြတ်ရာ၌ အခက် ကြုံရနိုင်သည်။

ထို့ကြောင့် တပ်မင်း ဝူလီမင်းသည် မရဏာလှေကြီးအား အပြီးတိုင် ဖျက်ဆီးပစ်နိုင်ရန် နည်းလမ်းများ ရှာဖွေနေလေတော့သည်။

ကျင်းတို့ အရေးနိမ့်သွားသည်မှာ မရဏာလှေကြီး အထိနာသွားခြင်းကြောင့်လည်း ဖြစ်သည်ဟု ဆိုကြ၏။

တိုင်းရေးပြည်ရာ ရှုပ်ထွေးနေချိန်၌ အိုရန်မှု မားပင်နှင့် မားယဥ်တို့သည် တိုင်းတစ်ပါးသစ္စာခံ လူယုတ်မာ ကျောက်ကျင်းအား သုတ်သင်ရှင်းလင်းရန် စိုင်းပြင်းနေကြ၏။

သူတို့သည် ရွာသူကြီး ဟုန်၏ ရွာကလေး၌ လျှို့ဝှက်စွာ ပုန်းအောင်းနေထိုင်ခဲ့ကြပြီး အခွင့်သာသည်နှင့် မြေရိုင်းကျွန်းဘက်သို့ ခြေဦးလှည့်လာကြလေတော့သည်။

လေပြည်လေညင်း ဝေ့ယမ်းတိုက်ခတ်လာသည်။

နေရောင်ခြည်အောက်တွင် စိမ်းလန်းစိုပြည်သော သစ်ပင်များကို မျက်စိတဆုံး တွေ့မြင်နေရ၏။

အဝေးတွင် မှိုင်းညိုညို တောင်တန်းများလည်း ရှိနေပါ၏။

စစ်မက်အရိပ်အငွေ့ လုံးဝ ကင်းစင်သည့်နေရာ ဖြစ်ရကား ပျော်ရွှင် ကြည်နူးဖွယ်ရာအတိပြီးသည်ဆိုရပေသည်။

ဤနေရာသည်ကား ကျောက်ကျင်း အခြေချရာ မြေရိုင်းကျွန်းပင် ဖြစ်လေတော့သည်။

နေခြည် ဖြာကျလာသည်။

မြေရိုင်းကျွန်း၏ တောင်ဘက်မှ လှေတစ်စု ကျွန်းပေါ်သို့ တက်လာကြလေသည်။ ထိုလှေစုမှာ မားပင်ဦးဆောင်သောလှေစု ဖြစ်လေသည်။

သူတို့သည် မြေရိုင်းကျွန်းပေါ်သို့ ရောက်သည်နှင့် အပေါ်စီးမှ တွေ့မြင်နိုင်အောင် တောင်ကုန်းတစ်ခုပေါ် တက်ကာ နေရာယူလိုက်ကြလေသည်။

တောင်ကုန်းပေါ်မှကြည့်လျှင် မြေရိုင်းကျွန်း ဝန်းကျင်ကို ကောင်းစွာ တွေ့မြင်ရ၏။

မားပင်နှင့်အားယုံတို့သည် တောင်ဘက်ရှိ ကျောက်ကျင်း၏ စခန်းကို အာရုံ စိုက်နေကြ၏။

အိုရန်မူကားမားယဉ်ကိုအရိပ်တကြည့်ကြည့် မျက်စိအောက်မှ အပျောက်မခံချေ။



ယခု မားယဉ်သည် မိန်းမသားပင်ဖြစ်သည့်အစားနာကြည်းချက်ကြောင့် လေးမြားလွယ်ထားပြီ ဖြစ်လေသည်။

သူမသည် ကျောက်ကျင်းအား ကိုယ်တိုင်ကိုယ်ကျသုတ်သင်ရှင်းလင်းပစ်ရန် မြေရိုင်းကျွန်းသို့ လိုက်လာခဲ့ခြင်း ဖြစ်ပေတော့သည်။

မားပင်က ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်ပြီးလျှင် အိုရန်မူတို့အနီးသို့ လှည့်လာပြီး

'ကျွန်းပေါ်မှာတော့ မသင်္ကာစရာ ဘာမှ မတွေ့ရဘူး၊ ကျောက်ကျင်း ဒီကိုပြန်လာတယ်ဆိုတဲ့ သတင်း ခိုင်လုံတယ်၊ တို့တစ်တွေ ဟိုဘက်လျှိုကြီးအတိုင်း မြောက်ဘက်ကို သွားကြမယ်'

မလှမ်းမကမ်းရှိ လျှိုကြီးတစ်ခုအားညွှန်ပြရင်း ပြောလိုက်သည်။ အိုရန်မူနှင့် မားယဉ်တို့က မားပင်ပြောသမျှ စိတ်ဝင်စားစွာ နားထောင်နေကြလေတော့သည်။

မားပင်က ဆက်ပြောလိုက်သည်။

'မြောက်ဘက်ကို သုံးမိုင်လောက်သွားပြီးမှ အရှေ့ဘက်ကို ပြန်ကွေ့လိုက်ရင် ကျောက်ကျင်းရဲ့စခန်း အနောက်ဘက်က တောင်ကုန်းပေါ်ကို ရောက်သွားလိမ့်မယ်၊ တို့တစ်တွေ လာပြီး ဒုက္ခပေးနိုင်တယ် ဆိုတာကို ကျောက်ကျင်း ရိပ်မိထားတာပဲ၊ ဒါကြောင့် အားလုံး သတိမပြတ်စေကြနဲ့'

အားလုံးက ခေါင်းညိတ်ပြလိုက်ကြလေသည်။

မားပင်က

'ကဲ သွားကြစို့'

ပြောပြီး ရှေ့ဆုံးမှ ဦးဆောင်ကာ လျှိုထဲသို့ ဆင်းသွားလေသည်။

အိုရန်မူ၊ မားယဉ်၊ အားယုံနှင့်ကျန်လူများသည်းထက်ကြပ်မကွာ လိုက်သွားကြ၏။

သူတို့သည် သစ်ပင်ချုံနွယ်ထူထပ်သောလျှိုကြီးထဲသို့ဆင်းပြီး ရှေ့သို့ခရီးဆက်သွားကြသည်။

လျှိုထဲမှ သွားနေကြသည်ဖြစ်ရာ အပေါ်စီးမှကြည့်လျှင်ပင် ရုတ်တရက် တွေ့မြင်ရမည် မဟုတ်ချေ။

သစ်ပင်ချုံနွယ်များ ထူထပ်ရကား ကျောက်ကျင်းတို့ တွေ့သွားမည်ကို မစိုးရိမ်ရသော်လည်း ခရီးသွားရာ၌ ထင်သလောက် ခရီးမပေါက်တော့ချေ။

ဤသို့ဖြင့် တရွေ့ရွေ့ ခရီးဆက်လာခဲ့ရာ နေမွန်းတည့်ချိန်သို့ ရောက်သောအခါ…

'ယောကျ်ားဘသား တောင့်ထားစမ်း'

'တွန်း တွန်း'

'ဆွဲ ဆွဲ'

'မတစ်ထောင် တစ်ကောင်ဘွား အာဂယောကျ်ား'

အဝေးမှ တေးဆိုသံများ အတိုင်အဖောက်ညီညီ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

တောမလေ့ရှိရာ တေးသံများ ဖြစ်သည်။ စုပေါင်းကာ ဆောင်ရွက်ရသောကိစ္စများတွင် သီဆိုလေ့ရှိသောသီချင်းလည်း ဖြစ်လေသည်။



ဥပမာ လှေပြိုင်ပွဲ၊ နွားလှည်းပြိုင်ပွဲ စသည့် ပြိုင်ပွဲများ၌လည်း သီဆိုတတ်ကြပေသည်။

'ကျွန်းပေါ်မှာ ပြိုင်ပွဲများ လုပ်နေလို့လား'

အားယုံက လှတ်ခနဲ ပြောလိုက်၏။

ပတ်ဝန်းကျင်ဝယ် ကျောက်တောင်များ ဝန်းရံလျက် ရှိပါသည်။ တေးသံများ ဟိန်းထွက်လာသော်လည်း လူရိပ်လူယောင် မတွေ့ရချေ။

မားပင်မှာ အတွေ့အကြုံရင့်ကျက်သော မုဆိုးပီပီ တေးသံများကို နားစွင့်လိုက်ပြီး…

'အရှေ့ဘက်ကို မြန်မြန်သွားကြဟေ့'

ဟု အော်ပြောလိုက်လေသည်။

သူကိုယ်တိုင်လည်း သစ်ပင်ချုံနွယ်များကို ခုန်ကျော် ပြေးလွှားသွားခြင်းကြောင့် အားလုံး သူ့နောက်သို့ တရကြမ်း ပြေးလိုက်သွားကြ၏။

ချုံနွယ်ပိတ်ပေါင်းများနှင့် တိုးဝှေ့မိပြီး ထိခိုက်ပွန်းပဲ့သည်ကိုပင် မည်သူမျှ ဂရုမစိုက်နိုင်အားကြတော့ချေ။

အရှေ့ဘက်သို့ ဦးတည်ကာ မိုင်ဝက်ခန့် ပြေးသွားမိလျှင် ရှေ့ဆုံးမှ ပြေးလွှားသွားသည့် မားပင်သည် လက်တစ်ဘက် အပေါ်မြှောက်ပြလိုက်ပြီး ရုတ်တရက် မြေပေါ်ဝပ်ချလိုက်သည်ကို တွေ့ရလေသည်။

ထို့ကြောင့် နောက်မှ လိုက်သွားသူအားလုံးသည် မြေပေါ် ဝပ်ချလိုက်ကြလေသည်။

အိုရန်မုန့်နှင့် မားယဉ်တို့က မားပင်အနီးသို့ မြေပေါ်၌ တွားသွားကာ ချဉ်းကပ်သွားကြ၏။

သူတို့အနီးသို့ ကပ်လာသည်ကိုမြင်လျှင် မားပင်က

'ဟိုမှာကြည့်စမ်း'

ဟု တောင်ကုန်း အမြင့်ပိုင်း တစ်နေရာဆီသို့ ညွှန်ပြကာ ပြောလိုက်လေသည်။

အိုရန်မုံ မားယဉ်နှင့် အားယုံတို့ ကြည့်လိုက်ကြသည်။

ထိုအခါ တောင်ကုန်းအမြင့်ပိုင်း၌ လူတစ်စု ရှိနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ထိုလူစုသည် အဝါရောင် အဝတ်အစားများ ဝတ်ဆင်ထားကြသည်။ အဝေးမှကြည့်ရုံဖြင့် ကျင်းဟိုအား သစ္စာခံသော ဤအရပ်ဒေသသားများဖြစ်ကြောင်း သိနိုင်၏။

ထိုလူများသည် နီးရာဓားကို ကြောက်သဖြင့် ကျင်းတို့ စေခိုင်းသမျှ ဆောင်ရွက်နေသူများ ဖြစ်ကြလေသည်။

စုစုပေါင်း တစ်ရာကျော်ခန့်ရှိပြီး လှည်းဘီးကြီးများအား ဆွဲလာသည်ကို တွေ့ရ၏။

တောင်ဆင်းခရီးဖြစ်၍ လှည်းဘီးကြီးအား ရှေ့မှ လှိမ့်ချပြီး လူများက နောက်မှကြိုးဖြင့်ဆွဲကာ ထိန်းရင်း တရွေ့ရွေ့ ဆင်းလာနေကြခြင်း ဖြစ်၏။

လှည်းဘီးကြီးများသည် လွန်စွာမှပင် ကြီးမားလှပေသည်။ လှည်းဘီးကြီး၏ ဝန်ရိုးပေါ်တွင် သစ်သားဖြင့် လှောင်အိမ်ပြုလုပ်ထားပြီး လှောင်အိမ်ထဲ၌ လေးလံသောပစ္စည်းများ ထည့်သွင်းထားဟန်ရှိ၏။



တောင်ကုန်း တောင်တန်းပေါ်များသော အရပ်ဒေသတွင် လေးလံသောပစ္စည်းများကို ထိုသို့လှောင်ချိုင့်ပါသောလှည်းဘီးကြီးများဖြင့် သယ်ဆောင်ရလေ့ရှိသည်။

မားပင်က

'လှည်းဘီးသုံးခုဆိုတော့ ပစ္စည်းက နည်းမှာ မဟုတ်ဘူး၊ လေးလေးလံလံပစ္စည်းတွေ အများကြီး သယ်နေကြတာ ဘာသဘောလဲ၊ အဲဒီပစ္စည်းတွေဆိုတာ ငါသိချင်လိုက်တာ'

ဟု ပြောလိုက်လေသည်။

အိုရန်မုံ ရင်ထိတ်သွားသည်။

မားပင် ဝင်ရှုပ်တော့မည်ဟုလည်း တွက်ဆမိလိုက်လေသည်။

မားပင်အား ကန့်ကွက်တားဆီးရန် တန့်ပြင်လိုက်စဉ်

'ဖေဖေ၊ ဟိုမှာ ကြည့်စမ်းပါ'

ရုတ်တရက် မားယဉ်က တစ်နေရာဆီသို့ ညွှန်ပြကာ ပြောလိုက်၏။

မားပင်သာမက အိုရန်မုန့်နှင့် အားယုံတို့လည်း ကြည့်လိုက်မိကြ၏။

ထိုအခါ မြင်းဖုလေးစီးလျက် လှည်းဘီးကြီးကို ကြိုးဖြင့်ဆွဲနေကြသူများအား အမိန့်ပေးနေသည့် ကျောက်ကျင်းအား တွေ့မြင်လိုက်ရလေတော့သည်။

'လူယုတ်မာကြီး၊ ဖေဖေ.. သမီးလေးကို ရက်ရက်စက်စက် သတ်သွားတာ သူပေါ့'

မားယဉ်က ဒေါသတကြီး ပြောလိုက်၏။

မားပင်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

အိုရန်မုလည်း စိတ်ပြောင်းသွားသည်။

ချက်ချင်းပင် ဝင်ရောက် တိုက်ခိုက်လိုစိတ်များ ဖြစ်ပေါ် လာလေသည်။

သူတို့သည် ကျောက်ကျင်းအား သုတ်သင် ရှင်းလင်းရန် လာခဲ့သည် မဟုတ်ပါလား။

ယခု ကျောက်ကျင်းအား တွေ့ရပြီဖြစ်လေသည်။

မားပင်က

'တို့တစ်တွေ တိုက်ခိုက်ကြမယ်'

ဟု ပြောလိုက်၏။

အိုရန်မုနှင့် မားယဉ်တို့က ခေါင်းညိတ် သဘောတူလိုက် ကြလေသည်။

သဘောမတူသူမှာ အားယုံ ဖြစ်လေသည်။

အားယုံက

'ဆရာ သူတို့က လူများတယ်၊ မြားတစ်ကမ်း အကွာမက ဝေးနေတယ်၊ ကျွန်တော်တို့ သွားပြီး တိုက်ခိုက်ကြမယ်ဆိုရင် ကျွန်တော်တို့ လာနေတာကို သူတို့ အဝေးကြီး ကတည်းက တွေ့သွားကြမှာပေါ့၊ ထိပ်တိုက်ရင်ဆိုင်ရမယ်ဆိုရင် ကျွန်တော် တို့အတွက် အခြေအနေပေးမှာ မဟုတ်ဘူး'

ဟု သတိပေးလိုက်၏။

မားပင် ခေါင်းညိတ်လိုက်သည်။

'မင်း ပြောတာ မှန်တယ်၊ အတင်း ဝင်ပြီး တိုက်ခိုက်လို့ ဘယ်ရမလဲ၊ တို့ လာနေတာကို ချက်ချင်းတွေ့သွားမှာပေါ့'

'ဒါဖြင့် ဘယ်လိုလုပ်မလဲ'



'မြားတစ်ကမ်းအကွာအထိ တိတ်တဆိတ် ချဉ်းကပ်သွား မယ်၊ ပြီးတော့မှ မြားနဲ့ ပစ်ချမယ်လေ'

'ဖြစ်ပါ့မလား ဆရာ'

'လာစမ်းပါကွာ၊ ဖြစ်ကို ဖြစ်ရမယ်၊ ဘာမှမပူနဲ့'

ဟု ပြောလိုက်သည်။

အားယုံ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

မားပင်က

'ကဲ သွားကြစို့၊ မြားတစ်ကမ်း အကွာ မရောက်မချင်း တို့ကို မြင်မသွားစေနဲ့'

ပြောပြီး ရှေ့မှ ခပ်သွက်သွက်ကလေး ထွက်သွားလေသည်။

အိုရန်မုတို့လည်း စိတ်လှုပ်ရှားစွာဖြင့် နောက်မှ လိုက်သွား ကြ၏။

တေးသံများကား အတိုင်အဖောက်ညီညီ ထွက်ပေါ်နေဆဲ။

လောင်အိမ်ပါသော လှည်းဘီးကြီး များအား တောင် ပေါ်မှ တရွေ့ရွေ့ လိမ့်ချလာနေကြသည်။ ကျောက်ကျင်းတို့ လူစုသည်လည်း တောင်အလယ်ပိုင်းသို့တိုင် ခရီးပေါက်လာပြီ ဖြစ်လေသည်။

'ဒီနေရာဆို တော်လောက်ပြီ'

မားပင်က အားယုံ ကြားအောင် အော်ပြောလိုက်၏။

အားယုံသည် မားပင် လက်ဝှေ့ယမ်း ပြလိုက်သည်နှင့် ချုံကြီးအတွင်း၌ ပြားပြားဝပ်ကာ နေရာယူထားလိုက်ကြ၏။

အိုရန်မုက တောင်ပေါ်သို့ အကဲခတ် ကြည့်လိုက်သည်။ ကျောက်ကျင်းတို့ လူစုသည် ပစ္စည်းများ သယ်ဆောင်ရန်

အဓိကထားနေကြပြီး အလုပ်သမားများ ရာချီ ပါလာသော်လည်း လက်နက်ကိုင် အစောင့်အကြပ်များကား တစ်ယောက်တလေမျှသာ ပါလာသည်ကို တွေ့ရလေသည်။

'တော်ပါသေးရဲ့၊ကျင်းစစ်သည်တွေ ပါလာရင် တိုက်ခိုက်ဖို့ဆိုတာ လွယ်မှာ မဟုတ်ဘူး'

ဟု ကျိတ်ပြီး တွေးမိလေသည်။

ထိုစဉ် မားပင်၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မားပင်က

'ကျောက်ကျင်းက တောင်အမြင့်ပိုင်းမှာဆိုတော့ အောက်ကို ဆင်းလာအောင် မျှားခေါ် ရမှာပဲ၊ ကဲ ငါက မြားနဲ့ပစ်တာနဲ့ မင်းတို့အားလုံး တစ်စင်းပြီးတစ်စင်း မရပ်မနားပစ်ကြပေတော့'

သူ၏ လူများဘက် လှည့်ကာ ပြောလိုက်၏။

သူ၏လူများလည်း ချက်ချင်း လေးမြားများ အသင့်ပြင်လိုက်ကြလေသည်။

မားပင်က မားယဉ်ဘက်သို့ လှည့်ကာ

'သမီး လှည်းဘီးတွေကို ဆွဲလာတဲ့ ကြိုးတွေကို တွေ့တယ်မဟုတ်လား'

ဟု မေးလိုက်၏။

မားယဉ် ခေါင်းညိတ်လိုက်၏။

'တွေ့ပါတယ် ဖေဖေ'

'ကောင်းပြီ၊ အဲ့ဒီ ကြိုးတွေကို မြားနဲ့ထိအောင်ပစ်မယ်၊



ကြိုးဆွဲလာတဲ့လူတွေ ခေါင်းပေါ်က ကျော်ပစ်မယ်၊ သမီးသဘောပေါက်တယ်နော်'

'သဘောပေါက်ပါတယ် ဖေဖေ'

အမှန်တော့ အလုပ်သမားများမှာ ကျင်းတို့အား ကြောက်ရွံ့သဖြင့် သစ္စာခံနေရသော ဒေသခံများဖြစ်၏။

ထို့ကြောင့် ကိုယ့်အချင်းချင်း မထိခိုက်စေလိုသည့်သဘောဖြင့် မားပင်ကြိုတင်ပြောလိုက်ခြင်း ဖြစ်လေသည်။

မားပင်က တောင်ပေါ်မှ တရွေ့ရွေ့ ဆင်းလာသူများကို ကြည့်လိုက်သည်။

ထို့နောက် အကွာအဝေးကို ခန့်မှန်းတွက်ဆလိုက်ပြီးလျှင် လေးနှင့်မြားကို ထုတ်ယူလိုက်၏။

သူ့မှာ ကျောက်ကျင်းအား ပစ်ခတ်သုတ်သင်လိုပေသည်။

သို့သော် ကျောက်ကျင်းမှာ တောင်အမြင့်ပိုင်း၌ ရှိနေသေးသည် ဖြစ်ရကား မြားဖြင့်ပစ်ခတ်၍ ထိနိုင်မည် မဟုတ်ပါချေ။

မားပင်က လေးနှင့်မြားကို အသင့်ပြင်ကာ အပေါ်ဆုံးရှိ လှည်းဘီးအား ကြိုးဖြင့်ထိန်းကာ ဆွဲထားနေများထံချိန်ရွယ်လိုက်သည်။

တစ်ဖန် လေးညှို့ကိုင်ငင်ကာ ပစ်ခတ်လိုက်သည်။

'ဝှီ'

မြားတံမှာ ပိတုန်းတစ်ကောင်ပမာ ဝီခနဲမြည်ကာ ပစ်လွှင့်သွား၏။ မားယဉ်ကလည်း အားကျမခံ ပစ်လိုက်သည်။

'ဝှီ'

ထိုအခါမှ မားယဉ်သည် လေးနှင့်မြားကို ကျွမ်းကျင်စွာ ကိုင်တွယ်ပစ်ခတ်တတ်ကြောင်း အိုရန်မှ သိလိုက်ရတော့သည်။

မြားတံများသည် တောင်ပေါ်မှ ဆင်းလာနေသူများထံသို့ တဖွဲဖွဲ ပစ်လွှင့်သွားလေ၏။

ရုတ်တရက်

တေးသံများ ကွယ်ပျောက်သွားသည်။

အထိတ်တလန့် အော်ဟစ်သံများ ထွက်ပေါ်လာသည်။

မြားတံများသည် လှည်းဘီးကြီးဆွဲလာသူများ၏ ဦးခေါင်းပေါ်မှ ဖြတ်ကျော်သွား၏။

မားပင်ပစ်လိုက်သော မြားတံသည် လှည်းဘီးကြီးအား ဆွဲထားသည့်ကြိုးကို တန်းတန်း မတ်မတ် ထိမှန်သွားလေတော့သည်။

ကြိုးလုံးကြီးသည်ဖြစ်ရကား ရုတ်တရက်ပြတ်သွားဖို့မလွယ်ပါချေ။

သို့သော် အလွန်လေးလံသည့် လှည်းဘီးကြီးအား ဆွဲထားသည်ဖြစ်ရကား ကြိုးမှာ တင်းလွန်းနေသဖြင့် မြားထိမှန်သွားသည်နှင့် ကြိုးစအချို့ ပြတ်သွားလေသည်။

'ဖောက်'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

ကြိုးမှာ ပြတ်တောက်သွား၏။

'ဟာ... ကြိုးပြတ်ပြီ၊ ပြေးဟေ့ ပြေး'

အော်ဟစ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

လှည်းဘီးကြီးအား ဆိုင်းထားသော ကြိုးတစ်ခွေ ပြတ်



သွားရာ ကျန်ကြိုးတစ်ချောင်းဖြင့် အားပြု ဆွဲထားသူများသည် လှည်းဘီး၏အလေးချိန်ကို မခံနိုင်ကြတော့ချေ။

လှည်းဘီးမှာ ဗရမ်းဗတာဖြင့် အောက်သို့ တစ်ဟုန်ထိုး လိမ့်ဆင်းလာလေသည်။ ကျန်ကြိုးစဆွဲထားသူများသည် မတတ်သာသည့်အဆုံး ကြိုးစကိုလွှတ်ပေးလိုက်၏။

ထိုအခါ လှည်းဘီးကြီးမှာ အထိန်း အကွပ် မရှိဘဲ တောင်အောက်သို့ လိမ့်ဆင်းကျလာလေတော့သည်။

ထိုအခါ လှည်းဘီးကြီး လိမ့်ဆင်းလာလျှင် ရှေ့သို့ ဆောက်နှင့်နေသော လှည်းဘီးနှစ်ခုအား ဆွဲထားသူများအထိတ်တလန့် ဖြစ်ကုန်ကြလေသည်။

သူတို့အား ဖြတ်ကျော်ကြိတ်နင်းသွားမည်ကို စိုးရိမ်ကာ ကြိုးများကို လက်လွှတ်ပြီး ဘေးလွတ်ရာသို့ တစ်ဟုန်ထိုး ပြေးလွှား ရှောင်တိမ်းသွားကြလေသည်။

ထိုအခါ လှည်းဘီးကြီးသုံးခုစလုံး အထိန်းအကွပ်မရှိ ဗရမ်းဗတာ လိမ့်ဆင်းကျလာလေတော့သည်။

'ပြေးဟေ့ ပြေး ပြေး'

'အမလေးဗျာ'

ပြေးလွှား ရှောင်တိမ်းနေသည့်ကြားမှ အချို့လူများသည် တစ်ဟုန်ထိုးလိမ့်ဆင်းလာသည့် လှည်းဘီးကြီး၏ ဖြတ်ကြိတ်ခြင်း ခံကြရလေသည်။

လှည်းဘီးသုံးခုစလုံး တောင်အောက်သို့ တစ်ဟုန်ထိုး လိမ့်ဆင်းသွားသည်ကို မည်သူမျှ တားဆီးခြင်း မပြုနိုင်ကြပါတော့ချေ။

ကျောက်ကျင်းသည် မြင်းပုလေးကို စီးနင်းကာ တောင်ပေါ်သို့ ပြန်တက်သွားလေသည်။

ရန်သူ၏ တိုက်ခိုက်ခြင်း ခံရပြီဖြစ်ကြောင်း ရိပ်မိလိုက်သည် မဟုတ်ပါလား။

လှည်းဘီး ဆွဲလာကြသည့် အလုပ်သမား များသည်လည်း အော်ဟစ်ကာ တောင်ပေါ် ပြေးတက်သွားကြလေသည်။

လှည်းဘီးကြီးများ တဝုန်းဝုန်းမြည်ကာ ပြုတ်ကျလာဆဲ၊

'ဟေး ... ဟေး'

မားပင်၏ တပည့်များသည် ရန်သူကို ဖရိုဖရဲဖြစ်အောင် ပြုလုပ်နိုင်ခဲ့သဖြင့် ဝမ်းသာအားရ အော်ဟစ်လိုက်ကြလေသည်။

မားပင်က...

'ဟော့ လှည်းဘီးတွေကို သတိထား၊ တို့ဘက်ကို ကျလာနေတယ်'

ဟု သတိပေးလိုက်ရသည်။

မှန်ပေသည်။ လှည်းဘီးကြီးများသည် သူတို့ ရှိနေသည့် လျှိုကြီးရှိရာသို့ဦးတည် လိမ့်ဆင်းလာလေသည်။

လှည်းဘီးနှစ်ခုသည် အရှိန်ဖြင့် မြောက်ကာ မြောက်ကာ ခုန်သွားပြီး လျှိုကြီးကိုကျော်ဖြတ်ကာ မြေပြန့်ပိုင်းသို့ ဆက်၍ လိမ့်ဆင်းသွားလေသည်။

လှည်းဘီးကြီးတစ်ခုသာလျှင်

'ဝုန်း'

လျှိုကြီးထဲသို့ တန်းတန်းမတ်မတ် ကျဆင်းလာလေသည်။

မားပင်တို့လူစု ကပျာကယာ ရှောင်တိမ်းလိုက်ကြရ၏။



အားယုံက...

'လှောင်ချိုင့်ထဲမှာ ဘာတွေရှိသလဲ သွားကြည့်ကြရအောင်'

အော်ပြောပြီး ရှေ့ဆုံးမှ ပြေးလာသွား၏။

မားပင်တို့လည်း နောက်မှ ပြေးလိုက်သွားကြ၏။

လှည်းဘီးကြီးကား သစ်ပင်များ၊ ကျောက်တုံးကျောက်ခဲများနှင့် တိုက်မိကာ တစ်စစီ ပျက်စီးသွားပြီ ဖြစ်လေသည်။

မားပင်တို့လူစုသည် တစ်ခဏအတွင်း အပျက်အစီးပုံအနီးသို့ ရောက်ရှိသွားကြလေသည်။

'ဟာ ဒါတွေက ဘာတွေလဲ'

အားယုံက အော်ပြောလိုက်လေသည်။

မားပင်၊ မားယဉ်နှင့် အိုရန်မူတို့ ဝိုင်းကြည့်လိုက်ကြလေသည်။

မားပင်က...

'ဒါ ကြေးပြားတွေပဲ'

ဟု ပြောလိုက်လေသည်။

မှန်ပေသည်။ လှည်းဘီးကြီးများပေါ်၌ လှောင်ချိုင့်များ ပြုလုပ်ထားပြီး အဆင့်များဖြင့် ကြေးပြားချပ်ကြီးများ အစီအရီ တင်ထားခြင်းဖြစ်၏။

ယခုမူ ကြေးပြားချပ်ကြီးများသည် မြေပေါ်ထော် ပြန့်ကြဲကာ ဟိုတစ်စုသည်တစ်စု ထွက်ကျနေ၏။

ကြေးပြားအချပ်ကြီးများမှာ ဆယ်ပေပတ်လည်ခန့် ရှိပြီး အလွန်ထူထဲ လေးလံလှပေသည်။

မားပင်တို့အားလုံး ကြေးပြားကြီးများကို တအံ့တဩကြည့်နေကြ၏။

အိုရန်မှ မျက်မှောင်ကြုတ်သွားသည်။

ကြေးပြားတစ်ချပ်ကို ကိုင်တွယ်ကြည့်ရှုရင်း...

'ဒါက ရွက်လှေကြီးတွေ တည်ဆောက်ရာမှာ သစ်သားနဲ့ ကိုယ်ထည်အစား ကြေးထည်ကို အစားထိုး အသုံးပြုကြတဲ့ ရွက်လှေကြီးတွေအတွက် တမင်သွန်းလောင်းထားတဲ့ကြေးပြားကြီးတွေပဲ ဖြစ်ရမယ်'

ဟု မှတ်ချက်ချလိုက်လေသည်။

သူ၏စကားကြားလျှင် အားလုံးကသူ့အား ဝိုင်းကြည့်လိုက်ကြလေသည်။

မားပင်က...

'ရွက်လှေမှာသုံးတဲ့ ကြေးပြားတွေ ဟုတ်လား'

ဟု မေးလိုက်လေသည်။

အိုရန်မှ ခေါင်းညိတ်လိုက်သည်။

'ဖြစ်နိုင်ပါတယ်၊ ဒီလောက်ကြီးမားတဲ့ ကြေးပြားတွေကို စစ်လှေကြီးတွေမှာပဲ သုံးတတ်ကြတာ၊ ရှေးက ကြေးနဲ့ ကိုယ်ထည်နဲ့ ဆောက်လုပ်ထားတဲ့ စစ်လှေကြီးတစ်စင်း ရှိတယ်လို့ ကျွန်တော် စာထဲမှာ ဖတ်ဖူးတယ်'

သူ၏စကားကြောင့် မားပင် နှာခေါင်းရှုံ့သွားလေသည်။

အိုရန်မှက အမဲလိုက်ပညာ အကြောင်း ပြောလျှင် သဘော မကျသလို၊ သူကလည်း စာပေပညာအကြောင်း ပြောသည်ကို ဘယ်သောအခါမှ သဘောမကျခဲ့ပါချေ။

မားယဉ်က...



'အစ်ကို ဒီကြေးပြားတွေကို စစ်လှေကြီးတွေမှာ အသုံးပြုလေ့ရှိတယ် ဟုတ်လား'

ဟု မေးလိုက်လေသည်။

အိုရန်မှက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ် ညီမ'

'ဒါဖြင့် ကျင်းတွေက သူတို့ရဲ့ စစ်လှေတွေမှာ အသုံးပြုမှာ ပေါ့နော်'

ထိုစဉ် အားယုံက လွှတ်ခနဲ အော်လိုက်လေသည်။

'ကြေးပြားတွေကို မရဏလှေကြီးမှာ အသုံးပြုဖို့ပဲ ဖြစ်ရမယ်'

ထိုစကားကြားလျှင် အားလုံး ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

သူတို့သည် ရှုပ်ထွေးသော ကိစ္စတစ်ခုတွင် ပါဝင်ပတ်သက်နေမိပြီဖြစ်ကြောင်း ရိပ်မိလိုက်ကြသည်။

မရဏလှေကြီးကား သူတို့အတွက် မမေ့နိုင်သော အမှတ်အသားတစ်ခုဖြစ်ပေသည်။

မရဏလှေကြီးအား သူတို့ကဲ့သို့ သာမန်အရပ်သားများ မဆိုထားနှင့် ကျင်းတို့အား ရင်ဆိုင်နေသည့် နေပြည်တော်မှ တပ်ဖွဲ့များပင်လျှင် ကြောက်ရွံ့သွားတတ်ကြလေသည် မဟုတ်ပါလား။

ထိုစဉ်မှာပင်

'ဝိုင်းဟေ့... ဝိုင်းဟေ့'

'ရန်သူတွေကို မလွှတ်စေနဲ့'

'လိုက်ကြဟေ့'

အဝေးမှ ညာသံပေးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အိုရန်မှုတို့ မော့ကြည့်လိုက်သောအခါ တောင်ကုန်းပေါ်မှ အဝါရောင်ဝတ်ဆင်ထားသူများ ညာသံပေးကာ ပြေးဝင်လာနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

အိုရန်မှု မျက်လုံးပြူးသွား၏။

သူတို့၏ လူစုကလေးဖြင့် ရန်သူများကို မည်သို့မျှခုခံရင်ဆိုင်နိုင်မည်မဟုတ်ကြောင်း နားလည်သွားလေသည်။

မားပင်လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

'တို့သွားမှ ဖြစ်မယ်'

ဟု ကပျာကယာ ပြောလိုက်သည်။

ထို့နောက် ချာခနဲလှည့်ကာ ပြေးထွက်သွား၏။

မားပင် ထွက်သွားလျှင် သူ၏တပည့်များလည်း ထက်ကြပ်မကွာ ပြေးလိုက်သွားကြလေသည်။

မပြေးဘဲ ရပ်လျက်ကျန်ရစ်ခဲ့သူမှာ မားယဉ် ဖြစ်လေသည်။ မားယဉ်သည် လေးနှင့်မြားကိုကိုင်ကာ အံကြိတ်ပြီး ရပ်နေသည်။

သူမသည် ကျောက်ကျင်းအား အပြီးတိုင် သတ်သင် ရှင်းလင်းပစ်လိုဟန် ရှိနေသည်။

'ညီမ'

အိုရန်မှု အထိတ်တလန့် ခေါ်လိုက်၏။

မားယဉ်က သူ့အား မကြည့်ချေ။



တောင်ကုန်းပေါ်မှ ပြေးဆင်းလာနေသူများကိုသာ မျက်တောင်မခတ် ကြည့်နေလေသည်။

'ညီမ'

အိုရန်မှုက သူမအနီးသို့ ပြေးသွားပြီး ပခုံးနှစ်ဘက်ကို ကိုင်လှုပ်ကာ ခေါ်လိုက်လေသည်။

'ရှင်'

မားယဉ် မပွင့်တပွင့် ထူးလိုက်သည်။

ယခုမှ သတိဝင်လာဟန် ရှိလေသည်။

အိုရန်မှုက

'ညီမ အစ်ကိုတို့သွားကြပါစို့'

ဟု ညင်သာစွာ ပြောလိုက်လေသည်။

'အစ်ကို ကျောက်ကျင်းဟာ ညီမအတွက်နော်'

ဟု ပြောလေသည်။

အိုရန်မှု ခေါင်းညိတ်လိုက်သည်။

'မှန်ပါတယ် ညီမရယ်၊ သူဟာ ညီမအတွက်ပါပဲ'

မားပင် ဘာမှ မပြောတော့ပါ။

ချာခနဲလှည့်ကာ ပြေးသွားလေသည်။

သူတို့သည် ကျောက်ကျင်းတို့လူစုရောက်မလာမီ မြေရိုင်းကျွန်းမှ ထွက်ခွာသွားနိုင်ခဲ့ကြလေသည်။

မြေရိုင်းကျွန်းမှအပြန်တွင် တွေ့ရှိခဲ့ရသော ကြေးပြားကြီးများနှင့်ပတ်သက်ပြီး ဂဟောင်ဦးများ ရင်ထဲကိန်းအောင်းနေခဲ့ကြလေတော့သည်။

လေပြည် လေညင်း ဝေ့ယမ်းတိုက်ခတ်လာသည်။

မားယဉ်၏ ဆံကေသာများ လေထဲ တလူလူလွင့်ပျံသွားသည်။

မားယဉ်က တောင်ကုန်းကလေးများပေါ်မှနေ၍ တောင်ခြေဆီသို့ ငေးမောကြည့်နေ၏။

အိုရန်မုက မလှမ်းမကမ်း၌ရပ်ကာ သူမအား ကြည့်နေ၏။

မားယဉ်သည် ပျော်ပျော်ရွှင်ရွှင် နေထိုင်သူဖြစ်၏။

ယခုမူ ပျော်ရွှင်မှုဟူသရွေ့သည် သူမထံမှ ဗယ်ခွာသွားပြီဖြစ်လေသည်။

သူမသည် အချိန်တိုင်းလိုလို ငေးငိုင်နေတတ်ပြီ မဟုတ်ပါလား။

အိုရန်မု သက်ပြင်းချလိုက်သည်။

'ညီမ'

ခေါင်း အနီးသို့ ချဉ်းကပ်သွားလေသည်။

မားယဉ် လှည့်ကြည့်လိုက်သည်။

အိုရန်မုကို မြင်လျှင်

'အစ်ကို'

ခေါင်း ရင်ခွင်ထဲတိုးဝင်ကာ ငိုကြွေးလိုက်လေသည်။

အိုရန်မု စိတ်မကောင်းဖြစ်သွားလေသည်။

'ညီမရယ်၊ ဒီလောက်တောင်လဲ ဝမ်းနည်းမနေပါနဲ့ကွယ်၊ ဖြစ်ပြီးမှတော့ ဘယ်တတ်နိုင်ပါတော့မလဲ'

ဖျောင်းဖျလိုက်လေသည်။

မားယဉ်က



'အစ်ကို'

'ပြော ညီမ'

'အစ်ကို ဒီအတိုင်းပဲ လက်ပိုက်ကြည့်နေတော့မှာလား ဟင်'

'ဩော် ညီမရယ်'

'အစ်ကို'

'ညီမ ဘာပြောမလို့လဲဟင်'

'အစ်ကို ဒီအတိုင်း လက်ပိုက် ကြည့်နေတော့ မှာလား၊ ဘာမှ မလုပ်တော့ဘူးလား'

အိုရန်မုသည် သူမ စိတ်ချမ်းသာစေရန် မည်သည့် ကိစ္စမဆို လုပ်ရန် ဝန်မလေးတော့ချေ။

မားယဉ်ကို စေ့စေ့ကြည့်ကာ

'ညီမ ဘာလုပ်ချင်သလဲ ပြော၊ အစ်ကို ဖြစ်အောင် လုပ်ပေးမယ်'

'အစ်ကို တကယ် ပြောတာနော်'

'တကယ်ပေါ့ ညီမရယ်'

'ဒါဖြင့် မြေရိုင်းကျွန်းပေါ်မှာ ကြေးပြားကြီးတွေ တွေ့ခဲ့လိုက်သားနဲ့ ဘာကြောင့် မသိသလို လုပ်နေတာလဲဟင်'

အိုရန်မု ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

မားယဉ်ကို နားမလည်နိုင်စွာ ကြည့်ကာ

'ညီမ ဘာကို ဆိုလိုတာလဲဟင်'

'အစ်ကို၊ ကျွန်မတို့ တွေ့ခဲ့ရတဲ့ ကြေးပြား ကြီးတွေဟာ မိစ္ဆာလှေကြီးမှာ အသုံးပြုဖို့ဆိုတာ အစ်ကို သိပါတယ်နော်'

အိုရန်မု ခေါင်းညိတ်လိုက်သည်။

'ဖြစ်နိုင်ပါတယ် ညီမရယ်'

'မရဏာလှေကြီးမှာ ကြေးပြားကြီးတွေ ဘာကြောင့် လိုနေရတာလဲ၊ အစ်ကို စဉ်းစားကြည့်ပါ'

'အစ်ကို စိတ်ထင်တော့ တိုက်ပွဲဆင်နွှဲရာမှာ ဒဏ်ရာဒဏ်ချက်တွေ ရသွားလို့ ဖြစ်မှာပေါ့'

မားယဉ်က

'ဟုတ်တယ်၊ မရဏာလှေကြီးရဲ့ ကိုယ်ထည်မှာ အပေါက်အပြဲတွေ ဖြစ်ကုန်လိမ့်မယ်၊ ဒါကြောင့် ဖာထေးဖို့ ကြေးပြားတွေ လိုအပ်နေတာပဲ ဖြစ်ရမယ်၊ မရဏာလှေကြီး ပြင်ဆင်ပြီးသွားရင် နေပြည်တော်က တပ်ဖွဲ့တွေ ဘယ်လိုနေမလဲ'

'ဒီတစ်ခါတော့ နေပြည်တော်က တပ်ဖွဲ့တွေ အထိနာလိမ့်မယ် ထင်တယ်'

'အစ်ကို'

'ပြော ညီမ'

'သူတို့က မတားဆီးနိုင်ဘူးဆိုရင် ကျွန်းတွေဟာ ညီမတို့တိုင်းပြည်ကို ကျူးကျော် သိမ်းပိုက် လာကြမှာပါ၊ ဒါဆိုရင် ညီမလို အဖြစ်မျိုး တွေ့မယ့်သူ ရာထောင်ချီပြီး ရှိလာလိမ့်မယ်၊ အစ်ကို တားဆီးဖို့ မကြိုးစားဘူးလားဟင်'

အိုရန်မှ သက်ပြင်းချလိုက်သည်။

'အစ်ကို ကြိုးစားရမှာပေါ့ ညီမရယ်'

'အစ်ကို ဘယ်လိုလုပ်မလဲ'

'အစ်ကိုက...'

သူ၏ စကားမဆုံးမီ



'တပ်မင်း ဝူလီမင်းနဲ့ သွားတွေ့ရမှာပေါ့'

စကားသံတစ်ချက် ထွက်ပေါ် လာသည်ကို ကြားလိုက်ရလေသည်။

အိုရန်မှနှင့် မားယဉ်တို့ လှည့်ကြည့်လိုက်၏။

ထိုအခါ မားပင်က သူတို့ထံ လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

မားပင်က

'သမီး ...သမီး စိတ်ဆင်းရဲနေရသလို ဖေဖေလဲ စိတ်ဆင်းရဲနေရတယ်ဆိုတာ ယုံပါ၊ ဖေဖေ့ မြေးလေးအတွက် ဖေဖေမှာလဲ တာဝန်ရှိပါတယ်၊ ဖေဖေကိုယ်တိုင် တပ်မင်း ဝူလီမင်းနဲ့ သွားတွေ့မယ်'

ဟု ပြောလိုက်၏။

အိုရန်မှနှင့် မားယဉ်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

အိုရန်မှသည် ပထမဆုံးအကြိမ်အဖြစ် မားပင်အားကျေးဇူးတင်မိသွားလေတော့သည်။

## သူ့ရဲ့ကောင်း

ကမ်းစပ်မှ လှမ်းကြည့်မည်ဆိုလျှင် မြစ်လယ်တွင် နေမြည်တော်မှ တိုက်လှေများ အစီအရီ ကျောက်ချ နားနေသည်ကို ဂုဏ်ယူဝင့်ကြွားဖွယ် တွေ့မြင်ရမည်ဖြစ်လေသည်။

တိုက်လှေများပေါ်၌အနီရောင်ဝတ်ဆင်ထားသည့် စစ်သည်ရဲမက်များ လှုပ်ရှားသွားလာနေသည်ကိုတွေ့မြင်နိုင်၏။

မားပင်က စားပွဲပေါ်၌ရှိနေသောအရက်အိုးကို ကောက်ယူကာ ဆတ်ခနဲမော့ချလိုက်၏။

ဤနေရာသည် တပ်မင်း ဝူလီမင်း၏ ယာယီစခန်းချရာနေရာဖြစ်၏။

မားပင်က သတင်းထူး ပေးစရာရှိသည်ဟု ပြောဆို၍ တောင်းကာ စခန်းထဲဝင်လာခဲ့ခြင်းတည်း။



စစ်သည်တော်များက သူ့အား မြစ်ထဲသို့အပေါ်စီးမှသီး၍ တွေ့မြင်နိုင်သော ယာယီတဲတစ်လုံးရှေ့၌နေရာချပေးခဲ့ကြသည်။

ထို့နောက် အရက်၊ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းကျွေးမွေးလေသည်။

မားပင်သည် စားသောက်ဖွယ်ရာများကို လုံးဝ စိတ်မဝင်စားပါချေသည်။

စိတ်ဝင်စားသည်မှာ ပီကင်း မြို့တော်မှ ချက်လုပ်သောအရက်မွှေးဖြစ်လေသည်။ အရက်တစ်ခွက် ဝင်သွားသည်နှင့် နောက်ထပ်တစ်ခွက် သောက်ဖို့ ဝန်မလေးတော့ပြီ။

တပ်မင်း ဝူလီမင်းရောက်ရှိလာသောအခါ မားပင် အရက်ကို တစ်ဝက်ခန့် သောက်ပြီးနေပြီဖြစ်၏။

အရက်မွှေးကား အလွန်ပြင်းရကား အရက်ချိုး မားပင်ပင်လျှင် အနည်းငယ် မူးယစ်ရီဝေနေမြီတည်း။

တပ်မင်း ဝူလီမင်းသည် အသက် လေးဆယ်ကျော်ခန့်သာရှိသေးသူတစ်ယောက်ဖြစ်လေသည်။

မားပင်ကို တစ်ချက် အကဲခတ်ကြည့်ပြီးသည်နှင့် သူ၏ သက်တော်စောင့်အား မျက်ရိပ်မျက်ခြည် ပြလိုက်လေသည်။

သူ၏သက်တော်စောင့်သည် ချက်ချင်းပင် အရက်နှင့် စားသောက်ဖွယ်ရာများကို သိမ်းဆည်းသွားလေတော့သည်။

မားပင် ကြောင်အမ်းအမ်း ဖြစ်သွား၏။

ဝူလီမင်းကို ကြည့်လိုက်လေသည်။

ဝူလီမင်းက ပြုံးလိုက်ပြီး

'ခင်ဗျား ကျုပ်နဲ့ စကားပြောဖို့ လာတာ မဟုတ်လား၊ အရက်သောက်ဖို့လာတာတော့ မဟုတ် ပါဘူးနော်'

'ဟာ…မဟုတ်ပါဘူး'

'ကဲ ဒါဖြင့် ကျုပ်တို့ စကားပြောကြရအောင်'

ဝူလီမင်းသည် ပြောသားသူ တစ်ယောက် ဖြစ်ကြောင်း သိသာနိုင်ပေသည်။ မားပင်က—

'ဟုတ်တယ် ကျုပ်တို့ စကား ပြောကြမယ်'

လေတဟူးဟူး တိုက်ခတ်နေသဖြင့် အရက်ရှိန်တဖြည်းဖြည်း တက်လာ၏။

ဝူလီမင်းက တည်ကြည်သော မျက်နှာထားဖြင့်—

'ခင်ဗျားက ကျုပ်ကိုတွေ့ချင်တာ ဘာကြောင့်လဲပြောပါ'

ဝူလီမင်းသည် အလွန် အလုပ်ရှုပ်နေသည့်ကြားမှ အချိန်ပေးကာ လက်ခံတွေ့ဆုံခဲ့ခြင်းဖြစ်ပေသည်။

မားပင်က—

'မရဏလှေကြီးကို တပ်မင်း သိမှာပါ'

ဟု အစ ချီလိုက်၏။

ထိုစကားကြားလျှင် ဝူလီမင်း၏မျက်ခုံးမွေးအစုံ နဖူးပေါ် မြင့်တက်သွားလေသည်။

မားပင်ကို စိုက်ကြည့်လိုက်ပြီး

'မရဏလှေကြီး ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

'ပြောပါဦး မရဏလှေကြီးက ဘာဖြစ်သလဲ'



'မရဏလှေကြီးဟာ နေပြည်တော်က တပ်ဖွဲ့တွေကို ဘယ်လောက်အထိ ဒုက္ခပေးခဲ့တယ်ဆိုတာ တပ်မင်း အသိဆုံးပါပဲ'

'ဟုတ်ပြီလေ မရဏလှေရဲ့ ဒုက္ခပေးပုံကိုပြောနေရင် တစ်နေကုန်သွားလည်း ဆုံးမှာ မဟုတ်ဘူးဗျ'

မားပင် ပြုံးလိုက်သည်။

'ဒါကြောင့် ကျုပ်ကလဲ ပြောနေတာပေါ့၊ မရဏလှေကြီးကို ဖျက်ဆီးနိုင်ရင် ဘယ်လောက်ကောင်းမလဲ'

ဝူလီမင်းက

'ကျုပ်တို့အားလုံး ဖျက်ဆီး နှစ်မြုပ်ပစ်လိုက်ချင်ပါတယ်ဗျာ၊ ကဲ ခင်ဗျားက ဘာကိုပြောဖို့ လာတယ်ဆိုတာ ပွင့်ပွင့် လင်းလင်းပြောရင် ကောင်းမယ်'

မားပင် ရင်ခကော့လိုက်သည်။

'စိတ်ချ ကျုပ်ကလဲပြောချင်လှန်းလို့ လာတာပါ၊ မရဏလှေကြီးဟာ တိုက်ပွဲမှာ အထိနာသွားပုံရတယ်၊ တစ်နေရာရာမှာ ပုန်းလျှိုး ကွယ်လျှိုး ကျောက်ချရပ်နားပြီး ပြုပြင်နေပုံရတယ်ဗျ'

ဝူလီမင်း ရင်ထိတ်သွား၏။

လွန်ခဲ့သော တစ်လခန့်က မြစ်ဝါမြစ်အတွင်း၌ရေကြောင်းတိုက်ပွဲကြီးများ ကြောက်ခမန်းလိလိ ဖြစ်ပွားခဲ့၏။

ဆုတ်ခွာသွားသည့် ကျင်းတပ်ဖွဲ့များနောက်သို့ ဝူလီမင်းဦးဆောင်သောတပ်ဖွဲ့များ လိုက်လံ ချေမှုန်းရင်း မြစ်ဝါမြစ်အတွင်း၌ ကျင်းတို့ အားထားသော မရဏလှေကြီးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်၏။

မရဏလှေကြီး၏ ကြောက်မက်ဖွယ်ရာ စွမ်းပကားကို ဝူလီမင်းကိုယ်တိုင် တွေ့မြင်ခဲ့ရခြင်း ဖြစ်ပေသည်။

မရဏလှေကြီးသည် နေပြည်တော်မှ တိုက်လှေ များကို အပိုင်းပိုင်းပြတ်အောင် တိုက်ခိုက်ဖျက်ဆီးပစ်လိုက်သည်။

လှေများဖြင့် တစ်ဘက်ကမ်းသို့ ကူးဖြတ်နေသည့် စစ်သည်တော်များမှာ မရဏလှေကြီးကြောင့် တပ်ပျက်ကာ ဖရိုဖရဲ ဖြစ်ခဲ့ကြရ၏။

ဝူလီမင်းကိုယ်တိုင် တိုက်လှေကြီးငါးစင်းကို ဦးဆောင်ကာ မရဏလှေကြီးနှင့် ရင်ဆိုင်ခဲ့၏။

နောက်မဆုတ်တမ်း ရှုပ်ရှုပ်ချချ တိုက်မှ မရဏလှေကြီး အထိနာသွားတော့၏။

မရဏလှေကြီး ဒဏ်ရာဒဏ်ချက်များဖြင့် ဆုတ်ခွာသွားချိန်တွင် ဝူလီမင်း စီးနင်းထားသော တိုက်လှေ တစ်စီးသာလျှင် ရေပေါ်၌ကျန်ရစ်ခဲ့ပြီး ကျန်တိုက်လှေလေးစီးကား ရေအောက် နစ်မြုပ်သွားပြီ ဖြစ်၏။

ဝူလီမင်း၏ ရေကြောင်းတိုက်ခိုက်ရေးအဖွဲ့ အမည်သာကျန်ခဲ့ တော့၏။ တိုက်လှေများ၊ စစ်သည်များ မယ်မယ်ရရ မ တော့ပါ။

မရဏလှေကြီး ဒဏ်ရာဒဏ်ချက်များ ရသွားပုံရှိသော်လည်း ဝူလီမင်းအတွက်ကား တပ်ပျက်ရမလို ဖြစ်ခဲ့လေသည်။

ထို့ကြောင့်လည်း မရဏ လှေကြီး၏ အမည်ကြားလျှင် ဝူလီမင်း စိတ်လှုပ်ရှားသွားခြင်း ဖြစ်၏။



မရဏလှေကြီးအား ဖျက်ဆီးချေမှုန်းပစ်လိုစိတ် ပြင်းပြနေပေတော့၏။

မရဏလှေကြီး ဆုတ်ခွာသွားပြီးနောက် မြစ်ဝါမြစ် ရေပြင် တိုက်ပွဲများ ငြိမ်သက်သွားသည်။

ဝူလီမင်း၏ တပ်ဖွဲ့များက ကြီးစိုးထားသည်ဟု ယေဘုယျ ထင်ရသော်လည်း အမှန်တကယ်ကြီးစိုးထားနိုင်အောင်အင်အား တောင့်တင်းခြင်း မရှိချေ။

မရဏလှေကြီး ပြန်လည် ထွက်ပေါ်လာသည်နှင့် မြစ်ဝါမြစ်ကြောင်းတစ်လျှောက်ကို ကျင်းများသာလျှင် ကြီးစိုးသွားမည် ဖြစ်လေသည်။

မရဏလှေကြီး ဒဏ်ရာဒဏ်ချက်များ ရရှိသွားသည် ဖြစ်ရာ ပြုပြင်ဖာထေးရမည်က သေချာ၏။

မရဏလှေကြီး လျှို့ဝှက်စွာ ကျောက်ချရပ်နားနေသည့် နေရာကိုစုံစမ်းပြီး စီးနင်းတိုက်ခိုက်ရန်လည်း စိတ်ကူး ရှိထားလေသည်။ သို့ပါသော်လည်း မရဏလှေကြီးအကြောင်း စုံစမ်း၍ မရသဖြင့် အကြံအိုက်ခဲ့ရပေသည်။

ယခု မရဏလှေကြီးအကြောင်း သတင်းပေးမည့်သူ ရောက်လာပြီ ဖြစ်လေသည်။ ဝူလီမင်းကား မားပင်အား အကဲခတ်ကြည့်လိုက်သည်။

မားပင်သည် အနည်းငယ် ဂနာမငြိမ် ဖြစ်နေသည်ကို တွေ့ရ၏။

အဘယ်ကြောင့် ဂနာမငြိမ် ဖြစ်နေသည်ကို အကင်းပါးသော ဝူလီမင်း ချက်ချင်း ရိပ်မိသွားလေသည်။

မလှမ်းမကမ်း၌ ရပ်နေသည့် သူ၏သက်တော်စောင့်ကို မသိမသာ မျက်ရိပ်ပြလိုက်လေသည်။

ထိုအခါ သက်တော်စောင့်က အရက်အပြည့်ဖြည့်ထားသည့် အရက်ခွက်ကိုယူကာ မားပင်ရှေ့၌ လာချပေးလိုက်၏။

မားပင်မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်သွား၏။ အရက်ခွက်ကို ကောက်ယူကာ တစ်ရှိန်ထိုးမော့ချလိုက်လေသည်။

ဝူလီမင်း ပြုံးလိုက်သည်။

'ခင်ဗျားက အရက်အတော်ကြိုက်ပုံ ရတယ်၊ အပြန်ကျရင် အရက်ကောင်းကောင်း လက်ဆောင် ပေးလိုက်ပါ့မယ်၊ ကဲ... မရဏလှေကြီးအကြောင်း ပြောစမ်းပါဦး'

မားပင်က တက်ကြွစွာဖြင့်

'ကျုပ်တို့တစ်တွေ သိပ်ထူပြီးဆယ်ပေလောက်ရှိတဲ့ကြေးပြားကြီးတွေကို မြေရိုင်းကျွန်းမှာ တွေ့ခဲ့တယ်၊ ကုန်းသစ္စာခံတွေက သယ်ယူသွားနေကြတာပဲ၊ အဲဒီ ကြေးပြားတွေဟာ တိုက်လှေကိုယ်ထည် အခွံ တည်ဆောက်ရာမှာ သုံးလေ့သုံးထရှိတယ်လို့ ကျုပ်သမက်က ပြောတယ်ဗျ'

ဝူလီမင်း ပို၍ စိတ်ဝင်စားသွားလေသည်။

မရဏလှေကြီးသား အလွယ်တကူ ဖျက်ဆီး၍ မရသည့်မှာ ကြေးထည်သံထည်များဖြင့် တည်ဆောက်ထားပြီး သစ်လုံးတွင်း ယမ်းမီးလက်နက်များကြောင့်ဖြစ်ကြောင်း ဝူလီမင်း ကောင်းစွာ နားလည်ထားလေသည်။

ကျင်းတို့သည် မဏ္ဍိုမ တိုင်း သား များ ထံမှ ပေါက်ကွဲမီးလောင်စေတတ်သော ယမ်းမှုန့်ပြုလုပ်နည်းကို ရရှိခဲ့ကြ၏။



သစ်လုံးများကိုတွင်းကာ ယမ်းမီးများကို အသုံးပြုခြင်းဖြင့် ယှဉ်ပြိုင်လာသည့် ဝူလီမင်း၏ သစ်သားခွံ ကိုယ်ထည် တိုက်လှေများကို မီးထင်လောင်စေခဲ့လေသည်။

ဝူလီမင်းက သူ၏ သက်တော်စောင့်ကို အချက်ပြလိုက်ပြန်သည်။ သက်တော်စောင့်က နောက်ထပ် အရက် တစ်ခွက် လာပေးပြန်၏။

မားပင်ကလည်း ဆတ်ခနဲကောက်ယူကာ သောက်ချလိုက်ပြန်သည်။ မားပင်သည် မူးယစ်စပြုလာပြီဖြစ်လေသည်။ ဝူလီမင်းက

'ပြောစမ်းပါဦး၊ ကြေးပြားတွေဟာ မရဏလှေကြီးအတွက် ဟုတ်လား'

ဟု မေးလိုက်၏။

မားပင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ပျက်စီးတဲ့ နေရာတွေကို အစားထိုးဖာထေးဖို့ ကြေးပြားကြီးတွေလဲ လိုအပ်နေပုံပဲ၊ သူတို့က ဒေသခံ အလုပ်သမားတွေကိုပါ ခေါ်ခိုင်းနေတယ်'

'ကောင်းပြီ၊ မရဏလှေကြီး ဘယ်မှာလဲ'

'ဒါတော့ ကျုပ် မသိဘူး'

ဝူလီမင်းက အငိုက်ဖမ်းကာ မေးလိုက်၏။

သို့သော် မားပင်၏ အဖြေစကား ကြားလျှင် စိတ်ပျက်သွားလေတော့၏။

မားပင်က

'မရဏလှေကြီးဟာ မြေရိုင်းကျွန်း အနီးတစ်ဝိုက်မှာ ရှိနိုင်တယ်ဆိုတဲ့အကြောင်း ကျုပ်က လာပြီးသတင်းပို့တာပဲ'

'ဟု ပြောလိုက်သည်။

ဝူလီမင်း အနည်းငယ် စဉ်းစားလိုက်လေသည်။

မြေရှိုင်းကျွန်း အနီးတစ်ဝိုက်နှင့် ဆိပ်ကမ်းမြို့မှာ ကျင်းများ လက်အောက်သို့ ရောက်ရှိနေ၏။

ဆုတ်ခွာသွားသော ကျင်းတပ်ဖွဲ့ များသည် ထိုဒေသ၌ စုရုံးကာ အပြင်းအထန် ခုခံရန် ပြင်ဆင်ထားသည်။

ထိုဒေသသို့ ထိုးဖောက်ဝင်ရောက်ပြီး မရဏ တိုက်လေ့ကြီး အား ရှာဖွေဖျက်ဆီးရန် လွယ်ကူမည် မဟုတ်ပါ။

တိုက်ပွဲပေါင်း များစွာ ရင်ဆိုင်ရမည်ဖြစ်လေသည်။

ထိုသို့ တိုက်ပွဲဆင်နွှဲနေသည့်အချိန်အတွင်း မရဏလေ့ကြီး သည် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းသွားနိုင်၏။

သို့မဟုတ် ပြင်ဆင်မှုပြီးဆုံးသွားကာ တိုက်ပွဲဝင်လာနိုင်လေ သည်။ မရဏလေ့ကြီးအား အလုံးအရင်းဖြင့် ရှာဖွေဖျက်ဆီး ခြင်းထက် လူစွန့်စားများ စေလွှတ်ကာ ဖျက်ဆီးခြင်းက အသင့် လျော်ဆုံးဖြစ်သည်ဟု တွေးမိလိုက်သည်။ ထို့ကြောင့်

'ကောင်းပြီ၊ ခင်ဗျားပေးတဲ့သတင်း တိကျမှန်ကန်မှု ရှိမရှိ ကျုပ်စစ်ဆေးကြည့်ဦးမယ်၊ ခင်ဗျားအခုနေတဲ့နေရာမှာပဲပြန်ပြီး စောင့်နေပါ၊ မကြာခင် ကျုပ်ဆီက လူတစ်ယောက် ရောက် လာလိမ့်မယ်၊ သူ့ကို လိုအပ်သလို ကူညီပါ'

ဟု မှာကြားလိုက်သည်။

မားပင် မကျေမနပ် ဖြစ်သွား၏။

သူ၏ သတင်းအချက်အလက်အပေါ် ဝူလီမင်း စိတ်ပါ ဝင်စားမှု နည်းလှသည်ဟု ထင်မိ၏။

PANNUYAUNG SARPAY, THA[illegible]



ဝူလီမင်းကိုကြည့်ကာ

'ကျုပ်က လိမ်ညာပြီး သတင်းပို့တာမဟုတ်ဘူး၊ ဒါကို တော့ ယုံစေချင်ပါတယ်'

ဟု ပြောလိုက်လေသည်။

ဝူလီမင်း ပြုံးလိုက်သည်။

'ကျုပ်ယုံပါတယ်ဗျာ၊ ကျုပ်လူတစ်ယောက် လွှတ်လိုက်ပါ့ မယ်၊ ဒီကိစ္စဟာ သေသေချာချာ အကွက်ချ စီစဉ်ပြီးမှ လုပ်ရမယ့်ကိစ္စဆိုတာ ခင်ဗျား သဘောပေါက်မှာပါ၊ ကျုပ်ရဲ့ လူ ရောက်လာရင် ခင်ဗျားနားလည်သွားပါလိမ့်မယ်၊ ခင်ဗျား ပြန်နှင့်ပါ'

မားပင် သက်ပြင်းချလိုက်သည်။

'ကောင်းပြီလေ၊ တပ်မင်းလွှတ်လိုက်တဲ့လူကို ကျုပ်စောင့် နေပါ့မယ်'

ပြောပြီး ထိုင်ရာမှ ထလိုက်၏။

ဝူလီမင်းက

'စိတ်ချ၊ ကျုပ်လူ သုံးရက်အတွင်း ရောက်လာလိမ့်မယ်၊ သူနဲ့အတူ ခင်ဗျားအတွက် အကောင်းဆုံး အရက်တွေ ပါ လာလိမ့်မယ်'

မားပင် အားရပါးရ ပြုံးလိုက်သည်။

ဝူလီမင်းလည်း သဘောကျစွာ ပြုံးလိုက်လေ တော့သည်။

သုံးရက်....

သုံးရက်ဟူသော အချိန်သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ကုန်ဆုံးသွားသည် ထင်မှတ်ရလေသည်။

မားပင် ပြန်ရောက်လာသည်မှာ သုံးရက်ရှိပြီဖြစ်သည်။

သို့တိုင် ရွာသူကြီး ဟုန်၏ ရွာကလေးသို့ ဝူလီမင်း၏လူ ရောက်မလာသေးချေ။

သုံးရက်မြောက်သော နံနက်ခင်းတွင် မားပင်၊မားယဉ်နှင့် အိုရန်မုတို့သည် ရွာအပြင်သို့ထွက်ကာ အဝေးသို့ မျှော်ကြည့်နေကြ၏။

ကုန်းဂမ်းခရီးမှ လာမည်ဆိုလျှင် ရွာအရှေ့ဘက် တောင်ကြောမှလာရမည် မဟုတ်ပါလား။

ရွာအရှေ့ဘက်လမ်းမှလာရန် မားပင်ကိုယ်တိုင် မြေပုံရေးဆွဲပြခဲ့လေသည်။ နေဝန်းနီမှာ တောင်ပေါ်သို့ တစ်စတက်တစ်စ မြင့်တက်လာသည်။

မားပင်ကား လည်တဆန့်ဆန့်ဖြစ်နေချေပြီ။ အာခေါင်များ ခြောက်ကပ်ပြီး နှုတ်ခမ်းကိုလျှာဖြင့် မကြာခဏ သိမ်းနေမိ၏။

ဝူလီမင်း၏ လူရောက်လာလျှင် သူ့အတွက် အကောင်းစား အရက်များ ပါလာမည်မဟုတ်ပါလား။

အိုရန်မုနှင့် မားယဉ်တို့သည်လည်း စောင့်မျှော်နေရသည်ကို စိတ်မရှည်နိုင်ကြပါတော့ချေ။

မားယဉ်မှာ မိန်းမသားပီပီ စိတ်ကိုမချုပ်တည်းနိုင်တော့ပဲ

'ဖေဖေ သူလာမယ်ဆိုတာ အမှန်ပဲလားဟင်'



ဟု မေးလိုက်လေသည်။

မားပင် ခေါင်းညိတ်လိုက်သည်။

'စိတ်ချစမ်းပါ သမီးရယ်၊ တပ်မင်း ဝူလီမင်းက သူရဲကောင်းတစ်ယောက် လွှတ်လိုက်မယ်လို့ သေသေချာချာ ပြောလိုက်တာပါ'

'အခုထိ ရောက်မလာသေးပါလား'

'လမ်းမှာ အခက်အခဲတစ်ခုခု ရှိနေလို့ ဖြစ်မှာပေါ့ကွယ်'

မားယဉ် ပါးစပ်ပိတ်သွားလိုက်လေသည်။

ထိုစဉ်...

'ခွပ်.. ခွပ်...ခွပ်'

မြင်းခွာသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟော ပြောရင်း ဆိုရင်း လာနေပြီထင်တယ်'

မားပင်က လွှတ်ခနဲ ပြောလိုက်လေသည်။

အိုရန်မုနှင့် မားယဉ်တို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

မားယဉ်သည် ဒုန်းစိုင်းနှင်လာနေသည့် မြင်းစီးသမားကို မျက်တောင်မခတ် စိုက်ကြည့်ရင်း....

'တပ်မင်း ဝူလီမင်းက သူရဲကောင်းတစ်ယောက် လွှတ်လိုက်မယ်ဆိုတော့ သူရဲကောင်းကြီးဟာ မရဏလေ့ကြီးကို ဖျက်ဆီးပြီး ကျောက်ကျင်းကို ဖမ်းဆီးနိုင်သူ ဖြစ်ပါစေ'

ဟု တီးတိုး ရေရွတ်လိုက်လေသည်။

အိုရန်မု သက်ပြင်းချလိုက်၏။

မားယဉ်၏ ရင်ထဲမှ အာဃာတ တရားကား ကျောက်သား ကျောက်စိုင်ပမာ ခိုင်မြဲစွာ အမြစ်တွယ်နေပြီ ဖြစ်လေသည်။

ကျောက်ကျင်းအား သုတ်သင် ရှင်းလင်းခြင်း မပြုနိုင်သမျှ ကာလပတ်လုံး သူမသည် နူးညံ့ သိမ်မွေ့ သော မိန်းကလေး တစ်ယောက် ပြန်ဖြစ်လာနိုင်မည် မဟုတ်ချေ။

မားပင်က....

'သူရဲကောင်း ရောက်လာမှတော့ ကျောက်ကျင်းတို့ လူ့ဘာခံနိုင်တော့မှာလဲ'

ဟု ကြုံးဝါးလိုက်၏။

သူကလည်း ကျောက်ကျင်းနှင့် အပေါင်းပါများအား သုတ်သင် ရှင်းလင်းပစ်လိုနေပေတော့သည်။

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံ တစ်စထက်တစ်စ ကျယ်လောင်လာသည်။

ဖုန်တစ်ထောင်းထောင်း ထသွားပြီး မြင်းစီးလုလင် တစ်ယောက် သူတို့အနီးသို့ ရောက်ရှိလာလေသည်။

မြင်းစီးလုလင်မှာ အိုရန်မှုနှင့် သက်တူရွယ်တူခန့် ရှိလေသည်။ အပြာရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီးယောကျ်ား ပီသသော ရုပ်သွင်ရှိလေသည်။

မားပင်တို့အနီးသို့ရောက်သည်နှင့် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ပြီး လက်နှစ်ဘက်ဆုပ်ကာ ဦးညွတ်ရင်း—

'ဦးက မားပင် ဟုတ်ပါရဲ့လား ခင်ဗျာ'

ဟု မေးလာလေသည်။

မားပင် ခေါင်းညိတ်လိုက်သည်။



'ဟုတ်တယ် ကျုပ်က မားပင်ပဲ၊ ဒါထက် မိတ်ဆွေလေးက ကော တပ်မင်း ဝူလီမင်း လွှတ်လိုက်တဲ့ သူရဲကောင်းများလား'

ဟု ပြန်မေးလိုက်လေသည်။

မြင်းစီးလုလင်က ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော့်နာမည် 'ချိုစွမ်း' လို့ ခေါ်ပါတယ်၊ လမ်းခရီးမှာ ကျင်းတွေ ခြေချင်းလိမ်အောင် လုပ်ရှားနေတာမို့ ရှောင်တိမ်းနေရတာနဲ့နောက်ကျသွားတာပါ'

မားပင်၊ အိုရန်မှုနှင့်မားယဉ်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။

ဝူလီမင်း၏ သူရဲကောင်း ရောက်ရှိလာပြီ ဖြစ်သည်။

သူတို့သည် သူရဲကောင်းချိုစွမ်းအား အကူအညီပေးကာ မရဏလေ့နှင့် ကျောက်ကျင်းအား ချေမှုန်း သုတ်သင်ပစ်ရမည် ဖြစ်လေသည်။

မားပင် သဘောကျစွာ ပြုံးလိုက်သည်။

'ကဲ သူရဲကောင်းကြီးလဲ ခရီးဝေးကလာရတော့ ပင်ပန်းနေလောက်ရောပေါ့၊ အေးအေးဆေးဆေး အနားယူရအောင် ကျုပ်တို့နဲ့ လိုက်ခဲ့ပါဗျာ'

ပြောပြီး ဖိတ်ခေါ်သွား၏။

ချိုစွမ်းသည် အလွန်ယဉ်ကျေး သိမ်မွေ့သည့်အသွင် ရှိလေသည်။

မားပင်အား ဂါရဝပြုလိုက်သလို မားယဉ်ကိုလည်း နှစ်လိုဖွယ် ပြုံးပြလိုက်လေသည်။

မားယဉ်ကလည်း လှိုက်လှိုက်လှဲလှဲ ပြန်ပြုံးပြလိုက်၏။

နံဘေးမှ ကြည့်နေသော အိုရန်မူ ကျွဲမြီးတိုသွားသည်။

မားယဉ်၏ လက်ကိုဆွဲကာ...

'ကဲ ညီမ သွားကြစို့'

ဟု ပြောလိုက်၏။

မားယဉ်အား သူကပိုင်ဆိုင်သည့်သဘောမျိုး ဖြစ်သွားသည်။

ချိစွမ်းက အိုရန်မူကိုလည်း ပြုံးပြလိုက်သည်။

ထို့နောက် မားပင် ခေါင်းဆောင်ရာနောက်သို့ လိုက်သွားလေသည်။

မားယဉ်က ချိစွမ်း၏ နောက်ကျောပြင်ကိုကြည့်ကာ...

'သူရဲကောင်းချိစွမ်းဟာ ကျင်းတွေကို မြတ်မြတ်သားသား ရင်ဆိုင်ချေမှုန်းမယ့်လူဆိုတာ သေချာတယ်'

ဟု ပြောလိုက်၏။

အိုရန်မူ သက်ပြင်းချလိုက်သည်။

'ကဲပါ ညီမရယ်၊ နေလဲပူလှပြီ၊ အစ်ကိုတို့ သွားကြပါစို့'

စကားစဖြတ်ကာ မားယဉ်အား ဆွဲခေါ်သွားသည်။

မားယဉ်လည်း နောက်မှလိုက်သွားလေတော့သည်။



'ဟောဒါက မြေရိုင်းကျွန်းကိုရောက်နိုင်တဲ့ လမ်းကြောင်းတွေပဲ၊ ခရီးဝေးတာနဲ့ နီးတာပဲကွာတယ်၊ အန္တရာယ် မရှိတဲ့လမ်း ရှိကိုမရှိဘူး၊ ဘယ်လမ်းကသွားသွား အန္တရာယ်နဲ့မလွဲမသွေ တွေ့ရမှာပဲ'

မားပင်က မြေကြီးပေါ်၌ရေးဆွဲထားသည့်မြေပုံကို တုတ်တစ်ခုဖြင့်ထောက်ရင်း ရှင်းပြလေသည်။

မြေပုံဘေး၌ မားယဉ်၊ အိုရန်မူ၊ အားယုံ၊ ရွာသူကြီးဟုန်နှင့် ချိစွမ်းတို့ ဝိုင်းရံထိုင်နေကြ၏။

အားလုံးသည် မားပင်ရှင်းပြသည်ကို စိတ်ဝင်စားစွာ နားထောင်နေကြလေသည်။

မားပင်က ချိစွမ်းကိုကြည့်ကာ—

'သူရဲကောင်းလေး၊ မရှင်းတာရှိရင် မေးပါဗျာ'

ဟု ပြောလိုက်လေသည်။

ချိစွမ်း ထိုင်ရာမှ ထလိုက်သည်။

မြေပုံပေါ်မှ နေရာတစ်နေရာကို ညွှန်ပြရင်း—

'ဒီနေရာမှာ ကျင်းတွေက ကြေးပြားကြီးတွေကို သယ်ဆောင်လာတာ တွေ့ခဲ့ရတယ်ဟုတ်လား'

ဟု မေးလိုက်လေသည်။

မားပင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

ချိစွမ်းက

'ဦးတို့ တွေ့ရတဲ့နေရာနဲ့ မြစ်ကမ်းပါးနဲ့ အတော်ဝေးတာပဲ၊ တကယ်လို့များ မရဏလှေကြီးမှာ အသုံးပြုဖို့ သယ်နေတာဆိုရင်

မရဏလှေကြီး ဘယ်နေရာမှာ ကျောက်ချ ရပ်နားနေတယ်ဆို တာ သိရဖို့မလွယ်သေးဘူး

မားပင်က ပြုံးလိုက်သည်။

‘မရဏလှေကြီးက ကြီးမားလွန်းတော့ ချောင်းသိမ်ချောင်း ဖျားထဲ မဝင်နိုင်ဘူးဆိုတဲ့ သဘောလား’

‘ဟုတ်ပါတယ်’

‘မြေရိုင်းကျွန်းတောင်ဘက်မှာ သုံးကွေ့မြစ် ရှိတယ်၊ သုံး ကွေ့မြစ်ဟာ သိပ်မကျယ်ပေမယ့် နက်တော့ အတော် နက် တယ်၊ ကမ်းပါးတစ်ဘက်တစ်ချက်မှာလဲ သစ်တောတွေ ဖုံး လွှမ်းနေတော့ လှေတစ်စီးမပြောနဲ့ လှေဆယ်စီးဆိုက်ကပ်ထား ရင်လဲ တွေ့ရဖို့မလွယ်ဘူး’

‘ဦးက မရဏလှေကြီးဟာ သုံးကွေ့မြစ်ထဲမှာ ရှိနိုင်တယ်လို့ ဆိုလိုတာလားဗျာ’

မင်းပင် ရင်ကော့လိုက်သည်။

‘ဆိုလိုတာမဟုတ်ဘူး ရှိကို ရှိရမယ်’

‘ဒါဆိုရင် သွားကြည့်တာ မမှားဘူးပေါ့’

‘သူရဲကောင်းလေး သွားကြည့်ချင်ရင်ဖြစ်ပါတယ်၊ ဒါပေ မယ့် အန္တရာယ်များတယ်ဆိုတာတော့ မမေ့ပါနဲ့နော်’

ချိုစွမ်း ပြုံးလိုက်သည်။

‘ကျွန်တော်တို့ဟာ အချိန်တိုင်း အန္တရာယ်နဲ့ ရင်ဆိုင်နေခဲ့ကြ ရတဲ့လူတွေပါ၊ အန္တရာယ်နဲ့ တွေ့ရတယ်ဆိုတာ ရိုးနေပါပြီ ဗျာ…’



‘ကောင်းပြီလေ၊ သူရဲကောင်းလေး သွားချင်တယ်ဆိုရင်လဲ ဖြစ်ရစေမှာပေါ့’

ချိုစွမ်းက-

‘မြေပုံအရတော့ ကျွန်တော် ကောင်းကောင်း မှတ်မိနေပါ ပြီ၊ ဒါပေမယ့် ဦးက အဆင်ပြေလို့ လမ်းပြတစ်ယောက်ထည့် ပေးလိုက်ရင် ပိုကောင်းပါလိမ့်မယ်ခင်ဗျာ’

ဟု ပြောလိုက်၏။

မားပင် ဦးခေါင်းကဆတ်ဆတ် ညိတ်လိုက်လေသည်။

‘အို…ဒီအတွက် ဘာမှမပူနဲ့၊ ကျုပ် သမက် တစ်ယောက် ထုံးရှိပါတယ်၊ သူရဲကောင်းလေးအတွက် အကောင်းဆုံးလမ်းပြ တစ်ယောက်ရပြီလို့ မှတ်လိုက်ပါ’

ချိုစွမ်းသည် မားပင်အတွက် အလွန်မြင့်သည့် အရက် ဆယ်ပုလင်း သယ်ဆောင်လာ၏။

ဝလီမင်းက မားပင်အကျင့်ကို အကဲခတ်မိကာ တမင်သည့် ပေးလိုက်ခြင်းဖြစ်သည်။

ချိုစွမ်းယူလာသည့်အရက်များက မားပင်အားရွှန်းရွှန်းဝေ နေစေတော့သည်။

မားပင်သည် အရက်ကောင်းရသည့်အတွက် ချိုစွမ်းအလိုကျ ညီရန်မှလွဲပြီး ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ချေ။

မားပင်ပြောလိုက်သည့်စကားကြောင့် အိုရန်မှ ရင်ထိတ်သွား သည်။

မားပင်က သူ့အား အသုံးချနိုင်ဦးမည်ဟုလည်း တွေးလိုက် လေသည်။

မားယဉ်မှာ အိုရန်မု တွေးသလို မတွေးမိပါချေ။

မရဏာလေကြီးအား ဖျက်ဆီးပစ်နိုင်မည့်အရေးကို တွေးရင်း ကျေနပ်နှစ်သိမ့်နေဟန် ရှိလေသည်။

အိုရန်မုက

'ဦး ကျွန်တော်က'

သူက စောဒကတက်ရန် ဟန်ပြင်လိုက်သော်လည်း မားပင်က စကားဆုံးအောင် ပြောခွင့်မပြုချေ။

'မင်း ဘာမှ မပူပါနဲ့၊ မင်းက သူရဲကောင်းကလေးကို ကောင်းကောင်းကြီး ကူညီနိုင်မှာပါ၊ ကိုယ့်ကိုယ်ကို မနှိမ့်ချစမ်းပါနဲ့ကွာ'

ဟု ကြားဖြတ် ပြောလိုက်လေသည်။

ထိုစကားကြားလျှင် အိုရန်မု ပါးစပ်ပိတ်သွားလေတော့၏။ ရှေ့ဆက်ပြောလျှင် အသုံးမကျသူ တစ်ယောက် ဖြစ်သွားတော့မည် မဟုတ်ပါလား။

သူက ပါးစပ်ပိတ်ထားခြင်းဖြင့်လည်း မားပင် ပြောသမျှ ခေါင်းညိတ်ရသည့် သဘောမျိုး ဖြစ်သွားပေတော့၏။

မားပင်က...

'ဟဲ့ ဟဲ့ သူရဲကောင်းလေး ဘယ်တော့သွားပြီး လေ့လာချင် သလဲ ပြောပါ'

ဟု မေးလိုက်လေသည်။

ချိုစွမ်းက စဉ်းစားခြင်းပင် မပြုဘဲ...



'ဒီကနေ့ပဲ သွားမယ်၊ မြန်နိုင်လေလေ ကောင်းလေလေပဲ မဟုတ်လားဗျာ'

ပြောပြီး အားလုံးကို ဝေ့ကြည့်လိုက်လေသည်။

မားပင် ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ၊ သူရဲကောင်းလေးရဲ့ ခရီးအတွက် အစစ အရာရာ အဆင်ပြေအောင် စီစဉ်ပေးရမှာပေါ့'

'အဟမ်း'

အိုရန်မုက ချောင်းဟန့်လိုက်သည်။

အားလုံးက သူ့အား လှည့်ကြည့်လိုက်ကြသည်။

မားပင်က မျက်လုံးမြူး၍ ကြည့်လိုက်ခြင်း ဖြစ်လေသည်။

အိုရန်မုက

'ဦး ကျွန်တော် တစ်ယောက်တည်း လိုက်သွားတာထက် ဝရင်ဦးတို့ပါ လိုက်ခဲ့ကြတာ ပိုမကောင်းဘူးလား၊ လူများတော့ ပိုပြီး တိတိကျကျ စုံစမ်းနိုင်တာပေါ့'

ဟု ပြောလိုက်သည်။

ထိုစကားကြားလျှင် မားပင်၏ မျက်နှာ နီမြန်းသွားလေတော့သည်။

ထိုစဉ် ချိုစွမ်း ဝင်ပြောလိုက်သည့် စကားကြောင့် မားပင် အသက်ရှူချောင်သွားသလို အိုရန်မုလည်း ဘာမှ မပြောနိုင်ပါတော့ချေ။

ချိုစွမ်းက

'မဖြစ်ဘူး၊ လူစုလူဝေးနဲ့သွားရင် ကျင်းတွေ ရိပ်မိကုန်မှာပေါ့၊ မိတ်ဆွေလိုက်မယ်ဆိုရင် လုံလောက်ပါပြီ၊ မရဏာလေ့ကြီး

ရှိနိုင်မယ့်နေရာကို ကျုပ်ခန့်မှန်းမိတယ်၊ ကျုပ်ရအောင် ရှာဖွေ
စုံစမ်းပါမယ်'

မဘးပင်သည် အိုရန်မှ မပြောမီ ခပ်သွက်သွက်ကလေး ကြားဖြတ် ပြောလိုက်လေတော့သည်။

'ဟုတ်တယ် ဟုတ်တယ်၊ အချိန်ဆွဲနေလို့ မဖြစ်ဘူး၊ ခရီးထွက်ဖို့ စီစဉ်ကြရအောင်'



ဝန်းကျင်တစ်ခုလုံး ကြည်လင်သာယာနေသည်။

ကောင်းကင်ပေါ်တွင် ငှက်ကလေးများအုပ်စုဖွဲ့ကာပျံသန်းနေကြသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။

အဝေးတွင် မှိုင်းညို့ညို့ တောင်တန်းကြီးများ ရှိနေသည်။

နေရာဒေသအနှံ့အပြားတွင် ဖြစ်ပွားနေသော မြင်းထန်သော တိုက်ပွဲများသည် မြေရိုင်းကျွန်းနှင့် မည်သို့မှ မသက်ဆိုင်သကဲ့သို့ ရှိနေ၏။

မြေရိုင်းကျွန်းမှာ သာဝရ သာယာလှပနေသတည်း။

တောပျော်လွင်ပြင်ဘက်မှ အရှေ့ဘက်သို့ ဦးတည်သွားပြီးနောက် တောတောင်များကိုကျော်ပတ်ကာ တောင်ဘက်သို့ ချိုးကွေ့လိုက်လျှင်လည်း မြေရိုင်းကျွန်းသို့ ရောက်နိုင်ပေသည်။

ရေတိမ်သော ချောင်းကလေးတစ်ခုသာလျှင် နယ်နိမိတ်အဖြစ် စည်းတားထားသလိုရှိနေ၏။

ခရီးဝေးသဖြင့် တောပျော်လွင်ပြင်ဘက်မှဖြတ်ကာ မြေရိုင်းကျွန်းသို့သွားရန် မည်သူမျှ မစဉ်းစားကြချေ။

သုံးကွေ့မြစ်ရိုးအတိုင်း လာလျှင် မြေရိုင်းကျွန်းသို့ သွားသည်ချည်းသာ ဖြစ်လေသည်။

ယခု အိုရန်မှုနှင့် ချိုတွမ်းတို့သည် ခရီးဝေးသည်ကို မတွက်ပဲ အန္တရာယ်ကင်းစွာ ရောက်နိုင်မည့် အရေးကိုသာ တွေးပြီး မြင်းတစ်ကောင်ဖြင့် တောပျော်လွင်ပြင်ဘက်မှ ကွေ့ပတ်ကာ လာခဲ့ကြလေသည်။

'ခွပ်ခွပ် .. ခွပ်ခွပ်'

မြင်းခွာသံ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်လာသည်။

သူတို့သည် ရေတိမ်သော ချောင်းကလေးကိုဖြတ်ကာ မြေရိုင်းကျွန်းပေါ် စတင်ဝင်ရောက်လာမိကြပြီ ဖြစ်လေသည်။

တောပျော်လွင်ပြင်သည် လည်းကောင်း၊ မြေရိုင်းကျွန်းသည် လည်းကောင်း၊ ကျင်းတို့ သိမ်းပိုက်မှုအောက်သို့ ရောက်ရှိနေ၏။

တောပျော်လွင်ပြင်ထက်စာလျှင် မြေရိုင်းကျွန်း၌သာ အနိုင်အမာ တပ်စွဲထားသည် ဆိုရပေမည်။

လမ်းခရီးတစ်လျှောက်တွင် အန္တရာယ်ကြုံတွေ့ရသည် မရှိခဲ့ချေ။ ထို့ကြောင့် မြေရိုင်းကျွန်းသို့ ရောက်လာသည်နှင့် အိုရန်မိုက သတိ ပေးလိုက်လေသည်။

'ကျုပ်တို့တော့ အန္တရာယ်နယ်မြေကို ရောက်ပြီဗျ၊ သတိဝီရိယနဲ့ သွားမှဖြစ်မယ်'

ချီစွမ်းက မြင်းအရှိန်ကို လျှော့ချလိုက်သည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး....

'ဒီကျွန်းပေါ်မှာ လူနေကျေးရွာတွေ ရှိသလား'

ဟု မေး၏။

အိုရန်မို ခေါင်းညိတ်လိုက်သည်။

'ရွာ သုံးလေးရွာတော့ ရှိတယ် ရွာကြီးတွေတော့ မဟုတ်ကြဘူး'

'ကျင်းတွေကကော'

'သူတို့က ကျွန်းအလယ်ပိုင်းမှာ စခန်းချနေကြတာပဲ'

ချီစွမ်း ပြုံးလိုက်သည်။

'ဒါဆို ကျုပ်တို့ ရှောင်ကွင်းသွားနိုင်တာပေါ့'



'ဟုတ်တယ်၊ ရှောင်ကွင်းသွားလို့ ဖြစ်ပါတယ်၊ ကျုပ်တို့ကို ဘယ်သူမှ တွေ့မသွားဘူးဆိုရင် ဘာမှဖြစ်နိုင်မှာ မဟုတ်ဘူး'

'ခင်ဗျား ဆိုလိုတာက'

'ကျင်းတွေက လူခွဲပြီး ကင်းလှည့်တတ်ကြတယ်ဗျ'

'ကြော်- ဒီလိုကိုး၊ ကောင်းပြီလေ၊ သုံးကျော့မြစ်ရိုးအတိုင်း ဦးတည်သွားမယ်၊ မြစ်ကမ်းပါးကို ရောက်ရင် မြင်းကိုဝှက်ထားပြီး ခြေကျင်ခရီး ဆက်ကြတာပေါ့'

မြစ်ကမ်းပါး တစ်လျှောက်တွင် သစ်ပင်ချုံနွယ်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသည်ကို အိုရန်မို သိထားလေသည်။

ချီစွမ်းပြောသည့်အတိုင်းဆိုလျှင် အန္တရာယ်မရှိနိုင်ကြောင်း တွက်ဆမိ၏။ ထို့ကြောင့် ခေါင်းညိတ် သဘောတူလိုက်လေသည်။

'ကောင်းပြီလေ၊ မြစ်ကမ်းပါးအတိုင်း သွားကြတာပေါ့'

သူတို့သည် မြင်းကိုလျှို့ဝှက်သော နေရာတစ်နေရာ ရှာဖွေကာ ဝှက်ထားလိုက်ကြ၏။ ထို့နောက် ခြေကျင်ခရီး ဆက်လာခဲ့ကြလေတော့သည်။

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုး ကွယ်ပျောက်သွားတော့မည် ဖြစ်လေသည်။

နေရောင်ခြည် အားပျော့သွားသည်နှင့် အမှောင်ထု ကြီးစိုးလာတော့၏။

မားပင်နှင့် ချိုစွမ်းတို့သည် မြစ်ရိုးအတိုင်း ခရီး ဆက်လာခဲ့ကြပြီး မိုးချုပ်စ ပြုလာလျှင် ရပ်နားလိုက်ကြလေသည်။

သူတို့နှစ်ယောက် သစ်ပင်ကြီး တစ်ပင်အောက်၌ ထိုင်ကာ ပါလာသော မုန့်ခြောက်များကို စားသောက်လိုက်ကြ၏။

ချိုစွမ်းက—

'ဒီကျွန်းပေါ်ကို ခင်ဗျား ရောက်ဖူးတယ်နော်'

ဟု မေးလေသည်။

အိုရန်မှ ခေါင်းညိတ်လိုက်၏။

'ရောက်ဖူးပါတယ်'

'ခင်ဗျားတို့လာတုန်းက မြစ်ရိုးအတိုင်း လာတာလား'

'ဟုတ်တယ်'

'မရဏလှေကြီးက အတော်ကို ကြီးတယ်၊ ကြေး ကိုယ်ထည်နဲ့ ဆောက်လုပ်ထားတာကြောင့် လေးလဲ လေးတယ်၊ ရေတိမ်ပိုင်းကို ဝင်နိုင်မှာ မဟုတ်ဘူး၊ မြစ်ရိုးထဲဝင်ပြီး ကျောက်ချရပ်နားမယ် ဆိုရင်တောင် ရေနက်ပိုင်း ကမ်းခြေမှာပဲ ရပ်နားလို့ ရလိမ့်မယ်'

သူပြောလိုသည့် အဓိပ္ပာယ်ကို အိုရန်မှ နားလည်လိုက်လေသည်။



ရေနက်သည့်နေရာသို့ အရောက်သွားကာ ရှာဖွေစုံစမ်းရန် ဦးတည်ပြောလိုက်ခြင်း ဖြစ်ပေသည်။

အိုရန်မှ အနည်းငယ်စဉ်းစားလိုက်၏။ ရေနက် ပိုင်း သည် သုံးကွေ့မြစ်၏ ဒုတိယမြစ်ကွေ့တွင် အဆုံးသတ်သွားပေသည်။

တတိယမြစ်ကွေ့သည် ရေတိမ်ပိုင်း၌ ပါဝင်နေသဖြင့် မရဏလှေကြီး ဝင်လာနိုင်မည်မဟုတ်ချေ။

'ဒါဆိုရင်တော့ ဒုတိယမြစ်ကွေ့မှာ ရှိကောင်း ရှိနိုင်မယ်'

'ဒုတိယမြစ်ကွေ့ ဟုတ်လား'

'ဟုတ်တယ်၊ ဒုတိယမြစ်ကွေ့ဟာ ကျွန်းအတွင်းပိုင်းလဲကျတယ်၊ ရေနက်ပိုင်းလဲဖြစ်တယ်၊ မြစ်ကမ်းတစ်ဘက်တစ်ချက်မှာ သစ်ပင်ချုံနွယ်တွေ အုံ့အုံ့ဆိုင်းဆိုင်း ရှိနေတာမို့ ပုန်းကွယ်နေလို့လဲရတယ်'

ချိုစွမ်း စိတ်ဝင်စားသွားလေသည်။

'ဒါဆို ဒုတိယမြစ်ကွေ့မှာသွားပြီး ရှာဖွေ ကြည့်ကြတာပေါ့'

သူတို့သည် အလင်းရောင် ကွယ်ပျောက်မသွားမီ ရှေ့ခရီးဆက်လာခဲ့ကြလေသည်။ ချိုစွမ်းသည် ဒုတိယ မြစ်ကွေ့သို့ ရောက်လိုစိတ်ဖြင့် ခရီးပြင်းနှင်ခဲ့ကြသေ၏။

အိုရန်မှက နောက်မှ မနည်းပင် မီအောင်လိုက်သွားရလေသည်။ လမိုက်ညဖြစ်၍ လရောင်ထွက်ပေါ်လာခြင်းမရှိဘဲ နေခြည်ကွယ်ပျောက်သွားသည်နှင့် အမှောင်ထု လွှမ်းမိုးလာလေတော့သည်။

ဝန်းကျင်တွင် သစ်ပင်ချုံနွယ်များ ထူထပ်စွာ ပေါက်ရောက်

လျက်ရှိရာ မှောင်မိုက်သွားပြီး ရှေ့ခရီးဆက်ရန် မဖြစ်နိုင်ပါ
တော့ချေ။

ထို့ကြောင့်

'ကျုပ်တို့ ရှေ့ဆက်သွားလို့ မဖြစ်တော့ဘူးထင်တယ်'

အိုရန်မှက ပြောလိုက်လေသည်။

ချီစွမ်း သက်ပြင်းချလိုက်သည်။

'အင်း လ ထွက်လာရင်ကောင်းမယ်၊ ကျုပ်တို့ရောက်လာ
တာ ဘယ်သူမှမသိခင် လုပ်စရာရှိတာ မြန်မြန်လုပ်ရလိမ့်မယ်'

သူ၏ စိတ်အားထက်သန်မှုကို အိုရန်မှ အံ့ဩမိသည်။

အန္တရာယ်များမှန်းသိသော်လည်း စွန့်စွန့်စားစားတိုးဖောက်
ဝင်ရောက်ဝံ့သော ချီစွမ်းအား မလေးစားဘဲ မနေနိုင်တော့
ချေ။

မည်သို့ဆိုစေ ပိန်းပိတ်အောင် မှောင်မိုက်နေသည်ဖြစ်ရ
ကား မည်သည့်နည်းနှင့်မျှ ရှေ့ဆက်နိုင်တော့မည်မဟုတ်ပါ။

မတတ်သာသည့်နောက်ဆုံး သစ်ပင်ကြီးတစ်ပင်ပေါ်တက်
ကာ တစ်ညတာ ပုန်းအောင်း အိပ်စက်ရန် ပြင်ဆင်လိုက်ကြ
လေသည်။

နှစ်ယောက်သား သစ်ပင်ပေါ်တက်မိသည်နှင့်

'ဟိုမှာကြည့်စမ်း'

အိုရန်မှသည် တစ်စုံတစ်ခုကို သတိပြုမိသွားပြီး လက်ညှိုး
ညွှန်ကာ ပြောလိုက်၏။ ချီစွမ်းက လှမ်းကြည့်လိုက်သည်။

ထိုအခါ အရှေ့ဘက် အတော်ဝေးဝေးတွင် မီးရောင်များ
ထွက်ပေါ်နေသည်ကို တွေ့မြင်ရလေသည်။



'မီးရောင်တွေပါလား'

ချီစွမ်း တအံ့တဩ ပြောလိုက်လေသည်။

အိုရန်မှက

'တောသဲတောင်ထဲမှာ မီးရောင်တွေရှိနေတာ ထူးဆန်း
တယ်'

'မီးရောင်ရှိရင် လူရှိမှာပဲ'

'ဟုတ်တယ်၊ ကျင်းတွေဖြစ်နိုင်တယ်'

ချီစွမ်း ဝမ်းသာအားရဖြင့်

'အဲဒီနေရာမှာ အရင်က လူနေအိမ်ခြေရှိသလား'

'မရှိဘူးဗျ'

'ဒါဖြင့် မရဏလှေကြီး ဆိုက်ကပ်ထားတဲ့နေရာပဲဖြစ်မယ်'

အိုရန်မှသည်း အံ့ဩဝမ်းသာသွား၏။

'ဒါဆို ကျုပ်တို့ မရဏလှေကြီးကို ရှာတွေ့ပြီပေါ့'

ချီစွမ်းက...

'မရဏလှေကြီးဟာ အထိနာသွားပေမယ့် ပြုပြင်ပြီး မြစ်
ဝါမြစ်ထဲ ပြန်ထွက်လာနိုင်တယ်၊ တိုက်ပွဲပြန်ဝင်လာနိုင်တယ်
ဆိုတာ တပ်မင်းက သိထားတယ်၊ မရဏလှေကြီးပြင်ဆင်လို့
မပြီးခင် ဖျက်ဆီးပစ်ရလိမ့်မယ်'

'ဘယ်လို ဖျက်ဆီးမှာလဲ'

ချီစွမ်းက

'လွယ်ပါတယ်၊ မရဏလှေပေါ်မှာ သစ်လုံးတွင်း ယမ်းမီး
လက်နက်တွေအတွက် အသုံးပြုဖို့ ယမ်းစည်းတွေ သိုလှောင်
ထားတယ်၊ အဲဒီယမ်းစည်းတွေထားတဲ့အခန်းကို ရောက်အောင်

သွားပြီး မီးရှို့လိုက်ရင် ဟဲ ဟဲ တကယ့်ကို နားထောင်လို့ကောင်းတဲ့ မရဏတေးသံကို ကြားရမှာတဲ့'

ပြောပြီး သဘောကျစွာ ရယ်မောလိုက်လေသည်။

အိုရန်မှုလည်း သဘောကျသွားလေသည်။

'မရဏတေးသံ ဟုတ်လား၊ တယ်ကောင်းတဲ့ နာမည်ပဲ'

'ဟုတ်တယ်၊ ကျုပ်တို့ တိုင်းပြည်ကို ကျူးကျော်လာသူတွေအတွက် တကယ့်ကို သာယာနာပျော်ဖွယ်ကောင်းတဲ့ မရဏတေးသံပဲပေါ့၊ အနည်းဆုံး ဆိပ်ကမ်းမြို့လောက်က ကြားရလိမ့်မယ်'

ချစ်စွမ်းသည် မရဏလှေကြီးအား လိုက်လံရှာဖွေပြီး ဖျက်ဆီးပစ်ရန် တာဝန်ယူထားသူဖြစ်ကြောင်း အိုရန်မှု နားလည်လိုက်သည်။

မရဏလှေကြီးအား ရှာဖွေတွေ့လျှင် ဝူလီမင်းထံ ပြန်လည်သတင်းပို့နေမည် မဟုတ်ပါ။

တစ်ယောက်တည်း စွန့်စွန့်စားစား ကြိုးစား ဖျက်ဆီးပစ်မည်သာ ဖြစ်ကြောင်း အိုရန်မှု နားလည်လာလေတော့သည်။

ချစ်စွမ်းအား တစ်စတက်တစ်စ လေးစားလာသည်။

ချစ်စွမ်းသည် ရွှေငွေပစ္စည်း ဥစ္စာအတွက် စွန့်စားနေခြင်း မဟုတ်ပါ။

အမိမြေမှ ကျူးကျော်သူများအား မောင်းထုတ်ရန်ရည်ရွယ်ချက် တစ်ခုတည်းဖြင့် ကြိုးစားနေခြင်းဖြစ်၏။

အမိမြေအတွက် အသက်စွန့်ရမည်ကိုမျှ ဝန်လေးပင်ပန်းသည်ဟု သဘောမထားသူ ဖြစ်၏။



လူတိုင်းလူတိုင်းသည် ချစ်စွမ်းကဲ့သို့ အမိမြေအား မြတ်နိုးတွယ်တာစိတ်ရှိကြမည်ဆိုလျှင် ကျူးကျော်သူများအား ကျိန်းသေ မောင်းထုတ်ပစ်နိုင်မည်ဟု အိုရန်မှု တွေးမိလေသည်။

ချစ်စွမ်းက —

'ကဲ အချိန်ရှိတုန်း သွားကြရအောင်'

ဟု ပြောလာ၏။

အိုရန်မှု ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

'အခုသွားမယ် ဟုတ်လား'

'ဟုတ်တယ်လေ'

'ညကြီးမင်းကြီးသွားရင် မတော်တဆ ကျင်းအစောင့်တွေနဲ့တွေ့ရင် ဘယ်လိုလုပ်မလဲ'

ချစ်စွမ်း ရယ်မောလိုက်သည်။

'ကျုပ်က တိုက်ပွဲပေါင်းများစွာ ရင်ဆိုင်ခဲ့ပြီးပါပြီဗျာ၊ ညဘက်မှာ ရန်သူ့စခန်းတွေကို ဝင်ပြီး စီးနင်း တိုက်ခိုက်ဖူးပါတယ်၊ ကျုပ်မှာ အတွေ့အကြုံရှိပါတယ်၊ ဘာမှမစိုးရိမ်ပါနဲ့ဗျာ'

အိုရန်မှု သက်ပြင်းချလိုက်သည်။

ချစ်စွမ်းအား ယုံကြည်ကိုးစားမိသည့်အလျောက်....

'ကောင်းပြီလေ သွားကြတာပေါ့'

သူတို့နှစ်ယောက် သစ်ပင်ပေါ်မှ ဆင်းလာကြသည်။

ထို့နောက် နှစ်ယောက်သား မီးရောင်ထွက်ပေါ်နေသော နေရာဆီသို့ ဦးတည်လာခဲ့ကြသည်။

ချိုစွမ်းက ရှေ့မှသွားပြီး အိုရန်မုက နောက်မှလိုက်သွားခြင်း ဖြစ်လေသည်။

သူတို့နှစ်ယောက်သည် ကျင်းအစောင့်များနှင့် တွေ့မည်ကို စိုးရိမ်ကာ သစ်ပင်ချုံနွယ်များကို အကာအကွယ်ယူရင်း ခရီးဆက်ခဲ့ကြ၏။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

ညလေအေးများ တိုက်ခတ်လာလေသည်။

အေးစိမ့်နေသည်ဖြစ်သော်လည်း အိုရန်မု၏ ခန္ဓာကိုယ်တွင် ချွေးများစို့လာ၏။

သူတို့တရွေ့ရွေ့ ခရီးနှင်လာရင်းမီးရောင်ထွက်ပေါ်နေသည့် နေရာနှင့် တဖြည်းဖြည်း နီးကပ်လာသည်။

ထိုအခါ မီးရောင်သည် သုံးတွေ့မြစ်ကမ်းပါးမှ ထွက်ပေါ် နေခြင်းဖြစ်ကြောင်း တွေ့ရ၏။

မီးရောင်များ ထိန်ထိန်လင်းနေခြင်းကြောင့် ကမ်းစပ်တွင် လွန်စွာမှကြီးမားသော လှေကြီးတစ်စင်း ရပ်တန့်ထားသည်ကို တွေ့လိုက်ရ၏။

မီးရောင်များသည် ထိုလှေကြီးပေါ်မှ ထွက်ပေါ်နေခြင်း ဖြစ်နေပေတော့သည်။

'ရောမလှေကြီးပါလား'

အိုရန်မု လွတ်ခနဲ ရေရွတ်လိုက်၏။

ထိုလှေကြီးကား မရဏလှေကြီးပင် ဖြစ်လေသည်။

တစ်ချိန်က သူတို့စီးနင်းလာသည့် ရှက်လှေကလေးအား



အညာအတားကင်းခဲ့စဉ်၍ တိုက်ခိုက်နှစ်မြုပ်ခဲ့သည့် လှေကြီး ဖြစ်ကြောင်းလည်း မှတ်မိလိုက်လေတော့သည်။

'ရှူး တိုးတိုး'

ချိုစွမ်းက သတိပေးလိုက်သည်။

အိုရန်မု ပါးစပ်ပိတ်ထားလိုက်လေသည်။

ချိုစွမ်းက အိုရန်မု၏လက်ကိုဆွဲကာ ချုံပုတ်တစ်ခုအောက်တွင် ဝပ်ချလိုက်၏။

မရှေးမနှောင်းမှာပင် စကားသံများ ထွက်ပေါ်လာသည်ကို ကြားရ၏။

လှံရှည်ကိုယ်စီ ကိုင်ဆောင်ထားသည့် ကျင်း စစ်သည်တော်များ ကင်းလှည့်လာနေသည်ကို တွေ့ရ၏။

ကျင်းစစ်သည်တော်များသည် ခွန်အားကြီးမားပြီး ရက်စက်ကြမ်းကြုတ်သူများဖြစ်သည်ဟု ကြားဖူးထား၏။

ထို့ကြောင့် အိုရန်မု ထိတ်လန့်သွားကာ မြေပေါ်ပြားပြား ဝပ်နေလိုက်လေသည်။

ကျင်းစစ်သည်တော်များသည် ဟိုဟို သည်သည် အကဲခတ်ကြည့်ကာ ရှေ့ဆက်ထွက်ခွာသွားကြသည်။

ကျင်းစစ်သည်တော်များ ထွက်သွားပြီးမှ ချိုစွမ်းက

'ကဲ.. သွားကြစို့'

ပြောပြီး ရှေ့သို့ခပ်သွက်သွက် ပြေးထွက် သွားလေသည်။

အန္တရာယ်နှင့် အချိန်မရွေးကြုံတွေ့နိုင်ကြောင်း ရိပ်မိရသော အိုရန်မု ရင်ထိတ်နေ၏။

သို့ပါသော်လည်း ချိုစွမ်းထွက်သွားပြီဖြစ်ရာ မတတ်သာဘဲ နောက်မှပြေးလိုက်သွားရ၏။

'မိတ်...ဆွေ ခင်ဗျား ဘယ်သွားမလို့လဲ'

ဟုလည်း လှမ်းမေးလိုက်၏။

ချိုစွမ်း ခြေလှမ်းရပ်သွား၏။

အိုရန်မုဘက် လှည့်ကြည့်ရင်း

'ရှူး... တိုးတိုး စကားမပြောနဲ့'

ဟု သတိပေးလေသည်။

အိုရန်မုလည်း ပါးစပ်ပိတ်ထားလိုက်ရလေသည်။

ချိုစွမ်းက

'လာ... ကျုပ်နောက်လိုက်ခဲ့'

ပြောပြီး အိုရန်မု၏လက်ကိုဆွဲကာ ခေါ်သွား၏။

အိုရန်မုနောက်မှ လိုက်သွားရလေသည်။

သူတို့သည် မြစ်ကမ်းပါးနှင့် နီးသည်ထက် နီးကပ်သွား၏။

သူတို့၏ ခြေထောက်များသည် မြစ်ရေများ ရွှံ့မြေများကို ပင် နင်းမိကြလေသည်။

ချိုစွမ်းသည် မရဏလှေကြီးနှင့် နီးသည်ထက် နီးကပ်သည် အထိ ချဉ်းကပ်သွားနေခြင်း ဖြစ်ပေတော့သည်။

အိုရန်မု၏ရင်ထဲ တထိတ်ထိတ် ခုန်လာသည်။

အကြောင်းကား မရဏလှေကြီးနှင့် နီးလာလေလေ ကျင်၊ အစောင့်အကြပ်များကို ပို၍တွေ့ရလေလေပင်။

ကျင်းစစ်သည်တော်များသည် မြစ်ကမ်းပါး တစ်ဘက်တစ်



ချက်၌လည်းကောင်း၊ မြစ်ရေပြင်ထဲဝယ် လှေများ၊ ဝါးဖောင် များဖြင့်လည်းကောင်း စောင့်ကြပ်နေကြလေသည်။

မရဏလှေကြီးပေါ်၌ လှုပ်ရှား သွားလာ နေကြသူများကို လည်း မီးရောင်ဖြင့် အတိုင်းသား တွေ့မြင်နေရလေသည်။

တဖြည်းဖြည်း မရဏလှေကြီးနှင့် ကိုက်တစ်ရာ အကွာခန့်သို့ ပင် ချဉ်းကပ်လာမိကြလေသည်။

ထိုအခါမှ ချိုစွမ်းက ခြေလှမ်းရပ်တန့်လိုက်သည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီးမှ အိုရန်မုဘက် လှည့်ကာ

'မရဏတေးသံကို ခင်ဗျား နားမထောင်ချင်ဘူးလား'

ဟု မေးလိုက်လေသည်။

အိုရန်မု ပြုံးလိုက်သည်။

'နားထောင်ချင်တာပေါ့ဗျာ'

'ကောင်းပြီ၊ ခင်ဗျား ဒီမှာ စောင့်နေ'

'ဗျာ'

အိုရန်မု ကြောင်အမ်းအမ်း ဖြစ်သွား၏။

ချိုစွမ်းကို နားမလည်နိုင်စွာ ကြည့်လိုက်လေသည်။

ချိုစွမ်းက တည်ကြည်သော မျက်နှာထားဖြင့်

'ခင်ဗျားလိုက်လို့ မဖြစ်ဘူး၊ ဒါကြောင့် ဒီမှာ စောင့် နေပါ'

ဟု ပြောလေသည်။

အိုရန်မု မျက်လုံးပြူးသွားသည်။

'ခင်...ခင်ဗျားက'

'ဟဲ ဟဲ ကျုပ်သွားရမယ်လေ၊ လူတွေအားလုံးက မရဏာ တေးသံကို နားထောင်နေကြတာ မဟုတ်လားဗျ'

အိုရန်မှ မျက်နှာပျက်သွား၏။

'ခင်...ခင်ဗျား သွားမယ် ဟုတ်လား'

'ဟုတ်တယ်လေ'

'ဟာ ဖြစ်ပါ့မလား၊ အန္တရာယ်များလှပါတယ်ဗျာ'

ချီစွမ်း ပြုံးလိုက်သည်။

'ကျုပ်က အန္တရာယ်နဲ့ရင်ဆိုင်ခဲ့ရပေါင်းများပါပြီ၊ မမှုတော့ ပါဘူးဗျာ'

'ခင်ဗျားသေရမှာ မကြောက်ဘူးပေါ့'

'လူတစ်ယောက်ဟာ တစ်ဘဝမှာ တစ်ခါပဲ သေရတာပါ ဗျာ၊ တိုင်းပြည်နဲ့ လူမျိုး အတွက် အသက်စွန့်ရတယ်ဆိုတာ အင်မတန် မြင့်မြတ်တဲ့အလုပ်ပါ'

ချီစွမ်း၏မျက်နှာ တည်ကြည် လေးနက်နေ၏။

အိုရန်မှ မည်သို့ ပြောရမှန်းမသိ ဖြစ်သွားလေသည်။

ချီစွမ်းက ...

'ကျုပ်သွားမယ်၊ခင်ဗျားဒီမှာ စောင့်နေပါ၊အရက်တက်ချိန် ထိ ကျုပ် ပြန်ရောက်မလာဘူးဆိုရင်တော့ ကျုပ်ကို မစောင့်နဲ့ တော့၊ ကျင်းတွေကို လွတ်အောင်ရှောင်ပြီး ပြေးပေတော့'

'ဗျာ'

'ကျုပ်က မရဏာလှေပေါ်မှာ အခြေအနေ ဘယ်လို ရှိမယ် ဆိုတာ မပြောနိုင်သေးဘူး၊ ကျုပ်ရဲ့အကြံ အောင်မြင်ချင်လဲ အောင်မြင်မယ်၊ဒါမှမဟုတ် ကျင်းတွေလက်ချက်မိရင်လဲ မိသွား



နိုင်တယ်၊ ဘယ်လိုဖြစ်မယ်ဆိုတာ ပြောလို့မရဘူး၊ ဒါကြောင့် ကျုပ် ပြန်ရောက်မလာဘူးဆိုရင် ဆက်ပြီး စောင့်မနေနဲ့တော့'

အိုရန်မှ မည်သို့ပြန်ပြောရမှန်းမသိ ဖြစ်နေလေသည်။

ချီစွမ်းက...

'ကဲ နှုတ်ဆက်ခဲ့ပါတယ်ဗျာ၊ ခင်ဗျားရဲ့ ဇာတိမာန် တက်ကြွစေတဲ့ ကဗျာတွေအကြောင်း ကျုပ်ကြားပါတယ်၊ ဖတ်လဲ ဖတ်ဖူးပါတယ်၊ နောက်မှ ပြန်တွေ့ကြတာပေါ့'

စကားဆုံးလျှင် ရှေ့သို့ ပြေးထွက်သွားလေတော့သည်။

'မိတ်...မိတ်ဆွေလေး'

အိုရန်မှ ဟန့်တားလိုက်ပါသော်လည်း ချီစွမ်းက နောက်လှည့် ကြည့်မနေတော့ချေ။

ရေစပ်သို့ ခပ်သွက်သွက်ဆင်းသွားပြီး ရေထဲ ငုပ်လျှိုးကာ မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

အိုရန်မှ ထိတ်လန့်သွား၏။

တုတ်ဘုတ်မျှ မလှုပ်ဝံ့တော့ပဲ ချုံပုတ်အတွင်း၌ငြိမ်သက်စွာ ပုန်းအောင်းရင်း ချီစွမ်းပြန်လာမည့်အချိန်ကို စောင့်မျှော်နေမိ လေတော့သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ကျင်းစစ်သည် များသည် ထမင်း တစ်အိုးချက်ခန့် အချိန်ကြာတိုင်း ယင်းလှည့်တတ်ကြသည်ကို အိုရန်မှ သတိပြုမိသည်။

ကျင်းစစ်သည်များသည် လူစုဆယ်စု ခွဲကာ မြစ်ကမ်းတစိုက်တွင်ကင်းလှည့်ကာ ရန်သူရှာဖွေကြခြင်း ဖြစ်လေသည်။

မြစ်ကမ်းဘေး၌ မရဏလှေကြီး ဆိုက်ကပ်ထား၏။

ချီစွမ်းအား စောင့်ဆိုင်းရင်း မရဏလှေကြီးကို အကဲခတ်ကြည့်မိ၏။

မရဏလှေကြီး၏ ဝဲဘက်ကိုယ်ထည်တွင် အပေါက်ကြီး ဖြစ်ပေါ်နေ၏။

ဂူလီမင်း၏ တပ်ဖွဲ့များနှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့စဉ်က ရရှိခဲ့သော ဒဏ်ရာဒဏ်ချက်များ ဖြစ်ပေသည်။

မရဏလှေကြီး၏ နေရာအတော်များများတွင် ဒဏ်ရာ ဒဏ်ချက်များ ရရှိသဖြင့် တိုက်ပွဲမဝင်နိုင်တော့ဘဲ ပြုပြင်ဖာထေးရန် ကျောက်ချရပ်နားနေခြင်း ဖြစ်ပေတော့သည်။

ကျင်းစစ်သည် များသည် လှေပေါ်မှ ကြိုးလှေကားများ အသုံးပြုကာ ပေါက်ပြဲနေသော လှေကြီးကိုယ်ထည်ကို ပြုပြင်ဖာထေးနေကြ၏။

အပေါက်ကြီးများ နေရာ၌ ကြေးပြားကြီးများ ကပ်ကာ ရဲရဲနီအောင် မီးဖုတ်ထားသော သံမှိုဖြင့် ခိုင်ခံ့အောင် စွဲနှက်နေကြ၏။

မရဏလှေကြီးအား ပြုပြင်ဖာထေးမှုမှာ တစ်ဝက်ခန့် ပြီးစီးနေပြီဖြစ်ကြောင်း တွေ့ရ၏။



'ကျောက်ကျင်းသယ်လာတဲ့ ကြေးပြားကြီးတွေဟာ မရဏလှေကြီး ဖာထေးရာမှာ အသုံးပြုဖို့ဆိုတာ အမှန်ပဲကိုး'

ယင်းသို့ အိုရန်မှ တွေးနေမိလေသည်။

မရဏလှေကြီး ပြုပြင်ဖာထေးပြီး တိုက်ပွဲဝင်လာ နိုင်လျှင် မြစ်ဝါမြစ်အား ဖြတ်ကူးမည့် ဂူလီမင်း၏ တပ်ဖွဲ့များ အကြီးအကျယ် ဒုက္ခတွေ့ရမည် ဖြစ်လေသည်။

မရဏလှေကြီးအား ဖျက်ဆီးပစ်ရန် လွန်စွာ အရေးကြီးသည် မဟုတ်ပါလား။ မရဏလှေကြီးအား ဖျက်ဆီးရန် ချီစွမ်းက ကြိုးစားနေပြီ ဖြစ်လေသည်။

'ချီစွမ်း ဘယ်ရောက်နေပါလိမ့်၊ သူဟာ လူတော် တစ်ယောက်ပဲ၊ မရဏ လှေကြီးကို ဖျက်ဆီးနိုင်မှာ သေချာတယ်'

အိုရန်မှ ရေရွတ်လိုက်မိ၏။

ထိုစဉ်မှာပင် မရဏလှေကြီးပေါ်မှ ဆူဆူညံညံ အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ရန်သူ—ရန်သူ'

'လှေပိုင်းမှာ ရန်သူဟေ့'

'မလွှတ်စေနဲ့ ဝိုင်းကွ'

'ဝုန်း'

'အား'

'အမယ်လေး'

ရုတ်တရက် ထွက်ပေါ်လာသည့် အသံများကြောင့် အိုရန်မှ ရင်ထိတ်သွား၏။

'ဘာဖြစ်တာပါလိမ့်'

တွေးရင်း မရဏာလှေကြီးပေါ်သို့ စူးစိုက်ကြည့်လိုက်၏။

ထိုအခါ လှေပဲ့ပိုင်းတစ်နေရာ၌ တိုက်ပွဲဖြစ်ပွားနေသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဒုက္ခပဲ၊ ချိုစွမ်းကိုတွေ့သွားကြပြီထင်တယ်'

ထိုစဉ် မရဏာလှေကြီးပေါ်၌ မီးရောင်များ ပိုမိုထွက်ပေါ်လာသည်။

မီးအိမ်များသာမက မီးတုတ်များပါ ထွန်းညှိလိုက်ကြခြင်းကြောင့် နေ့ဘက်နှင့်မခြား လင်းလင်းချင်းချင်း ဖြစ်သွား၏။

လှေပဲ့ပိုင်း၌ တိုက်ပွဲတစ်ခုဖြစ်ပွားနေသည်ကိုလည်း ပို၍ပီပြင်စွာတွေ့မြင်လာရ လေတော့သည်။

'ဟာ ချိုစွမ်းပါလား'

အိုရန်မှ လွှတ်ခနဲရေရွတ်မိလိုက်သည်။

မှန်ပေသည်။ လှေပဲ့ပိုင်းတွင် ချိုစွမ်းရှိနေပါ၏။

ချိုစွမ်းသည် ဓားတစ်လက်ကိုင်ကာ ကျင်းစစ်သည်များအား ခုခံတိုက်ခိုက်နေလေသည်။

ချိုစွမ်း၏လက်ချက်ကြောင့် ကျင်းစစ်သည်များ အတုံးအရုံး လဲကျကုန်၏။

တစ်ယောက်နှင့်အများ ဖြစ်ကြပါသော်လည်း ချိုစွမ်းအနီးသို့ပင် မကပ်နိုင်ဘဲ ဖြစ်နေကြလေသည်။

အိုရန်မှ အသက်ပင် မရှူဝံ့တော့ချေ။

ကျင်းစစ်သည်များက တွေ့မြင်သွားပြီဖြစ်၍ ချိုစွမ်း၏ အကြံအစည် မအောင်မြင်နိုင်ကြောင်း ရိပ်မိလိုက်၏။

မရဏာလှေကြီးအား ဖျက်ဆီးပစ်နိုင်ရန် အခွင့်အရေး ပေါ်



ပေါက်လာပြီးမှ ရုတ်ခြည်း ပြန်လည်ဆုံးရှုံးသွားရပြီ ဖြစ်လေသည်။

အခွင့်အရေး ဆုံးရှုံးရသည်ကား ဝမ်းနည်းစရာ ကောင်းလှသလို သူရဲကောင်းလေး ချိုစွမ်းအား

အိုရန်မှ ဆက်မတွေးဝံ့တော့ပါ။

ချိုစွမ်းအား ကူညီနိုင်မည့်နည်းလမ်းကိုရှာကြံမိလေသည်။

ထိုစဉ်....

'ဟေ့ ဘာလုပ်နေကြတာလဲ၊ ဝိုင်းတိုက်ကြပါတော့လား'

အောင်မြင်ခန့်ညားသော အမိန့်ပေးသံကြီး ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

အိုရန်မှ လှမ်းကြည့်လိုက်သောအခါ စစ်သူကြီး အဝတ်အစားများ ဝတ်ဆင်ထားသူတစ်ယောက်က အော်ဟစ် အမိန့်ပေးနေသည်ကို တွေ့ရ၏။

ထိုလူသည်ကား မရဏာလှေကြီးအား အုပ်ချုပ်ရသည့် စစ်သူကြီး ဖြစ်ပေသည်။

စစ်သူကြီး၏ အမိန့်ပေးသံကြားလျှင် ကျင်းစစ်သည်များ မနေနိုင်ကြတော့ဘဲ

'ယား....'

ညာသံပေးကာ တစ်ဟုန်ထိုးဝင်ရောက် တိုက်ခိုက်ကြလေသည်။

ချိုစွမ်းကလည်း အနိုင်မခံ အရှုံးမပေး ရှိသမျှခွန်အားဖြင့် ပြန်လည်ခုခံတိုက်ခိုက်လေသည်။

သို့ပါသော်လည်း ကျင်းစစ်သည်များသည် တစ်ယောက်

လဲကျသွားလျှင် နှစ်ယောက်တိုးလာကြပြီး၊ နှစ်ယောက်လဲကျသွားလျှင် လေးယောက်တိုးဝင်လာကြသည်။

နောက်မဆုတ်တမ်း တိုးဝင် တိုက်ခိုက်လာရာ ချီစွမ်း၏ ခန္ဓာကိုယ်တွင် ဒဏ်ရာများ တစ်ချက်ပြီးတစ်ချက် တိုးလာလေတော့သည်။

နောက်ဆုံးတွင်

'အား...

ဖူးရှူးရှာ အော်ဟစ်လိုက်ပြီး ချီစွမ်း လဲကျသွားလေတော့သည်။



အိုရန်မှ၏ တစ်ကိုယ်လုံး တောင့်တင့်သွား၏။

ချီစွမ်းအား ကူညီရန် နည်းလမ်းရှာမရမီ ချီစွမ်းလဲကျသွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ချီစွမ်း၏အမည်ကို အော်မခေါ်မိရန် မနည်းချုပ်တည်းထားလိုက်ရ၏။

ထိုစဉ်...

'ဟား ဟား ဟား'

ကျောင်းစစ်သူကြီး၏ ရယ်မောသံကြီး ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ အိုရန်မှ ခေါင်းထောင် ကြည့်လိုက်သည်။

ထိုအခါ ကျောင်းစစ်သည်များက ချီစွမ်းအား ဒရွတ်ဆိုက်ဆွဲကာ စစ်သူကြီးရှေ့သို့ ခေါ်သွားသည်ကို တွေ့ရ၏။

ချီစွမ်း၏တစ်ကိုယ်လုံး သွေးခြင်းခြင်း နီရဲနေ၏။

ဒဏ်ရာအပြင်းအထန်ရထားသည်ဖြစ်ရကား မတ်မတ်ပင် မရပ်နိုင်ပါတော့ချေ။

ကျောင်းစစ်သူကြီးက ချီစွမ်း၏ ဆံပင်များကို ခပ်ကြမ်းကြမ်း ဆုပ်ကိုင်လိုက်ပြီး မျက်နှာမော့လာအောင် မြှုလုပ်လိုက်၏။

ပြီးလျှင် အသံဩကြီးဖြင့်...

'မင်းဟာ တိုက်ရည်ခိုက်ရည် အတော်ကောင်းတာပဲ၊ ဒီအရပ်ဒေသကလူတော့ မဟုတ်နိုင်ဘူး၊ မင်းဘယ်သူလဲဆိုတာ မှန်မှန်ဖြေစမ်း'

ဟု မေးလိုက်လေသည်။

ချီစွမ်းသည် ဝေဒနာခံစားနေရသည့်ကြားမှပင် သတ္တိရှိစွာ ပြန်လည်အော်ပြောနေသည်ကို အတိုင်းသား ကြားရလေသည်။

'ကျုပ်နာမည် ချီစွမ်း၊ ကျုပ်ဟာ တပ်ခင်း ဝူလီမင်းရဲ့ လက်ရုံးပဲ၊ ခင်ဗျားတို့ မရဏလှေကြီးကို မီးရှို့ဖျက်ဆီးပစ်ဖို့ လာခဲ့တာဗျ'

အိုရန်မှ ပင့်သက်ရှိုက်လိုက်သည်။

ချီစွမ်း၏သတ္တိကို မချီးကျူးဘဲ မနေနိုင်တော့ပြီ။

ကျင်းစစ်သူကြီး ဒေါ်ပွသွား၏။

'လက်စသတ်တော့ ဝူလီမင်း လွှတ်လိုက်တဲ့လူကိုး၊ မင်းက ငါ့ရဲ့လှေပေါ်အထိ တက်လာနိုင်တယ်ဆိုတာ နည်းတဲ့ အောင်မြင်မှု မဟုတ်ဘူး၊ ဒါပေမယ့် မင်း ဘာတတ်နိုင်တော့မှာလဲ'

စကားဆုံးလျှင် ဓါးမှောင်းကို ဆွဲထုတ်ကာ ခုတ်ချလိုက်လေသည်။

အိုရန်မှ မျက်လုံးများ ပြာဝေသွား၏။

'အား'

ချီစွမ်း၏ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်။

ကျင်းစစ်သူကြီးသည် ချီစွမ်းအား အဆုံးစီရင်လိုက်ပြီ ဖြစ်လေသည်။

'ဒီကောင့်အလောင်းကို ရေထဲပစ်ချလိုက်စမ်း'

စကားသံအဆုံးဝယ် ကျင်းစစ်သည်တော်များက ချီစွမ်း၏ အလောင်းကို မြစ်ထဲပစ်ချလိုက်ကြ၏။

'ဗွမ်း'

မြစ်ရေပြင်ဝယ် လှိုင်းဂယက်ကြီး ဖြစ်ပေါ်လာ၏။



ချီစွမ်း၏အလောင်းမှာ ရေအောက်သို့ စုန်းစုန်းမြုပ်ကာ ကွယ်ပျောက်သွားလေတော့သည်။

ခင်မင်နှစ်သိမ့်ဖွယ်ကောင်းသော သတ္တိရှိသော ချီစွမ်းသေဆုံးသွားပြီဆိုသည်ကို အိုရန်မှ လက်မခံနိုင်ဘဲ ဖြစ်နေသည်။

မကြာသေးမီကပင် သူနှင့်အတူ ရှိနေခဲ့သေးသည် မဟုတ်ပါလား။

ချီစွမ်းအား ဘယ်သောအခါမှ ပြန်လည် တွေ့ဆုံနိုင်တော့မည် မဟုတ်ချေ။

အိုရန်မှုရင်ထဲ ဖော်မပြနိုင်အောင် ဝမ်းနည်းကြေကွဲလာမိသည်။

မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝိုင်းလာသည်။

အံတင်းတင်းကြိတ်ရင်း....

'မရဏလှေကြီးကို ငါဖျက်ဆီးပစ်မယ်'

ဟု သန္နိဋ္ဌာန်ချလိုက်မိလေသည်။

ထိုအချိန်တွင် ကျင်းစစ်သူကြီး၏ အမိန့်ပေးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရပြန်လေ၏။

'အစောင့်တွေကို နှစ်ဆတိုးပြီး ချထားလိုက်၊ ကင်းလှည့်တဲ့ အဖွဲ့တွေလဲ အနားယူခွင့် မပေးနဲ့တော့၊ ကျွန်းပေါ်မှာ ပိုက်စိတ်တိုက်ရှာကြ၊ ရန်သူတွေ့တာနဲ့ သတင်းပို့ခိုင်း'

ကျင်းစစ်သူကြီး၏ နှုတ်ဖျားမှ ထွက်ပေါ်လာသော စကားလုံးများသည် ကျင်းစစ်သည်များအား ဂနာမငြိမ် ဖြစ်သွားစေလေတော့သည်။

ကျင်းစစ်သည်များသည် ဟိုမှသည်မှ ပြေးလွှား လှုပ်ရှားကုန်ကြ၏။

'မြစ်ထဲကလှေတွေ အောက်ဘက်ကိုစုန်ပြီး ရန်သူ့အခြေအနေကို ကြည့်ကြ'

ကျင်းစစ်သူကြီးက ကျွန်းပေါ်၌ စောင့်ကြပ် နေသည့် ကျင်းစစ်သည်များနှင့်ပတ်သက်ပြီး အမိန့်ပေးလိုက်လျှင် ကျွန်းပေါ်မှ ကျင်းစစ်သည်များအား တာဝန်ယူ အုပ်ချုပ်သည့် ခေါင်းဆောင်က အမိန့်အတိုင်း ဆောင်ရွက်ရန် ချက်ချင်း ထွက်ခွာသွားသလို မြစ်ထဲရှိလှေများဖြင့် စောင့်ကြပ်နေကြသူများအား တာဝန်ယူသည့် ခေါင်းဆောင်ကလည်း စစ်သူကြီး၏ အမိန့်အတိုင်း ဆောင်ရွက်ရန် ပြေးလွှားထွက်ခွာသွားလေသည်။

'အလုပ်သမားတွေကို ဘယ်သူတာဝန်ယူတာလဲ'

ထိုစကားသံနှင့် မရှေးမနှောင်းမှာပင်...

'ကျုပ် ကျုပ် တာဝန်ယူပါတယ်'

လူတစ်ယောက် အပျာကယာ ပြေးထွက်လာပြီး ပြောလေသည်။

ထိုလူသည် ကျင်းစစ်သူကြီးရှေ့၌ ခြင်္သေ့ရှေ့မှောက် ရောက်သည့် ယုန်သူငယ်အလား ရှိနေပေတော့သည်။

သူ၏ပုံပန်းသဏ္ဌာန်ကို ကြည့်သည်နှင့် ကျင်းစစ်သူကြီးအား အလွန်ကြောက်ရွံ့ကြောင်း သိသာနိုင်လေသည်။

'ဟင် ကျောက်ကျင်း'

အိုရန်မူ လွှတ်ခနဲ ခေါ်လိုက်မိလေသည်။



မှန်ပေသည်။ ကျင်းစစ်သူကြီးရှေ့သို့ ရောက်ရှိလာသူမှာ ကျောက်ကျင်း ဖြစ်နေပေတော့သည်။

'လက်စသတ်တော့ ကျောက်ကျင်း မရဏ လှေကြီးပေါ် ရောက်နေတာကိုး'

အိုရန်မူ ဒေါသထွက်သွား၏။

ကျောက်ကျင်းထံ ပြေးသွားပြီး တိုက်ခိုက်လိုစိတ်များ ဖြစ်ပေါ်လာလေသည်။

ကျောက်ကျင်းနှင့်ပတ်သက်လာလျှင် သူတို့အားလုံး မခံမရပ်နိုင်အောင် ဒေါသထွက်ခဲ့သည် မဟုတ်ပါလား။

ကျောက်ကျင်းလက်ချက်ဖြင့် သူတို့၏ရင်သွေးကလေး ဆုံးရှုံးသွားရသည်ကို ဘယ်တော့မှ မေ့နိုင်မည် မဟုတ်ပါချေ။

ကျောက်ကျင်းအား သုတ်သင်ပစ်ရန် သန္နိဋ္ဌာန်ချထားကြသော်လည်း အခွင့်အရေးမရသဖြင့် လက်ပိုက်ကြည့်နေခဲ့ရခြင်း ဖြစ်ပေတော့သည်။

အိုရန်မူကြည့်နေစဉ် ကျင်းစစ်သူကြီး၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ကျောက်ကျင်း'

'အမိန့်ရှိပါ စစ်သူကြီး'

'ကြေးပြားကြီးတွေကိုသယ်ဖို့ အလုပ်သမားတွေ ထပ်ပြီး စုဆောင်းပါ။ စုဆောင်းလို့မရရင် တို့ပိုင်နက်ထဲက ရွာတွေကို ဝင်ပြီး သန်မာတဲ့လူအားလုံးဖမ်းခေါ်ခဲ့၊ သူတို့ကို ခိုင်းရမယ်၊ ကြေးပြားကြီးတွေ အလုံအလောက်ရောက်လာပြီဆိုတာနဲ့ ဒီမှာ အမြန်ဆုံးပြင်ဆင်လို့ ပြီးသွားနိုင်တယ်'

ကျောက်ကျင်းက ဦးညွှတ်လိုက်သည်။

'စိတ်ချပါခင်ဗျာ၊ နောက်ထပ် အလုပ်သမားတစ်ရာကျော် လောက် ရနိုင်ပါတယ်'

'တို့လှေပေါ်ကလူတွေနဲ့ မလုံလောက်သေးဘူး၊ လှေပေါ်မှာ ပြင်စရာဆင်စရာတွေ အများကြီးရှိသေးတယ်၊ ဒါကြောင့် အလုပ်သမား တချို့တဝက် ဒီကိုခေါ်လာပါ'

'စိတ်ချပါ ခင်ဗျာ'

'ကောင်းပြီ တို့လှေကြီးကို ၁၅ ရက်အတွင်း ပြီးအောင်ပြင်ဆင်မယ်၊ တောင်ပိုင်းက တို့ရဲ့ တပ်ဖွဲ့တွေ ဆိပ်ကမ်းမြို့မှာ နောက်ငါးရက်ကြာရင် စုရုံးကြလိမ့်မယ်၊ တို့က ထိုးစစ်ကြီး တစ်ခုကိုစတဲ့အခါ မရဏာလှေကြီး ပါဝင်နိုင်ဖို့ အရေးအကြီးဆုံးပဲ'

ကျောက်ကျင်းကား ဦးခေါင်း တဆတ်ဆတ် ညိတ်နေလေတော့၏။

ကိုက် ၅၀ ပင် မကွာရကား သူတို့ ပြောဆိုနေကြသည့် စကားများကို အိုရန်မှ ကောင်းစွာကြားနေလေသည်။

ကျင်းစစ်သူကြီး၏စကားများ အရ မကြာမီ ကျင်းတပ်ဖွဲ့များ စုစည်းကာ တိုက်ပွဲအသစ် စမည်ဖြစ်ကြောင်း သိနိုင်၏။

ထိုအခါ မရဏာလှေကြီးလည်း အားဖြည့် ပါဝင်ကာ နေပြည်တော်မှ တပ်ဖွဲ့များကို ချေမှုန်းမည် ဖြစ်ပေသည်။

ဤသတင်းသည် အရေးကြီးရကား တပ်မင်း ဝူလီမင်းထံ အမြန်ဆုံးသတင်းပို့ရန် အရေးကြီးလှပေသည်။

ကျင်းစစ်သူကြီးသည် အလုပ်သမားများ ရနိုင်သမျှ ရှာဖွေ



စုဆောင်းပြီး မရဏာလှေကြီးပြင်ဆင်ရာ၌ စေခိုင်းရန် အမိန့်ပေးလိုက်ပြီဖြစ်လေသည်။

ကျင်းစစ်သူကြီးက အမိန့်ပေးပြီးလျှင် ချာခနဲ လှည့်ထွက်သွား၏။ ကျောက်ကျင်းလည်း ချက်ချင်းပင် မရဏာ လှေကြီးပေါ်မှဆင်းကာ လှေငယ် တစ်စင်းဖြင့် ထွက်ခွာ သွားလေသည်။

အိုရန်မှမှာ ကျောက်ကျင်းနောက်သို့ လိုက်လံတိုက်ခိုက်လိုစိတ်များကို ချိုးနှိမ်ပစ်လိုက်ရ၏။

သူက ကျောက်ကျင်းအား ရန်မူမည်ဆိုလျှင် များပြားလှသော ကျင်းစစ်သည်တော်များကြားဝယ် အသက်ပျောက်သွားရမည်သာဖြစ်လေသည်။

ချိုစွမ်းကား သေဆုံးသွားခဲ့ချေပြီ။ သူလည်း အသက်ဆုံးရှုံးသွားမည်ဆိုလျှင် မရဏာလှေကြီးနှင့် ပတ်သက်သည့် အရေးကြီးသောသတင်းများကို မည်သူမျှ သိနိုင်တော့မည်မဟုတ်ချေ။

အိုရန်မှ အံတင်းတင်း ကြိတ်လိုက်ပြီး

'မိတ်ဆွေလေး ချိုစွမ်း၊ မရဏာလှေကြီးကို ဖျက်ဆီးပစ်ဖို့ ကျုပ်အသက်နဲ့လဲပြီး ကြိုးစားမယ်လို့ ကတိပြုပါတယ်ဗျာ'

ဟု တီးတိုး ပြောလိုက်လေတော့သည်။

ဦးလီမင်းမျက်နှာ ပျက်သွား၏။

သို့သော် ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး

'သူသေသွားပြီ ဟုတ်လား'

ဟု မေးလိုက်လေသည်။

ဦးလီမင်း၏ရှေ့တွင် မားပင် ထိုင်နေ၏။

မားပင်မှာ ဦးလီမင်း တိုက်ခဲ့ဖူးသည့် အရက်အရသာကို လျှာပေါ် စွဲနေပြီဖြစ်၏။

ယခုတိုင် ဦးလီမင်းက အရက်မတိုက်သေးပေ။

ထို့ကြောင့် အာခေါင်များ ခြောက်ကပ်နေပြီး နှုတ်ခမ်းကို လျှာဖြင့် သိမ်းနေမိလေသည်။

အရက်အကြောင်း စဉ်းစားနေသဖြင့် ဦးလီမင်းပြောလိုက်သည့်စကားကိုပင် မကြားလိုက်ချေ။

'ဗျာ.. တပ်မင်း ဘာပြောလိုက်တာလဲ'

ဟု ပြန်မေးလိုက်မိ၏။

ဦးလီမင်း သက်ပြင်းချကာ

'ချီစွမ်းအကြောင်း မေးတာပါ'

'သူသေသွားပါပြီ'

'ခင်ဗျားရဲ့သမက်က တွေ့ခဲ့ရတယ်ဟုတ်လား'

'ဟုတ်ပါတယ်၊ ချီစွမ်းက မရဏလှေပေါ်တက်သွားပြီး ဖျက်ဆီးပစ်ဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမယ့် ကျင်းတွေ တွေ့သွားပြီး တိုက်ပွဲဖြစ်ရာမှာ သေဆုံးသွားခဲ့တယ်လို့ ပြောတာပဲ'

ဦးလီမင်းက

'ခင်ဗျား သမက်ပြောတာ သေချာပါတယ်နော်'



'ဟာ သိပ်သေချာတာပေါ့၊ သူက ဘာကြောင့် လိမ်ပြောရမှာလဲ'

မားပင်က အိုရန်မုနှင့် မားယဉ်တို့၏ ရင်သွေးလေးကို ကျောက်ကျင်းက သတ်ပစ်ခဲ့ကြောင်း၊ ထို့ကြောင့် အိုရန်မုမှာ ကျောက်ကျင်းနှင့် ကျင်းများကို သုတ်သင်ပစ်လိုသည့်ဆန္ဒ ပြင်းပြနေကြောင်း ရှင်းပြလိုက်လေသည်။

မားပင်သည် အရက်အလွန်အကျွံ သောက်သည်မှ လွဲပြီး တိုင်းပြည်အပေါ် သစ္စာဖောက်လိုစိတ်ရှိသူမဟုတ်ကြောင်း ရိပ်မိထားလေသည်။

မားပင်ကိုယ်တိုင်လည်း မရဏလှေကြီးအား ဖျက်ဆီးပစ်လိုစိတ်ရှိကြောင်း ရိပ်မိ၏။

အတွေ့အကြုံ ရင့်ကျက်ပြီး ပရိယာယ်ကြွယ်ဝသူပီပီ မရဏလှေကြီးအား ဖျက်ဆီးပစ်နိုင်မည့် နည်းလမ်းကို ချက်ချင်း တွေးမိသွားလေတော့သည်။

သူက လက်ဝှေ့ယမ်းပြလိုက်လျှင် သူ၏ သက်တော်စောင့်သည် အရက်တစ်ခွက်ယူကာ ခပ်သွက်သွက်လေး ရောက်ရှိလာလေသည်။

ဦးလီမင်းက မားပင်အား ပြုံးပြလိုက်ပြီး

'ကဲ သောက်လိုက်ပါဦးဗျာ'

ဟု ပြောလိုက်လေသည်။

မားပင်မှာ ဣန္ဒြေပင် မဆည်နိုင်တော့ပဲ အရက်ခွက်ကိုယူကာ တစ်ကျိုက်တည်းဖြင့် ကုန်အောင် မော့ချလိုက်လေသည်။

...NYAUNG SARPAY, ...

ဝူလီမင်းက

'ခင်ဗျားသမက် ကြုံတွေ့ ခဲ့ရတာတွေကို နောက်တစ်ခေါက်လောက် ထပ်ပြောပြပါလားဗျာ'

ဟု ပြောလိုက်လေသည်။

မားပင်မှာ အရက်တစ်ခွက် သောက်လိုက်ရခြင်းကြောင့် အာရှင်နေပြီဖြစ်လေသည်။

'တပ်မင်း နားထောင်ချင်ရင် ပြောပြရမှာပေါ့၊ ကျုပ်သမက်နဲ့ ချီစွမ်းတို့ မရဏလှေကြီးရှိနိုင်တဲ့နေရာကို လိုက်ရှာခဲ့ကြတယ်၊ အဲ့ဒီလိုနဲ့ သုံးကျွန်းမြစ်ရဲ့ ဒုတိယမြစ်ကျွန်းကို ရောက်တယ်ဆိုရင်ပဲ မရဏလှေကြီးက မြစ်ကမ်းဘေးမှာ ကျောက်ချရပ်နားထားတာကို တွေ့ခဲ့ရတယ်၊ ပတ်ဝန်းကျင် မှာတော့ ကျင်းစစ်သည်တွေ အလုံးအရင်းနဲ့ စောင့်ကြပ်နေကြတယ်ဆိုပါတော့'

ဝူလီမင်း ခေါင်းညိတ်လိုက်သည်။

နားထောင်ပြီးသားဖြစ်သော်လည်း စိတ်ရှည်လက်ရှည်ဖြင့် ဆက်၍နားထောင်နေလေသည်။

မားပင်က ဆက်မပြောတော့ဘဲ ချောင်း တစ် ဟွတ် ဟွတ်ဆိုးနေ၏။

မားပင်၏ လုပ်ရပ်ကို ရိပ်မိလိုက်သည်ဖြစ်ရကား ဝူလီမင်းက လက်ဝေ့ယမ်းပြလိုက်သည်။

သူ၏ သက်တော်စောင့်က အရက်တစ်ခွက်လာချပေးပြန်၏။

မားပင်လည်း တစ်ကျိုက်တည်းဖြင့် ကုန်အောင်မော့သောက်ပစ်လိုက်သည်။



ပြီးမှ

'ချီစွမ်းက မရဏလှေကို ဖျက်ဆီးပစ်ဖို့ အရေးကြီးတယ်ဆိုတာသိတော့ ကျုပ်သမက်ကို ပြန်ဖို့ပြောပြီး သူကတော့မရဏလှေပေါ် တိတ်တဆိတ် တက်သွားတယ်၊ ကျုပ်သမက်က အခြေအနေစောင့်ကြည့်ပြီး ကျန်ခဲ့တယ်၊ ဒီလိုနဲ့ ချီစွမ်းက လှေပေါ်ရောက်သွားပြီး ဘာမှ မလုပ်နိုင်ခင် ကျင်းတွေ လက်ချက်မိသွားခဲ့တယ်၊ ချီစွမ်းကြောင့် ကျင်းစစ်သူကြီးက....'

မားပင်က စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်လိုက်ပြန်၏။

ဝူလီမင်း၏ သက်တော်စောင့်က ချက်ချင်း အရက်တစ်ခွက် ယူလာပေး၏။

အရက်သုံးခွက်သောက်ပြီးသောအခါ မားပင် ဦးခေါင်းထဲ ရီဝေဝေ ပြုလာပြီဖြစ်လေသည်။

စကားလည်း အတော်မသတ် ပြောလေတော့သည်။

'မရဏလှေကိုဦးစီးတဲ့ ကျင်းစစ်သူကြီးက အဲလုပ်သမားတွေ စုစည်းပြီး လှေကို အမြန်ဆုံးပြင်ဖို့ အမိန့်ပေးနေတယ်၊ ငါးရက်အတွင်း ပြီးစီးအောင် ပြင်ဆင်ရမယ်လို့ အမိန့်ထုတ်လိုက်တယ်'

ဝူလီမင်း ပြုံးလိုက်သည်။

'သူတို့က လိုအပ်နေတဲ့အလုပ်သမားတွေကို အနီးပတ်ဝန်းကျင် ကျေးရွာတွေမှာ လိုက်ပြီး စုဆောင်းမယ်ပေါ့'

'ဟုတ်တယ်'

'ကျင်းစစ်သည်တွေလဲ အလုပ်များနေမှာမို့ တင်းတင်းကျပ်ကျပ် စောင့်ကြပ်နိုင်တော့မှာ မဟုတ်ဘူးထင်တယ်'

မားပင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်မယ်၊ အဖျက်အစီးတွေက အတော်များသေးတယ်လို့ ကျုပ်သမက်က ပြောတယ်၊ ဒါ့ကြောင့်အတွင်းပြီးအောင် မြင်ဆင် ရမယ်ဆိုရင် လူတိုင်းအလုပ်များနေကြတော့မှာပဲ'

ဝူလီမင်းက

'အင်း သူတို့အလုပ်ရှုပ်နေချိန်မှာ ဝင်ပြီးတိုက်ခိုက်မယ်ဆိုရင် အနိုင်ရမှာ သေချာတယ်၊ ဒါပေမယ့် ကျုပ်တို့ ချီတက်သွားတာနဲ့ သူတို့လဲ သတင်းရသွားမှာပဲ'

ဟု ပြောလိုက်၏။

မှန်ပေသည်။ မရဏာလှေကြီးသည် ကျင်းတို့ပိုင်နက်အတွင်း၌ ရှိနေသည့် မြေရိုင်းကျွန်း၌ ကျောက်ချရပ်နားကာ ပြင်ဆင်နေခြင်း ဖြစ်လေသည်။

ထို့ကြောင့် နေပြည်တော်မှတပ်ဖွဲ့များ ချီတက်သွားသည်နှင့် ကျင်းများ ချက်ချင်း သတင်းရသွားမည်ဖြစ်၏။

မရဏာလှေကြီးအား ဖျက်ဆီးရန်လာသည်ဟုဆိုလျှင် မီးကုန်ယမ်းကုန် ခုခံတိုက်ခိုက်ကြလိမ့်မည် ဖြစ်လေသည်။

ဝူလီမင်းမှာ အင်အားအလုံးအရင်းဖြင့် သွားရောက် တိုက်ခိုက်ရန် မည်သို့မျှ မဖြစ်နိုင်ပါချေ။

မားပင်လည်း ထိုအချက်ကို နားလည်သဖြင့်ပေါက်ထွားလေရာ ခေါင်းညိတ်ထောက်ခံလိုက်လေသည်။

'ဟုတ်တယ်၊ တပ်မင်းသွားတာနဲ့ သူတို့သိသွားမှာပဲ'

'အင်း မရဏာလှေကြီးကိုဖျက်ဆီးပစ်ဖို့ နောက်ဆုံးနည်းလမ်း တစ်ခုပဲ ရှိတော့တယ်'



မားပင် စိတ်ဝင်စားသွားသည်။

'ဘယ်လိုနည်းလမ်းများလဲ'

ဟု မေးလိုက်လေသည်။

ဝူလီမင်းက

'ခင်ဗျားအပေါ် မူတည်နေတယ်လို့ ပြောရမှာပဲ'

'ဗျာ ကျုပ်အပေါ် မူတည်နေတယ်ဟုတ်လား'

'ဟုတ်တယ်'

'ဟာ ကျုပ်က မုဆိုးတစ်ယောက်ပါဗျာ၊ တိုက်ရခိုက်ရတာကို ကျွမ်းကျင်တာမဟုတ်ဘူး'

မားပင် ထိတ်လန့်သွားပြီး ကပျာကယာငြင်းဆန်လိုက်လေသည်။

ချီစွမ်းသေဆုံးသွားကြောင်းသိရပြီးနောက် ကျင်းတို့ပိုင်နက်ထဲသွားရန် လွန်စွာမှပင် ဝန်လေးနေမိလေတော့သည်။

ယခုလည်း ဝူလီမင်းက သူ့အပေါ် မူတည်နေကြောင်း ပြောလိုက်သည်နှင့် ခေါင်းရှောင်ရန် ကြိုးစားလေတော့သည်။

ဝူလီမင်း၏ မျက်နှာတည်သွားသည်။

'ခင်ဗျားက မရဏာလှေကိုဖျက်ဆီးရာမှာ တစ်တပ်တစ်အား ပါဝင်ချင်လိမ့်မယ်လို့ ယူဆတယ်ဗျ'

ဟု ပြောလိုက်လေသည်။

မားပင် သက်ပြင်းချလိုက်သည်။

'ကျုပ်က မရဏာလှေကိုဖျက်ဆီးပစ်ချင်ပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ်က အိုပါပြီ၊ လူငယ်တွေလို ဖျတ်ဖျတ်လတ်လတ်မရှိ

တော့ပါဘူး၊ မရဏလှေကို ဖျက်ဆီးတဲ့နေရာမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဖို့ဆိုတာ'

စကား တစ်ပိုင်းတစ်စဖြင့် ရပ်သွားလိုက်၏။

သူ၏လက်ထဲ၌ အရက်ခွက်အလွတ်ရှိနေ၏။

စိတ်လှုပ်ရှားမှုကြောင့် အရက်သောက်လိုစိတ် ပြင်းပြနေ၏။

သို့သော် အရက်လာထည့်ပေးမည့်သူ မရှိချေ။ ဝူလီမင်းက ရိပ်မိသော်လည်း မသိဟန်ဆောင်နေလိုက်၏။

မားပင်ကို စိုက်ကြည့်ကာ

'မရဏလှေကို ဖျက်ဆီးပစ်ဖို့တော့ ခင်ဗျားစိတ်ဝင်စားတယ်ပေါ့'

'ဟုတ်တယ်၊ ဒါတော့ ကျုပ်စိတ်ဝင်စားပါတယ်'

'ကောင်းပြီ၊ ကျုပ်တို့နှစ်ယောက် ပူးပေါင်းဆောင်ရွက်လိုက်ရင် မရဏလှေဟာ လောကပေါ်က ပျောက်ကွယ်သွားမှာပဲဗျ'

'ဗျာ ကျုပ်တို့ နှစ်ယောက် ပူးပေါင်း ဆောင်ရွက်ရမယ်ဟုတ်လား'

'ဟုတ်တယ်လေ'

'ဘယ်...ဘယ်လို ပူးပေါင်းဆောင်ရွက်ရမှာလဲ'

'ကျုပ်ကို အကူအညီပေးရုံပါဗျာ'

ဝူလီမင်းက စကားမတင်မကျ ပြောလိုက်လေသည်။

မားပင် အနည်းငယ် စဉ်းစားလိုက်ပြီး

'မရဏလှေကြီးကိုဖျက်ဆီးရာမှာ ကျုပ်ကိုယ်တိုင် ဝင်ပါရမလို့ဘူးမဟုတ်လား'



မားပင်၏မျက်လုံးထဲဝယ် အိုရန်မုအား မြင်ယောင် လာလေသည်။

ဝူလီမင်းလိုလားသော အရည်အချင်းများသည် အိုရန်မုတွင် အပြည့်အဝ ရှိနေသည်မဟုတ်ပါလား။

အိုရန်မုသည်သာလျှင် ဝူလီမင်း လိုချင်နေသူမျိုး ဖြစ်ပေသည်။

အိုရန်မုအား အသုံးချရမည်လော။

မားပင် တွေဝေနေလေတော့သည်။

ဝူလီမင်းက

'ကျုပ်ပြောသလို ခင်ဗျား ကူညီနိုင်မှာပါ၊ ခင်ဗျားအကြောင်း ကျုပ်ကောင်းကောင်း သိပါတယ်၊ ကဲ...ဟေ့ အရက်တစ်ပုလင်း ယူလာစမ်းပါဦး'

သူ၏ သက်တော်စောင့်က ချက်ချင်းပင် အရက်တစ်ပုလင်း ယူလာပေးပြန်သည်။

မားပင် အားတုံ့အားနာ ဖြစ်သွား၏။

ဝူလီမင်းစေခိုင်းသမျှ ဆောင်ရွက်ပေးနိုင်ပါက သူ့အတွက် အကောင်းစားအရက်များ အလျှံပယ်ရမည်ဖြစ်၏။

ထို့အပြင် ကျင်းတို့ကို တိုက်ခိုက်မောင်းထုတ်ပြီး ဝူလီမင်းက သူ့အား ကောင်းစွာ ချီးမြှင့်မြှောက်စားဦးမည် ဖြစ်လေသည်။

ထိုသို့ တွေးတော စဉ်းစားမိသည်နှင့်

'ဟုတ်တယ် ကျုပ်ကူညီနိုင်ပါတယ်'

ဟု ပြောလိုက်လေသည်။

ဝူလီမင်း သဘောကျသွား၏။

'ဟဲ...ဟဲ ကျုပ်ထင်ရင် မလွဲလောက်ပါဘူးဗျာ၊ ကဲ ပြောစမ်းပါဦး၊ ခင်ဗျားမှာ ယုံကြည်စိတ်ချရသူတစ်ယောက် ရှိတယ်မဟုတ်လား'

'ရှိပါတယ်ဗျာ'

'ဘယ်သူများလဲဗျာ့'

'ကျုပ်သမက်ပါ၊ သူဟာ တပ်မင်းလိုချင်တဲ့အရည်အချင်း အားလုံးပြည့်ဝသူပါပဲ'

မားပင်သည် ပြောရင်း အိုရန်မှုနှင့် မားယဉ်တို့၏မျက်နှာ များကို မြင်ယောင် နေမိလေတော့သည်။



မားယဉ်နှင့် အိုရန်မှုတို့ တစ်ယောက်ကိုတစ်ယောက် ကြည့် လိုက်ကြသည်။ တစ်ဖန် မားပင်ဘက် လှည့်လိုက်ကြလေသည်။

မားပင်က

'မင်းတို့ကို ပြောစရာရှိတယ်'

ဟု အစချီလိုက်၏။

မားပင်သည် တပ်မင်း ဝူလီမင်းနှင့်တွေ့ရန် ထွက်သွားပြီး နောက် ရွာသူကြီးဟုန်၏ ရွာကလေးသို့ ပြန်လည်ရောက်ရှိလာ ပြီဖြစ်လေသည်။

မားပင် ရောက်လာသည်နှင့် အိုရန်မှုတို့ ဇနီးမောင်နှံ အား ခေါ်ယူတွေ့ဆုံခဲ့၏။

မားပင်၏မျက်နှာကိုကြည့်ရုံဖြင့် ထူးခြားချက်တစ်ခုခု ရှိနေ ပြီဖြစ်ကြောင်း အိုရန်မှုတို့ နားလည် လိုက်ကြလေသည်။

မားပင်က ပြောစရာရှိသည်ဟု အစချီလိုက်လျှင် မားယဉ်က

'ဖေဖေ့မှာ ပြောစရာရှိတယ်ဆိုတာ သမီးတို့ သိပါတယ်၊ ပြောစရာရှိတာကိုသာ ပြောပါ၊ တပ်မင်း ဝူလီမင်းက ဘာများ မှာလိုက်လို့လဲ'

ဟု ခပ်သွက်သွက်ပြောလိုက်၏။

မားပင်က

'သူက မရဏလှေကြီးကို ဖျက်ဆီးပစ်စေချင်နေတယ်'

အိုရန်မှုက ပြုံးလိုက်သည်။

'ဒါတော့ သူပြောမှလား၊ လူတိုင်းက မရဏ လှေကြီးကို ဖျက်ဆီးပစ်ချင်နေကြတာပဲ'

'ဟုတ်တယ်၊ ဒါပေမယ့် ဝူလီမင်းက သာမန်လူ မဟုတ်ဘူး ကွ၊ သူ့မှာ အကြံကောင်း ဉာဏ်ကောင်းတွေရှိနေတယ်'

အိုရန်မှု ပါးစပ်ပိတ်ထားလိုက်လေသည်။

မားယဉ်က

'ဖေဖေကလဲ ပြောစရာရှိတာရှင်းရှင်းပြောလိုက်ရင်ပြီးတာပဲ မဟုတ်လား'

မားပင် မဲ့ပြုံး ပြုံးလိုက်လေသည်။

'ငါက ပြောမလို့ဘဲ ကိုယ့်ဘာသာ စိတ်စောပြီး ဝင်ပြော နေကြတာကို ငါက ဘာလုပ်ရမလဲ'

မားယဉ်လည်း ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။

မားပင်က ဟန်ပါပါဖြင့်

'တပ်မင်း ဝူလီမင်းက မရဏလှေကြီးကို ဖျက်ဆီးပစ်ဖို့ ငါ့ကို တာဝန်ပေးလိုက်တယ်၊ ငါကမဲ့ အစစအရာရာ တာဝန်ယူပြီး မရဏလှေကြီး ပျက်စီးသွားတဲ့အထိ ဆောင်ရွက်ရလိမ့်မယ်'

'ဗျာ'

'ရှင်'

မားယဉ်နှင့် အိုရန်မှုတို့ ပါးစပ်အဟောင်းသား ဖြစ်သွား ကြလေတော့သည်။

မားပင်ကို မယုံကြည်နိုင်ဖွယ် ကြည့်လိုက်သည်။

မားပင်သည် ဉာဏ်များလှန်းသူ ဖြစ်သည်။

ယခုလည်းမည်သို့ဉာဏ်ဆင်နေသနည်းဟု တွေးတောစဉ်းစား နေမိကြလေသည်။



မားပင်က....

'မယုံရင် တပ်မင်း ဝူလီမင်းကို သွားမေးကြည့်ပေတော့၊ မရဏလှေကြီးကို ဖျက်ဆီးပစ်ဖို့ ငါ့ကို လုံးဝလွှဲအပ်တာဝန်ပေး လိုက်တယ်၊ အခုအချိန်ကစပြီး ငါ့မှာ တာဝန်တွေပိနေပြီ၊ မင်း တို့က ငါ့ကို ကူညီ ဆောင်ရွက်ကြရလိမ့်မယ်'

ဟု ပြောလိုက်လေသည်။

မားယဉ်နှင့် အိုရန်မှုတို့ တစ်ယောက်ကိုတစ်ယောက် ကြည့် လိုက်မိကြပြန်လေသည်။

မားပင်က....

'အိုရန်မှု မင်းလဲ တာဝန်ရှိတယ်'

ဟု ပြောလိုက်ပြန်လေသည်။

အိုရန်မှု ပြုံးလိုက်သည်။

'ကျွန်တော့်မှာ တာဝန်ရှိတယ် ဟုတ်လား၊ ကျွန်တော် ဘာတွေလုပ်ရဦးမှာလဲ၊ ဦးနည်းနည်းတော့ စဉ်းစားဖို့ကောင်း တယ်နော်၊ ကျွန်တော်က မသေနိုင်တဲ့လူ မဟုတ်ဘူး၊ အမြဲတမ်း ကံကောင်းနိုင်မှာလဲ မဟုတ်ဘူး'

မားယဉ်လည်း ပြုံးလိုက်သည်။

အိုရန်မှု၏ စကားအဓိပ္ပာယ်ကို ကောင်းစွာနားလည်သဘော ပေါက်ထားလေသည်။

မားပင်သည် အသက်ဘေးအန္တရာယ်ရှိသော ကိစ္စတိုင်းတွင် အိုရန်မှုကို ခိုင်းစေလေ့ရှိသည် မဟုတ်ပါလား။

မားပင် စေခိုင်းသည့်အတိုင်း ဆောင်ရွက်ရခြင်းကြောင့် အသက်ဘေးနှင့် ကြုံတွေ့ရသည့်အကြိမ်ပေါင်း မနည်းတော့ချေ။

ကံကောင်းထောက်မပြီး အသက်ဘေးမှ လွတ်မြောက်ခဲ့သော်လည်း အမြဲတမ်း ကံကောင်းနေမည်ဟု မည်သူ ပြောနိုင်ပါမည်နည်း။

မားပင် မကျေမနပ် ဖြစ်သွား၏။

အိုရန်မှ စိတ်ပျက်နေကြောင်း ရိပ်မိလေသည်။

မည်သို့ဆိုစေ မဖြစ်မနေ ဆောင်ရွက်မည်ဟု ဝူလီမင်းအား ကတိပေးခဲ့ပြီး ဖြစ်သည်။

ကတိပေးခဲ့သည့်အတိုင်း ဆောင်ရွက်နိုင်ရန် ကြိုးစားရတော့မည်သာတည်း။

ဖြစ်မြောက်အောင်မြင်နိုင်ရန် အိုရန်မှအား အသုံးချနိုင်မှုအပေါ် မူတည်နေသည် မဟုတ်ပါလော။

အိုရန်မှအား မကျေနပ်သော်လည်း ဟန်ဆောင်ကာ ပြုံးပြလိုက်လေသည်။

‘ငါ့သား မင်းက ငါ့အပေါ် အထင်လွဲနေပြီ’

ဟု ချိုသာစွာ ပြောလိုက်လေသည်။

မားပင်က အိုရန်မှကို အံ့သြသွား၏။

မားပင်ထံမှ ထိုသို့ချိုသာသောစကားမျိုး မကြားဘူးချေ။

ထို့ကြောင့် မားပင်ကို မယုံကြည်နိုင်စွာ ကြည့်လိုက်မိလေသည်။

မားပင် ပြုံးပြလိုက်သည်။

‘အိုရန်မှ မင်းဟာ ငါ့သမီးလေးနဲ့ လက်ထပ်ပြီးပြီဆိုတော့ ငါ့သားဖြစ်သွားပြီပေါ့၊ ဒီမယ် ငါ့သား တို့မိသားစုရဲ့မျိုးဆက်ရှင်သွေးလေး သေဆုံးသွားရတာ ဘာကြောင့်လဲ သိလား’



‘လူယုတ်မာကြီး ကျောက်ကျင်းကြောင့်ပေါ့’

မားယဉ်က ခပ်သွက်သွက် ပြောလိုက်သည်။

အိုရန်မှက ဘာမှမပြောဘဲ နေလိုက်၏။

မားပင် ခေါင်းယမ်းလိုက်သည်။

‘ကျောက်ကျင်း ကြောင့်တော့ ဟုတ်တယ်၊ ဒါပေမယ့် တကယ်အစက တရားခံအစစ်ဟာ ကျောက်ကျင်း မဟုတ်ဘူး’

‘ရှင်’

မားယဉ် နားမလည်နိုင်အောင် ဖြစ်သွားလေသည်။

ဖခင်ဖြစ်သူသည် သူမအဖို့ အလွန်ထူးဆန်း အံ့သြစရာကောင်းအောင် ပြောင်းလဲနေသည် ထင်မှတ်မိ၏။

မားပင်က ဆက်ပြောလိုက်သည်။

‘တကယ့်အစက တရားခံဟာ နယ်ချဲ့ ကျူးကျော်မှုပါပဲ၊ ကဲ သမီး စဉ်းစားကြည့်၊ တကယ်လို့များ ကျင်တွေက ဖေဖေတို့ တိုင်းပြည်ကို ကျူးကျော် တိုက်ခိုက်ခြင်း မရှိခဲ့ကြဘူးဆိုရင် အခုလိုအဖြစ်ဆိုးတွေ ပေါ်ပေါက်လာနိုင်ပါ့မလား’

မားယဉ် ခေါင်းညိတ်လိုက်သည်။

အိုရန်မှက ငြိမ်သက်စွာ နားထောင်နေ၏။

မားပင်က ဟန်ပါပါဖြင့်—

‘နယ်ချဲ့ကျူးကျော်မှုကြောင့် အဖြစ်ဆိုးတွေ ပေါ်ပေါက်လာခဲ့ရတယ်၊ ဖေဖေတို့ဟာ အမိမြေကို မြတ်နိုးရမယ်၊ ကျူးကျော်သူတွေကို မောင်းထုတ်ပစ်ရမယ်၊ ဒါမှ အဖြစ်ဆိုးတွေက လွတ်မြောက်နိုင်လိမ့်မယ်၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး ကိုယ့်

မြေပေါ်မှာ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်နေနိုင်ကြမယ် မဟုတ်လား’

ဟု ပြောလိုက်သည်။

မားယဉ် ခေါင်းညိတ်လိုက်ပြန်သည်။

‘ဟုတ်ပါတယ် ဖေဖေ’

‘ကောင်းပြီ ဖေဖေတို့ဟာ မျိုးဆက်ရင်သွေးလေး တစ်ယောက်အတွက် ဘယ်လောက် ခံစားခဲ့ကြရသလဲ၊ ဖေဖေတို့ကို အဖြစ်ဆိုးကြုံရသူတွေ မရေတွက်နိုင်အောင် ရှိနေကြတယ်၊ ဒီတော့ ဖေဖေတို့ဟာ အဓိကတရားခံဖြစ်တဲ့ နယ်ချဲ့ကျူးကျော်မှုကို တွန်းလှန်ပစ်ရမယ်၊ ကျင်းတွေကို တားဆီးရမယ်၊ ဘ ဘယ်လိုတားဆီးကြမလဲ၊ စဉ်းစားကြရအောင်’

မားယဉ်နှင့် အိုရန်မုတို့ကား မားပင် ဆက်ပြောလာမည့် စကားကို နားစွင့်နေလိုက်ကြလေသည်။

မားပင်က ချောင်းတစ်ချက် ဟန့်လိုက်ပြီးမှ—

‘ဖေဖေတို့အတွက် အကောင်းဆုံး ကြိုးစားမှုကတော့ နယ်ချဲ့ကျင်းတွေကို တွန်းလှန်နေတဲ့ နေပြည်တော်က တပ်ဖွဲ့တွေကို အတတ်နိုင်ဆုံး ကူညီဖို့ပဲ’

မားယဉ်က—

‘ဖေဖေက ဘယ်လို ကူညီမယ်လို့ စိတ်ကူးထားလို့လဲ၊ မရဏလှေကြီးကို ဖျက်ဆီးပစ်ဖို့ မဟုတ်လား’

‘ဟုတ်တယ်လေ မရဏလှေကြီးဟာ ကျင်းတွေရဲ့ အဓိကအားထားရာတစ်ခုပဲ မဟုတ်လား၊ မရဏလှေကြီး ရှိနေသမျှကာလပတ်လုံး နေပြည်တော်က တပ်ဖွဲ့တွေ မြစ်ဝမြစ်ကို ဖြတ်



ကူးရာမှာ အခက်အခဲရှိနေမှာပဲ၊ မရဏလှေကြီးသာ မရှိတော့ဘူးဆိုရင် ကျင်းတွေ ကြာကြာခံနိုင်မှာ မဟုတ်ဘူး’

အိုရန်မုလည်း မနေနိုင်တော့ပဲ ဝင်မေးလိုက်လေသည်။

‘မရဏလှေကြီးကို ဘယ်လိုဖျက်ဆီးမှာလဲ’

မားပင် ပြုံးလိုက်ပြန်သည်။

‘လွယ်ပါတယ်၊ ပိပိရိရိလုပ်နိုင်ရင် ဘယ်သူမှ ရိပ်မိလိုက်မှာ မဟုတ်ဘူး၊ ကျင်းတွေက ဘာဖြစ်လို့ဖြစ်တယ်ဆိုတာမသိရခင် မရဏလှေကြီး ပျက်စီးသွားမှာပဲ’

မရဏလှေကြီးအား ဖျက်ဆီးရသည်မှာ ငှက်ပျောသီး အခွံနွှာစားရသည်ထက် လွယ်ကူလေဟန် ပြောလိုက်ခြင်း ဖြစ်၏။

အိုရန်မု ဘဝင်မကျ ဖြစ်သွားလေသည်။

‘သူ့ရဲ့ကောင်းချိုစွမ်းက ခေတာမဟုတ်ဘူး၊ သူက မရဏလှေကြီးကို ဖျက်ဆီးဖို့ ကြိုးစားခဲ့တာပဲ၊ ဒါပေမယ့် သူသေသွားခဲ့တယ်’

ဟု ပြောလိုက်လေသည်။

မားပင်က ချက်ချင်း ပြန်လည်ချေပလေသည်။

‘အို ချိုစွမ်းကို လူညံ့တစ်ယောက်လို့ ငါမပြောပါဘူး၊ သူက မရဏလှေကို လိုက်ရှာဖို့ပဲ တာဝန်ရှိတယ်၊ ရှာလို့တွေ့မယ် မတွေ့ဘူးဆိုတာတောင် မသေချာဘူး၊ ဒါပေမယ့် ရှာတွေ့သွားလို့ သူက အခွင့်အရေးကို လက်လွှတ်မခံဘဲ ဖျက်ဆီးဖို့ ကြိုးစားခဲ့တာ၊ ကြိုတင် အစီအစဉ်မရှိခဲ့လို့ မဖျက်ဆီးနိုင်ခင် ဒုက္ခရောက်သွားတာပေါ့’

'ဖေဖေက ကြိုတင်စီစဉ်ထားတာ ရှိတယ်ပေါ့ ဟုတ်လား'

မားယဉ်က မေးလိုက်လေသည်။

မားပင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် ဖေဖေ စီစဉ်တာ မဟုတ်ဘူး၊ တပ်မင်း ဗိုလ်မင်းက စီစဉ်ပေးတာ၊ ဖေဖေက သူ့ရဲ့ အစီအစဉ် အောင်မြင်စေဖို့ ကြိုးစားပေးရမှာ'

'တပ်မင်းဗိုလ်မင်းက ဘယ်လိုစီစဉ်ပေးလိုက်တာလဲ'

မားပင်ယ အိုရန်မုအား ကြည့်လိုက်သည်။

အိုရန်မုသည် မားယဉ်ကဲ့သို့ စိတ်ဝင်စားမှု ထက်သန်ခြင်း မရှိသေးဟု ရိပ်မိလိုက်သည်။

ထို့ကြောင့်

'အိုရန်မု မင်း စိတ်ဝင်စားရဲ့လား'

ဟု မေးလိုက်၏။

အိုရန်မုက....

'ဟုတ်ကဲ့ စိတ်ဝင်စားပါတယ်'

ဟု ဝတ်ကျေတမ်းကျေ ဖြေလိုက်လေသည်။

မားပင်က—

'မင်း စိတ်ဝင်စားမှုဖြစ်မယ်၊ ဘာကြောင့်လဲဆိုရင် ငါက ကြီးကြပ်ကွပ်ကဲရုံလောက်ပဲ တာဝန်ရှိတယ်၊ တပ်မင်းရဲ့ အစီအစဉ်ကို တကယ်တမ်း အကောင်အထည်ဖော်ရမှာက မင်းပဲ'

'ဗျာ'

အိုရန်မု၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မားပင်ကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။



မားယဉ်က

'အစ်ကိုက လက်တွေ့အကောင်အထည်ဖော်ရမှာ ဟုတ်လား ဖေဖေ'

ဟု မေးလိုက်လေသည်။

မားပင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ မရဏလှေကြီးကို ဖျက်ဆီးပစ်ဖို့ သူ့အပေါ် မူတည်နေတယ်၊ သူသာကြိုးစားမယ်ဆိုရင် မရဏလှေကြီးကို နောက်ထပ်တွေ့ရတော့မှာ မဟုတ်ဘူး'

မားယဉ်က အိုရန်မုအား လည့်ကြည့်လိုက်၏။

သူမသည် မားပင်၏စကားကို လက်ခံလိုက်ပုံရ၏။

အိုရန်မု သက်ပြင်းချလိုက်သည်။

သူသည် မှုန်းမိနေသော ငါးတစ်ကောင်ပမာ မလူးသာ မလွန့်သာရှိနေပြီ မဟုတ်ပါသလား။

မားယဉ်က ...

'အစ်ကို မရဏလှေကြီးကိုဖျက်ဆီးပစ်လိုက်ပါနော်'

ဟု ပြောလိုက်လေသည်။

အိုရန်မု မချိပြုံး ပြုံးလိုက်ပြီး

'ဦးပြောတာ သိုးအောင်နားထောင်ပါဦး ညီမရယ်'

မားယဉ်က ...

'ကောင်းပြီလေ၊ မင်းက ဘယ်လိုလုပ်ရမယ်ဆိုတာ သိချင်နေတယ်မဟုတ်လား'

'ဟုတ်ပါတယ်'

'စိတ်ချ မင်းသိရမှာပေါ့၊ မရဏလှေကြီးဟာ တိုက်ပွဲမှာ

ထိခိုက်ပြီး အတော် ကိုပျက်စီးသွားတယ်၊ ဒဏ်ရာဒဏ်ချက်တွေ အပေါက်အပြဲတွေကို အမြန်ဆုံးပြုပြင် ဖာထေးဖို့ အရေးကြီးနေတယ်'

အိုရန်မှု ကျိတ်ပြုံးလိုက်သည်။

မရဏလှေကြီး အကြောင်းကို သူပြောပြ၍သာ မားပင် သိခဲ့ရသည်မဟုတ်ပါလား။

သူက မျက်စိနှင့် တပ်အပ်မြင်တွေ့ရသူ ဖြစ်ပေသည်။

သို့သော်လည်း အာမှမပြောဘဲ ငြိမ်နေလိုက်သည်။

မားပင်က ဆက်ပြောလိုက်လေသည်။

'မရဏလှေကြီး ပြုပြင်ဖာထေးဖို့ အလုပ်သမားတွေ လိုအပ်နေတယ်၊ သူတို့က ရသမျှလူ အကုန်ခေါ်ခိုင်းမှာပဲ၊ ဒီတော့ မင်းက အလုပ်သမားတစ်ယောက်လို ဟန်ဆောင်ပြီး မရဏလှေပေါ် တက်သွားရလိမ့်မယ်'

'ဗျာ....'

အိုရန်မှု၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာပြန်လေသည်။

မရဏလှေပေါ်တက်သွားသည့် ချီစွမ်း၏မျက်နှာကို ပြန်လည်မြင်ယောင်လာပြန်သည်။

မရဏလှေပေါ်တက်ရန်မှာ မစဉ်းစားဝံ့သည့် ကိစ္စဖြစ်လေသည်။

မားပင်က

'မရဏလှေပေါ်မှာ သစ်လုံးယမ်းမီးလက်နက်တွေ ရှိတယ်၊ အဲဒီလက်နက်တွေမှာ အသုံးပြုဖို့ ယမ်းထုပ်တွေကို လှေဝမ်းထဲ



မှာ သိုလှောင်ထားတယ်၊ မင်းက ဒီယမ်းထုပ်တွေပေါက်ကွဲအောင်လုပ်နိုင်ရင် မရဏလှေကြီး အစိတ်စိတ်အမြွှာမြွှာဖြစ်ပြီး ရေအောက်ရောက်သွားမှာပဲ'

ဟု ပြောလိုက်သည်။

အိုရန်မှုက

'ကျွန်တော့်ကိုယ်လဲ အရိုးအသားတောင် ရှာလို့တွေ့တော့မှာ မဟုတ်ဘူး'

ဟု ကောက်ကာငင်ကာ ပြန်ပြောလိုက်လေသည်။

မားယဉ်လည်း ထိတ်လန့်သွား၏။

မားပင်ကိုကြည့်ကာ

'ဟုတ်သားပဲ ဖေဖေ၊ ယမ်းထုပ်တွေ ပေါက်ကွဲကုန်မှတော့ လှေပေါ်ရောက်နေတဲ့ အစ်ကိုလဲ ဘယ်လိုလုပ် အသက်ရှင်နိုင်တော့မှာလဲ'

မားပင်ပြုံးလိုက်သည်။

'ဒါကြောင့် ဖေဖေစကား ဆုံးအောင် နားထောင်ဖို့ ပြောနေတာပေါ့၊ တပ်မင်း ဝူလီမင်းရဲ့ အစီအစဉ်အတိုင်း ဆောင်ရွက်မယ်ဆိုရင် ဘယ်လိုအန္တရာယ်မှ မတွေ့ရဘဲ ယမ်းထုပ်တွေ ပေါက်ကွဲသွားအောင် လုပ်နိုင်လိမ့်မယ်'

မားယဉ် ငြိမ်ကျသွား၏။

အိုရန်မှုလည်း ပါးစပ်ပိတ်ထားလိုက်လေသည်။

မားပင်မှာ သူ့အား အိုရန်မှုက ယုံကြည်မှု မရှိကြောင်း ကောင်းစွာ နားလည်ထားလေသည်။

သူ၏ အကြံအစည်ဆိုပါက အိုရန်မုသာမက မားယဉ်ပါ ခါးခါးသီးသီး ငြင်းဆန်ကြလိမ့်မည်။

ချည်မျှကောင်းသည့် အကြံအစည်ဖြစ်နေစေကာမူ လက်ခံကြလိမ့်မည် မဟုတ်ပါ။

ထို့ကြောင့် တပ်မင်း ဝူလီမင်း၏အကြံအစည်ဖြစ်ကြောင်း မကြာခဏ ထည့်သွင်းပြောဆိုနေခြင်း ဖြစ်လေသည်။

မားပင်က…

'ယောဒီအထုပ်ကို ကြည့်ပါ'

ပြောပြောဆိုဆို နံဘေး၌ချထားသော အထုပ်ကလေးကို စားပွဲပေါ် တင်လိုက်လေသည်။

ယခုမှ ထိုအထုပ်ကလေးကို မားယဉ်နှင့် အိုရန်မုတို့ သတိပြုမိသွားကြ၏။

မားပင်က အထုပ်ကလေးကို ဖြေလိုက်သည်။ ထိုအခါ အထုပ်ထဲမှ သံသေတ္တာတစ်လုံး ထွက်ပေါ်လာလေသည်။

မားပင် သဘောကျစွာ ရယ်မောလိုက်ပြီး

'ဒီပစ္စည်းကို တပ်မင်း ဝူလီမင်းက ပေးလိုက်တာပဲ'

'ဒါ ဘာပစ္စည်းလဲ ဖေဖေ'

မားယဉ်က မေးလိုက်၏။

မားပင်က ရှင်းပြလေသည်။

'ဒီသေတ္တာထဲမှာ ယမ်းပျော့ရယ်၊ ကန့်ရယ် ငရဲမီးရယ် သုံးမျိုးပါတယ်'

ပြောပြောဆိုဆို သေတ္တာကလေးကို ဖွင့်ပြလိုက်၏။



ထိုအခါ သေတ္တာထဲတွင် အညိုရောင် ယမ်းပျော့များ၊ အဝါရောင်ကန့်မှုန့်များနှင့် ငရဲမီးတစ်ပုလင်း ပါလာသည်ကို တွေ့ရ၏။

တစ်မျိုးနှင့်တစ်မျိုး ရောယှက်ခြင်းမရှိရလေအောင် သပ်သပ်ရပ်ရပ် ခွဲခြားထားသည်ကို တွေ့ရ၏။

မားပင်က…

'ယမ်းပျော့တွေပေါ်မှာ ကန့်မှုန့်တွေဖြူးချလိုက်ပြီး အပေါ်က ငရဲမီးလောင်းချလိုက်ရင်'

သူ၏စကားမဆုံးမီ အိုရန်မုက ကြားဖြတ် ပြောလိုက်လေသည်။

'ငရဲမီးက ကန့်နဲ့တွေ့ပြီး အပူဓာတ် ဖြစ်ပေါ်လာလိမ့်မယ်၊ အချိန်ကြာလာလေလေ အပူဓာတ် မြင့်တက်လာလေလေပဲ၊ ကြာတော့ ယမ်းတွေကို အပူဓာတ်ကူးပြီး မီးလောင်မှာပဲ၊ ငရဲမီးတော့ ကန့်တော့ ယမ်းမှုန့်တော့ သုံးမျိုးစလုံးကို သေသေချာချာ တီထွင်ထားရတာ၊ ရိုးရိုးကန့်တို့ ယမ်းတို့ ငရဲမီးတို့နဲ့ မရဘူး'

မားပင် သဘောကျသွားလေသည်။

'မင်းမဆိုးဘူး၊ မင်းက ဓာတုဗေဒပညာနဲ့ နှံ့နှံ့စပ်စပ်ရှိတော့ ဒီလိုထူးထူးခြားခြား တီထွင်လို့ရတာကို သိထားမှာပေါ့'

ဟု ချီးကျူးစကား ပြောလိုက်လေသည်။

အိုရန်မုက ဘာမျှပြန်မပြောဘဲ နေလိုက်လေသည်။

မားယဉ်က…

'အစ်ကိုက ဒီသေတ္တာကလေးကို ယူသွားရမှာလား'

ဟု မေးလိုက်၏။

မားပင် ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်၊ သေတ္တာကလေးကို မရဏလှေ ပေါ်ရောက်အောင်ဝှက်ပြီး ယူသွားရလိမ့်မယ်၊ လှေပေါ် ရောက်တဲ့အခါ ယမ်းထုပ်တွေထားတဲ့ လှေဝမ်းထဲကိုသွားပြီး ယမ်းထုပ်တွေကြားထဲမှာ....'

'ဒီလောက်ဆို ကျွန်တော် နားလည်ပါပြီ'

အိုရန်မုက စိတ်ပျက်သော လေသံဖြင့် ပြောလိုက်လေသည်။

မားပင်က သူ့အားစိုက်ကြည့်လိုက်၏။

အိုရန်မုအား စေခိုင်းရန် မသွယ်ကူမှန်း ရိပ်မိလိုက်လေသည်။

ထိုစဉ် မားယဉ်က

'ဟာ...ဒီအတိုင်းဆိုရင် မိစ္ဆာလှေကြီးကို ကောင်းကောင်းကြီး ဖျက်ဆီးပစ်နိုင်တော့မှာပေါ့၊ အစ်ကိုက သေတ္တာကို ထားခဲ့ပြီး လှေပေါ်ကပြန်ဆင်းလာဖို့လဲ အချိန်ရတာပဲ၊ အစ်ကို မရဏလှေကြီးကို ဖျက်ဆီးပစ်လိုက်ပါရှင်'

ဟု ပြောလိုက်လေသည်။

ထိုစကားကြားလျှင် မားပင် ဝမ်းသာသွားလေသည်။

အိုရန်မုသည် သူ၏စကားကို လက်ခံချင်မှ လက်ခံပေလိမ့်မည်။

မားယဉ်၏စကားကိုမူ လက်ခံမည်ဟု ယုံကြည်ထား၏။ မရဏလှေကြီးအား ဖျက်ဆီးမည့် အစီအစဉ်ကို မားယဉ်က လက်ခံလိုက်ပြီ မဟုတ်ပါလား။



မားယဉ် လက်ခံလိုက်သည်နှင့် အိုရန်မုလည်း ငြင်းဆန်၍ မရနိုင်တော့ကြောင်း နားလည်မိလေတော့သည်။

အိုရန်မု သက်ပြင်းချလိုက်သည်။

မားယဉ်ကိုကြည့်ကာ

'ကျင်းတွေကို အထင်သေးလို့မရဘူး၊ သေတ္တာကလေးကို လှေကြီးပေါ် ဝှက်ယူသွားဖို့ လွယ်ပါ့မလား၊ မတော်တဆ လှေပေါ်မှာ ရှာလို့တွေ့သွားရင် တစ်ခါထဲကိစ္စတုံးပြီပေါ့'

သူ့စကားကြားလျှင် မားယဉ်၏ မျက်ဝန်းအစုံတွင် စိုးရိမ်ပူပန်သည့် အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

အိုရန်မုက ဆက်ပြောလိုက်လေသည်။

'လှေပေါ် ယူသွားနိုင်ပြီထားဦး၊ ယမ်းထုပ်တွေထားတဲ့ လှေဝမ်းထဲရောက်အောင် ယူသွားဖို့ လွယ်ပါ့မလား'

မားယဉ် ခေါင်းငိုက်စိုက်ကျသွားလေသည်။

မားပင်ပြောသကဲ့သို့လွယ်ကူချောမွေ့ခြင်းမရှိဘဲ အန္တရာယ်များတွေ့ရနိုင်ကြောင်း သဘောပေါက် နားလည်သွားပြီ ဖြစ်လေသည်။

မားပင်လည်း စိတ်ပျက်သွားသည်။

အိုရန်မု လက်ခံမည် မဟုတ်သလို မားယဉ်ကလည်း တိုက်တွန်းတော့မည် မဟုတ်ဟု ထင်မိ၏။

ထိုစဉ် အိုရန်မု ဆက်ပြောလိုက်သည့် စကားကြောင့် မားပင်ရော မားယဉ်ပါ ဆတ်ခနဲ ခေါင်းထောင်လာကြ၏။

အိုရန်မုအား မယုံကြည်နိုင်စွာ ကြည့်လိုက် မိကြလေတော့သည်။

အိုရန်မှက

'မရဏ လှေကြီးကို ဖျက်ဆီးပစ်ဖို့ အခု အစီအစဉ်ထက် ပိုကောင်းတဲ့နည်းလမ်း မရှိတော့ပါဘူး၊ ဒါကြောင့် အန္တရာယ် များပေမယ့် ကျွန်တော် မဖြစ်မနေ ကြိုးစားပါမယ်ဗျာ'

ဟူ၍ ပြောလိုက်ခြင်း ဖြစ်ပေတော့သည်။



ငါးရက်

ငါးရက် ဟူသော အချိန်သည် သူတို့၏ ကံကြမ္မာအတွက် အဆိုးအကောင်း ဆုံးဖြတ်မည့် အချိန်ဖြစ်ကြောင်း ကျောက် ကျင်း ကောင်းစွာနားလည်ထားလေသည်။

နေပြည်တော်မှ တပ်ဖွဲ့များသည် လျင်မြန်စွာ ချီတက် တိုက်ခိုက်လာနေကြ၏။ ကျင်းတို့သည် သိမ်းပိုက် ထားသော နယ်မြေများကို လက်လွှတ်ကာ နောက်သို့ တဆုတ်တည်း ဆုတ်နေကြရ၏။

ကျင်းတို့ အရေးနိမ့်ရသည့် အဓိက အကြောင်းရင်းမှာ မရဏလှေကြီး အတိန်သွားခြင်းကြောင့်ဖြစ်ကြောင်း ကျောက် ကျင်း ကောင်းစွာ နားလည်ထားလေသည်။

မရဏလှေကြီးသာ တိုက်ပွဲဝင်နိုင်မည် ဆိုလျှင် နေပြည် တော်မှ တပ်ဖွဲ့များကို တားဆီးနိုင်လိမ့်မည် ဖြစ်ပေသည်။

ကျင်းတို့သည်လည်း ပြန်လည် ခေါင်းထောင်လာပြီးနောက် တရုတ်ပြည် တစ်ပြည်လုံး သိမ်းပိုက်နိုင်မည် ဖြစ်လေသည်။

ကျင်းတို့ အောင်ပွဲခံနိုင်မှသာလျှင် သူသည်လည်း ထင်တိုင်း ကဲနိုင်မည်ဖြစ်လေသည်။

သူက မရဏလှေကြီး အမြန်ဆုံး တိုက်ပွဲဝင်နိုင်ရန် ကူညီ ဆောင်ရွက်ပေးနိုင်သူအဖြစ် ကျင်းတို့က အစဉ်ကျေးဇူးတင်နေ ကြမည် ဖြစ်လေသည်။

မရဏလှေကြီးနှင့် ပတ်သက်ပြီး မကြာသေးမီက ကြုံတွေ့ ခဲ့ရသော အဖြစ်အပျက်များက သူ့အား စိုးရိမ် စိတ်များ ဖြစ်ပေါ်လာစေခဲ့သည်။

ထိုအဖြစ်အပျက်များမှာ ချိုစွမ်းက မရဏ လှေကြီးအား ဖျက်ဆီးရန် ရောက်ရှိလာခဲ့ခြင်းဖြစ်လေသည်။

ချိုစွမ်း မည်သူမည်ဝါ ဆိုသည်ကို သူ မသိပါ။

သို့သော် မရဏလှေကြီးအား ဖျက်ဆီးပစ်ရန် အပြင်းအထန် ကြိုးပမ်းနေသူများရှိနေကြောင်း ရိပ်မိလိုက်၏။

ကျင်းစစ်သူကြီးက သူ့အား အလုပ်သမားများ ရှာဖွေရန် အမိန့်ပေးခဲ့၏။

သူကလည်း ရနိုင်သမျှ အလုပ်သမား အားလုံး စုစည်းပေးခဲ့ပြီဖြစ်၏။ သို့တိုင် မရဏလှေကြီးအား ပြင်ဆင် ဖာထေးမှုများ ထင်သလောက် ခရီးမပေါက်ဘဲ ဖြစ်နေ၏။

အလုပ်သမားများသည် နံနက်မိုးစင်စင်လင်းသည့် အချိန်မှ စ၍ နေဝင်မိုးချုပ်သည့်တိုင် ပင်ပန်းကြီးစွာ လုပ်ကြရ၏။

ခိုကပ်ခြင်းမရှိဘဲ လုပ်ကြသည့်တိုင် တိုးတက်မှု နှေးကွေးနေ၏။ ဤတွင် ကျင်းစစ်သူကြီးက နောက်ထပ် အလုပ်သမားများ ခေါ်ယူကာ အားဖြည့်ရန် အမိန့်ပေးပြန်တော့သည်။

အလုပ်သမားများ ရှာဖွေရသည့်အတွက် ကျောက်ကျင်း စိုးရိမ်ပူပန်ရသည်တော့ မရှိခဲ့ပါ။

ကျင်းစစ်သည်များ အကူအညီဖြင့် အလုပ် လုပ်ခိုင်းရန် လူပေါင်းများစွာကို ဆင့်ခေါ်နိုင်သည် မဟုတ်ပါလား။

ကျောက်ကျင်း စိုးရိမ်နေသည်မှာ

'ကျွီ'

အပြင်ဘက်မှ ခြေသံများ ထွက်ပေါ်လာပြီး အခန်းတံခါး ပွင့်သွား၏။



အခန်းတွင်းသို့ ချွေးလေး ဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။ ကျောက်ကျင်း ဝမ်းသာသွား၏။

တစ်မနက်လုံး သူက ချွေးလေးကို စောင့်မျှော် နေခဲ့သည် မဟုတ်ပါလား။

'ချွေးလေး မင်း ပြန်လာပြီလား'

ဟု လှမ်းပြောလိုက်သည်။

ချွေးလေးက ဦးညွှတ်ဂါရဝပြုလိုက်သည်။

'ကျွန်တော်က ဆရာ ခိုင်းထားတဲ့အတိုင်း လိုက်ပြီး စုံစမ်းနေတာပါ၊ ဆရာ ဒီကနေ့တော့ နည်းနည်းထူးခြားလို့ ပြောရမှာပဲ'

'ဟေ... ထူးခြားတယ် ဟုတ်လား'

ကျောက်ကျင်း ထိုင်ရာမှ ဆတ်ခနဲထလိုက်လေသည်။

ချွေးလေး၏ စကားကြောင့် ထိုင်၍ပင် မနေနိုင်တော့ပြီ။

ချွေးလေးအား စိုက်ကြည့်ရင်း

'ပြောစမ်းပါဦး၊ ဘယ်လို ထူးခြားတာလဲကွ'

ဟု မေးလိုက်၏။

ချွေးလေးက....

'ဆရာ လွန်ခဲ့တဲ့ သုံးရက်လောက်က ကျောက်ပုစွန်ရွာကလေးကို မြင်းစီးသမား တစ်ယောက် ရောက်လာ ခဲ့တယ်လို့ သတင်းကြားရပါတယ်'

'ဟေ'

ကျောက်ကျင်းထံမှ အာမေဍိတ်သံ ထွက်ပေါ်လာပြန်၏။

ကျောက်ပုစွန်ရွာ ဆိုသည်မှာ ကျောက်ပုစွန်များ အလွန်

ပေါသည့် အရပ်ဒေသမှ ရွာကလေးကို သူတို့ ဘင်စား ခေါ်ဆို ကြခြင်း ဖြစ်သည်။

ထိုရွာကလေးသည် လမ်းပန်းခရီး ဆက်သွယ်ရေး ညံ့ဖျင်းလှသဖြင့် ကျင်းတိုသာမက သူကိုယ်တိုင်လည်း လျစ်လျူရှုထားခဲ့သော ရွာကလေးဖြစ်၏။

ယခုမူ ထိုရွာကလေးမှ သူတို့အား ဒုက္ခ ပေးမည့်သူ ထွက်ပေါ်လာပြီဟု ဆိုရပေတော့မည်။

'ကျောက်ပုစွန်ရွာ ဟုတ်လား'

'ဟုတ်ပါတယ် ဆရာ'

'ကဲ မင်းစုံစမ်းလို့ရတာကို ပြောစမ်းပါဦး'

ခွေးလေးက ရှင်းပြ၏။

'လူစိမ်း မြင်းစီးသမား တစ်ယောက် ကျောက်ပုစွန် ရွာကို ရောက်လာတယ်၊ ရွာသူကြီးအိမ်မှာ ခိုအောင်းနေတဲ့ လူတွေနဲ့ တွေ့ဆုံပြီး နောက်တစ်နေ့မှာ တောင်ပျော်လွင်ပြင်ဘက်ကို ထွက်သွားတယ်လို့ သိရပါတယ်၊ အဲဒီလူရဲ့ ပုံသဏ္ဌာန်ကို စုံစမ်းကြည့်လိုက်တော့ ချီစွမ်းနဲ့ တစ်ထေရာတည်း တူနေတာ သိရပါတယ်'

'ချီစွမ်းက ကျောက်ပုစွန်ရွာကို ရောက်ခဲ့တယ်ပေါ့'

'ဟုတ်ပါတယ်ဆရာ'

ကျောက်ကျင်း မျက်မှောင် ကြုတ်သွား၏။

အနည်းငယ် စဉ်းစားလိုက်ပြီးမှ....

'ချီစွမ်းက ကျောက်ပုစွန်ရွာမှာ ဘယ်သူနဲ့ တွေ့ခဲ့သလဲ၊ ရွာသူကြီးအိမ်မှာ ခိုအောင်းနေသူတွေကကော ဘယ်သူတွေလဲ'



'ဘယ်သူဘယ်ဝါဆိုတာတော့ မသိရသေးပါဘူး၊ စုံစမ်းနေတုန်းပါပဲ ဆရာ ဒါပေမယ့် မကြာပါဘူး သိရမှာပါ'

ကျောက်ကျင်း မကျေမနပ် ဖြစ်သွား၏။

'ခွေးလေး'

'ခင်ဗျာ'

'ငါက ဒီလို မတင် မကျ ဖြစ်တာမျိုး မကြိုက်ဘူးဆိုတာ မင်းသိတယ်မဟုတ်လား'

'ဟုတ်ကဲ့ သိပါတယ်'

'ကောင်းပြီ၊ ကျောက်ပုစွန်ရွာမှာ ခိုအောင်းနေပြီး ချီစွမ်းနဲ့ တွေ့ဆုံခဲ့တဲ့လူတွေဟာ ဘယ်သူဘယ်ဝါဆိုတာ အမြန်ဆုံး ငါ သိချင်တယ်'

'စိတ်ချပါဆရာ ဒီ တစ်ရက် နှစ်ရက်အတွင်း ကျွန်တော် ရအောင် စုံစမ်းပေးပါမယ်'

ကျောက်ကျင်းသည် ခွေးလေးအား ကြိမ်းမောင်း ပြောဆိုရန် ဟန်ပြင်လိုက်ပြီးမှ တစ်စုံတစ်ခုကို စဉ်းစားမိသဖြင့်...

'ခွေးလေး'

'အမိန့်ရှိပါဆရာ'

'ကျောက်ပုစွန်ရွာကလူတွေဟာ တို့လူတွေရောက်သွားတိုင်း ရိုရိုသေသေ ဆက်ဆံတတ်ကြတယ်၊ အခွန်အတုတ်တွေ ကောက်ခံရင်လဲ မှန်မှန်ပေးကြတယ် မဟုတ်လား'

ခွေးလေး ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ဆရာ ဒါကြောင့်ကျွန်တော်တို့ ကျောက်ပုစွန်ရွာကို ဒုက္ခမပေးပဲ နေခဲ့ကြတာပေါ့'

'အေး သူတို့က တို့နဲ့သင့်တင့်အောင် ဆက်ဆံတော့ သူတို့အပေါ် သံသယဖြစ်စရာ မရှိတော့ဘူးပေါ့၊ တကယ်ဆိုရင် သူတို့ဟာတို့ကို ခုခံဖို့ ကျိတ်ပြီး ကြံစည်နေကြတာပဲ ဖြစ်မယ်'

ခွေးလေး ပါးစပ်ပိတ်ထားလိုက်၏။

ကျောက်ကျင်းသည် သူတစ်ပါးထက်ပို၍ ထူးဆန်းသော အတွေးများ တွေးတတ်သူဖြစ်လေသည်။

တစ်ခါတစ်ရံ သူ၏အတွေးများသည် အံ့ဩဖွယ် ကောင်းအောင် တိကျမှန်ကန်နေတတ်ပြီး တစ်ခါတစ်ရံ အကြီးအကျယ် မှားယွင်းနေတတ်လေသည်။

ထို့ကြောင့် မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ခွေးလေး အလေးထားခြင်း မပြုတော့ချေ။

ကျောက်ကျင်းသည် တစ်နေ့တည်း အကြံအစည်အမျိုးမျိုး ထုတ်ကာ စေခိုင်းခြင်းမျိုးလည်း ကြုံခဲ့ရဖူးသည်မဟုတ်ပါလား။

ကျောက်ကျင်းက မဲ့ပြုံးပြုံးရင်း —

'တို့အတွက် အလုပ်သမားလိုနေတယ်၊ ကျောက်ပုစွန်ရွာက လူတွေကို တို့အတွက် အလုပ် လုပ်ပေးရမယ်လို့ ဆင့်ခေါ်လိုက်ပါ၊ သူတို့ကို အလုပ် လုပ်ခိုင်းရင်း ဆက်ပြီးစုံစမ်းကြည့်တာပေါ့၊ ကျင်းတွေရဲ့အင်အားကိုမြင်ရင် သူတို့ကြောက်လန့်ပြီး အမှန်အတိုင်း ပြောလာကြမှာပါ'

ခွေးလေးက တစ်ချက်ကြည့်လိုက်၏။

သူက တစ်စုံတစ်ခု ပြောလိုဟန် ရှိလေသည်။

ကျောက်ကျင်း အကဲခတ်မိသွားသဖြင့်



'ခွေးလေး မင်းဘာပြောချင်လို့လဲ ပြောလေ'

ဟု စကားလမ်းကြောင်း ခင်းပေးလိုက်၏။

ခွေးလေးက

'ကျွန်တော် မေးစရာရှိလို့ပါ ဆရာ'

'မင်းက ဘာမေးချင်တာလဲ'

'ဩော် ... ချီစွမ်းရဲ့ကိစ္စကို ကျင်းစစ်သူကြီးကတော့ဂရုမစိုက်လဲ လျစ်လျူရှုထားလိုက်ပြီမဟုတ်လား'

'အေးလေ ... အဲဒါ ဘာဖြစ်သလဲ'

'ဆရာက ဒီကိစ္စကို စိတ်ဝင်စားနေလို့'

ခွေးလေးက ဆက်မပြောဝံ့တော့ဘဲ စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

ကျောက်ကျင်း သဘောကျစွာ ပြုံးလိုက်သည်။

မှန်ပေသည်။ သူက တခြားသူများထက်ပို၍ စိတ်ဝင်စားနေခဲ့သည်မဟုတ်ပါလား။ ခွေးလေးအား စိုက်ကြည့်လိုက်ပြီး

'ခွေးလေး ကျင်းစစ်သူကြီးက ဘာကြောင့် စိတ်မဝင်စားတော့သလဲဆိုတာ မင်းသိသလား'

ဟု ပြန်မေးလိုက်၏။

ခွေးလေး ခေါင်းခါယမ်းလိုက်လေသည်။

'ကျွန်တော် မသိပါဘူးဆရာ'

'ကောင်းပြီ၊ မင်းသေသေချာချာမှတ်ထား၊ ကျင်းစစ်သူကြီးအတွက် ရှေ့ကို တစ်ဟုန်ထိုးချီတက်လာနေတဲ့ နေပြည်တော်က တပ်ဖွဲ့တွေကို တားဆီးဖို့ အရေးကြီးနေတယ်၊ မရဏလှေကြီး တိုက်ပွဲဝင်နိုင်မှ တားဆီးနိုင်မယ်လို့လဲ အများစုက ယူဆထား

ကြတယ်၊ ငါကြောင့် ဖြစ်ဆင် ဖသထေားမှုတွေ အမြန်ဆုံး ပြီး
အောင်လုပ်ဖို့ထက် တခြားဘာကိစ္စကိုမှ စိတ်မဝင်စားနိုင်ဘူး။
ငါပြောတာ သဘောပေါက်တယ်နော်'

'ဟုတ်ကဲ့ သဘောပေါက်ပါတယ်ဆရာ'

ကျောက်ကျင်း ရှင်းပြသည်မှာ သဘာဝကျနေသည် မဟုတ်
ပါလား၊

ကျောက်ကျင်းက ဆက်ပြောၡ။

'ကောင်းပြီ၊ ကျင်းစစ်သူကြီး လျစ်လျူရှုထားနိုင်တဲ့ ကိစ္စ
ကို ငါက ဘာကြောင့် စိတ်ဝင်စားရသလဲဆိုတာ ငါပြောပြ
မယ်၊ ချိုစွမ်းမတိုင်ခင်က တို့ပိုင်နယ်ကို နေပြည်တော်က သူရဲ
ကောင်းတွေ စွန့်စားထိုးဖောက် ဝင်လာတာ ရှိခဲ့ဖူးသလား'

ခွေးလေးက ချက်ချင်း ခေါင်းခါယမ်းလိုက်လေသည်။

'မရှိခဲ့ပါဘူးဆရာ'

'အရင်က မရှိခဲ့ဘူး အခုမှဖြစ်ပေါ်လာတယ်၊ ချိုစွမ်းဟာ
မရဏလျှောကြီးပေါ်တောင် တက်လာနိုင်ခဲ့တယ်၊ ကံကောင်းလို့
သာ သူတို့တားဆီးနိုင်ခဲ့တာပဲ'

ခွေးလေးက ငြိမ်သက်စွာ နားထောင်နေလေသည်။

ကျောက်ကျင်းက

'ချိုစွမ်းဟာ ဒီအရပ်ဒေသရဲ့ သူစိမ်းပြင်ပြင်ပဲ၊ သူကပုန်း
လျှိုးကွယ်လျှိုး ကျောက်ချထားတဲ့ မရဏလျှောကြီး ရှိတဲ့နေရာကို
ဘယ်သူမှမသိအောင် ဘယ်လိုလုပ်ရောက်လာနိုင်ခဲ့တာလဲ'

ခွေးလေးမှာ တဖြည်းဖြည်းနားလည်သဘောပေါက်လာဟန်
ဖြင့်ဦးခေါင်း တဆတ်ဆတ် ညိတ်နေ၏။



ချိုစွမ်းသည် မရဏလျှောကြီးရှိရာသို့ တစ်ဦးတည်း စွန့်စားရှာ
လာနိုင်မည် မဟုတ်ပါချေ။

ကျောက်ကျင်းက

'ချိုစွမ်းကို ကူညီတဲ့လူရှိရမယ်၊ အဲဒီလူဟာ ဒီနယ်မြေကို
ထိုးလိုချေရလိုက်နေတာ ကျွမ်းကျင်နေတဲ့သူဖြစ်ရမယ်'

ကျောက်ကျင်းသည် ဖြောင့်ခင်းဖြောင့်ခင်း အားမာန်ပါလှသ
၏။ မည်သူမျှ သတိမပြုမိလိုက်သည့်ရန်သူကို သူသာ တွေ့ရှိလိုက်
သည့်ပုံသဏ္ဌာန်မျိုးဖြစ်လေသည်။

'မြေရှိုင်းကျွန်းကို ခြေချရတဲ့လူ ဘယ်နှစ်ယောက် ရှိသလဲ၊
လက်ချိုးရေတွက်လို့ ရမယ်ထင်တယ်'

'ဟာ'

ကျောက်ကျင်း တောား အဆုံးဝယ် ခွေးလေး လွှတ်ခနဲ
အော်လိုက်လေသည်။ ကျောက်ကျင်းအား ကြည့်ကာ...

'ဆရာ...မုဆိုးကြီးမားပင်က ချိုစွမ်းကို လမ်းပြခဲ့တာပေါ့၊
ဟုတ်လား'

ဟု မေးလိုက်၏။

ကျောက်ကျင်း ခေါင်းညိတ်လိုက်သည်။

'သိပ်ကို ရှေချာတာပေါ့၊ မားပင်က လမ်းပြလို့သာ
ချိုစွမ်းဟာအရောက်လာနိုင်ခဲ့တာပဲ၊ကျောက်ပုစွန်ရွာမှာခိုအောင်း
နေသူတွေဆိုတာ မားပင်တို့လူစုပဲ ဖြစ်ရမယ်'

ခွေးလေး ရင်ထိတ်သွား၏။

'မုဆိုးကြီး မားပင်က သူ့ရဲ့မြေးကို သတ်ပစ်လိုက်ပြီး သူ့ရဲ

ပစ္စည်းမှန်သမျှ ဖျက်ဆီးပစ်လိုက်လို့ ဆရာ့ကို အခဲမကျေ ဖြစ်နေတယ်ထင်ပါရဲ့'

ဟု မှတ်ချက်ချလိုက်လေသည်။

ကျောက်ကျင်း ခေါင်းညိတ်လိုက်၏။

'သေချာတာပေါ့ မားပင်အကြောင်းကို ငါ့ထက် ဘယ်သူက ပိုပြီးသိနိုင်ဦးမှာလဲ သူကငါ့ကို ဘယ်တော့မှကျေမှာမဟုတ်ဘူး၊ ငါတို့ကို ဒုက္ခပေးဖို့ နည်းပေါင်းစုံ အသုံးပြုပြီး ကြိုးစားမှာ သေချာတယ်'

'ဆရာ ဘယ်လိုလုပ်မလဲဟင်'

'ဟား ဟား ဟား'

ကျောက်ကျင်း သဘောကျစွာ ရယ်မောလိုက်သည်။

သူ၏ရယ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ခွေးလေးက နားမလည်နိုင်စွာ ကြည့်နေမိသည်။

ကျောက်ကျင်းသည် အတန်ကြာ ရယ်မောလိုက်ပြီးမှ....

'ငါဘယ်လိုလုပ်မလဲ ဟုတ်လား၊ မားပင်တို့လူစုကို မလွတ်တမ်း ဖမ်းဆီးပြီး သုတ်သင်ပစ်လိုက်မှာပေါ့'

ဟု ပြတ်သားစွာ ပြောလိုက်တော့သည်။

## မရဏတေးသံ

ကျောက်ပုစွန် ရွာကလေးသည် အဝေးတွင် ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

ရွာသူကြီးဟုနီသည် ရွာထိပ်သို့တိုင် လိုက်လံပို့ဆောင်ပေးပြီး ရွာထဲပြန်ဝင်သွားပြီ ဖြစ်၏။

နေရောင်ရှိခိုက် အိုရန်မုတို့လည်း ခပ်သွက်သွက်ကလေး ထွက်လာခဲ့သည်။

အတော်ဝေးဝေးသို့ ရောက်သွားသည့်တိုင် ရွာကလေးဆီသို့ မကြာခဏ ပြန်လှည့်ကြည့်နေမိသေးသည်။

မှန်ပေသည်။ ရွာထဲဝယ် သူ၏ဇနီးသည် မားယဉ် ကျန်ရစ်ခဲ့သည် မဟုတ်ပါလား။

အန္တရာယ်များလှသည့် ခရီးကို သွားရတော့မည် ဖြစ်ရာ မားယဉ်ကို ခေါ်မသွားရက်ပါချေ။

ထို့ကြောင့် လူယုံတော်ကြီး ဘားယုံနှင့်အတူ ထားခဲ့ပြီး အိုရန်မုနှင့်မားပင်တို့ နှစ်ယောက်သာလျှင် ထွက်လာခဲ့ကြသည်။

သူတို့၏ ရှေ့ရှုရာအရပ်သည်ကား မရဏလှေကြီးတည်ရှိရာသို့ ဖြစ်ပေတော့သည်။

အိုရန်မုသာ မားပင်ပေါ် အလုပ်ကြမ်းသမားများ ဝတ်ဆင်လေ့ရှိသည့် ဖျင်ကြမ်းအင်္ကျီလုံချည်ကြီးများ ဝတ်ဆင်ထားကြ၏။

ခြေလက်မျက်နှာများ၌ တမင်တကာပင် ဖုန်များ သဲများ ပေကျံအောင် သုတ်လိမ်းထားကြသည်။

မားပင်၏အကြံကို လက်ခံပြီးသည့်နောက် မရဏလှေကြီးပေါ်သို့ အိုရန်မုက သွားရာ၌ အခက်အခဲ မရှိစေရန် မားပင်ကပင် စီစဉ်ပြန်သည်။

အီဒ်မြို့ကလေး၌ နေစဉ်ကပင် သူနှင့် လက်ပွန်းတတီးနေခဲ့သော အလုပ်သမားများအား မရဏလှေမှူးပြင်ရာသို့ သွားကာ အလုပ်လုပ်မည့်သူများအဖြစ် ပြောင်ပြီး လိုက်ပါသွားစေခဲ့၏။

မားပင်၏ လူငါးယောက်ခန့်မှာ မရဏလှေကြီးတွင် အလုပ်သမားများအဖြစ် အလုပ်လုပ်နေကြပြီ ဖြစ်သည်။

မားပင်နှင့် အိုရန်မုသည် မရဏလှေကြီး၏ ဝမ်းဗိုက်အတွင်းရှိ ယမ်းထုပ်များ သိုလှောင်သည့်နေရာသို့ ဝင်ရောက်နိုင်မည့်အချိန်ကို တွက်ဆပြီးမှ ခရီးထွက်လာခဲ့ကြခြင်း ဖြစ်ပေတော့သည်။

မားပင်သည် နယ်မြေကျွမ်းကျင်သူ ဖြစ်ရကား ကျောက်



ပုစွန်ရွာမှဖြတ်ပြီး မြေရိုင်းကျွန်းသို့ အမြန်ဆုံး ရောက်နိုင်သည့် ဖြတ်လမ်းကို အသုံးပြုကာ ခရီးနှင်သည်။

လမ်းခရီးတစ်လျှောက်ဝယ် ကျင်းစစ်သည်များ အုပ်စုဖွဲ့ကာ ကင်းလှည့်နေကြသည်ကို သုံးလေးကြိမ်မက တွေ့ခဲ့ရသည်။

သို့ပါသော်လည်း မားပင်၏ ကျွမ်းကျင်မှုကြောင့် ကျင်းစစ်သည်များကို ရှောင်ကွင်းနိုင်ခဲ့ကြသည်။

အိုရန်မုနှင့် ချီတွမ်းတို့သွားစဉ်က နှစ်ရက်ခန့်ကြာသောခရီးကို မားပင် ညတွင်းချင်းအရောက် လမ်းပြခေါ်ဆောင်သွားနိုင်ခဲ့လေသည်။

နံနက် အရုဏ်တက်အချိန်မတိုင်မီ သူတို့သည် သုံးကွေ့မြစ်၏ ဒုတိယမြစ်ကွေ့သို့ ရောက်ရှိသွားကြတော့သည်။

ဒုတိယမြစ်ကွေ့ —

မြစ်ရေထုအသွင်တွင် စီးဆင်းနေသည်။

မြစ်ထဲ၌ ဝါးဖောင်များ လှေသမ္ဗန်များ များပန်းခတ်မျှ လှုပ်ရှားသွားလာနေသည်ကို တွေ့နိုင်၏။

ဝါးဖောင်များပေါ်၌လည်းကောင်း၊ လှေသမ္ဗန်များပေါ်၌လည်းကောင်း၊ လူများ ပစ္စည်းများအပြည့် တင်ဆောင်ထား၏။

ဒုတိယမြစ်ကွေ့၏အတွင်းဘက် မြစ်ကမ်းဘေး၌ လွန်စွာမှ ခွန်အားကြီးသော မရဏလှေကြီး ဆိုက်ကပ်ထားသည်။

အလုပ်သမားများကို ခေါ်ယူကာ နေ့ကောညပါမရပ်မနား မြှုပ်ဖာတေးမှုကြောင့် မရဏလှေကြီးမှာ အတော်ကြီး ကောင်းမွန်လာပြီဖြစ်သည်။

ယခုအတိုင်းဆက်၍ ပြင်ဆင်သွားကြမည်ဆိုလျှင် တစ်ရက် နှစ်ရက်အတွင်း အကောင်းပကတိ ပြန်ဖြစ်ကာ တိုက်ပွဲဝင်နိုင်တော့မည် ဖြစ်ပေသည်။

မြစ်အတွင်းမှ လှုပ်ရှားမှုများကို လည်းကောင်း၊ မရဏလှေကြီးကိုလည်းကောင်း ကောင်းစွာတွေ့မြင်နိုင်သည့်နေရာသို့ ရောက်လျှင် မားပင်က ရပ်နားလိုက်လေသည်။

အိုရန်မုက ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်၏။

သူတို့ရောက်ရှိနေသောနေရာသည် သစ်ပင်ချုံနွယ် ထူပါး၍ ကမ်းစပ်၌ စောင့်ကြပ်နေသော ကျင်းစစ်သည် တို့နှင့် အလှမ်းမဝေးလှသည်ကို သတိပြုမိ၏။

ထို့ကြောင့်

ဦး ကျွန်တော်တို့ ဒီနေရာမှာနေရတာ လုံခြုံမှုမရှိဘူးထင်တယ်၊ နေရောင်ခြည်ထွက်ပေါ်လာရင် ကျင်းတွေက ချက်ချင်း တွေ့သွားမှာပဲ

ဟု ပြောလိုက်သည်။

မားပင် ပြုံးလိုက်သည်။

မပူစမ်းပါနဲ့ကွာ၊ ရှေ့နားမှာ မရဏလှေပေါ်သွားပြီး အလုပ်လုပ်မယ့် အလုပ်သမားတွေကို စစ်ဆေးတဲ့နေရာရှိတယ်၊ မရဏလှေပေါ် သွားမယ်ဆိုရင် အဲဒီနေရာကလွဲပြီး တခြား ဘယ်နေရာကမှ သွားလို့မရဘူး၊ သူတို့ သေသေချာချာ စောင့် ကြပ်ထားကြတယ်၊ မင်းတလဲ အဲဒီနေရာကို ဖြတ်သွားရမှာ ဒါကြောင့် သိပ်ဝေးဝေးမှာနေလို့ မဖြစ်ဘူး

အိုရန်မု ပါးစပ်ပိတ်ထားလိုက်၏။

မားယဉ်သည် မရဏလှေကြီးအား ဖျက်ဆီးပစ်ရန် လွန်စွာမှ ပင် စိတ်အားထက်သန်နေ၏။

အသက်ဘေးအန္တရာယ်ရှိမှန်းသိသော်လည်း အိုရန်မုကခွန့်စား ရန် ဆုံးဖြတ်လိုက်၏။

သူတို့နှစ်ယောက် ချုံပုတ်တစ်ခုနောက်ကွယ်၌ ပုန်းအောင်း ကာ အခြေအနေ စောင့်ကြည့်နေလိုက်လေသည်။

အဝေးမှငှက်ကလေးများ၏ နံနက်ခင်းတေးသီကြွေးသံများ ထွက်ပေါ်လာ၏။

အရှေ့ဘက်ဆီတွင် ရောင်နီများပျို့အန်လာသည်။ မကြာမီ မိုးစင်စင် လင်းလာပေတော့မည်။

အလင်းရောင် ထွက်ပေါ်လာသည်နှင့်ဆက်၍ ပုန်းကွယ်နေ ရန် မဖြစ်နိုင်တော့ပါချေ။

အိုရန်မှု စိုးရိမ်ပူပန်လာသည်။

ထိုစဉ်…

'အဆင်သင့် ပြင်ထား'

မားပင်၏စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အိုရန်မှု ကြောင်အမ်းအမ်း ဖြစ်သွား၏။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ရာ သူတို့ပုန်းအောင်းနေသည့်နေရာသို့ ဦးတည်ကာ လူတစ်ယောက် ခပ်သုတ်သုတ်လာနေသည်ကို တွေ့လိုက်ရလေသည်။

'ဒုက္ခပဲ၊ ကျင်းတွေလား မသိဘူး'

အိုရန်မှုကျိတ်ပြီး ညည်းညူလိုက်လေသည်။

သို့သော်လှမ်းလာနေသူမှာ သူတွေးထင်သလိုကျင်းစစ်သည် မဟုတ်ပါချေ။

ဖျင်ကြမ်းအင်္ကျီ ဝတ်ဆင်ထားသည့် အလုပ်သမား တစ်ယောက် ဖြစ်နေ၏။

မားပင်က

'သူက တို့အနားရောက်လာတာနဲ့ မင်းကအပြင်ကိုထွက်လိုက်ပြီးရင် စစ်ဆေးတဲ့နေကို မြန်မြန်သွား'

ဟု ပြောလိုက်၏။

သူ၏စကားသံနှင့် မရှေး မနှောင်းတွင် ဖျင်ကြမ်းအင်္ကျီဝတ်ဆင်ထားသူသည် သူတို့၏အနီးသို့ ရောက်ရှိလာသည်။

ထိုလူမှာ မားပင်၏လူတစ်ယောက် ဖြစ်နေသည်ကို တွေ့ရသဖြင့် အိုရန်မှု စမ်းသာသွား၏။



ထိုလူက သူတို့အား တွေ့သည်နှင့်

'လူချင်းလဲမယ်၊ မြန်မြန်လုပ်'

ဟု ပြောလိုက်လေသည်။

မားပင်က

'သွားတော့'

ပြောပြီး အိုရန်မှုအား တွန်းထုတ်လိုက်၏။

အိုရန်မှုက ချုံပုတ်အပြင်ဘက် ပြေးထွက်လိုက်၏။

မားပင်၏လူက ချုံပုတ်နောက်သို့ ခုန်ဝင်လိုက် လေသည်။ အိုရန်မှု အပြင်ဘက်ရောက်သွားချိန်မှာပင်

'ဟေ့ကောင် ဘာလုပ်နေတာလဲ၊ အလုပ်မလုပ်ဘဲ ရှောင်ပြေးမလို့လား၊ သေသွားမယ် မြန်မြန်လာစမ်း'

စစ်ဆေးသည့်နေရာမှ ကျင်းစစ်သည်တစ်ယောက်၏ အော်ပြောသံ ထွက်ပေါ်လာသည်။

'လာပါပြီဗျာ'

အိုရန်မှုလည်း ခပ်သွက်သွက် ပြေးသွားလေသည်။

စစ်ဆေးသည့်နေရာ၌ ကျင်းစစ်သည် ငါးယောက်ခန့်ရှိလေသည်။

သူတို့သည် အိုရန်မှုအား မကျေမနပ်ကြည့်လိုက်ကြပြီး—

'သွား လေ့ပေါ်တက်'

ဟု ငေါက်လိုက်ကြ၏။

အမှန်တော့ အိုရန်မှုနှင့် လူချင်းလဲခဲ့သော မားပင်၏လူများ ကျင်းစစ်သည်တို့၏စစ်ဆေးခြင်း ခံခဲ့ရပြီးပြီဖြစ်၏။

ထို့ကြောင့် လူချင်းလဲလိုက်သည်ကို မရိပ်မိခဲ့သည့် ကျင်း

PANNUYAUNG SARPAY

တို့က အိုရန်မှုအား ထပ်မံစစ်ဆေးခြင်းမပြုတော့ဘဲ မရဏလှေကြီးထဲ အလုပ်သမားများ သွားဖို့မည့်လှေပေါ် တက်ခိုင်းလိုက်ခြင်း ဖြစ်လေသည်။

အိုရန်မှုသည်း အလုပ်သမားများ စုရုံးထိုင်နေသည့် ကူးတို့လှေပေါ် ခပ်ကုပ်ကုပ်အရေး တက်လိုက်သည်။

အလုပ်သမားများ တစ်ယောက်ပြီးတစ်ယောက် တက်လာကြရာ မကြာပါချေ၊ လှေမှာ လူပြည့်သွားသဖြင့် ကမ်းစပ်မှခွာကာ မရဏလှေကြီးဆီသို့ ဦးတည် လှော်ခတ် သွားလေတော့သည်။



အိုရန်မှု၏ရင်ထဲ တထိတ်ထိတ်ခုန်နေသည်။

ကူးတို့လှေကလေးသည် မရဏလှေကြီးနှင့် တစ်စထက်တစ်စ နီးကပ်လာပြီ ဖြစ်လေသည်။

မရဏလှေကြီးကား ကြီးမားလှန်းလှပေသည်။

ထုထဲလှသောကြေးပြားများဖြင့် ကိုယ်ထည်ပြုကာ သစ်လုံးထွင်း ယာမ်းမီးလက်နက်များ တပ်ဆင်ထားခြင်းကြောင့် စွမ်းအားကြီးမားလှသော တိုက်လှေကြီးအဖြစ် မယှဉ်သာအောင်ခန့်ညားနေတော့သည်။

မရဏလှေကြီး၏ကိုယ်ထည်တွင် ရရှိခဲ့သော အပေါက်အမြဲဒဏ်ရာဒဏ်ချက်များအား ဖာထေးမှုမှာ ပြီးဆုံးလုလုရှိနေချေပြီ။

မရဏလှေကြီးအား ဖာထေးစဉ်အခါက ဝမ်းဗိုက်၌ သိုလှောင်ထားသော ယမ်းထုပ်များကို ကုန်းပတ်ပေါ်သို့ ရွှေ့ပြောင်းခဲ့ရလေသည်။

သို့မှသာ ရှဲရှဲနီအောင် မီးဖုတ်ကာအပူပေးထားသော သံမှိုများဖြင့် အပေါက်အမြဲများကို ဖာထေးစဉ် မီးစွဲလောင်ကာ ပေါက်ကွဲမည့်ဘေးအန္တရာယ်မှ ကာကွယ်နိုင်မည် ဖြစ်လေသည်။

မရဏလှေကြီးပေါ်၌ လက်နက်ကိုယ်စီကိုင်ဆောင်ထားသည့် ကျင်းစစ်သည် အမြောက်အမြားရှိနေသည်ကို တွေ့ရ၏။

မရဏလှေကြီးအား ကွပ်ကဲအုပ်ချုပ်သည် ကျင်းစစ်သူကြီးကိုယ်တိုင် ကုန်းပတ်တစ်နေရာ၌ရပ်ကာ စစ်ဆေးကြည့်ရှုနေ၏။

အိုရန်မှုသည် မရဏလှေကြီးအားကြည့်ကာ စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်လာလေသည်။

အင်္ကျီထဲ၌ဝှက်ယူလာသည့် သေတ္တာကလေးကိုလည်း မကြာခဏ လက်ဖြင့်စမ်းနေမိ၏။

ဤသို့ဖြင့် သူစီးနင်းလိုက်ပါလာသည့် ကူးတို့လှေကလေးမှာ မရဏာလှေကြီးအနီးသို့ရောက်မှန်းမသိရောက်ရှိလာလေသည်။

မရဏာလှေကြီးပေါ်သို့ အလုပ်သမားများတက်ရန် ကြိုးလှေကားနှစ်ခု အဆင်သင့်ချထားသည်ကို တွေ့ရ၏။

မရဏာလှေကြီးဘေးသို့ ကူးတို့လှေကလေး ကပ်မိသည်နှင့်...

'အလုပ်သမားတွေ မြန်မြန်တက်ကြစမ်းဟေ့'

ကျင်းစစ်သည်တစ်ယောက်၏ အော်ငေါက်သံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ အလုပ်သမားများလည်း ကြောက်ရွံ့ကာ ချထားသော ကြိုးလှေကားများအတိုင်း မရဏာလှေကြီးပေါ်သို့ ခပ်သွက်သွက် တက်ကြရလေသည်။

အိုရန်မှုလည်း မနေသာတော့ပါ။ မရဏာလှေကြီးပေါ်တက်ရန် ဟန်ပြင်လိုက်စဉ် သူ၏နံဘေးသို့ ဖာထေးရာ ဗလပွရှိသည့် အင်္ကျီဝတ်ဆင်ထားသော အလုပ်သမားတစ်ယောက် ရောက်ရှိလာပြီး...

'ဝဲဘက်လှေကားကတက်ပါ'

ဟု တီးတိုးပြောလိုက်လေသည်။

ထိုလူလည်း မားပင်၏လူတစ်ယောက်ဖြစ်နေကြောင်း အိုရန်မှု ရိပ်မိလိုက်၏။

ထိုလူပြောသည့်အတိုင်း ဝဲဘက်လှေကားမှတက်သွားရာမရဏာလှေကြီးပေါ်သို့ ရောက်ရှိသွားလေသည်။



မရဏာလှေပေါ်သို့တက်ရာတွင် ယာဘက်လှေကားမှ တက်ရသူများသည် လှေကြီးဖာထေးရာ၌ ကူညီ လုပ်ဆောင်ပေးရသူများဖြစ်ပြီး ဝဲဘက်လှေကားမှတက်သူများသည် ကုန်းပတ်ပေါ်၌တင်ထားသော ယမ်းထုပ်များအား လှေကြီးဝမ်းပိုက်အတွင်းရှိ သိုလှောင်သည့်အခန်းသို့ ပြောင်းရွှေ့ သယ်ဆောင်ရသူများဖြစ်ကြောင်း အပေါ်ရောက်မှ သိရလေသည်။

ထို့အပြင် မရဏာလှေကြီးအား ပြင်ဆင်မှုသည် နောက်တစ်နေ့ညတွင် အပြီးသတ်မည်ဖြစ်ပြီး ညသန်းခေါင်အချိန် ရောက်သည်နှင့် မရဏာလှေကြီး ဤနေရာမှ ထွက်ခွာသွားတော့မည်ဖြစ်ကြောင်းလည်း သိလိုက်ရလေသည်။

မရဏာ လှေကြီးပေါ်သို့ ရောက်လာသည့် အလုပ်သမားများအား ကျင်းစစ်သည်များက စစ်ဆေးခြင်း မပြုတော့သဖြင့် အိုရန်မှု ကံကောင်းသွားပြန်သည်။

ကျင်းစစ်သည်များသည် ပြုပြင်ပြင်ဆင်မှုများ အမြန်ဆုံးပြီးစီးသွားရန် လိုလားနေကြသည်။

ထို့ကြောင့် အလုပ်သမားများ ရောက်လာလျှင် စစ်ဆေးမနေဘဲ မနားတမ်း ခိုင်းစေကြလေတော့သည်။

'ဟေ့ ဘာငိုင်နေတာလဲ၊ ဟိုဘက်ကလူတွေ ကုန်းပတ်ပေါ်က ပစ္စည်းတွေ သယ်ကြ'

'ဒီဘက်ကိုလာ၊ နှစ်ပေခြားပြီး တန်းစီရပ်ကြစမ်း၊ ပစ္စည်းတွေကို လက်ဆင့်ကမ်းသယ်ပြီး အထဲကိုပို့ကြ'

"ဒီအထုပ်တွေကို သတိထား ကိုင်ကြ၊ လက်ထဲက လွတ်မကျစေနဲ့"

အော်ဟစ်အမိန့်ပေးသံများ ဆူညံနေပေတော့သည်။

ကြေးဘူးများကို ကုန်းပေါ်မှ မရဏလှေကြီးဝမ်းဗိုက်အတွင်းရှိ သိုလှောင်ခန်းသို့ ပို့ဆောင်ရာ၌ အိုရန်မှ တာဝန်ကျလေသည်။

ကံကောင်းထောက်မပြီး သိုလှောင်ခန်း အတွင်း၌ အလုပ်လုပ်ရခြင်း ဖြစ်၏။

အလုပ်သမားများ တစ်ယောက် လက်မှ တစ်ယောက် ဆင့်ကဲဆင့်ကဲသယ်ဆောင်လာသည့် ကြေးဘူးများကို သစ်သားစင်များတွင် အစီအရီ နေရာချပေးရလေ၏။

ထိုကြေးဘူးများ အတွင်း၌ ယမ်းမှုန့်များ အပြည့်အသိပ် ထည့်ထားသည်ကို အိုရန်မှ ရိပ်မိလေသည်။

ကြေးဘူးများသည် လေးလံလှန်းသည့်အပြင် မနားတမ်း နေရာချနေရသဖြင့် ကြာသော် အိုရန်မှ၏ တစ်ကိုယ်လုံး ချွေးများ စို့ရွှဲလာလေတော့သည်။

မားပင် စီစဉ်ပေးလိုက်သည့် အတိုင်း သိုလှောင်ခန်းထဲသို့ ရောက်လာပြီဖြစ်သည့်တိုင် ဝှက်၍ သယ်လာခဲ့သည့် သေတ္တာကလေးကို ထုတ်ယူခြင်း မပြုနိုင်ပါသေးချေ။

အလုပ်သမားများအလုပ်လုပ်နေကြသည်ကို ကျင်းစစ်သည်များက စောင့်ကြည့်နေကြ၏။



မရဏလှေကြီးအား တက်သုတ်ရိုက်ပြင်ဆင်ရာတွင် အလုပ်သမားများမှာ ရောက်လာပြီး နေ့မအား ညမအား လုပ်ကိုင်ကြသည်ကို စောင့်ကြည့်ရသည့်ရက်များ သုံးလေးရက် ရှိခဲ့ပြီမို့ အစောင့်များလည်း ပျင်းရိငြီးငွေ့နေကြပြီဖြစ်၏။

စောင့်ကြပ်နေသည် ဆိုသည့်တိုင် မျက်စိ ဒေါက်ထောက်ကြည့်နေကြခြင်းတော့ မဟုတ်ပါချေ။

အိုရန်မှလည်း အစောင့်များ အလစ်တွင် သေတ္တာကလေးကို ထုတ်ယူရန် အခွင့်အရေး စောင့်မျှော်နေ၏။

ထိုအခိုက်မှာပင် သူနှင့် အနီးကပ်ဆုံး ရှိသည့် အလုပ်သမားက

'ခင်ဗျား ဘာလုပ်နေတာလဲ၊ လုပ်စရာရှိတာ မြန်မြန်လုပ်၊ အစောင့်တွေ ခင်ဗျားကို မမြင်ရအောင် ကျုပ် ကိုယ်နဲ့ ကွယ်ပေးထားမယ်'

ပြောပြောဆိုဆို သူ၏ ခန္ဓာကိုယ်နှင့် ကွယ်ပေး လိုက်ပြီး အိုရန်မှ ကိုယ်စား သူက တာဝန်ယူပြီး ကြေးဘူးများကို နေရာချပေးလိုက်၏။

အိုရန်မှလည်း ရရှိသည့်အခွင့်အရေးကို လက်လွှတ်မခံတော့ပါ။ ဝှက်ယူလာသည့် သေတ္တာကလေးကို ခပ်သွက်သွက် နှိုက်ယူလိုက်၏။

ထို့နောက် အဖုံးဖွင့်ကာ ယမ်းပျော့များအပေါ်၌ ကန့်မှုန့်များ ဖြူးချလိုက်သည်။

တစ်ဖန် ငရဲမီး လောင်းချလိုက်လေသည်။ ငရဲမီးနှင့်ကန့်မှုန့်များ ထိတွေ့မိသောအခါ တစစ်စစ် မြည်သံသဲ့သဲ့ထွက်ပေါ်လာလေသည်။

သေတ္တာအဖုံးကို ပြန်ပိတ်ကာ ကြေးဘူးများ အောက်ဘက်တွင် ဖွက်ထားလိုက်၏။

တစ်ခုပြီးတစ်ခု ရောက်ရှိလာသည့်ကြေးဘူးများကို သေတ္တာလေးအပေါ်မှ ထပ်ကာ အစီအရီတင်လိုက်ကြ၏။

နောက်ဆုံး ကြေးဘူးများ အောက်တွင် သေတ္တာလေး ပျောက်ကွယ်သွားလေသည်။

သေတ္တာလေးအတွင်းမှ ယမ်းများ ပေါက်ကွဲမီးလောင်လျှင် တဲအိမ်တစ်လုံးမျှသာ မီးလောင် ပြာကျသွားနိုင်ပေသည်။

သို့သော် ကြေးဘူးများ အတွင်းမှ ယမ်းများ ပေါက်ကွဲမီးလောင်လျှင်ကား ကြေးဘူးအားလုံးကို ဖောက်ခွဲ ပစ်လိုက်သည်နှင့်အတူတူ ဖြစ်နေတော့၏။

အိုရန်မုလည်း တန်မပျက် ဆက်၍ အလုပ်လုပ်နေလိုက်၏။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။

သိုလှောင်ခန်းတစ်ခုလုံး ကြေးဘူးများဖြင့် ပြည့်နှက်သွားလေတော့သည်။ ထိုအချိန်ရောက်မှ....

'အလုပ်သမားအားလုံး အခန်းထဲက ထွက်ကြ'

အော်ဟစ် အမိန့်ပေးသံ ထွက်ပေါ်လာလေသည်။

အိုရန်မုတို့လည်း အပြင်ဘက်သို့ ဒရောသောပါး ထွက်လာခဲ့ကြ၏။



အပြင်ဘက်ရောက်လျှင် လှေကြီးကိုယ်ထည် မူပြင်ဖောတေးမှုမှာလည်း လက်စသတ်နေပြီဖြစ်ကြောင်း တွေ့ရလေသည်။

မရဏ လှေကြီးအား ပြင်ဆင်သည့် လုပ်ငန်း ပြီးဆုံးလုပြီဖြစ်ရာ အလုပ်သမားများလိုအပ်ခြင်း မရှိတော့ချေ။

'အလုပ်သမားတွေ ကူးတို့လှေပေါ် ဆင်းကြ'

ကျင်းစစ်သည်များသည် အလုပ်သမားများကို အသုတ်လိုက် အသုတ်လိုက်ခွဲကာ ပြန်လွှတ်နေပြီတည်း။

အိုရန်မုက ကြိုးလှေကား ရှိရာသို့ အခြား အလုပ်သမားများနှင့်ရောနှောကာ ခပ်သွက်သွက်လျှောက်လာခဲ့သည်။

ကြိုးလှေကားအနီးသို့ ရောက်လျှင် မလှမ်းမကမ်း၌ ကျင်းစစ်သူကြီးနှင့် သူ၏လူယုံတော်တစ်ယောက် စကားပြောနေကြသည်ကို တွေ့ရလေသည်။

ကျင်းစစ်သူကြီးက...

'အခုအတိုင်းဆိုရင် ဒီကနေ့ညမှာပဲ ပြင်ဆင်မှုတွေ အားလုံးပြီးသွားလိမ့်မယ်၊ မနက်ဖြန် မိုးလင်းတာနဲ့ တို့တစ်တွေ မြစ်ဝါမြစ်ထဲမှာ တိုက်ပွဲဝင်လို့ရပြီ'

ဟု ကျေနပ်အားရစွာ ပြောနေသံကို ကြားရလေသည်။

အိုရန်မု မဲ့ပြုံးပြုံးလိုက်သည်။

ကြေးဘူးများ သိုလှောင်ထားသည့် အခန်းတွင်း၌ မကြာမီ ပေါက်ကွဲတော့မည့် သေတ္တာကလေး ရှိနေသည်ကို သိသွားလျှင် ပြုံးနိုင်တော့မည် မဟုတ်ဟု တွေးမိလေသည်။

ကျင်းစစ်သူကြီးအား တစ်ချက်ကြည့်လိုက်ပြီး ကြိုးလှေကားအတိုင်း ဆင်းလာခဲ့၏။

ဘူးတို့ လှေပေါ်၌ အလုပ်သမားများ ပြည့်သွားသည်နှင့် ကမ်းစပ်သို့ဦးတည် လှော်ခတ်သွားရာ မကြာပါချေ ကမ်းစပ်သို့ ပြန်လည် ရောက်ရှိသွားကြလေသည်။

ကမ်းစပ်မှ အစောင့်များသည် မရဏာလှကြီး ပြင်ဆင်၍ ပြီးစီးပြီဖြစ်ကြောင်း ပြောဆိုကာ ပျော်ရွှင်နေကြ၏။

အလုပ်သမားများကိုလည်း အရေးမစိုက်တော့ချေ။

ထို့ကြောင့် အိုရန်မှုက အစောင့်များ အလစ်တွင် မားပင် စောင့်ဆိုင်းနေသည့် သစ်ပင်ချုံကွယ်ရှိရာသို့အရောက်ပြေးထွက် သွားနိုင် ခဲ့လေတော့သည်။



‘ဟား ဟား ဟား’

‘ဟား…ဟား…ဟား’

အိုရန်မှုနှင့် မားပင်တို့ ပြိုင်တူ ရယ်မောလိုက်ကြသည်။

သူတို့နှစ်ယောက်သည် ဘယ်သောအခါကမှ တစ်ယောက်ကို တစ်ယောက် ယုံကြည်ခြင်း မရှိခဲ့ကြချေ။

ယခု တစ်ကြိမ် တွင်မူ နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် ယုံကြည်အားကိုးသော စိတ်များ ဖြစ်ပေါ်နေကြ လေတော့သည်။

မားပင်က…

‘ကဲ မြန်မြန်သွားကြရအောင်၊ သမီးလဲ မျှော်နေတော့မယ်၊ ဒီညတော့ ရွာသူကြီးတုန်ကို အကျိုးအကြောင်းပြောပြပြီး ရွာထဲမှာ ပျော်ပွဲရွှင်ပွဲ ကျင်းပခိုင်းရမယ်’

ဟု ပြောလိုက်၏။

အိုရန်မှု တောင်ကုန်းကိုကျော်ကာ အဝေးသို့ လှမ်းကြည့် လိုက်၏။ ကျောက်ပုစွန်ရွာကလေးသည် မဝေးတော့ပြီ။

မားယဉ်နှင့် မကြာမီ တွေ့ရ ပေတော့မည်။ ရုတ်တရက် အိုရန်မှု မျက်မှောင်ကြုတ်သွားပြီး—

‘မီးခိုးတွေ များလှချည်လား’

ဟု လွှတ်ခနဲ ပြောလိုက်လေသည်။

မားပင်က

‘ဘာဖြစ်တာလဲ’

‘ဟိုမှာ ကြည့်ပါဦး’

မားပင်သည် အိုရန်မှု ညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။

ကျောက်ပုစွန်ကျေးရွာ တည်ရှိသည့်နေရာဘက်မှ မီးခိုးများ အလိပ်လိုက်အလိပ်လိုက် ထွက်ပေါ်နေသည်ကို တွေ့ရ၏။

မားပင် မျက်နှာပျက်သွားသည်။

'ဒုက္ခပဲ ရွာမှာ မီးလောင်နေပြီထင်တယ်'

ဟု ရေရွတ်လိုက်လေသည်။

အိုရန်မှုခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

'ဟာ မဖြစ်သူး မြန်မြန်သွားမှပဲ'

သူတို့ နှစ်ယောက်သည် ချက်ချင်းပင် ပြေးလွှားသွားကြလေသည်။

တောင်ကုန်းကလေးကို ကျော်ဖြတ်ပြီးသည်နှင့် မီး တဟုန်းဟုန်း တောက်လောင်နေသည့် ရွာကလေးအား တွေ့မြင်လိုက်ရလေတော့သည်။



ကျောက်ပုစွန်ရွာကလေးမှာ မီးတဟုန်းဟုန်း တောက်လောင်နေလေသည်။

ရွာအမြင့်ခွဲလည်းကောင်း၊ လမ်းမပေါ်၌ လည်းကောင်း၊ လူသေအလောင်းများ မြင်မကောင်းအောင် ရှိနေ၏။

'ဒုက္ခပဲ၊ ငါ့သမီး အသက်မှ ရှိသေးရဲ့လား'

မားပင်က ငိုသံပါကြီးဖြင့် ရေရွတ်လိုက်၏။

သူတို့သည် မီးစွဲလောင်နေသည့် အိမ်များကို ကွင်းရှောင်ကာ မားယဉ် နေရစ်ခဲ့သည့်အိမ်ကလေးဆီသို့ ပြေးလွှားသွားကြ၏။

မားယဉ်နေရစ်ခဲ့သော အိမ်ကလေးဆီသို့ အ ရောက် တွင် နှစ်ယောက်စလုံး ခြေလှမ်းတုန့်ခနဲ ရပ်တန့်သွားကြ၏။

ထိုအိမ်လေးမှာလည်း မီးဟုန်းဟုန်း စွဲလောင်နေသည် မဟုတ်ပါလား။

'ညီမ....ညီမ'

အိုရန်မှု ရုတ်တရက် သတိဝင်လာပြီး အသံကုန် ဟစ်အော်ခေါ်ကာ ပြေးလွှားရှာဖွေလေတော့သည်။

မားပင်လည်း မနေနိုင်တော့ပါချေ။

'သမီးရေ... သမီး'

အော်ခေါ်ရင်း လိုက်လံရှာဖွေလေသည်။

သူတို့သည် မားယဉ်အား ရှာဖွေ ကြည့် ပါသော် လည်း မားယဉ်အား မတွေ့ဘဲ စောင့်ရှောက်ရန် ထားပစ်ခဲ့သော အားယုံအား တွေ့မြင်လိုက်ကြရလေသည်။

အားယုံသည် သစ်ပင်တစ်ပင်၏ နံဘေး၌ လဲကျနေ၏။ သူ၏တစ်ကိုယ်လုံး သွေးခြင်းခြင်း နီရဲနေသည်။

အိုရန်မုတို့ရှာဖွေတွေ့ရှိသည့်အခါ အသက် ငွေ့ငွေ့မျှသာ ကျန်တော့သည်။

'အားယုံ...အားယုံ'

မားပင်က မချိတင်ကဲ ခေါ်လိုက်သည်။

သူ၏ လူယုံတော်ကြီးမှာ အဖြစ်ဆိုးနှင့် ရင်ဆိုင်လိုက်ရပြီ မဟုတ်ပါလား။

အားယုံသည် မားပင်၏ခေါ်သံကြောင့် မျက်လုံးပွင့်လာ၏။ သေငယ်ဇောနှင့် မျောနေသည့်တိုင် မားပင်ကို မှတ်မိသွားလေသည်။

'ဆရာ...ဆရာ'

လေသံသဲ့သဲ့ ထွက်ပေါ်လာ၏။

မားပင်က ...

'ငါ့သမီးကော သူဘယ်မှာလဲ၊ ဘယ်သူ့လက်ချက်လဲ'

ဟု အငမ်းမရ မေးလိုက်သည်၊

အားယုံက....

'ကျောက်...ကျင်း ...ဖမ်းခေါ်သွားတယ်၊ မရဏလှေကြီး ဆီကို သွားကြလိမ့်မယ်၊ ဆရာ ကျုပ်ကို ခွင့်လွှတ်...'

မားယဉ်အား ကာကွယ် စောင့်ရှောက်နိုင်စွမ်း မရှိသည့် အတွက် တောင်းပန်ရန် ကြိုးစားရင်း အားယုံ ဇက်ကျိုးကျ သွားလေသည်။



'အားယုံ'

မားပင် ကျယ်လောင်စွာ အော်ဟစ်ခေါ်လိုက်သည်။

အားယုံအား ပွေ့ဖက်ထားသဖြင့် အားယုံ၏ သွေးများ သည် သူ၏ တစ်ကိုယ်လုံး စွန်းထင်းပေကျံသွားသည်။

အိုရန်မုလည်း တောင့်တောင့်ကြီးရပ်နေ၏။

မကြာမီ ပေါက်ကွဲတော့မည့် မရဏလှေကြီးဆီသို့ မားယဉ် လိုက်ပါသွားရပြီမဟုတ်ပါလား။

မရဏလှေကြီး မီးလောင်ပေါက်ကွဲသွားသည်နှင့် မားယဉ် သည်...

'ညီမ'

အိုရန်မုမှာ သတိလက်လွှတ်ပြီး တအားအော်လိုက်လေ သည်။

သူ၏အော်သံကြောင့် မားပင် သတိဝင်လာသည်။ အားယုံ ကို မြေပေါ် ညင်သာစွာ ချလိုက်ပြီး ထရပ်လိုက်၏။

တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေသည့် အိုရန်မု၏ ပခုံးကိုပုတ်လိုက်ပြီး...

'ငါတို့ လိုက်သွားမှဖြစ်မယ်'

ဟု ပြောလိုက်သည်။

အိုရန်မုက မားပင်အား လှည့်ကြည့်လိုက်သည်။

မားပင်၏မျက်နှာ ထူးခြားစွာ တည်ကြည်လေးနက်နေ၏။

အိုရန်မု ဆတ်ခနဲ ခေါင်းညိတ်လိုက်သည်။

'ညီမလေး မားယဉ့်ကို မရရအောင် ကယ်မယ်'
ဟု ပြောလိုက်သည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် နားလည် သဘောပေါက်သွားကြပြီတည်း။

သူတို့နှစ်ယောက်စလုံး မားယဉ်အားကယ်တင်ရန် ဆုံးဖြတ် လိုက်ကြလေတော့သည်။



နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုး ကွယ်ပျောက် သွားပြီ ဖြစ်သည်။

နေရောင်ခြည်ကွယ်ပျောက်သွားသည်နှင့် အမှောင်ထု စိုးမိုး နေရာယူလာသည်။

သုံးကွေ့မြစ်အတွင်းဝယ် မိုးချုပ်သွားသည်နှင့် လှေအသွား အလာ ရှင်းသွားလေသည်။

မြစ်ကမ်း တစ်ဘက်တစ်ချက်၌လည်း ကျင်းစစ်သည်များကို မတွေ့ရတော့ပါ။ မရဏလှေကြီးအား ပြင်ဆင်ပြီးစီးသွားပြီ ဖြစ်ရာ ကျင်းစစ်သည် အားလုံးလိုလို လှေကြီးပေါ် ရောက်ရှိ နေကြပြီ ဖြစ်လေသည်။

မရဏလှေကြီးအတွက် အလုပ်လုပ်ရန် လာခဲ့ကြသည့်အလုပ် သမားများလည်း မရှိတော့ချေ။

သို့တိုင် မရဏလှေကြီးသည် ကျောက်ချရပ်နားထားပြီး မီးရောင်ထိန်ထိန်လင်းအောင် ထွန်းညှိထားလေသည်။

တိုက်ပွဲဝင်နိုင်သည့် အနေအထား ရှိနေပြီဖြစ်ရကား ကျင်း စစ်သူကြီးက တိုက်ခိုက်ရန် ရောက်လာသူဟူသရွေ့ကို ရင်ဆိုင် သွားရန် စန်မလေးတော့ပြီ ဖြစ်သည်။

မရဏလှေကြီး အပျက်အစီးများ ရှိနေစဉ်ကကဲ့သို့ ပုန်းလျှိုး ကွယ်လျှိုးနေစရာမလိုတော့ဘဲ ပြောင်ကျကျ နေဝံ့ပြီဖြစ်သည်။

မရဏလှေကြီးပေါ်မှ ကျင်းစစ်သည်တို့၏ တေးသီချင်းသံ များ လေနှင့်အတူ ပျံ့လွင့်လာသည်။

အရှေ့ဘက်မှ လဝန်းထွက်ပေါ်လာချိန်ဝယ် သုံးကွေ့မြစ်

ထဲသို့ လှေတစ်စင်း အပြင်းလှော်ခတ်ကာ ဝင်ရောက်လာသည်ကို တွေ့ရပေမည်။

ထိုလှေသည် မရဏလှေကြီးရှိရာသို့ ဦးတည် လှော်ခတ်သွားပြီး လှေပေါ်၌ လိုက်ပါလာကြသူများသည် မရဏလှေကြီးပေါ်သို့ တက်သွားကြသည်။

မီးရောင်ဖြင့် လှေပေါ်တက်သွားကြသူများတွင် ကျောက်ကျင်း၊ ခွေးလေးနှင့် အခြား တပည့်နှစ်ယောက် ပါရှိပြီး မိန်းကလေးတစ်ယောက်အား ဖမ်းဆီးခေါ်ဆောင်လာသည်ကို တွေ့မြင်ရမည် ဖြစ်၏။

ကျောက်ကျင်း ဖမ်းဆီးခေါ်ဆောင်လာသည့် မိန်းကလေးမှာ မားယဉ်ဖြစ်လေသည်။



ကျင်းစစ်သူကြီး မျက်မှောင်ကြုတ်သွား၏။

ကျောက်ကျင်းကို မကျေနပ်သည့်အကြည့်ဖြင့် ကြည့်လိုက်ပြီးနောက်....

'ကျောက်ကျင်း မင်း ဘယ်လိုလုပ်တာလဲ'

ဟု ခပ်ထန်ထန် မေးလိုက်သည်။

ကျောက်ကျင်းက ရင်ကော့လိုက်ပြီး

'ဆရာကျန် မရဏလှေကြီးကို ဖျက်ဆီးမယ့်လူတွေ ရှိနေပါတယ်၊ သူတို့ကိုဖော်ထုတ်ဖို့ ဒီမိန်းကလေးကို ဖမ်းလာခဲ့တာပါ'

မားယဉ်အား ညွှန်ပြရင်း ပြောလိုက်သည်။

မားယဉ်မှာ ခွေးလေး၏ လက်တွင်း၌ ရှိနေ၏။

သူမအား ကြိုးများဖြင့် ချည်နှောင် ထားခြင်းကြောင့် ရုန်းကန်လှုပ်ရှား၍မရပဲ ဖြစ်နေသည်။

စစ်သူကြီး၏အမည်မှာ ဆရာကျန်ဖြစ်လေသည်။ ဆရာကျန်သည် ယှဉ်ပြိုင်တိုက်ခိုက်ရသည့် တိုက်ပွဲကြီးများကိုသာ စိတ်ဝင်စားသူဖြစ်၏။

ကျောက်ကျင်းကဲ့သို့ ကျေးရွာများကို ဝင်ရောက်လုယက်ဖျက်ဆီးခြင်း၊ ခုခံနိုင်ခြင်းမရှိသည့် အပြစ်မရှိသော ရွာသူရွာသားများအား သတ်ဖြတ်ခြင်းမျိုးကို ဝေးဝေးမှရှောင်သူဖြစ်၏။

ထို့ကြောင့်လည်း ကျောက်ကျင်းက မားယဉ်အားဖမ်းဆီးလာသည်ကို မနှစ်မြို့နိုင်အောင် ဖြစ်နေရသည်။

ကျောက်ကျင်းအား စိုက်ကြည့်လိုက်ပြီး

'မရဏလှေကြီးကို ဖျက်ဆီးချင်တဲ့လူတွေ ရာထောင်ချီပြီး ရှိနေတာပဲ၊ ဒါပေမယ့် ဘာများတတ်နိုင်ကြလို့လဲ၊ မီကိစ္စကို အထူးအဆန်းလုပ်ပြီး ပြောမနေစမ်းပါနဲ့'

ဟု ငေါက်လိုက်လေသည်။

ကျောက်ကျင်း ခေါင်းယမ်းလိုက်သည်။

'ဆရာကျန် ချီစွမ်းက မရဏလှေပေါ်တက်လာပြီး ဖျက်ဆီးဖို့ ကြိုးစားတာကို မှတ်မိဦးမှာပါ၊ ချီစွမ်း ဒီလှေပေါ်ကို ဘယ်လိုလုပ်ပြီး တက်လာနိုင်တယ်ဆိုတာ မစဉ်းစားတော့ဘူးလား'

ထိုစကားကြားလျှင် ဆရာကျန် ငိုင်သွားသည်။

အစောင့်အကြပ် စစ်သည်အင်အား များပြား လှသော မရဏလှေကြီးပေါ်သို့ ရန်သူတစ်ယောက် တက်လာနိုင်သည်မှာ အံ့ဩစရာကောင်းသည့်ကိစ္စ ဖြစ်ပေသည်။

ဆရာကျန် ငိုင်သွားသည်ကို အခွင့်ကောင်းယူကာ ကျောက်ကျင်းက ပြောလိုက်ပြန်သည်။

'တပ်မင်း ဝူလီမင်းက မရဏလှေကြီးကို ဖျက်ဆီးပစ်ဖို့ အားသန်နေတယ်၊ သူက သူ့ရဲကောင်း ချီစွမ်းကို စေလွှတ်လိုက်တာ မအောင်မြင်တော့ မုဆိုးကြီး မားပင်ကို အသုံးချလိုက်တယ်၊ မုဆိုး မားပင်နဲ့ သူ့ရဲ့ သမက်ဟာ မရဏလှေကြီးကိုဖျက်စီးဖို့ ကျောက်မုစ္စန်ရွာက ထွက်သွားကြတယ်၊ သူတို့ကို အခုထိမတွေ့ရသေးဘူး၊ သူတို့ဟာ အလုပ်သမားတွေနဲ့ ရောပြီး ဒီလှေကြီးပေါ်ကို ရောက်မလာဘူးလို့ ပြောနိုင်ပါ မလား'



'ဘာ'

ဆရာကျန်၏အသံ ဟိန်းထွက်လာသည်။

ဆရာကျန်သည် ထိုင်ရာမှလည်း ဆတ်ခနဲ ထရပ်လိုက်လေသည်။

ကျောက်ကျင်းပြောသည့်အတိုင်းဆိုလျှင် ရန်သူသည် မရဏလှေပေါ်သို့ပင် ခြေချသွားပြီဖြစ်၏။

တပ်မင်း ဝူလီမင်းက ရင်ဆိုင် တိုက်ခိုက်လာလိမ့်မည်ဟုသာ ထင်မှတ်ခဲ့၏။

ပရိယာယ်ဆင်ကာ လူစွန့်စားများစေလွှတ်၍ ဖျက်ဆီးခိုင်းမည် မထင်မိသည်မှာ သူ၏အမှားဖြစ်ကြောင်း တွေးလာမိလေသည်။

ကျောက်ကျင်းက

'ကျုပ်စုံစမ်းလို့ ရသလောက်ဆိုရင် မကြာသေးခင်က မားပင်ဟာ ဝူလီမင်းနဲ့ သွားတွေ့ခဲ့တယ်၊ ဝူလီမင်းက မားပင်ကို လျှို့ဝှက်ပစ္စည်းတစ်ခု ပေးခဲ့တယ်တဲ့၊ အဲဒီပစ္စည်းဟာ ပေါက်ကွဲစေတတ်တဲ့ပစ္စည်းပဲ ဖြစ်လိမ့်မယ်'

ဆရာကျန် မပေါ့ဆရဲတော့ချေ။

ကျောက်ကျင်းက ပိုင်ပိုင်နိုင်နိုင် ပြောလာပြီမဟုတ်လား။

ဆရာကျန် စိတ်လှုပ်ရှားသွားပြီး..

'ကောင်းပြီလေ၊ လှေပေါ်ကို အလုပ်သမားတွေ ရောက်ခဲ့တဲ့ နေရာတွေအားလုံးကို လိုက်ပြီး စစ်ဆေးကြည့်မယ်'

စကားဆုံးလျှင် အခန်းအပြင်ဘက် ပြေးထွက်သွား၏။

ကျောက်ကျင်းက ခွေးလေးဘက်သို့လှည့်ကာ...

'ခွေးလေး မင်းက သူ့ကိုကြည့်ထားလိုက်၊ ငါက ဆရာကျန် နောက်ကိုလိုက်သွားမယ်'

မားယဉ်အားညွှန်ပြကာ ပြောလိုက်သည်။

ထို့နောက် အခန်းအပြင်ဘက် ပြေးထွက်သွား၏။

အခန်းတွင်းဝယ် မားယဉ်နှင့် ခွေးလေးတို့နှစ်ယောက်သာ ကျန်ရစ်ခဲ့လေတော့သည်။



စူးရှသောအရောင်များ ထွက်ပေါ်လာသည်။

ကျင်းစစ်သည်များသည် မရဏလှေကြီးပေါ်၌ ဟိုမှသည်မှ ပြေးလွှားလှုပ်ရှား နေကြသည်ကို တွေ့မြင်ရလေသည်။

မားပင်က—

'သူတို့ ရိပ်မိသွားကြပြီ'

ဟု ပြောလိုက်၏။

အိုရန်မှ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒါပေမယ့် သူတို့ကို ဒုက္ခပေးဖို့ ဘယ်လိုစီစဉ်ထားတယ်ဆိုတာ သိသွားပုံမရသေးဘူး'

ကျောက်ကျင်းသည် သူတို့အားလိုက်ရှာရန် အားတုတ်နေမည်ဖြစ်ပြီး သူတို့၏လုပ်ရပ်ကို သိဟန်မတူသေးဟု နှစ်ယောက်စလုံး နားလည်ထားကြ၏။

သူတို့နှစ်ယောက်သည် ဗေဒါပင်များကို အကာအကွယ်ယူကာ ရေစီးအတိုင်းမျော၍ လိုက်လာကြခြင်းဖြစ်၏။

အမှတ်တမဲ့ကြည့်လျှင် ဗေဒါပင်များ မျောပါလာသည်ဟု ထင်မှတ်ရမည်ဖြစ်လေသည်။

သတိကြီးစွာထားရင်း တဖြည်းဖြည်းကူးခတ်ခဲ့ကြရာ မရဏလှေကြီးအနီးသို့ ရောက်မှန်းမသိ ရောက်လာခဲ့ကြလေသည်။

မားပင်က—

'အပေါ်ကို သတိထားတက်မှဖြစ်မယ်၊ ကျင်းတွေအများကြီးပဲ'

ဟု သတိပေးလိုက်၏။

အိုရန်မှ ခေါင်းညိတ်လိုက်သည်။

အန္တရာယ် များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ မရဏလှေပေါ်သို့တက်ကာ မားယဉ်အားကယ်တင်ရန် ဆုံးဖြတ်ထားကြပြီဖြစ်၏။

သူတို့နှစ်ယောက် နောက်ဆုတ်သွားရန် မည်သူကမျှ ဟန့်တားနိုင်တော့မည် မဟုတ်ပါ။

အိုရန်မှုသည် ငရဲမီးနှင့်ကန့်များ ပေါင်းစပ်ကာ အပူဓာတ်ဖြစ်ပေါ်လာနေပုံကို မျက်စိထဲ မြင်ယောင်လာသည်။

ယမ်းပျော့များ မီးထတောက်ရန် လုံလောက်သောအပူချိန်သည် တစ်ချိန်တွင် ရရှိသွားမည်ဖြစ်သည်။

ထိုအခါ ယမ်းပျော့များမီးတောက်လောင်ပြီး ကြေးတုံးများ ပေါက်ကွဲပေတော့မည်။ မရဏလှေကြီးပေါ်မှလူများ....

ယမ်းပျော့များ မီးထတောက်မည့်အချိန်မှာ ယခုချက်ချင်းဖြစ်နိုင်သလို ညသန်းခေါင်ယံအချိန်မှလည်း ဖြစ်နိုင်၏။

မည်သည့်အချိန်ဖြစ်ပေါ်လာမည်ကို သူ မခန့်မှန်းတတ်ချေ။

မရဏလှေကြီးဘေး၌ အလုပ်သမားများ အတက်အဆင်းပြုလုပ်ခဲ့သော ကြိုးလှေကားမှာ တွဲလောင်းချလျက်သား ရှိနေသေး၏။

ထိုကြိုးလှေကားမှာပင် မားပင်နှင့် အိုရန်မှုတို့ တွယ်တက်သွားကြလေသည်။ ကျင်းစစ်သည်များ၏ ပြေးလွှားသံများကား ဆူညံနေ၏။

ကျင်းစစ်သည်များသည် သက်မကင်းဖြစ်မိသည့် ပစ္စည်းများကို ရွေ့လျားဖယ်ရှားကြသည်။ လှန်လှောရှာဖွေကြသည်။



အိုရန်မှုနှင့်မားပင်တို့နှစ်ယောက် လှေကြီးပေါ်သို့ ရောက်သည်နှင့် တိုင်တစ်လုံးနောက်ကွယ်၌ ဝင်ပုန်းလိုက်ကြ၏။

မားပင်က

'တို့နှစ်ယောက် အတူတူသွားလို့မဖြစ်ဘူး၊ လူခွဲပြီးရှာကြရင်ကောင်းမယ်'

ဟု ပြောလိုက်၏၊

အိုရန်မှု သဘောတူလိုက်လေသည်။

'ကောင်းပြီ'

'တကယ်လို့ မင်းက မားယဉ်ကိုရှာလို့တွေ့ရင် ဒီနေရာပဲလာပြီးစောင့်နေ၊ ငါအရင် ရှာလို့တွေ့ရင်လဲ ဒီနေရာမှာပဲ စောင့်နေမယ်'

'ကောင်းပြီ'

သူတို့နှစ်ယောက် ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်ကြ၏။

ထိုအခါ ကျင်းစစ်သည်များသည် လှေဦးပိုင်းကို ရှာဖွေပြီးစီးသွားပြီဖြစ်ရာ လှေပဲ့ပိုင်းသို့ စုရုံးရောက်ရှိနေသည်ကိုတွေ့ရ၏။

အခွင့်အရေးကိုလက်လွှတ်မခံဘဲ မားပင်နှင့် အိုရန်မှုတို့ လူခွဲကာ ပြေးထွက်လိုက်ကြ၏။

ထို့နောက် အမှောင်ရိပ်ကျနေသောနေရာများတွင် ခိုကပ်ကာ စစ်သည်များကိုရှောင်ကွင်းလျက် မားယဉ်အား လိုက်လံရှာဖွေကြလေသည်။

အတန်ကြာ ရှာဖွေပြီးသည့်တိုင် မားယဉ်အား မတွေ့ရချေ။

အိုရန်မုရှေ့ထဲ လေးလံလာသည်။

'ဒုက္ခပဲ သူ့ကို သတ်ပစ်လိုက်ကြပြီလား မသိဘူး'

တွေးမိလေသည်။

ထိုစဉ်

'လူယုတ်မာ ကျွန်မကိုလွှတ်စမ်း'

အော်ဟစ်သံတစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

မားယဉ်၏အသံဖြစ်ကြောင်း မှတ်မိလျှင် အိုရန်မု ဝမ်းသာသွား၏။

အသံထွက်ပေါ်လာသောအခန်းဆီသို့ ဦးတည် ပြေးလွှားသွားလေသည်။

အခန်းရှေ့ဝယ် အစောင့်အကြပ်များ ရှင်းနေ၏။

အခန်းတံခါး စေ့ရုံ စေ့ထားသဖြင့် ချောင်းကြည့်လိုက်သောအခါ အတွင်းဘက်၌ မားယဉ်နှင့် ခွေးလေးတို့ ရှိနေကြသည်ကို တွေ့ရလေသည်။

ခွေးလေးတို့ သဘောကျစွာ ရယ်မောနေ၏။

မားယဉ်အနီးသို့ ချဉ်းကပ်ရင်း

'မားယဉ်နဲ့ အိုရန်မုတို့ဘာလုပ်ဖို့ ကြံစည်ထားသလဲ ပြောစမ်း၊ မပြောရင် မင်းဘဝ ရေတိမ် နစ်ပြီသာမှတ်၊ ဟား-ဟား....ဟား'

ထိုစကား ကြားလိုက်ရသောအခါ အိုရန်မု မျက်လုံးပြာဝေသွားလေသည်။ ရှည်ရှည်ဝေးဝေး စဉ်းစားမနေနိုင်တော့ဘဲ အခန်းတွင်းသို့ ပြေးဝင်သွား၏။



သူပြေးဝင်လာသော အသံကြောင့် ခွေးလေး လှည့်ကြည့်လိုက်ရာ တွေ့မြင်သွားတော့၏။

'မင်းဘယ်သူ'

'ခွပ်'

'အား'

စကားဆုံးအောင် မပြောရသေးမီ အိုရန်မု၏ လက်သီးထိုးချက်ကြောင့် ကြမ်းပြင်ပေါ် ပက်လက်လန် လဲကျသွားလေသည်။

'အစ်ကို'

မားယဉ် ဝမ်းသာအားရ ခေါ်လိုက်လေသည်။

အိုရန်မုက

'ညီမ ဘာမှမကြောက်နဲ့'

ပြောရင်း မားယဉ်ထံပြေးသွားပြီး ကြိုးများ ဖြေ ပေးလိုက်လေသည်။

ထိုစဉ် ခွေးလေးက ကြမ်းပြင်ပေါ်မှ လူးလိမ့်ထလာပြီး

'လက်စသတ်တော့ မင်းက အိုရန်မုကိုး၊ ကောင်းပြီ၊ မင်းကို ငါကိုယ်တိုင် လက်ရဖမ်းမယ်'

ပြောရင်း ခါး၌ ချိတ်ထားသည့် ဓားကို ဆွဲထုတ် ကာ အိုရန်မုထံ ပြေးဝင်လာလေသည်။

မားယဉ် ထိတ်လန့်သွား၏။

'အစ်ကို သတိထား'

ဟု လှမ်းပြီး သတိပေးလိုက်လေသည်။

အိုရန်မှုသည်း အနီးရှိ ခုံတစ်လုံးကို ကမျာကယာ မယူကာ ခုခံပေးလိုက်ရ၏။

'ခွမ်း'

ခွေးလေး၏ ပြင်းထန်သော ဓားခုတ်ချက်ကြောင့် ခုံများ ထက်ပိုင်းကျိုးသွားလေတော့သည်။

အိုရန်မှု ဖင်ထိုင်ကျသွား၏။

ခွေးလေးက

'သေပေတော့'

အော်ငေါက်ရင်း ဓားဖြင့်မိုး၍ ခုတ်ချလိုက်လေသည်။

အိုရန်မှု ထိတ်လန့်သွား၏။ ကြမ်းပြင်ပေါ် လှဲချရင်း ခွေးလေး၏ ခြေထောက်ကို လှမ်းကန်လိုက်သည်။

တစ်ဆက်တည်းပင် ဘေးသို့လှိမ့်ကာရှောင်လိုက်လေသည်။

အိုရန်မှု၏ ကန်ချက်ကြောင့် ခန္ဓာကိုယ် ယိမ်းယိုင်သွားရာ ဓားခုတ်ချက်မှာ ချိန်သားမကိုက်ဘဲ ချော်သွား၏။

ခွေးလေး ဒေါပွသွား၏။

'မင်း ဘယ်လောက် ရှောင်နိုင်မှာလဲ'

အော်ငေါက်ရင်း တရကြမ်း လိုက်လံ တိုက်ခိုက်လိုက်လေသည်။

အိုရန်မှုမှာ ပြန်လည် တိုက်ခိုက်ခြင်း မရှိဘဲ လွတ်အောင် ရှောင်နေရ၏။ စားပွဲ ကုလားထိုင်များ အလဲလဲ အပြိုပြို ဖြစ်ကုန်၏။

ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်။



ကျင်းစစ်သည်များ ရောက်လာမည့် အရေးကို တွေးကာ စိုးရိမ်မနေနိုင်ပါချေ။

ခွေးလေး၏ ဓားချက်မမိစေရန် အိုရန်မှု မနည်းပင် ရှောင်တိမ်းနေရလေသည်။

ထိုသို့ ရှောင်တိမ်းနေသည့်ကြားမှပင် တစ်ချိန်တွင်—

'ဝုန်း'

ခွေးလေးက ဓားဖြင့် ခုတ်ချမည်ဟု ဟန်ပြပြီးမှ ခြေထောက်ဖြင့် လှမ်းကန်လိုက်ခြင်းကြောင့် အိုရန်မှု လွတ်မြောက်အောင် မရှောင်နိုင်တော့ဘဲ နောက်ဘက် လွင့်စဉ်သွားလေတော့သည်။

'ဟား... ဟား... ဟား'

ခွေးလေး သဘောကျစွာ ရယ်မောလိုက်သည်။

အိုရန်မှုထံ ခုန်ဝင်ကာ ဓားဖြင့်ထောက်ထားလိုက်၏။

အိုရန်မှု မည်သို့မျှ ရှောင်မလွတ်တော့ချေ။

'မလှုပ်နဲ့'

ခွေးလေးက အမိန့်ပေးလိုက်သည်။

အိုရန်မှု မားယဉ်အား ကယ်တင်ခြင်း မပြုနိုင်သည့် အပြင် သူကိုယ်တိုင် အဖမ်း ခံလိုက်ရခြင်းကြောင့် ဒေါသ ခြောင်းခြောင်း ထွက်နေ၏။

ခွေးလေးက

'ကဲ မင်းတို့မှာ ဘယ်လို အကြံအစည်ရှိနေတယ် ဆိုတာကို ပြောစမ်း'

ဟု ခပ်ထန်ထန် မေးလိုက်၏။

အိုရန်မှု အံကြိတ်ထားလိုက်သည်။

ခွေးလေး၏ အမေးကို မဖြေချေ။

ခွေးလေး ဒေါပွသွားလေသည်။

'တောက်...မင်း သေချင်ပြီထင်တယ်၊ မင်းကို ငါ...'

'ခွပ်'

'အား'

ခွေးလေးမှာ စူးရှစွာ အော်ဟစ်ကာ ကြမ်းပြင်ပေါ် လဲကျသွားလေသည်။

အကြောင်းမှာ မားယဉ်က ကြိုးပြေသွားပြီ ဖြစ်၍ ခုံတစ်လုံးယူကာ ရိုက်ချလိုက်ခြင်းကြောင့် ဖြစ်လေသည်။

'အစ်ကို'

'ညီမ'

မားယဉ်နှင့် အိုရန်မှုတို့ တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်ကြလေသည်။

ထိုစဉ် အပြင်ဘက်မှ ပြေးလွှားလာသည့် ခြေသံများ ပို၍ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

အိုရန်မှု အတိဝင်လာပြီး အခန်းတွင်း၌ အသင့်တွေ့ရသော လေးနှင့် မြားကို ယူလိုက်သည်။



'ညီမ မြန်မြန်လာ'

မားယဉ်၏လက်ကိုဆွဲကာ အခန်းတွင်းမှ ပြေးထွက်သွား၏။

အပြင်ဘက် ရောက်လျှင် ကျင်းစစ်သည်တော်များသည် လူတစ်ယောက်အား ဝိုင်းရံတိုက်ခိုက် နေကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ဆူဆူညံညံ အသံများ ထွက်ပေါ်လာ၏။

မားပင် သတိကြီးစွာထားပြီး နားထောင်ကြည့်လိုက်သော အခါ အိုရန်မုနှင့် မားယဉ်တို့၏ အသံကို ကြားလိုက်ရလေသည်။

အိုရန်မုသည် မားယဉ်အား ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်လေသည်။

သို့သော် ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်နေရကြောင်း ရိပ်မိလိုက်သည်။

ထို့ကြောင့် အိုရန်မုအား ကူညီနိုင်ရန် ပြေးလာခဲ့လေသည်။

လမ်းခုလပ်တွင် အိုရန်မုတို့ရှိရာ အခန်းဆီသို့ ဦးတည်ပြေးလွှားလာနေသည့် ကျင်းစစ်သည်များကို တွေ့လိုက်ရ၏။

'ဒုက္ခပဲ၊ ကျင်းတွေရောက်လာရင် ဘယ်လိုမှ ပြေးလို့လွတ်မှာမဟုတ်တော့ဘူး'

တွေးကာ ကြံရာမရ ဖြစ်သွား၏။

ကျင်းစစ်သည်များသည် ညာသံပေးကာ ပြေးလာနေကြပြီဖြစ်လေသည်။

မားပင် အံကြိတ်လိုက်သည်။

'သူတို့ကို တားမှဖြစ်မယ်'

သူက စတင်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်လေသည်။

အသင့်ယူလာသော လေးနှင့်မြားကိုဖြုတ်ကာ ရှေ့ဆုံးမှ ပြေးလာသူအား ချိန်ရွယ်ပစ်ခတ်လိုက်၏။



'ဒုတ်....'

'အား....'

ရှေ့ဆုံးမှ ပြေးလာသူ မြားထိမှန်ကာ ခွေခနဲလဲကျသွား၏။

ထိုအခါ ကျင်းစစ်သည်များမှာ မားပင်ဘက်သို့ အာရုံရောက်သွားကြလေတော့သည်။

'ရန်သူ....ရန်သူ'

ညာသံပေးကာ အော်ဟစ်ရင်း မားပင်ထံ ပြေးလွှားလာကြ၏။

မားပင်က မြားဖြင့် အဆက်မပြတ် ပစ်ခတ် လိုက်လေသည်။

'အား....'

'အွန့်...'

'အမလေး...'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသံည်။

ကျင်းစစ်သည်များ မြားသိမှန်ကာ အတုံးအရုံး လဲကျကုန်လေသည်။

မားပင်ထံ ပြေးဝင်တိုက်ခိုက်ခြင်း မပြုနိုင်ကြတော့ချေ။

ခပ်လှမ်းလှမ်းမှ မသိမသာ ဝိုင်းရံထားလိုက်ကြ၏။

ထိုအချိန်တွင် အခန်းတွင်းမှ အိုရန်မုနှင့် မားယဉ်တို့ လှစ်ခနဲ ပြေးထွက်သွားကြသည်ကို မားပင် တွေ့မြင်လိုက်၏။

မားပင် ဝမ်းသာသွားလေသည်။

အိုရန်မှနှင့် မားယဥ်တို့ လွတ်မြောက်သွားဖို့ အရေးကြီးလှသည် မဟုတ်ပါလား။ ကျင်းများ သူ့ထံ ပို၍အာရုံရောက်လာစေရန်…

'ဟေ့ ဘာလုပ်နေတာလဲ၊ သတ္တိရှိရင် လာခဲ့ကြပါလား။ မင်းတို့ မရဏလှေကြီးကို ဖျက်ဆီးဖို့ ငါရောက်နေပြီလေ'

ဟု အော်ပြောလိုက်လေသည်။

ကျင်းစစ်သည်များ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

ချက်ချင်း ညာသံပေးကာ ပြေးဝင်လာကြလေသည်။

မားပင်အား မြားဖြင့်ပစ်ခတ်တိုက်ခိုက်လိုက်ပြန်လေသည်။

ထိုအခါ....

'အား....'

'အွန့်...'

'အမလေး...'

စူးရှသော အော်ဟစ်သံများ ဆက်တိုက်ပေါ်လာသည်။

ကျင်းစစ်သည်များ အတုံးအရုံး လဲကျသွားပြန်လေ၏။

'ဟား ဟား ဟား'

မားပင် သဘောကျစွာ ရယ်မောလိုက်သည်။

သို့သော် သူ၏ ရယ်မောသံ တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားလေသည်။



အကြောင်းကား ပစ်ခတ်တိုက်ခိုက်ရန် မြားတံများ ကုန်သွားခြင်းကြောင့် ဖြစ်ပေသည်။

ထိုစဥ် သူ့ထံသို့ လူတစ်ယောက် လှမ်းလာနေသည်ကို တွေ့လိုက်ရ၏။

ထိုသူမှာ ကျင်းစစ်သူကြီး ဆရာကျန် ဖြစ်လေသည်။

ဆရာကျန်သည် မားပင်အား စိုက်ကြည့်လိုက်ပြီး

'မင်း အသေခံမလား၊ ဒါမှမဟုတ် တို့လှေကို ဖျက်စီးဖို့ ဘယ်လိုစီစဥ်ထားတယ်ဆိုတာ ပြောမလား'

ဟု မေးလိုက်၏။

မားပင် ပြုံးလိုက်သည်။

ကျင်းတို့လက်မှ မလွတ်နိုင်ကြောင်း နားလည်ပြီး ဖြစ်လေသည်။

ထို့ကြောင့်

'ကျုပ်က မရဏတေးသံကို နားထောင်ပြီး အသေခံပါ့မယ်ဗျာ....'

ဟု ပြောလိုက်လေသည်။

ဆရာကျန် မျက်မှောင်ကြုတ်သွား၏။

မရဏတေးသံဆိုသည့်စကားကြောင့် သူ၏ ဦးခေါင်းထဲသို့ အတွေးတစ်ခု ဝင်ရောက်လာလေသည်။

'မြန်မြန် လာကြဟေ့'

အော်ပြောပြီး ချာခနဲလှည့်ကာ ပြေးထွက်သွား၏။

သူ၏နောက်သို့ ကျင်းစစ်သည် အချို့အဝက် လိုက်သွားပြီး ကျန်လူများက မားပင်ထံ ချဉ်းကပ်သွားကြ၏။

မားပင်က လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်ရင်း

'ငါက ကျားနဲ့ယှဉ်ပြီး သတ်ပုတ်လာတာကွ၊ လာကြစမ်း'

ဟု ကြုံးဝါးလိုက်လေတော့သည်။'



ဆရာကျန်သည် ယမ်းထည့်ထားသည့် ကြေးဘူးများကို ရှောင်ထားသည့် အခန်းတွင်းသို့ ပြေးဝင်သွား၏။

ကျောက်ကျင်းနှင့် ကျင်းစစ်သည်များကလည်း လိုက်သွားကြလေသည်။

အခန်းတွင်းသို့ရောက်သည်နှင့် အညှော်နံ့ တစ်ခုကို ရှူရှိုက်မိလိုက်ကြ၏။

'ဟာ'

ဆရာကျန် လွှတ်ခနဲရေရွတ်လိုက်သည်။

မှန်ပေသည်။ အခန်း၏ဝဲဘက်ထောင့်တစ်နေရာမှ ကြေးဘူးများအစီအရီထားရှိသော စင်တစ်ခု ရှိလေသည်။

ထိုသစ်သားစင်၌ထားရှိသောကြေးဘူးများကား မီးကျီးမီးခဲများပမာ ရဲရဲနီနေပြီတည်း။

ဆရာကျန်သည် ရူးသွပ်သည့်အလား။

'မြန်မြန်လာကြ'

အောင်ဟစ်ကာ သစ်သားစင်ရှိရာ ပြေးလွှားသွားပြီး ကြေးဘူးများကို တစ်ခုစီ ဆွဲထုတ်လေသည်။

ကျင်းစစ်သည်များကလည်း ပြေးသွားပြီး ဝိုင်းဝန်း ကူညီကြ၏။ ကြေးဘူးများကား ပေါက်ကွဲလုလု ဖြစ်နေပြီတည်း။

ကျောက်ကျင်း မျက်နှာ ပျက်သွား၏။

'အမယ်လေးဗျ'

အထိတ်တလန့် အောင်ဟစ်ရင်း ချာခနဲလှည့်ကာ အခန်းတွင်းမှ ပြေးထွက်သွားလေတော့သည်။

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာ၏။

ကျိုင်းစစ်သည်များကြား၌ မားပင် လဲကျသွားသည်ကို တွေ့မြင်လိုက်ရ၏။

အိုရန်မုနှင့် မားယဉ်တို့ နှစ်ယောက်စလုံး အံ့ကြသေ သေသွားကြလေသည်။

မားပင်က သူတို့နှစ်ယောက် လွတ်မြောက်ရေးအတွက် အသက်စွန့်သွားပြီဖြစ်ကြောင်း နားလည်လိုက်ကြ၏။

ထိုစဉ် ...

'အမယ်လေးဗျ'

စူးရှသော အော်ဟစ်သံနှင့်အတူ လှေဝမ်းထဲမှ လူတစ်ယောက် ပြေးထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူသည် မည်သူ့ကိုမှ ဂရုမစိုက်ဘဲ ရေထဲသို့ တအားခုန်ဆင်းသွားတော့သည်။

အိုရန်မုသည်း အခြေအနေကို ရိပ်စား မိလိုက်လေသည်။

မရဏာလှေကြီး ပေါက်ကွဲပျက်စီးသွားတော့မည်တည်း။

'မေမေ'

မားယဉ်က စူးရှစွာအော်ဟစ်ရင်း မားပင်ထံပြေးသွားရန် ဟန်ပြင်လိုက်လေသည်။

'ညီမ'

အိုရန်မုက ဟန့်တားလိုက်၏။

တစ်ဆက်တည်းပင် မားပင်အား သိုင်းဖက်ကာ ရေထဲသို့ ခုန်ဆင်းလိုက်လေသည်။



မားယဉ်သည် အိုရန်မုလက်မှ ရုန်းမရဘဲ နှစ်ယောက်သားလုံးထွေးလျက် ရေထဲကျသွားလေသည်။

ရေထဲသို့ရောက်လျှင် အိုရန်မုက မားယဉ်အား မလွှတ်ဘဲ မရဏာလှေကြီးနှင့် ဝေးရာသို့ အားကုန်ကူးခတ်သွားလေသည်။

မားယဉ်မှာ ညာဏ်ကောင်းသူပီပီ အခြေအနေကို သဘောပေါက်သွား၏။ ဖခင် ဖြစ်သူအား စွန့်လွှတ်ရပြီ ဟူ၍လည်း ကောင်းစွာ နားလည်မိလေသည်။

သူတို့နှစ်ယောက် မြစ်လယ်သို့ ရောက်သွားချိန်ဝယ်—

'ဝုန်း ဝုန်း....ဝုန်း'

ပေါက်ကွဲသံများ အဆက်မပြတ် ထွက်ပေါ် လာသည်ကို ကြားလိုက်ရ၏။

မရဏာလှေကြီးမှ မီးတောက်မီးလျှံများ ဘွားခနဲထွက်ပေါ် လာသည်။

ပေါက်ကွဲမှုအရှိန်ကြောင့် တုထည်ကြီးမား ခိုင်မာလှသော မရဏာလှေကြီးမှာ အပိုင်းအစကလေးများအဖြစ် အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွား၏။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အချိန်အတွင်း မရဏာလှေကြီးပါသဏ္ဍာန် ကွယ်ပျောက်သွားပြီး မီးတောက် မီးလျှံများကိုသာ တွေ့မြင်ရလေတော့သည်။

မရဏာလှေကြီး ပေါက်ကွဲသောအသံကို ဆိပ်ကမ်းမြို့မှပင် ကြားရလေသည်။

လူတိုင်း လူတိုင်းက ထိုပေါက်ကွဲသံသည် ကျင်းတို့အတွက် မရဏတေးသံ ဖြစ်သည်ဟု ဆိုကြသည်။

မရဏလှေကြီး ပျက်စီးသွားပြီးနောက် ကျင်းတို့၏အင်အားမှာ စုစည်းမရနိုင်တော့ဘဲ နေပြည်တော်မှ တပ်ဖွဲ့များ၏ ချေမှုန်းမှုအောက်တွင် ပျက်ပြုန်းကာ အမိမြေမှ ဆုတ်ခွာပြေးသွားကြရမည်ဟု ဆိုကြလေတော့သည်။



‘ဝုန်း … ဝုန်း … ဝုန်း’

ပေါက်ကွဲသံများ ဆင့်ကဲ ဆင့်ကဲ ထွက်ပေါ်လာသည်။

မရဏလှေကြီးကား တစ်စစီ တစ်စစီ ဖြစ်သွားခဲ့ပြီတည်း။

မြစ်ရေပြင်ပေါ်၌ မီးတောက်မီးလျှံများ မရဏလှေကြီးမှ ကျိုးပဲ့ပျက်စီးသွားသော ပစ္စည်းအပိုင်းအစများ ဖွေးဖွေးလှုပ်နေ၏။

အိုရန်မှုနှင့် မားပင်တို့နှစ်ယောက်မှာ မြစ်ကမ်းတစ်ဘက်သို့ ရောက်ရှိလာခဲ့ကြပြီ ဖြစ်လေသည်။

သူတို့နှစ်ယောက်စလုံး စကားမပြောနိုင်ဘဲ မရဏလှေကြီး ရှိနေခဲ့သည့်နေရာဆီသို့ လှမ်းကြည့်နေကြ၏။

ထိုနေရာ၌ မီးတောက်မီးလျှံများသာ တွေ့ရပေတော့၏။

မရဏလှေပေါ်၌ ကျန်ရစ်ခဲ့သည့် မားပင်သည်ကား…

ထိုစဉ် လူတစ်ယောက် ကမ်းပေါ်သို့ ဒယီး ဒယိုင်ဖြင့် တက်လာနေသည်ကို တွေ့လိုက်ရ၏။

မီးအရှိန်ကြောင့် ထိုလူအား ကောင်းစွာ တွေ့မြင်နေရပါသည်။

‘ကျောက်ကျင်း’

အိုရန်မှ အံ့ကြိတ်လိုက်သည်။

မပျောက်မပျက်ဘဲ ပါလာသည့် လေးနှင့်မြားကို ဖြုတ်ယူလိုက်သည်။

PANNUYAUNG SARPAY, THABIL.

ထိုစဉ် မားယဉ်၏စကားသံ ထွက်ပေါ်လာသည်။

'အစ်ကို သွားတာ ညီမအတွက်လို့ အစ်ကို ကတိပေးခဲ့တာ မေ့သွားပြီလား ဟင်'

အိုရန်မုက မားယဉ်ကို ကြည့်လိုက်၏။

မားယဉ်က သူ့အားစိုက်ကြည့်နေသည်ကို တွေ့ရလေသည်။

အိုရန်မုက ဘာမှမပြောတော့ဘဲ လေးနှင့်မြားကို မားယဉ် လက်ထဲ ထည့်ပေးလိုက်၏။

မားယဉ်၏ မျက်ဝန်းထဲဝယ် ရှင်သွေးငယ်နှင့် မားပင်၏ မျက်နှာကို မြင်ယောင်လာ၏။

ကမ်းပေါ်သို့တက်လာသည့် ကျောက်ကျင်းအား မြားနှင့် ချိန်ရွယ်ကာ ပစ်ခတ်လိုက်လေသည်။

မရဏလှေကြီး ပေါက်ကွဲ ပျက်စီးတော့မည် ဖြစ်ကြောင်း ရိပ်မိလိုက်သည်နှင့် ကျောက်ကျင်းက ရှည်ရှည် ဝေးဝေး တွေးတောစဉ်းစားနေခြင်းမပြုဘဲ လှေပေါ်မှ ခုန်ဆင်းခဲ့လေသည်။

ယခု မရဏလှေကြီး ပေါက်ကွဲ ပျက်စီးသွားခဲ့ချေပြီ။

သူကား အသက်ရှင်သန် လွတ်မြောက်ခဲ့ပြီမဟုတ်ပါလား။

ရေကူးလာခဲ့ရခြင်းကြောင့် ခြေကုန်လက်ပန်းကျနေ၏။

ကမ်းပေါ် အားပြုတက်လိုက်စဉ် မလှမ်းမကမ်း၌ လူရိပ် နှစ်ခု ရှိနေသည်ကို တွေ့လိုက်ရ၏။



ကျောက်ကျင်း သတိပြုကာ ကြည့်ရန် ဟန်ပြင်လိုက်စဉ် တဟုန်ထိုးပစ်လွှင့်လာသည့် မြားတံသည် သူ့၏အသည်းနှလုံး တည့်တည့်ဖြင့် ဖောက်ထွင်းဝင်ရောက်သွားလေတော့သည်။

ကျောက်ကျင်း မသဲမကွဲ ညည်းသံတစ်ချက် ထွက်ပေါ်လာ၏။

ခန္ဓာကိုယ် ယိမ်းယိုင်သွားပြီး ရေထဲသို့ နောက်ပြန် လဲကျသွားတော့၏။ ကျောက်ကျင်း မြစ်ရေထဲ မျောပါသွားသည်ကို မားယဉ် စိုက်ကြည့်နေ၏။

ကျောက်ကျင်းသည် တဖြည်းဖြည်းဝေးသွားပြီး ရေအောက်သို့ နစ်မြုပ်သွား၏။ ထိုအခါ အိုရန်မုဘက် လှည့်လိုက်သလို သည်။

အိုရန်မုက သူမအား စိုက်ကြည့်နေ၏။

သူ၏အကြည့်တွင် စာနာနားလည်ခြင်း၊ ဘရုဏာသက်ခြင်း၊ ခွင့်လွှတ်ခြင်း၊ ချစ်မြတ်နိုးခြင်း စသည့်အဓိပ္ပာယ်များရောယှက် ပါဝင်နေ၏။

မားယဉ်က လက်ထဲမှ လေးနှင့်မြားကို လွှတ်ချလိုက်၏။ တင်းထားသည့်စိတ်ကို လျှော့ချ လိုက်ပြီးနောက် အားအင် ကုန်ခမ်းသွားသည်ဟု ခံစားလိုက်ရသည်။

'အစ်ကို'

မေးလျှော့ ခေါ်ရင်း အိုရန်မု၏ရင်ခွင်ထဲ တိုးဝင်ကာ ရှိုက်ကြီးငင်ကြီး ငိုချလိုက်၏။

အိုရန်မှုက သူမအား အသာအယာ သိုင်းဖက် ထားလိုက်လေသည်။

အရှေ့ဘက်တွင် ရောင်နီများ ပျို့အန်လာ၏။

မကြာပီ အမှောင်ထုလွှင့်စဉ် ကွယ်ပျောက်ကာ အလင်းရောက်တော့မည် ဖြစ်လေသည်။

(ပြီးပါပြီ)

ဝဏ္ဏအောင်

# ဝဏ္ဏအောင်



မိဿာလှေ

[ ဒုတိယ ဇာတ်သိမ်းပိုင်း ]

(၂-အုပ်တွဲ သိုင်းစာစဉ်)